http://www.cherrythitsar.org

အောင်သင်း

# ပိုးသင်းပင်
# ပိုးတတ်ရှိ



## ဒို့တာဝန်အရေးသုံးပါး

- ❒ ပြည်ထောင်စုမပြိုကွဲရေး – ဒို့အရေး
- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး – ဒို့အရေး

## ပြည်သူ့သဘောထား

- ❒ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❒ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

တန်ဖိုး - ၂၀၀

http://www.cherrythitsar.org

ဘဝတိုးတက်မြင့်မားရေးစာအုပ်

# အောင်သင်း

# မျိုးဆက်သစ်

ယနေ့မန္တလေးစာအုပ်တိုက်
အမှတ် ၂၉၀/၁၊ ၈၃ လမ်း
မန္တလေးမြို့

http://www.cherrythitsar.org

စာအုပ်စာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**၁၉၉/၉၉ (၃)**
စာအုပ်စာတမ်းမျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**၃၃၄/၉၉ (၆)**

❑

**မျက်နှာဖုံးသရုပ်ဖော်**
ဒီဇိုင်းပန်းချီ–**ကိုကိုမြင့်**

❑

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**
၁၉၉၉ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ (၁၀၀၀)၊ ပထမအကြိမ်

❑

**ထုတ်ဝေသူ**
ဦးတင်အုန်း၊ မိုးမင်းစာပေ၊ (၁၉၄၃)
အမှတ် ၉၃၊ ရိပ်သာလမ်း၊ သဃ်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်ရွှေ၊ သုခပုံနှိပ်တိုက် (၀၂၀၇၉)
၁၂၈၊ ၄၆လမ်း၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်–**ကိုမြင့်**

❑

ကွန်ပျူတာစာစီ–**မြ**
အတွင်းဖလင်–**ဇင်ဦးနှင့်ညီများ**

http://www.cherrythitsar.org

# ထုတ်ဝေသူ အမှာ

'မျိုးဆက်သစ်တိုးတက်ရစ်ဖို့' စာစုလေးများကို စုစည်းပြီး 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့- (၂)' စာအုပ်လေး လုပ်ဖြစ်ပြန်သည်။

ဘာ့ကြောင့် အမှတ်(၂) စာအုပ်လုပ်ရသည်ကို အသိပေးချင်တာလေးရှိသည်။ 'ဤသည်ပင် ကျွန်တော်တို့ စာအုပ်တိုက်၏ ရည်ရွယ်ချက်ဖြစ်ပါသည်။

(မိဘတိုင်းးဟာ ကိုယ့်သားသမီးကို အလွန်တိုးတက်စေချင်ကြတာချည်းပဲပေါ့။ 'ကိုယ့်ထက်သာမနာလို' ဆိုတဲ့ စကားဟာ ယေဘုယျအားဖြင့်ဆိုရင် အတော်ကြီးကို မှန်တဲ့စကားပေပဲ။ ဒါပေမဲ့ မိဘမေတ္တာနဲ့ယှဉ်လိုက်တဲ့ အခါကျတော့ အဲဒီစကားဟာ လွဲမှားနေပြန်တယ် မဟုတ်လား။ မိဘတွေဟာ သားသမီးက ကိုယ့်ထက် မြင့်သွားလေလေ ပီတိဖြစ်လေလေ ဂုဏ်ယူလေလေပဲ မဟုတ်လား။)

**(မျိုးဆက်သစ် တိုးတက်ရစ်ဖို့-၁) မှ**

လေးစားစွာဖြင့်
**ယနေ့မဏ္ဍ လေးစာအုပ်တိုက်**

# မာတိကာ


၁။ ပုဇွန်နှင့်ပုဆား ... ၅
၂။ ဘဝဂီတ ... ၁၀
၃။ အလကားရတာမို့ ... ၁၆
၄။ ကိုယ်ပိုင်အရင်းအနှီး ... ၂၁
၅။ ဆရာနှင့်တပည့် ... ၂၄
၆။ မျက်ခြည်ပြတ်ခြင်း ... ၂၇
၇။ ပညာရှိ သတိဖြစ်ခဲ့ ... ၃၂
၈။ ရွှေကြော်ငြာ ... ၃၆
၉။ လူကြီးစုန်းပြူး ... ၄၀
၁၀။ တိုင်းပြည်နဲ့ လူမျိုးကိုချစ်ရင် ... ၄၄
၁၁။ ကလေးရူးကြီးတွေ ... ၄၈
၁၂။ အောင်ချမ်းသာ ... ၅၂
၁၃။ ဦးနှောက်မြှုပ်ပြီးလုပ်ခြင်း ... ၅၆
၁၄။ အကောင်းဆုံး ... ၆၀
၁၅။ အလိမ္မာအိမ်ရှင်မ ... ၆၅

http://www.cherrythitsar.org


၁၆။ အတွေးသစ် အမြင်သစ် ... ၆၉

၁၇။ ကလေးတို့၏ အားစမ်းမှု ... ၇၄

၁၈။ မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ် ... ၇၈

၁၉။ ပညာသင်တယ်ဆိုတာ ... ၈၃

၂၀။ စနစ်တကျ စူးစမ်းမှ ... ၈၈

၂၁။ လေ့ရင် လာပါတယ် ... ၉၃

၂၂။ သေတစ်ပင် ရှင်တစ်ပါး ... ၉၈

၂၃။ နာနာဖတ်ပစ်စမ်းပါ ... ၁၀၃

၂၄။ စာသောကဒေဝီ ... ၁၀၈

၂၅။ မပန်းမိနားပါ ... ၁၁၃

၂၆။ ကြည်ညိုလိုက်တာ ... ၁၁၈

၂၇။ ပေးတဲ့သူ ... ၁၂၃

၂၈။ စိတ်တိုလိုက်တာ ... ၁၂၈

၂၉။ ဘာလုပ်ဖို့လဲ ... ၁၃၃

၃၀။ အကောင်းဆုံးကြောငြာ ... ၁၃၈

၃၁။ အတွေးအခေါ်ဆိုတာ ဘာလဲတဲ့ ... ၁၄၃

၃၂။ အတွေးအခေါ်ဆိုတာ ဘာလဲတဲ့(၂) ... ၁၄၇

၃၃။ အတွေးအခေါ်ဆိုတာ ဘာလဲတဲ့(၃) ... ၁၅၁

၃၄။ အတွေးအခေါ်ဆိုတာ ဘာလဲတဲ့(၄) ... ၁၅၅

၃၅။ သကြ်ာန်တော် အပျော်ပွဲပေမို့ ... ၁၅၉

http://www.cherrythitsar.org

၃၆။ သတ္တလောက၏ သဘာဝတဲ့ ... ၁၆၃
၃၇။ မြသန်းတင့် ... ၁၆၇
၃၈။ မြသန်းတင့်(၂) ... ၁၇၂
၃၉။ မြသန်းတင့်(၃) ... ၁၇၆
၄၀။ မြသန်းတင့်(၄) ... ၁၈၀
၄၁။ စာမေးပွဲမှ ဘဝသို့(၁) ... ၁၈၅
၄၂။ စာမေးပွဲမှ ဘဝသို့(၂) ... ၁၈၉
၄၃။ စာမေးပွဲမှ ဘဝသို့(၃) ... ၁၉၃
၄၄။ စာမေးပွဲမှ ဘဝသို့(၄) ... ၁၉၇
၄၅။ စာမေးပွဲမှ ဘဝသို့ (၅) ... ၂၀၁
၄၆။ ဝိုးတဝါးဆန္ဒ ... ၂၀၆
၄၇။ လူတော်လူကောင်း ... ၂၁၀
၄၈။ ဘဝသတ္တိ ... ၂၁၄
၄၉။ ဘဝသတ္တိ(၂) ... ၂၂၀
၅၀။ စာပေတာဝန်ကျေသတဲ့ ... ၂၂၅
၅၁။ ကလေးကြီးရောဂါ ... ၂၃၀

❐

# ပူဇာ နှင့် ပူဆာ

အများသိကြသည့်အတိုင်း ဤ'မျိုးဆက်သစ် တိုးတက်ရစ်ဖို့' ကဏ္ဍကို ဇာတိပ္ပိုလ် မောင်သိန်း၏ တိုက်တွန်းချက်အရ ခေတ်မြန်မာဂျာနယ်တွင် ရေးသားခဲ့ပြီး စာအုပ်အဖြစ်လည်း ထုတ်ဝေခဲ့ပါသည်။ ယခုတစ်ဖန် 'ဈေးကွက်ဂျာနယ်' ကလည်း ထိုကဏ္ဍကို ပြန်လည် ရှင်သန်စေလိုပါသည်ဟု မေတ္တာရပ်ခံသည်နှင့် လူငယ်များနှင့် ပတ်သက်၍ ကျွန်တော် ပြောချင်ဆိုချင်သည် ကလေးများကို ရေးလိုက်ရပြန်ပါပြီ။

လူငယ်များနှင့် ရင်းနှီးချစ်ခင်စွာ စကားပြောလိုသည်ဖြစ်သောကြောင့် 'မင်း – ငါ' ဟူသော နာမ်စားများသုံးပြီး ရေးလိုက်သည်ကို လူကြီးများက နားလည် ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

*

# ၆ ၀ အောင်သင်း

လူငယ်များနဲ့ ပထမဆုံးပြန်တွေ့ရတဲ့ ဒီအကြိမ်မှာ ဈေးဦးပေါက် ပြောလိုက်ချင်တာကတော့ 'ပူဇာ နဲ့ ပူဆာ' ဆိုတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

'ပူဇာ'ဆိုတာ ပါဠိဝေါဟာရဖြစ်ပါတယ်။ အဓိပ္ပာယ် က အမြတ်တနိုး ရှိသေခြင်းဆိုတဲ့ သဘောပါပဲ။ ဗမာလိုမှာ တော့ဖြင့် 'ပူဇော်'လို့ သုံးကြစမြဲ ဖြစ်နေတာကို အားလုံးသိနေ ကြပါပြီ။ ဘုရားရှင်ကို ပူဇော်ကြတယ်၊ ရတနာသုံးပါးကို ပူဇော် ကြတယ် စသည်အားဖြင့် နေ့စဉ်သုံးစကား ဖြစ်လာတာကြောင့် ဗမာဝေါဟာရအဖြစ်ကိုတောင် ရောက်နေပါပြီ။

ဆိုကြပါစို့...ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပူဇော်တယ် ဆိုပါတော့။ ဂုဏ်တော်ကိုးပါးကို မင်းတို့အားလုံးလည်း ကြားဖူး ကြပါတယ်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်တော်၊ တရားအပေါင်းကို ကောင်းမှန် စွာ သိတော်မူသော ဂုဏ်တော် စသည်အားဖြင့် ဂုဏ်တော်ကိုးပါး ရှိပါတယ်။ အဲဒီဂုဏ်တော်ကိုးပါးကို အာရုံပြု ရည်မှန်းပြီး ရှိသေမြတ်နိုးစွာ ရှိခိုးခြင်း၊ ပန်းတင်၊ ဆွမ်းတင်ခြင်းကို ဘုရားကို ပူဇော်ခြင်း ဖြစ်တယ်လို့ ငါနားလည်မိပါတယ်။

အဲဒီလိုပဲ တရားဂုဏ်၊ သံဃာဂုဏ်ဆိုတာတွေလည်း ရှိသေးတယ်ပေါ့။ အဲဒီဂုဏ်တော်တွေကို ရည်မှန်းအာရုံပြုပြီး အရိုအသေပြုခြင်းသည် ပူဇော်ခြင်းပေပဲ့ပေါ့။

အဲဒီလို လေးလေးနက်နက် အာရုံပြု ပူဇော်ခြင်းဟာ ကောင်းမှုကုသိုလ်ကြီး ဖြစ်တယ်ဆိုတာကိုလည်း ဘာမျှ အငြင်း ပွားနေစရာ မရှိပါဘူး။ အဲဒီကောင်းမှု အာရုံစွမ်းရည်ကြောင့် ကောင်းကျိုးချမ်းသာရာ ရနိုင်တယ်ဆိုတာကိုလည်း ဖြစ်နိုင်စ

ကောင်းသော အရာပဲ လို့ အောက်မေ့ရမှာပဲပေါ့။

ဒါပေမယ့် ကိုယ့်မှာ ကောင်းကျိုးချမ်းသာရောက်စေဖို့ အတွက် အငမ်းမရ တောင့်တစိတ်နဲ့ ပူဇော်တာတွေကတော့ဖြင့် ဘုရားကို ပူဇော်တာ၊ ဘုရားရဲ့ ဂုဏ်ကျေးဇူးကို တကယ် အောက်မေ့ဆင်ဆင်ခြင်မိလို့ ပူဇော်တာမျိုး ဟုတ်ပါလေရဲ့ လားလို့ စိတ်ထဲမှာ တွေးနေမိတာ အတော်လေးကို ကြာသွား ပါပြီ။

သံဃာတော်များကို ပူဇော်တဲ့အခါမှာလည်းသံဃာတော် ရဲ့ဂုဏ်ကို အာရုံပြုပူဇော်ခြင်းမျိုးမဟုတ်ဘဲ ဘယ်ဘုန်းကြီးအားဖြင့် ဘယ်လိုအစွမ်းရှိတယ်၊ ဘယ်ဆရာတော်က ဘယ်လိုလုပ်ဆောင် စီရင်ပေးလိုက်တာဟာဖြင့် ဘယ်သူ့မှာ ဘယ်လိုကောင်းကျိုးတွေ ကို ရသွားတယ်၊ ထီပေါက်တယ်၊ ချဲပေါက်တယ် ဆိုတာမျိုးတွေ ကို ကြားနေ မြင်နေရတယ်။ အဲဒါမျိုးတွေ ဟာဖြင့် သံဃာ ဂုဏ်တော်ကို ရည်မှန်းရာ ရောက်ပါလေရဲ့လားလို့ အောက်မေ့ နေမိပါတယ်။

ငါ့စိတ်ထဲမှာ ဖြစ်နေတာကို ပြောလိုက်ရဦးမယ်။အဲဒီလို လူမျိုးတွေ ဘုရားရှိခိုးတာမြင်လိုက်ရင် ဘုရားကို ပူဇော်နေခြင်းလို့ မအောက်မေ့မိဘဲ ဘုရားရှေ့ သွားပြီး 'ပူဆာ' နေကြတာပဲလို့ စိတ်ထဲက တွေးနေမိတယ်။ ဟုတ်တယ်လေ စဉ်းစားကြည့်ပါ လား'တပည့်တော် ထီပေါက်အောင် မ, စတော်မူပါဘုရား၊ တပည့်တော် စာမေးပွဲအောင်အောင် မ, စတော်မူပါဘုရား' ဆိုတာ မျိုးတွေဟာ ဘုယရားဆီသွားပြီး 'နားပူနားဆာ' လုပ်ပြီး ပူဆာနေကြတာပဲ မဟုတ်လား။ မင်းတို့လည်း စာမေးပွဲကြီး စစ်ခါနီးပြီဆိုတော့ ဘယ်လောက်များသွားပြီး 'ပူဆာ' နေကြ

# ၈ ○ အောင်သင်း

ပြီလဲဆိုတာတွေးလို့ ဒီစာရေးနေရင်းကိုပဲ ပြုံးလိုက်မိသေးတယ်။

ဒါပေမယ့် မောင်ရင်တို့ရေ၊ ဘုရားရှင်ကိုယ်တော်တိုင်က ‘မိမိကိုယ်သာ ကိုးကွယ်ရာ’ လို့ အတိအလင်း မိန့်ကြားတော်မူခဲ့တယ်။ အဲဒါ ကို မင်းတို့လည်း သိကြပါတယ်။ ဘုရားမြတ်စွာက နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ကိုသာ ညွှန်ပြတော်မူခဲ့တာ။ နိဗ္ဗာန်ရောက်ဖို့က ကိုယ်ဘာသာ အားထုတ်ယူကြရတယ်။ ဒါကြောင့် ဘုရားရှင်က မိမိကိုယ်သာ ကိုးကွယ်ရာလို့ ဆုံးမတော်မူခဲ့တာ။

ဒါတွေကို ဘာကြောင့်ရေးနေသလဲလို့ မင်းတို့ဘက်က မေးစရာရှိတယ်။ လူငယ်တွေ ကိုယ့်အားကိုယ်ကိုးတဲ့စိတ်၊ မိမိကိုယ်ကို မိမိအားကိုးနိုင်အောင် ကြိုးစားလိုတဲ့စိတ်မျိုး လျော့ပါးသွားမှာကို စိုးရိမ်လို့ ဒီအကြောင်းတွေးကို ရေးနေရတာပါ။

ယောကျ်ားကောင်းဆိုတာ ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ စွမ်းရည်ရှိလာအောင်၊ စိတ်အားသတ္တိ တိုးပွားလာအောင်ကိုယ့်ကိုယ်ကို အရိပ်တကြည့်ကြည့်နဲ့ အားထုတ်နေရတာ။ ဗေဒင်အားကိုး၊ ယတြာအားကိုး၊ နတ်အားကိုး၊ အဆောင်အားကိုး စသည်အားဖြင့် စိတ်အားသတ္တိနည်းတဲ့လူငယ်တွေဖြစ်နေမှာစိုးလို့ ဒီစာကို ရေးလိုက်ရတာပါ။

အဲဒီလို ဘုရားရှေ့မှာသွားပြီး ‘ပူဆာ’ တိုင်းသာ စာမေးပွဲအောင်ကြရမည်ဆိုရင် ဆယ်တန်းစာမေးပွဲမှာ တစ်ပြည်လုံးရာနှုန်းပြည့် အောင်သွားကြတာနဲ့ အထက်တန်းပြဆရာတွေတောင် အလုပ်လက်မဲ့ ဖြစ်ကုန်ကြရချည်ရဲ့ ဆိုတာကိုလည်း ထည့်ပြီး စဉ်းစားကြဦးပေါ့။

ဒါကို မင်းတို့လည်း သဘောပေါက်ကြပါတယ်။

http://www.cherrythitsar.org



သို့ပေမယ့် စာကို သေချာပိုင်နိုင်အောင် မကြိုးစားခဲ့ကြဘဲ အနားကပ်မှ ခန့်မှန်းမေးခွန်းတွေလောက်ကိုသာ 'အာပူတိုက်' ကြတဲ့ ကျောင်းသားမျိုးကတော့ ဘုရားရှေ့မှာသွားပြီး 'ပူဆာ' ကြမှာ အသေအချာပဲပေါ့။ ဘာကြောင့်လဲဆိုတော့ သူ့ကိုယ်သူ မယုံတော့ဘူး။ သူ့ကိုယ်သူ အားမကိုးဝံ့တော့ဘူး မဟုတ်လား။ ဒီတော့ ကယောင်ကတမ်းအားကိုးရာကို ရှာကြတာပဲ။ ဘုရားဂုဏ်တော်တွေ ဘာတွေဆိုတာကို နားလည်းလို့ မဟုတ်ဘူး။ ဘုရားကို ကြည်ညိုတယ်ဆိုရင် တကယ့်ကို ဂုဏ်တော်ကိုသိပြီး ကြည်ညိုတာမျိုးက ပိုပြီးမကောင်းပေဘူးလား။

ဒါကလည်း စာမေးပွဲကို အကြောင်းစပ်ပြီး ပြောလိုက်ရတာပါ။ ဘဝတစ်သက်တာမှာလည်း ဒီလိုပါပဲ။ ဘယ်လိုလုပ်ငန်းမျိုးကို လုပ်သည်ဖြစ်စေ မိမိကိုယ်မိမိ အားကိုးနိုင်လောက်တဲ့ အရည်အသွေးမျိုးရှိလာအောင် နေ့နေ့ညည အားထုတ်နေကြဖို့ သတိရှိသင့်ကြပါတယ်။ မိမိကိုယ်ကို မိမိအားကိုးနိုင်မှ သူတစ်ပါးကလည်း မိမိကို အားကိုးဝံ့မှာပေါ့။

လောကကြီးမှာ တစ်ဦးကိုတစ်ဦး မှီခိုနေကြရတာပဲဆိုတာတော့မှန်ပါတယ်။ ဒါပေမယ် ယောကျ်ားကောင်းဆိုတာမျိုးဟာ မိမိက သူတပါးကို အားကိုးတာထက် လူအများအားကိုးမှုကို ခံနိုင်တဲ့စွမ်းရည်ရှိအောင် အားထုတ်ကြရတယ်မဟုတ်လား။ ဒါကြောင့် ဘုရားရှေ့မှာသွားပြီး 'ပူဆာ'နေတာထက် မိမိကိုယ်မိမိ အားကိုးနိုင်အောင် ကြိုးစားခြင်းသာလျှင် ဘုရားရှင်ရဲ့ အလိုတော်ကျဖြစ်ကြောင်း သတိပေးလိုက်ရတာပါပဲ။ ဆက်ကြသေးတာပေါ့။

❒

# ဘဝဂီတ

အရင်တစ်ပတ် 'ပူဇော နှင့် ပူဆော' ဆောင်းပါးထဲမှာ လူတွေဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီခိုနေကြရတာပဲ၊ တစ်ဦးကိုတစ်ဦး အားကိုးနေကြရတာပဲ ဆိုတဲ့ အကြောင်းကို ရေးခဲ့ပါတယ်။ ဒါဟာ အမှန်ပါပဲ။ ဈေးဝယ်ကလဲ ဈေးဝယ်ကို မှီခိုနေရတာပဲ။ ဈေးဝယ်ကလည်း ဈေးသည်ကို မှီခိုနေကြရတာပဲ။ ဒီလိုပဲကျောင်းသားတွေဟာလည်း ဆရာကို မှီခိုနေကြရတာပဲ ကျောင်းဆရာတွေဟာလည်း ကျောင်းသားတွေကိုမှီခိုပြီး ဘဝ ရပ်တည်နေကြရတာပဲ။ အတိုချုပ်ကို ပြောလိုက်ရမယ်ဆိုရင် ဘဝရပ်တည်မှု၊ ကြီးပွားတိုးတတ်မှုဆိုတာတွေဟာ လူအချင်းချင်း မှီခိုပြီး ဖြစ်ပေါ်လာရတယ်ဆိုတာ အမှန်ပါပဲ။ ဒါတွေကိုပြော လိုက်တော့ ငါ့ဆရာ၊ ငါ့ကျေးဇူးရှင်ဖြစ်တဲ့ 'တောင်တွင်းကြီး သခင်ကျော်စိန်' ပြောဖူးတာကို သွားပြီး သတိရမိ ပြန်ပါတယ်။

သခင်ကျော်စိန်က ဂီတကိုဝါသနာထုံတယ်။ ပတ္တလား လည်း အတန်အသင့် တီးတတ်ပါတယ်။ ငါတို့အရပ်ထဲမှာ ကို ဘသွင် ဆိုတာလည်း ရှိတယ်။ သူကတော့ ပတ္တလားတီ

http://www.cherrythitsar.org



သိပ်ကောင်းပါတယ်။ တော်ရုံတန်ရုံ ကောင်းတာမျိုးမဟုတ်ဘူး။ ‘လက်ကျ’ ကို ကောင်းတာ။ သူတီးလိုက်ရင် ပတ္တလားသံက ပိုပြီး ‘သာ’ လာပါတယ်ဆိုတာ သူတို့အချင်းချင်း ဝန်ခံရလောကတအောင်ကို ကောင်းတာပါ။

တစ်နေ့မှာ သခင်ကျော်စိန်က ဘာပြောသလဲဆိုတော့–

ဒီမယ် အောင်သင်းရ၊ ပတ္တလားမှာ ပတ္တလားဆံ ၂၂လုံး ပါတယ်။ မင်းတီးရင်လည်း ၂၂ လုံးကို တီးနိုင်တာပဲ။ ငါတီးရင်လည်း ဒီလောက်ပါပဲ။ ဘသွင် တီးတော့လည်း ၂၂ လုံးပဲ ပါတာပါပဲ။ ဒါပေမယ့် မင်းက မတီးတတ်ဘူး။ ဘသွင်က တီးတတ်တယ်။ အဲဒါ ဘယ်နေရာမှာကွာတာလဲ။ မင်း စဉ်းစားကြည့်စမ်း။ မင်းက ဘယ်အလုံးနဲ့ ဘယ်အလုံးကို ခေါက်ရ မယ်ဆိုတာ မသိဘူး။ ဘယ်အလုံးနဲ့ ဘယ်အလုံးကို ပြိုင်တူခေါက်ရမယ်ဆိုတာ မသိဘူး။ ငါက နည်းနည်းသိတယ်။ ဘသွင်ကတော့ ပိုသိတဲ့အပြင် လက်ကျပါ ပိုပြီးကောင်းတယ်။ အဲဒီလိုသိပြီး အစီအစဉ်နဲ့ခေါက်လိုက်တော့ သီချင်းဖြစ်လာတာပဲ၊ တီးလုံးဂီတ ဖြစ်လာတာပဲ။ အဲဒီလိုမသိဘဲ တောင်ခေါက်မြောက် ခေါက်လုပ်နေတော့ သီချင်း မဖြစ်ဘူးကွ။ နားညည်းတာပေါ့။

‘အဲဒီလိုပဲ လူ့လောကကြီးမှာ ကြီးပွားတိုးတက်သွားတဲ့ သူတွေဟာ ဘဝဂီတကို နားလည်သွားတဲ့ သူတွေပဲကွ။ သူတို့ တစ်တွေက လူတွေကို ပတ္တလားခေါက်သလို ခေါက်ပြီးသွားတာကွ။ ဘယ်အလုံးနဲ့ ဘယ်နေရာမှာ ဘယ်လိုခေါက်ရမယ်ဆိုတာ သိသွားတဲ့သူတွေကွ။ ဝါးခြမ်းကိုလုပ်ထားတဲ့ သက်မဲ့ပတ္တလားဆံ ကိုခေါက်တာတောင်မှ သာယာလှပတဲ့ ဂီတသံဖြစ်လာနိုင်သေး ရင် သက်ရှိလူသား ပတ္တလားဆံတွေကို မင်းခေါက်တတ်ရင်

## ၁၂ ○ အောင်သင်း

ဘယ်လောက်ကြီးမြင့်တဲ့ဂီတသံ ထွက်လာနိုင်မလဲဆိုတာကို မှန်းကြည့်ပေါ့ကွာ။ ကြီးပွားတိုးတက်သွားတဲ့သူတွေကို ကြည့်မယ်ဆိုရင် တခြားသူတွေကိုမှီခိုပြီး ကြီးပွားသွားကြတာပါပဲ။ 'ဘဝဂီတ' သံစဉ် ဖွဲ့သွားနိုင်တဲ့သူတွေလို ဆိုကြရမှာပေါ့။

'ဒါပေမယ့် သူများကိုချည်း သွားခေါက်နေလို့လည်း ဖြစ်တာမဟုတ်ဘူး။ ကိုယ့်အလှည့်ကြုံရင်လည်း အခေါက်ခံလိုက်ရမှာပဲ။ အဲဒီကျတော့လည်း ပီပီသသ မြည်ပေးလိုက်ရမှာပဲ။ မင်းက ငါးပေါက်သံဆိုရင် ငါးပေါက်သံ ပီပီသသ မြည်ပေးရမှာပဲ။ ခြောက်ပေါက်သံဆိုရင်လည်း ခြောက်ပေါက်သံ ပီပီသသ မြည်ပေးရမှာပဲ။ သူလည်း 'ဘဝဂီတ' သံစဉ်ကောင်းကောင်းကို ဖွဲ့ဆိုနိုင်ပါစေလို့ အောက်မေ့ရမှာပေါ့။

အဲ…ဘသွင်လို 'လက်ကျ' ကောင်းအောင်လည်း ဂရုစိုက်ရမှာပေါ့။ ဂီတသံချင်းတူးရင် လက်ကျကောင်းတော့ ပိုပြီး 'နားသ' တာပေါ့။ ပိုပြီး နားဝင်ချိုတာပေါ့'

အဲဒါ…ငါ့ဆရာ သခင်ကျော်စိန် ပြောခဲ့တဲ့ စကားပါပဲ။ သူပြောတာ သိပ်မှန်တာပဲနော်။ လူတွေဟာ ကိုယ့်ဘဝ အောင်မြင်မှုအတွက် လူအချင်းချင်း အားကိုးနေကြရတာပဲ မဟုတ်လား။ ဘဝဂီတ သီကုံးဖို့ ကြိုးစားကြရတာပဲ မဟုတ်လား။

အဲဒီလို ကြိုးစားကြတာမှာ ကိုယ့်အတွက်သာလျှင် သူတစ်ပါးကိုအသုံးချပြီး ကိုယ့်အလှည့်ကျပြန်တော့ ပီပီသသကြီး မြည်မပေးနိုင်ရင် ကောင်းပါတော့မလား။ ရေရှည်ဘဝမှာကော အောင်မြင်နိုင်ပါ့မလား။ ကိုယ့်အတွက်ကိုသာ ကြည့်တတ်တဲ့သူ ဖြစ်မနေပေဘူးလား။ သူတစ်ပါးကိုသာလျှင် အားကိုးအသုံးချပြီး ကိုယ့်ကိုအားကိုးလာမှုကို လက်မခံနိုင်တဲ့သူ ဖြစ်မနေပေဘူးလား။

သခင်ကျော်စိန်က 'လက်ကျ' ကောင်းအောင်လည်း ဂရုစိုက်ကြရမှာပေါ့လို့ ပြောခဲ့တယ်။ ခပ်ငယ်ငယ်ကတော့ မိတ္တာဗလ ငို့ကာထဲကလို တစ်ဖက်သား ကိုယ့်အပေါ် ချစ်ခင်လာအောင်၊ လူညီချင်လာအောင် ကိုယ်အမူအရာ၊ နှုတ်အမူအရာမျိုး ထားရမယ်ဆိုတာလောက်သာ ထင်ခဲ့မိတယ်။ အခု အသက်အတော်ရလာတော့မှ အသိအမှတ်ပြု လေးစားခြင်းဆိုတာမျိုး သဘောပေါက်လာမိပါတယ်။

အရင်တစ်ပတ်က ဘုရားပူဇော်ခြင်းနဲ့ ပတ်သက်ပြီး ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါး၊ ဂုဏ်တော်ဆယ်ပါး စသည်တို့ကို လေးလေးနက်နက်ဆင်ခြင်ပြီး ပူဇော်ခြင်းသည်သာလျှင် တကယ်ပု ဇော်ရာရောက်နိုင်ကြောင်း ပြောခဲ့ပါတယ်။ ဘုရားရှေ့သွားပြီး ကိုယ့်အတွက်သာလျှင် ဆုအမျိုးမျိုးတောင်းနေရင်း ဘုရားဆီမှာ 'နားပူနားဆာ' လုပ်ပြီး 'ပူဆာ' တာပဲ ဖြစ်နေမှာပေါ့လို့ ပြောခဲ့ပါတယ်။ အဲဒီလိုပဲ ကိုယ့်အတွက်ကိုသာကြည့်ပြီး မိတ်ဆွေတွေဆီမှာ နားပူနားဆာလုပ်နေလို့ကော ကောင်းနိုင်ပါ့မလား။ သူ့စွမ်းရည်၊ သူ့ဂုဏ်ကိုလည်း အသိအမှတ်ပြုရမှာပေါ့။ သူ့စွမ်းရည်ကြောင့် ကိုယ့်မှာ ကောင်းကျိုးချမ်းသာ ရတယ်ဆိုရင်လည်း အဲဒါကို လေးလေးနက်နက် အသိအမှတ်ပြုရမှာပေါ့။ ကျေးဇူးတရားဆိုတာ ဒါပဲမဟုတ်လား။

ခုတော့ဖြင့် သခင်ကျော်စိန်ပြောတဲ့ 'လက်ကျ'ကောင်းဖို့ဆိုတာကို အဲဒီလို သဘောပေါက်လာပါတယ်။ အရေးအကြီးဆုံးအချက်ကတော့ အသိအမှတ်ပြုလိုက်ခြင်းပါပဲ။ အသိအမှတ်ပြုလိုက်ခြင်းဆိုတာကို ပေါ့ပေါ့မတွက်ပါနဲ့။ ဗိုလ်ချုပ်အောင်ဆန်းဟာ သေသည်အထိ ဆင်းဆင်းရဲရဲနဲ့ပဲ နေထိုင်သွားခဲ့တယ်ဆိုတာ

မင်းတို့အသိပါပဲ။ ဒါပေမယ့် သူ့မှာ အဲဒီလို အသေခံနိုင်သည် အထိ အသိအမှတ်ပြုခြင်းကို ခံသွားခဲ့ရတယ်မဟုတ်လား။ သူ့ကို နိုင်ငံရေးခေါင်းဆောင်အဖြစ် ပြည်သူတစ်ရပ်လုံးက အသိအမှတ် ပြုသွားခဲ့တယ် မဟုတ်လား။

ကြုံလာလို့ ပြောလိုက်ရဦးမယ်။ 'ကျေးဇူးတင်ပါသည်' ဆိုတဲ့ ကဏ္ဍကလေးဖွင့်ပြီး ဆောင်းပါးကောင်းတွေအကြောင်းကို 'ချယ်ရီ' မဂ္ဂဇင်းနဲ့ 'ပန်းဝေသီ' မဂ္ဂဇင်းမှာ ရေးခဲ့တယ် 'အကြိုက်ဆုံးဝတ္ထုတို' ကဏ္ဍကိုဖွင့်ပြီး 'သဘင်မဂ္ဂဇင်း' နဲ့ 'ပေဖူးလွှာမဂ္ဂဇင်း' မှာ ရေးခဲ့ပါတယ်။ အဲဒါတွေဟာ သက်ဆိုင် ရာ စာရေးဆရာတွေကို အသိအမှတ်ပြုလိုက်ခြင်းပါပဲ။

အဲဒီမှာ ကြုံလိုက်ရတာတစ်ခုကို ပြောလိုက်ရဦးမယ် ဂျာနယ်ကျော် ဦးစောဦးဆိုတာ မင်းတို့ သိမှသိပါ့မလား မပြော တတ်တော့ဘူး။ တကယ့် စာရေးဆရာကြီးတစ်ဦးဖြစ်ပါတယ် ငါတို့နဲ့ ဘာဆိုင်တာမှတ်လို့။ ဒါပေမယ့်စာပေလောကနဲ့ အဆက် ပြတ်သွားတာကြာတော့ လူဟောင်းကြီးတွေကသာ သူ့ကို သိကြ တော့တယ်။ မျိုးဆက်သစ်နဲ့သူက အဆက်ပြတ်နေပြီ။ အဲဒီမှာ သူက ဝတ္ထုတစ်ပုဒ်ကို ကောက်ပြီးရေးလိုက်တော့ ငါက အဲဒီ ဝတ္ထုကို 'အကြိုက်ဆုံး' ဝတ္ထုအဖြစ် ညွှန်းလိုက်တယ်။ သူ့ဆီက စာတိုကလေးတစ်စောင် ရောက်လာတယ်။ သူ့ကို မေ့နေကြပြီ ဒီခေတ်မှာ သူ မတိုးနိုင်တော့ဘူးလို့ ထင်မိကြောင်း၊ ကိုအောင် သင်းလိုပုဂ္ဂိုလ်မျိုးက သူ့ကို အသိအမှတ်ပြုပြီး ညွှန်းလိုက်တော့ အားဆေးတစ်ခွက် သောက်ရသလို အားတက်မိပါကြောင်း ရေးလိုက်ပါတယ်။ ငါ့မှာလည်းလေ သူ့လို စာပေဘိုးအကြီးက ကျေးဇူးတင်ကြောင်းပြောလိုက်တော့ မျက်ရည်အင်းလာ မခန်း

ပီတိ ဖြစ်လိုက်ရပါတယ်။

ကဲ...တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုလိုက်ရခြင်းဟာ ဘယ်လောက်ကောင်းတဲ့ ဂုဏ်ရည်လဲဆိုတာ သဘောပေါက်ရော ပေါ့။ 'လက်ကျ' ကောင်းတယ်ဆိုတာ ဒါမျိုးပါပဲလားလို့ အောက်မေ့လာမိတယ်။ ချဲ့ပြီး တွေးကြပေရော့။

မင်းတို့လည်း 'ဘဝဂီတသံစဉ်' ကောင်းကို ဖွဲ့ဆိုနိုင်ကြပါစေ။ 'လက်ကျ'လည်း ကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဆက်ကြသေးတာပေါ့။

❐

# အလယ်ထားရတာမို့

ကိုယ် အမြတ်တနိုးဝယ်ထားတဲ့ ပစ္စည်းဆိုရင် ဘောလ်ပင် လှလှပပလေးတစ်ချောင်း နေရာအထားမှားလို့ ပျောက်နေရင် တောင်မှ ဒေါင်းတောက်လောက်အောင် ရှာကြံမြဲပါပဲ။ နှမြော တာကိုး။ ဒီထက်အဖိုးတန်တဲ့ နာရီတို့ ဘာတို့ဆိုရင်တော့ ပြောမနေနဲ့တော့။

အဲ ...စိန်လက်စွပ်တို့၊ ရွှေလက်ကောက်တို့လိုဟာမျိုးများ ပျောက်သွားလိုက်ပြီဆိုလို့ကတော့ ဗေဒင်ဆရာတောင် ပါလာရပြီ။ ခတ်ရိုက်တယ်၊ ယတြာချေတယ်နဲ့ ရှုပ်ယှက်ကို ခတ်ကုန်တော့တာပဲ။ နှမြောကြတာကိုး။

ဒါတွေဟာ အဆန်းလား၊ ဒါမျိုးကိုအဆန်းလုပ်ပြီး ရေးနေရသေးသလားလို့ မေးစရာရှိပါတယ်။ မှန်ပါတယ်၊ အဆန်းမဟုတ်ပါဘူး။ ရိုးရိုးကလေးနဲ့ ဆန်းနေတာတစ်ခုကို ပြောလိုက်ချင်လို့ပါ။ အထူးသဖြင့် မင်းတို့လူငယ်တွေရဲ့ ခလေ့စရိုက်မှာ အဲဒီလို ဖြစ်ရပ်မျိုးတွေကို တွေ့ရလွန်းလို့ ကောက်ပြီး ရေးလိုက်ရတာပါ။

အဲဒီလို ရွှေတွေ စိန်တွေထက် အဆမတန် တန်ဖိုးကြီးပါလျက်နဲ့ လူငယ်အများစုဟာ တန်ဖိုးထားရကောင်းမှန်းမသိဖြစ်နေတဲ့ ပစ္စည်းကတော့ 'ကျန်းမာရေး'ပါပဲ။ လူငယ်လည်း ဖြစ်နေပြန်လေတော့ များသောအားဖြင့် ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်လောက်အောင်ကို ကောင်းနေတတ်ကြတယ်။ စားလိုက်ပြန်ပြီဆိုရင်လည်း စားပြီးရင်းဆာရင်း၊ ထမင်းတစ်လုတ်နဲ့တစ်လုတ်ကြားကိုတောင် ဝေးတယ်လို့ ထင်နေကြတာ မဟုတ်လား။ အိပ်လိုက်ပြန်ပြီဆိုရင်လည်း ခေါင်းချလိုက်တာနဲ့ ခေါက်ခနဲပျော်သွားလိုက်တာ မိုးအလင်းထိ တစ်ရေးပဲ။ ပိုက်ဆံမပေးဘဲနဲ့ရနေတဲ့ အဖိုးပစ္စည်းကြီးပေါ့။ ပိုက်ဆံပေးရလေတော့ တန်ဖိုးထားရကောင်းမှန်း မသိတော့ဘူး။

လူငယ်ပီပီ ကြီးပွားတိုးတက်ချင်ကြတာဟာ ဓမ္မတာပါပဲ။ နှုတ်ကဖွင့်ပြီး မပြောရင်တောင်မှ စိတ်ထဲမှာ 'ငါဟာ တစ်နေ့မှာ ကြီးပွားရမယ်'ဆိုတဲ့ စိတ်မျိုး ရှိကြတာချည်းပါပဲ။ ဘယ်လူငယ်ကမှ 'ငါဟာ တစ်နေ့မှာ အောက်တန်းကျကိုကျရမယ်'လို့ သန္နိဋ္ဌာန်မချပါဘူး။ ဒါပေမယ့် 'ကြီးပွားရေး'နဲ့ 'ကျမ်းမာရေး' ဟာ ခွဲလို့မရအောင် ဆက်စပ်နေတာကို မေ့မေ့လျော့လျော့ ဖြစ်နေတတ်ကြတယ်။

သေချာစဉ်းစားကြည့်လေ။

ကဲ...ဘဝဆိုတာဘာလဲ။ မွေးလာခြင်းနဲ့ သေခြင်းရဲ့ကြားကာလဟာ ဘဝပဲ မဟုတ်လား။ မွေးကတည်းက အသေလေးမွေးလာခဲ့ရင် ဘဝ မရှိတော့ဘူး။

ကောင်းပြီ။ ဘဝရှိနေပြီ၊ မကျန်းမာဘူးဆိုပါတော့။ ဘာလုပ်နိုင်သေးသလဲ။ ဘာမှ မလုပ်နိုင်ဘူး။ ဘာမှမလုပ်နိုင်ရင်

ဘာမှမဖြစ်တော့ဘူး။ ပြောရင်းဆိုရင်း ယောအတွင်းဝန် ဦးဖိုးလှိုင်ရဲ့စကားကို သွားပြီး သတိရပြန်တယ်။ တစ်နေ့မှာ မင်းတုန်းမင်းကြီးက ယောမင်းကြီးကို အမေးတော်ရှိသတဲ့။

'ဖိုလှိုင်းရဲ့...မရှိတာထက် မသိတာခက်တယ်ဆိုတာ ဟုတ်သလားကွဲ့'

'ဟုတ်ပါတယ် ဘုရား'

'ဒါဖြင့် မသိတာထက် ခက်တာများကော ရှိသေးသလားကွဲ့'

'ရှိပါသေးတယ် ဘုရား'

'ဘာများလဲကွဲ့၊ တင်စမ်းပါဦး'

'မလုပ်တာပါ ဘုရား'

'ရှင်းစမ်းဦးကွဲ့'

'မရှိတာလဲ ရှိအောင်လုပ်ရင် ရှိပါတယ်ဘုရား၊ မသိတာလဲ သိအောင်လုပ်ရင် သိပါတယ်ဘုရား၊ မလုပ်တာကတော့ ဘာမှ မဖြစ်နိုင်တော့တာမို့ အခက်ဆုံး ဖြစ်ပါတယ် ဘုရား'

မင်းတုန်းမင်းကြီးက ယောအတွင်းဝန်ရဲ့ အဖြေကို ကျေနပ်တော်မူလွန်းလို့ ပညာဆုအဖြစ် လက်စွပ်တော်တစ်ကွင်း ချက်ချင်းပေးလိုက်တော်မူတယ်တဲ့။

ဒီတော့ မလုပ်ရင် ဘာမှမဖြစ်နိုင်ဘူးဆိုတာ ရှင်းနေတာပဲ မဟုတ်လား။ အသက်ရှိနေလို့ ဘဝတော့ဖြင့် ရှိလာပါရဲ့။ မကျန်းမာရင် ဘာလုပ်နိုင်သေးသလဲ။ ဘာမှမလုပ်နိုင်ရင် ဘာမှ မဖြစ်နိုင်တော့ဘူး။ ကြီးပွားထွန်းကားဖို့ဆိုတာမျိုးကိုတော့ဖြင့် ယောင်လို့မှ မစဉ်းစားလေနဲ့တော့။

သေချာစဉ်းစားကြည့်ရင် ကျန်းမာရေးဟာ သံသရာထိ

http://www.cherrythitsar.org



အောင်တောင် အကျိုးပေးနိုင်တယ်။ ငါတို့ ဗုဒ္ဓဘာသာဝင်များ အတွက် လူမှုရေးအဆုံးအမ တစ်ခုရှိတယ်။ အဲဒါက–ပထမ အရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာတဲ့။ ပထမအရွယ်မှာ ပညာရှာနိုင်မှ ဒုတိယအရွယ် မှာ ဥစ္စာရှာလို့ လွယ်ကူတယ် မဟုတ်လား။ ဒုတိယအရွယ်မှာ ဥစ္စာရှာမှီထားနိုင်မှ အိုမင်းမစွမ်း တတိယအရွယ်မှာ သံသရာ အတွက် အေးအေးချမ်းချမ်း တရားဘာဝနာ အားထုတ်နိုင်မယ် မဟုတ်လား။

မင်းတို့ လူငယ်ဘဝမှာ ကျန်းမာရေးကို ဂရုမစိုက်လို့ မတော်တဆ မကျန်းမမာဖြစ်နေခဲ့ရင် ဘယ်လိုလုပ်ပြီး ပညာကို ဖိဖိစီးစီး ရှာဖွေနိုင်ပါတော့မလဲ။ အသက်သုံးဆယ်ကျော်သည်ထိ အောင် အခြေခံ အသက်မွေးမှုပညာကိုရှာနေလို့ ပြီးတာမဟုတ် ဘူး။ အသက်အစိတ်လောက်ဆိုရင်ပဲ အလုပ်ကလေး အကိုင်က လေးနဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ဖို့ ကောင်းပြီမဟုတ်လား။ ပထမအရွယ်မှာ မကျန်းမာလို့ ပညာကို ကောင်းကောင်းမရှာနိုင် တော့ဘူးဆိုရင်တော့ ဒုတိယအရွယ်မှာ ဥစ္စာကို လွယ်လွယ်ကူကူ ရှာဖွေဖို့ အတော်ကို ခက်သွားပြီ။ ဒုတိယအရွယ်မှာ ဥစ္စာကို မရှာပြန်တော့ တတိယအရွယ်မှာလည်း စားဖို့သောက်ဖို့ လုံးပမ်းနေရပြန်တာနဲ့ ဘာဝနာဘက်ကို မလှည့်နိုင်တော့ဘူး။ ဒါကြောင့် ကျန်းမာရေးဟာ သံသရာထိအောင် အကျိုးပေးနိုင် တယ်လို့ ကောက်ချက်ဆွဲပြီး သတိပေးလိုက်ရခြင်း ဖြစ်ပါတယ်။ မင်းတို့တစ်တွေက ငယ်လွန်းနေသေးတော့ သံသရာ ဘာညာ ဆိုတာတွေကို သိပ်ပြီးစိတ်ဝင်စားမယ် မဟုတ်သေးဘူး။ လောကီ ကြီးပွားတိုးတက်မှု၊ အောင်မြင်မှုလောက်ကို ပိုပြီး အာရုံစိုက်နေ

ကြပေလိမ့်မည်။ ငါကလည်း အဲဒီအတွက်ကိုပဲ ဦးစားပေးပြီး ပြောမှာပါပဲ။

လောကီ ကြီးပွားမှုကို တောင့်တရင်းလည်း ကျန်းမာရေးကို အခြေခံရမှာပဲ။ မင်းက စတူဒီယိုအဆိုကျော် ဖြစ်ချင်သလား။ မကျန်းမာလို့ အသံပျက်သွားရင် မဖြစ်နိုင်တော့ဘူး။ ဗွီဒီယို မင်းသား ဖြစ်ချင်သလား၊ မကျန်းမာလို့ ရုန့်ရှိုက်ကုန်းဖြစ်နေရင် မင်းသားမပြောနဲ့ လူကြမ်းတောင် မဖြစ်နိုင်ဘူး။

ပညာရေးဘက်ကို လိုက်စားမှာမို့ ဆယ်တန်းကိုဂုဏ်ထူးတွေတစ်ထမ်းကြီးနဲ့ အောင်ချင်သလား။ မကျန်းမာရင် ‘ခ’ အဆင့်နဲ့တောင် မအောင်နိုင်ဘူး၊ စီးပွားရေးဘက်ကိုလိုက်ပြီး ချမ်းသာဖို့ ကြိုးစားတော့မယ်လား။ ကြိုးစားပေါ့။ ဒါပေမယ့် မကျန်းမာရင်တော့ ဘာတစ်ပြားမှ ရမှာမဟုတ်ဘူး။

ကဲ**...**ဘာမဟုတ်တဲ့ စိန်တို့၊ ရွှေတို့ကျတော့ နှမြောရကောင်းမှန် သိကြတယ်။ ကိုယ့်ဘဝအောင်မြင်မှုအတွက် အဓိကသော့ချက်ကြီးဖြစ်တဲ့ ကျန်းမာရေးကျတော့ အလကားရထားသလိုကြီးဖြစ်နေတာမို့ တန်ဖိုးမထားတော့ဘူးဆိုရင် မိုက်မဲလွန်းရာ မကျပေဘူးလား။ ဆက်ပြီး စဉ်းစားကြည့်ပေါ့။ ဆက်ကြသေးတာပေါ့။

❐

# ကိုယ်ပိုင်အရင်းအနှီး

အရင်တစ်ပတ်က ကျန်မာရေးကို အမြဲမပြတ် ဂရုစိုက် အပ်ကြောင်းကို ရေးခဲ့ပါတယ်။ ဒီအချက်ဟာ လူငယ်တွေ ပေါ့ပေါ့ဆဆ ထားတတ်ကြလွန်း’လို့ သိပ်အရေးကြီးတဲ့ကိစ္စလို့ ထင်မိတဲ့အတွက် ဒီတစ်ပတ် ဆက်ပြီးရေးလိုက်ရပြန်ပါတယ်။

သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာတဲ့ နာတာရှည် ရောဂါသည် သူဌေးကြီးတစ်ယောက်က ကျမ်းမာကြံ့ခိုင်နေတဲ့ သူဆင်းရဲတစ်ယောက်ကို ‘မောင့်ရင့်ကျန်မာမှုနဲ့ ကျုပ်ရဲ့ စည်းစိမ်ကို လဲစမ်းပါ’လို့ ဆိုလာရင် အဲဒီဆင်းရဲသားက လဲမယ် များ ထင်သလား။ ဘယ်သူကမှ လဲမယ်မဟုတ်ဘူး။ ဘာကြောင့် လဲဆိုတော့ သူဌေးကြီးစားနေရတဲ့ ပန်းသီးတို့၊ စပျစ်သီးတို့ဆိုတာ တွေဟာ ဟိုသူဆင်းရဲစားနေရတဲ့ မာလကာသီးလောက် အရသာ ရှိနိုင်ပါ့မလား။ သူဌေးကြီးသောက်နေရတဲ့ မိုင်လိုတို့၊ အိုဗာတင်း တို့ဆိုတာတွေက ဟိုသူဆင်းရဲသောက်နေရတဲ့ ထမင်းရည် လောက် မြိန်ရေရှက်ရေရှိနိုင်ပါ့မလား။ သူဌေးကြီးက ဖဲမွေ့ရာ ကြီးပေါ်မှာ တလူးလူးတလိမ့်လိမ့်နဲ့ ဝေဒနာခံစားနေရချိန်မှာ

သူဆင်းရဲက ကြမ်းကွပ်ပျစ်ပေါ်မှာ တရှူးရှူး အိပ်မောကျလို့ အိပ်မက်တောင်မက်ချိန် ရှိမှာမဟုတ်ပေဘူး။

ရေးနေရင်း သတိရလိုက်မိတာလေးတစ်ခုရှိလို့ ပြော လိုက်ရဦးမယ်။ ပညာရှိအမတ်ကြီး 'ဗိရဗလ' ဟျှောလ်ထုံးထဲက လို့ ထင်မိတာပဲ။ ရှင်ဘုရင်က အရောင်တကာ့ အရောင်ထဲမှာ ဘယ်အရောင်ဟာ အကောင်းဆုံးလဲလို့ မေးတယ်။ ငါတို့စိတ်ထဲ မှာ အဖြူရောင်၊ အနီရောင်၊ စသည်အားဖြင့် တွေးနေကြတာပေါ့။ ဒါပေမယ့် အမတ်ကြီး ပြန်လျှောက်လိုက်တာက အကောင်းဆုံး အမြင့်မြတ်ဆုံးအရောင်ဟာ 'အလင်းရောင်'ပါ ဘုရားတဲ့။ ဘာကြောင့်လဲဆိုတော့ အလင်းရောင်မရှိရင် ဘာရောင်ကိုမှ မမြင်နိုင်တော့လို့ပါပဲတဲ့။

ဒီတော့ အရသာဟူသမျှတို့အနက်မှာ 'ကျန်းမာခြင်း' အရသာဟာ အကောင်းဆုံးပဲဆိုတာ ထင်ရှားမနေပေဘူးလား။ မကျန်းမာနေသူအဖို့ ဆီဦးထောပတ် ချိုပျားရသာဆိုတာတွေဟာ ဘာတစ်ခုမျှ အဓိပ္ပာယ်မရှိဘူး။ ခံတွင်းပျက်နေပြီမဟုတ်လား။ မင်းတို့ကိုယ်တိုင် ပြန်ပြီးစဉ်းစားကြည့်ပါလား။ မူလတန်း အလယ်တန်းလောက်တုန်းက မာလကာသီးတခွမ်းခွမ်း၊ ဆီးသီး တွေတဖျောင်းဖျောင်း ကိုက်စားခဲ့ရတာ ဘယ်လောက်မြိန်လိုက် သလဲ။ ကျန်းမာခြင်းနဲ့ ဆာလောင်ခြင်း ပေါင်းထားတာထက် ပိုကောင်းတဲ့အရသာ လောကမှာမရှိဘူး မဟုတ်လား။

အဲဒီ စားလို့ကောင်းတာကြောင့်ပဲ ကျန်းမာရေးကို ထိ ခိုက်လာပြန်တာပဲ။ ဆီးသီးတွေကို စားလို့ကောင်းကောင်းနဲ့ တဝတပြကြီး စားလိုက်မိလို့ ချောင်းဆိုးခဲ့ကြရတာကိုကော ပြန်ပြီး သတိရမိကြသေးရဲ့လား။ ငါကြားဖူးတဲ့ အင်္ဂလိပ်စကား

လေးတစ်ခုကို ပြောလိုက်ရဦးမယ်။

တကယ်ဆိုတော့ ကျန်းမာရေးကို ထိန်းသိမ်းဖို့ဟာ ခဲရာခက်ဆစ် မဟုတ်ပါဘူး။ အစားအသောက် အနေအထိုင် မလော်လီဖို့ပါပဲ။

ကဲ...မင်းရဲ့ဘဝမှာ ထွန်းကားအောင်မြင်နိုင်ဖို့ အဖိုးအတန်ဆုံး အရင်းအနှီးဖြစ်တဲ့ ကျန်းမာရေးကြီး မင့်မှာ ရှိနေပြီ။ အဲဒီအရင်းအနှီး ပျောက်သွားပြီဆိုရင် မင်းတော့ မွဲပြီ။ သွားပြီ။ ဒါကြောင့် အဲဒီအရင်းအနှီးကို အမြတ်တနိုး ထိန်းသိမ်းပါလို့ ပြောလိုက်ရပါတယ်။ ဆက်ကြသေးတာပေါ့။

❒

# ဆရာ နှင့် ထဝည်

ငါ့အခန်းထဲမှာ စာအုပ်တွေ၊ စာရွက်စာတမ်းတွေက ခြေချစရာမရှိလောက်အောင် ရှုပ်ယှက်ခတ်နေတာကြောင့် ဒီတစ်ပတ်အတွင်းမှာတော့ဖြင့် ရှင်းလိုက်ဦးမှာပဲလို့ စာအုပ်တွေကို ကောက်ကိုင်လိုက်ရင်း 'ပါဠိသက်ဝေါဟာရအဘိဓာန်' ကို ကြည့်လိုက်မိတယ်။ မင်းတို့လူငယ်တွေကတော့ဖြင့် ကြားဖူးမှကြားဖူးလေရဲ့လား မသိဘူး။ ငါတို့လို မြန်မာစာကို လေ့လာလိုက်စားတဲ့ သူတွေအဖို့မှာတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကြီးတစ်ပါးပါပဲ။ ဒီစာအုပ်ဟာ ခုဆိုရင် စာအုပ်ဈေးကွက်မှာ ပျောက်သလောက် ဖြစ်နေပြီ။ နိုင်ငံတော်အစိုးရကဖြစ်စေ၊ တက္ကသိုလ်ကဖြစ်စေ ပြန်ပြီး ရိုက်သင့်ပါတယ်။

ရေးချင်တာက စာအုပ်ထဲမှာပါတဲ့ ကျမ်းပြုသူဆရာကြီး ဦးထွန်းမြင့်ရဲ့ နိဒါန်းအကြောင်းပါပဲ။ 'ဒဂုန် ဦးထွန်းမြင့်' ဆိုတဲ့ ကလောင်အမည်နဲ့လည်း ဆောင်းပါးများစွာကို ရေးခဲ့ဖူးပါတယ်။ ဆရာကြီးဦးထွန်းမြင့်က ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဌာနမှာ အမှုထမ်းနေရင်း ဆယ့်ငါးနှစ်လောက် အချိန်ယူ စုဆောင်းပြုစုခဲ့တဲ့ အဘိဓာန်ကြီး ဖြစ်ပါတယ်။

ဦးဆန်းထွန်းရော၊ ဆရာပါရဂူ နှစ်ယောက်လုံးဟာ

ဦးထွန်းမြင့်ရဲ့ ငယ်တပည့်တွေဆိုတာကို ငါက သိနေတယ်။ ဆရာ ဦးဆန်းထွန်းကလည်း သိပ်ရိုသေရကြောင်း၊ သိပ်ကို ကြောက်ရကြောင်း တစ်ခါက ပြောဖူးတယ်။ ဆရာပါရဂူကို မေးကြည့်လိုက်တော့လည်း 'ဟာ…ဦးအောင်သင်းနှယ်ကြောက်ရပါပြီလား၊ ကျွန်တော်တို့က တကယ့်ငယ်ငယ်ကလေး ရှိသေးတာ။ ဒါပေမယ့် ပညာမာနတစ်စက်မှမရှိဘဲ သူ့ကိုယ်သူ အလွန်နှိမ့်ချတတ်တဲ့ ဆရာပါဗျာ'လို့ လွမ်းလွမ်းဆွတ်ဆွတ် ကြည်ကြည်ညိုညို ပြောပြပါတယ်။

ငါ့စိတ်ထဲမှာ သြော် …ဆရာကြီးဦးထွန်းမြင့်ဟာ သူ့တပည့်တွေ အပြိုင်းအရိုင်း နာမည်ကြီးတစ်လုံးစီနဲ့ ဟိန်းနေအောင် ထွန်းကားလာတာကိုတွေ့ရတော့ ဝမ်းလည်းသာမှာပဲ၊ ပညာနဲ့ပတ်သက်လို့လည်း ပြန်ပြီးအားကိုးရှာပေတာပဲလို့ သူတို့ ဆရာတပည့်တွေ့ရဲ့ ဆက်ဆံရေးကို ချစ်ခင်ကြည်ညိုခြင်း ဖြစ်မိတယ်။

ကြားဖူးတာကလေးတစ်ခုကို ပြောလိုက်ရပါဦးမယ်။ တစ်ခါက ပဥ္စင်းပျိုကလေးတစ်ပါးက ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးဆီမှာ အဋ္ဌကထာ (အဖွင့်ကျမ်း) ပေစာတစ်ဆူကို သွားပြီးငှားတယ်။ ဆရာတော်ကြီးကသူ့ဆရာကိုယ်တိုင်ပြုစုခဲ့တဲ့ ပေမူမို့ မပျောက်မရှအောင် ရိုရိုသေသေကိုင်ဖို့ပြောပြီး ငှားလိုက်တယ်။ ပဥ္စင်းပျိုကလေးက တစ်လ၊ ကိုးသီတင်း စသည်အားဖြင့် ကြည့်ရှုပြီးတော့ ပေမူကို ပြန်ပြီးလာပို့တယ်ပေါ့။ ပေထုပ်ကို ဆရာတော်ကြီးလက်ကို ဆက်ကပ်ပြီး–

'မှားတာကလေးတွေ နည်းနည်းတွေ့ပါတယ် ဘုရား'

'အေးကွယ်– ပမာဒလေဆိုသလိုအမှတ်မဲ့ ရေးမှား

http://www.cherrythitsar.org



ဆိုမှား ဆိုတာမျိုးကတော့ ရှိစမြဲပဲပေါ့'

'အဲဒါလေးတွေကို တပည့်တော် ပြင်လိုက်ပါတယ် ဘုရား'

အဲဒီလိုလည်း ဆက်ပြီးလျှောက်လိုက်ရော ဆရာတော်ကြီးဟာ စိတ်မထိန်းနိုင်လောက်အောင် ဒေါသတကြီးဖြစ်ပြီး–

'ဟင်–ငါလည်း အဲဒီအမှားလေးတွေကို တွေ့တာပေါ့ဟဲ့– ငါ့ဆရာကိုယ်တိုင် ရေးခဲ့တာမို့ မပြင်ရက်လို့ ဖယောင်းစက်ကလေးတွေချပြီး မှတ်ထားတာ နင်မတွေ့ဘူးလား၊ ငါကိုယ်တိုင်တရိုတသေ မှတ်ထားတာကို နင်က ဘာမို့ ပြင်ရတာလဲ' ဆိုပြီး ခြေနဲ့ ထကျောက်သတဲ့။

အဲဒီဖြစ်ရပ်ကလေးကို ဘယ်စာအုပ်မှာမှ မတွေ့ရသေးပါဘူး။ဘယ်သူဘယ်ဝါဆိုတာလည်းအမှတ်အသားမရခဲ့သေးပါဘူး။ ဆရာပါရဂူတို့လို ပုဂ္ဂိုလ်တွေကို မေးကြည့်တော့လည်း သူတို့လည်း ကြားဖူးနေပေမယ့် ဘယ်ဆရာတော်၊ ဘယ်ပဋ္ဌင်းပျို့ဆိုတာကို အမှတ်အသားတိတိကျကျမရခဲ့ဘူးလို့ ပြောပြပါတယ်။ ဒါပေမယ့် ကိုယ့်ဆရာ မှားခဲ့တာကလေးကိုတောင်မှ အမြတ်တနိုး တရိုတသေချစ်နေတယ်ဆိုတာလေးက ပေါ်လွင်နေတယ်။

'လောကကြီးကို အလင်းရောင်ပေးနေတဲ့ လမင်းကြီးသော်မှ သူ့ကိုယ်ပေါ်မှာ အမည်းရိပ်တွေ ရှိနေသေးတယ်'ဆိုတဲ့ ကဗျာဆရာကြီး 'တဂိုး'ရဲ့စကားလိုပဲပေါ့၊ မင်းတို့ရဲ့ ဆရာတွေမိဘတွေမှာလည်း အမှားလေးတွေ၊ ချွတ်ယွင်းချက်ကလေးတွေရှိမှာပဲပေါ့။ ဒါပေမယ့် လမင်းကြီးပေးတဲ့ အလင်းရောင်ကိုရနေသားပဲ မဟုတ်လား။ ဆက်ကြသေးတာပေါ့။

❒

# မျက်ခြည်ပြတ်ခြင်း

အရင်တစ်ပတ်က ရေးခဲ့တဲ့ 'ဆရာနှင့်တည့်' ဆောင်းပါး အစကို ပြန်ပြီးသတိထားကြည့်မယ်ဆိုရင် အခန်းထဲက စာအုပ် စာတမ်းတွေကိုရှင်းရင်း 'ပါဠိသက်ဝေါဟာရ အဘိဓာန်'ကို ကောက်ကိုင်ကြည့်လိုက်မိတာကြောင့် အဲဒီဆောင်းပါးကို ရေးဖြစ် သွားတယ်ဆိုတာကို တွေးလိမ့်မယ်။

အဲဒီကိစ္စကို ပြန်ပြီးပြောချင်ပါတယ်။ မူလတုန်းက ငါ့ ရည်ရွယ်ချက်က 'အခန်းရှင်းဖို့'။ စာအုပ်တွေ၊ စာရွက်စာတမ်း တွေကို ရှင်းနေရင်း၊ ဟိုစာအုပ် ကောက်လှန်ကြည့်မိလိုက်၊ ဒီ ပေးစာ ကောက်ပြီးကြည့်မိလိုက်နဲ့ ခုထက်ထိ အခန်းရှင်းတာဟာ ကိစ္စကို မပြတ်နိုင်တော့ဘူး။ ငါ့မှာလည်း အဲဒီအကျင့်ဆိုးကြီး ကြောင့် တစ်ဒုက္ခပဲ။ ကိုယ့်ကိုယ်ကို စိတ်ပျက်သလိုလိုတောင် ဖြစ်မိပါရဲ့။ မင်းတို့သိကြတဲ့အတိုင်း ငါ့ဆီကို အားကိုးတကြီး စာရေး အကြံဉာဏ်တောင်းကြတဲ့ ကလေးတွေကလည်း အများ သား။ အဲဒီအထဲမှာ 'ဘဘရှင့်'၊ 'ဘဘခင်ဗျာ'ဆိုပြီး ရေးလာ ကြတဲ့ ငါးတန်း၊ ခြောက်တန်းကလေးငယ်များဆိုရင် ပိုပြီး ဦးစားပေး စာပြန်ရပါတယ်။ အခန်းရှင်းနေရင်း စာပြန်ဖို့

မေ့နေတဲ့ ကလေးတွေဆီကိုလည်း (အခန်းရှင်းအလုပ်ကိုချထား ပြီး) စာပြန်လိုက်မိသေးတယ်။

ကြီးကြီးကျယ်ကျယ် သတိရမိသွားတဲ့အကြောင်းလေးကို ထည့်ပြီးရေးလိုက်ရဦးမယ်။ ကမ္ဘာကျော်တီထွင်သူ ပညာရှင်ကြီး 'အက်ဒီဆင်' အကြောင်းမှာ ဖတ်လိုက်ရဖူးတယ်။ ပစ္စည်းတစ်ခု ကို တီထွင်စမ်းသပ်နေရင်း ဘေးပေါက်စိတ်ဝင်စားစရာ တွေ့ရှိ ချက်ကိုတွေ့လိုက်ရော၊ အဲဒါကို စိတ်ဝင်စားလို့ ဆက်ပြီး စမ်းသပ်နေရင်း နောက်ထပ် ဘေးပေါက်တွေ့ရှိချက်အသစ်ကို ရလိုက်ပြန်ရော။ အဲဒီလိုနဲ့ ဘာမှမလုပ်ဖြစ်ဘဲ ရီးတီးရားတား ဖြစ်ကုန်တတ်တာကြောင့် ဘေးပေါက်စိတ်ဝင်စားစရာတစ်ခုကို တွေ့လိုက်တိုင်း စာနဲ့တေးပြီး မှတ်ထားလိုက်။ မူလလုပ်ငန်းကို အပျက်မခံဘဲ ဆက်လုပ်။ အဲဒီလိုလုပ်တော့မှ တီထွင်မှုလုပ်ငန်း ကို လက်စသတ်တော့တယ်လို့ ရေးထားပါတယ်။

တကယ်ဆိုတော့ ငါလုပ်ရမှာက စာအုပ်တွေကို အသာ ထားလိုက်၊ ပေးစာတွေကိုကြည့်၊ စာပြန်ရမှုဆိုရင် သီးသန့်ထား လိုက်၊ သိမ်းရမယ့်စာဆိုရင် သီးခြားခွဲလိုက်ဆိုတာမျိုး လုပ်ရမယ် ဆိုရင် ခုလောက်ဆို ငါ့အခန်း ရှင်းသွားလောက်ပါပြီ။ တကယ် ဆိုတော့ ဒီအကျင့်ဆိုးကြီးဖျောက်ဖို့ မသင့်ပေဘူးလား။ တကယ်လို့သာ တစ်ခြားသူတစ်ယောက်ကို ပေးထားခဲ့တဲ့ကတိ မျိုးသာဆိုရင်၊ သို့မဟုတ် ကိုယ့်ကိုတာဝန်ပေးထားတဲ့ ကိစ္စမျိုး သာဆိုရင် ဒီကိစ္စကို ပြီးပြတ်အောင်လုပ်ရမှာပါပဲ။ ခုတော့ ကိုယ့်ဘာသာကိုယ်လုပ်ထားတဲ့ ကတိမို့ 'ဒီတစ်ပတ်မှာ အခန်း ရှင်းပြီး ဖြစ်ရမယ်' ဆိုတဲ့ ကတိကို ဖောက်ဖျက်လိုက်မိတာပဲ ဖြစ်တယ်။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို တွက်ကြည့်လိုက် ရင် ဘောပေါက်ကိစ္စတွေကြောင့် မူလရည်မှန်းချက်ကို မျက်ခြည် ပြတ်သွားတာပဲ ဖြစ်တယ်။ မင်းတို့ ငယ်ရွယ်သူကလေးတွေဟာ အဲဒါမျိုးကို သိသိမှတ်မှတ် သတိပြုလေ့ကျင့်သင့်တယ် လို့ အကြံပေးချင်တယ်။ ဆိုလိုတာက–'ငါဟာ–ဒီနေ့ ဘယ်ကိစ္စကို ပြီးပြတ်အောင်လုပ်မယ်' ဆိုတာကို သတ်သတ်မှတ်မှတ် ပြဋ္ဌာန်း လိုက်တာမျိုး လုပ်သင့်တယ်။အဲဒီလို ပြဋ္ဌာန်းလိုက်ပြီး ကိုယ့် ပြဋ္ဌာန်းချက်ကို မျက်ခြေမပြတ်အောင် စိတ်ကို လေ့ကျင့် ထု ထောင်သင့်ပါတယ်။ (တခြား သေရေးရှင်ရေးကိစ္စမျိုးနဲ့ ရော ထွေးပြီး မစဉ်းစားသင့်ပါဘူး။) အင်္ဂလိပ်စာကျက်နေရင်း မြန်မာ စာကိုသတိရလို့ မြန်မာစာ ကောက်ကိုင်လိုက်တာမျိုး၊ တစ်ခါ သင်္ချာကိုရောက်သွားလိုက်တာမျိုးကို ဆိုလိုတာပါ။သင်္ချာတွက် မယ်ဆိုပြီး သင်္ချာစာအုပ်ကို ကောက်ကိုင်ကြည့်လိုက်တော့ အနှောင့်တွေပြုတ်ထွက်နေလို့ စာအုပ်ချုပ်ဆိုင် ထွက်သွားရင်း လက်ဖက်ရည်ဆိုင်မှာ နေကုန်သွားတတ်တာမျိုးတွေကို ဆိုလို တာပါ။

အဲဒီလို အသေးအဖွဲ့ကစပြီး မူလရည်ရွယ်ချက်ကို မျက်ခြေမပြတ်အောင် သတိထားတတ်တဲ့ အကျင့်ကလေး ပါသွားစေချင်တယ်။ မင်းတို့ အက္ခရာသင်္ချာတို့ ဘာတို့ တွက်ကြ တဲ့အခါမှာ 'မသိကိန်း'ထုတ်လိုက်တာဟာ မူလရည်မှန်းချက်ကို မျက်ခြည်မပြတ်အောင် လုပ်လိုက်တာပဲ မဟုတ်လား။ အဲဒီ အကျင့်ကို ရထားလိုက်ရင် စကားပြောတာကအစ ခုနစ်စင်အမျှင် တန်း ဦးတည်ချက် ပျောက်သွားတာမျိုး မဖြစ်နိုင်တော့ဘူးပေါ့။

အဲဒီလို တစ်နာရီလုပ်ငန်း၊ တစ်နေ့တာလုပ်ငန်းကလေး

တွေကို မူလရည်မှန်းချက် သတ်သတ်မှတ်မှတ်ထားပြီး မျက်ခြည် မပြတ်အောင် လုပ်နေရင်းကပဲ တစ်ပတ်တွက်သတ်မှတ်ချက်၊ တစ်လတွက် သတ်မှတ်ချက် ဆိုတာမျိုး ထားနိုင်ကြသင့်တယ်။ အဲဒါတွေအားလုံးဟာလည်း တစ်နှစ်တွက် သတ်မှတ်ချက်ကြီး အောက်မှာပဲ ရှိနေပြန်တယ် မဟုတ်လား။ လွယ်လွယ်ဥပမာ ပေးလိုက်ရမယ်ဆိုရင် မင်းတို့ ကျောင်းသားလူငယ်များအဖို့ တစ်နှစ်တာ ရည်မှန်းချက်ဆိုတာဟာ သက်ဆိုင်ရာစာမေးပွဲကို လှလှပပအောင်မြင်ဖို့ပဲ မဟုတ်လား။ တစ်နှစ်တာကို အစိတ် အပိုင်းလိုက် ခွဲချလိုက်တော့မှ တစ်လတာ၊ တစ်ပတ်တာ၊ တစ်နေ့တာ စသည်အားဖြင့် ကွဲပြားလာတာကိုး။

ကျောင်းသား လူငယ်များဟာ (ငါသတိထားမိသ လောက်) တစ်နှစ်တာ သတ်မှတ်ချက်ကို မြတ်ခြည်မပြတ်ကြပါ ဘူး။။ ဘာကြောင့်လဲဆိုတော့ 'ဒီနှစ် စာမေးပွဲ အောင်ရမယ်' ဆိုတဲ့ ပြဋ္ဌာန်းချက်ကို သတ်သတ်မှတ်မှတ် ချထားခဲ့လို့ပါပဲ။ ဒါပေမယ့် တစ်လတာဆိုရင်ပဲ နည်းနည်းဝိုးတိုးဝါးတား ဖြစ်လာချင်ပြီ။ အဲဒီလိုနဲ့ပဲ တစ်ပတ်တာ၊ တစ်လတာတွေကို မျက်ခြည်ပြတ်ရင်း တစ်နှစ်တာကို ထိခိုက်သွားတော့တာပါပဲ။

မူလရည်ရွယ်ချက်ကို မျက်ခြည်ပြတ်တတ်ကြတာကို ပေါ့သေးသေး မထင်လေနဲ့ ငါတို့လူတွေဟာ ဘာကြောင့် အဝတ်အစားကို ဝတ်ကြသလဲ။ သေချာပြန်စဉ်းစားကြည့်ပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ပြတ်အောင်လည်း စဉ်းစား ထားတာ။ မင်းတို့ (ဗုဒ္ဓဘာသာဝင်ဖြစ်ရင်)ရှင်ပြုတုန်းက ပုတီး စိပ်ကို ကျက်ခဲ့ရဖူးမှာပေါ့။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း စသည်တို့ကို ကာကွယ်ရန်လည်းကောင်း

http://www.cherrythitsar.org



အရုက်အကြောက်ကို ဖုံးလွှမ်းရန်လည်းကောင်း ဤသင်္ကန်းကို ဝတ်ရုံပါ၏ ဆိုတာမျိုးတွေလေ၊ မှတ်မိဦးမှာပါ။ အဝတ်အစား ဝတ်တာဟာ အပူအအေး၊ ခြင်၊ ယင်၊ ကာကွယ်ဖို့၊ အရှက် အကြောက်လုံဖို့ပဲ မဟုတ်လား။ ဒါက မူလရည်ရွယ်ချက်။ နောက်မှ အလှအတွက် အရောင်အသွေးတို့၊ ပုံစံတို့ ဆိုတာ တွေက လိုက်လာတာ။ နောက်ကျတော့ လှရင်ပြီးရော၊ မလုံချင် နေပစေ ဖြစ်လာတာမဟုတ်လား။ လူတွေက မေ့တတ်တယ် ကွ။ မျက်ခြည်ပြတ်တတ်တယ်ကွ။ ဆက်ကြသေးတာပေါ့။

❒

# ပညာရှိ သတိဖြစ်ခဲ့

**'ပညာရှိ သတိဖြစ်ခဲ'** ဆိုတဲ့ ခေါင်းစဉ်ကိုဖတ်လိုက်ရတော့ မင်းတို့၊ ငါတို့ ငယ်ငယ်က စာစီစာကုံး ရေးခဲ့ကြတဲ့ အကြောင်းအရာမျိုး ထင်ပါရဲ့လို့ အောက်မေ့ပြီး ပေါ့ပေါ့ဆဆ သဘောမထားစေချင်ပါဘူး။ ပြောတဲ့စကားကို ဆုံးအောင်ဖတ်ပြီးမှ မှတ်ချက်ချကြစေချင်ပါတယ်။

အရင်တစ်ပတ်က 'မျက်ခြည်ပြတ်ခြင်း' မှာ လုပ်ငန်းတစ်ခုကိုလုပ်နေရင်း ဘေးပေါက်ကိစ္စတွေကို သွားပြီးတွေ့မိ၊ သတိရမိတာကြောင့် မူလသတ်မှတ်ထားတဲ့ လုပ်ငန်းကြီးကို မျက်ခြည်ပြတ်သွားတတ်ကြောင်းကို ရေးခဲ့ပါတယ်။ အဝတ်အစားဝတ်တာကအစ ပဓာနနဲ့ သာမညရည်ရွယ်ချက်များ နေရာမှားသွားတတ်ကြောင်းကို ရေးခဲ့ပါတယ်။ အဆုံးသတ်မှာရောက်တော့ လူတွေဟာ မူလရည်ရွယ်ချက်ကို မေ့သွားတတ်တယ်ဆိုတဲ့ အကြောင်းကို ပြောခဲ့ပါတယ်။

သာမန်ဘာမဟုတ်တဲ့ ကိစ္စလေးများမှာသာမဟုတ်ဘဲ တကယ့် လုပ်ငန်းကြီးတွေမှာတောင်မှ မူလရည်ရွယ်ချက်ကြီးတွေဟာ ပျောက်သွားတတ်ပါတယ်။ ကိုယ်တိုင်ကြုံခဲ့ရတာလေးတစ်ခုကို ပြောပြလိုက်ချင်ပါသေးတယ်။

ငါဟာ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှာ အမှုထမ်း

ခဲ့ဖူးသေးတယ်ဆိုတာကို မင်းတို့အားလုံး သိကြပြီး ဖြစ်ပါတယ်။ မြန်မာစာအဓိကသင်တန်းက အပတ်စဉ်လေ့ကျင့်ခန်း (ကျူတိုရီယယ်လ်) တွေမှာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရတဲ့ လေ့ကျင့်ခန်း အလှည့်ကျပါလေ့ရှိပါတယ်။ စာမေးပွဲမှာလည်း မေးခွန်းတစ်ပုဒ်အဖြစ် ပါလေ့ရှိပါတယ်။ ငါကိုယ်တိုင်လည်း ကျောင်းသားအဖြစ်နဲ့ လေ့ကျင့်ဖြေဆိုခဲ့ရဖူးတယ်၊ စာမေးပွဲမှာလည်း ဖြေဆိုခဲ့ရဖူးပါတယ်။ မြန်မာစာမှာ ဘာကြောင့် ဒီလုပ်ငန်းကို ထည့်ထားသလဲဆိုတာကို မစဉ်းစားခဲ့မိဖူးဘူး။ ဘာသာပြန်တတ်အောင် လေ့ကျင့်ခိုင်းသလိုလို ဘာလိုလိုနဲ့ပဲ အမှတ်မထင် နေလိုက်တာပါပဲ။

နောက်ပိုင်းမှာ ငါကိုယ်တိုင်က ဆရာဖြစ်လာလိုက်တော့ ဘာသာပြန်မေးခွန်းတွေ ဘာတွေကို ကိုယ်တိုင်လုပ်ရပြန်တာကိုး။ အဲဒီကျတော့ သင့်နိုးရာရာ အင်္ဂလိပ်စာပိုဒ်လေးတွေကို ရှာပြီး ဘာသာပြန်ခိုင်းရပြန်တယ်။

အဲဒီမှာတင် ဘာကိုလာပြီးတွေ့လိုက်သလဲဆိုတော့ အင်္ဂလိပ်စာအခြေခံကောင်းလို့ ပေးထားတဲ့အင်္ဂလိပ်စာကို ကောင်းကောင်းနားလည်တဲ့ ကျောင်းသားက အမှတ်ကောင်းကောင်း ရတော့တာပဲ။ အင်္ဂလိပ်စာမကျွမ်းတဲ့ ကျောင်းသားက အမှတ်နည်းသွားတာပဲ။ ပေးထားတဲ့ အင်္ဂလိပ်စာပိုဒ်ကိုမှ နားမလည်ရင် ဘယ်လိုလုပ်ပြီး ဘာသာပြန်နိုင်တော့မှာလဲ။

အဲဒီမှာတင် ငါ့စိတ်ထဲမှာ တွေးမိတာက 'ဟ ...ဒါကြီးကတော့ မဟုတ်သေးဘူး၊ မြန်မာစာ တော်တယ်–မတော်ဘူး စစ်တာမဟုတ်ဘဲ အင်္ဂလိပ်စာ တော်–မတော် စစ်တာကြီး ဖြစ်နေပါပေါ့လား၊ အင်္ဂလိပ်စာ တော်–မတော် စစ်ဖို့ဆိုတာ

လည်း ငါတို့ဌာနရဲ့ ကိစ္စမဟုတ်ဘူး၊ အင်္ဂလိပ်စာဌာနရဲ့ ကိစ္စပဲ။ ဒါကြီးက အဟုတ်မဟုတ်သေးဘူး’လို့ စပြီး စဉ်းစားမိပြန်တယ်။

ဟိုး– အဆက်ဆက် ပါမောက္ခကြီး ဦးဖေမောင်တင်တို့လို ပညာရှင်ကြီးတွေကတော့ အဓိပ္ပာယ်ရှိရှိ လုပ်ခဲ့တာဖြစ်မှာပေါ့။ အဲဒီရည်ရွယ်ချက် ဘာလဲ၊ ကြည့်စမ်း ငါတို့လက်ထက်မှာ ပျောက်နေပြီး မြန်မာစာမေးခွန်းမှာ အင်္ဂလိပ်စာ စစ်နေတာကြီး ဖြစ်နေပြီ။

အဲဒီလို အထပ်ထပ် စဉ်းစားကြည့်လိုက်တော့မှ ဆရာ့ဆရာကြီးတွေရဲ့ ရည်ရွယ်ချက်ကို သဘောပေါက်လာတယ်။ ဒီလိုကိုးကွဲ့။ မင်းရဲ့မြန်မာစာစွမ်းရည်ကို စစ်မယ်။ ဒီတော့ အတွေးအကြံကြောင်းရာ (**Idea**)တစ်ခုကို ပေးလိုက်မယ်။ မင်းက မြန်မာလိုပြန်ပြီး ရေးစမ်းပေါ့။ ဒီတော့ အဲဒီ (**Idea**)ကို အင်္ဂလိပ်ဘာသာစကားနဲ့ ပေးလိုက်တယ်။ မင်းက မြန်မာလိုပြန်ရေးပေါ့။ မင်းရေးတာကိုကြည့်လိုက်ရင် မင်းဟာ မြန်မာစာကို ဘယ်လောက် နိုင်နင်းသလဲ၊ မြန်မာဝေါဟာရတွေကို ဘယ်လောက်နှံ့စပ်သလဲဆိုတာတွေကို စာစစ်တဲ့သူက ကောင်းကောင်းကြီးသိနိုင်ပြီပေါ့။ မူလရည်ရွယ်ချက်က မြန်မာဘာသာစကားကို စစ်မေးဖို့ စီစဉ်လိုက်တာပါပဲ။ ဒါပေမယ့် နောက်ပိုင်းမှာ ကျောင်းသားတွေကလည်း အင်္ဂလိပ်စာမှာ ညံ့လာတာကတစ်မျိုး၊ မေးခွန်းထုတ်တဲ့သူတွေကလဲ မူလရည်ရွယ်ချက်က မြန်မာစာကို စစ်မေးခြင်းဖြစ်တယ်ဆိုတာကို မေ့လာတာကတစ်မျိုး ဖြစ်နေတော့ မြန်မာစာစစ်တာ မဟုတ်တော့ဘဲ အင်္ဂလိပ်စာစစ်တာ ဖြစ်လာတော့တာပေါ့။

အဲဒီတော့မှ ငါလည်း မေးခွန်းထုတ်တဲ့အခါမှာ ကျောင်း

သားတိုင်း နားလည်နိုင်တဲ့ အင်္ဂလိပ်စာ ဖြစ်စေရမယ်၊ ဒါပေမယ့် ပြန်ပြီး မြန်မာလိုပြောတဲ့၊ ရေးတဲ့အခါမှာ စိတ်ကူးကောင်းပြီး မြန်မာဘာသာစကားကို နိုင်နင်းတဲ့သူမှရေးနိုင်တဲ့ အကြောင်းအရာမျိုး ဖြစ်စေရမယ်ဆိုတဲ့ 'မူ'ကိုချပြီး မေးခွန်းတွေကို ထုတ်နိုင်ခဲ့ပါတယ်။ ဆိုလိုတာက ဆရာ့ ဆရာကြီးများရဲ့ မူလရည်မှန်းချက်ကိုရောက်အောင် အားထုတ်ရကောင်းမှန်း သိခဲ့ပါတယ်။

ကျောင်းသားတွေက ငါဘာသာပြန်ခိုင်းလိုက်တဲ့ စာပိုဒ်နဲ့ ပတ်သက်ပြီး "ဆရာရယ်... စိတ်ထဲ သေသေချာချာကြီး နားလည်နေပါလျက်နဲ့ ဘယ်လိုရေးလိုက်ရမှန်းကို မသိဘူး"လို့ ပြောလိုက်ရင် ငါက သိပ်ပြီး ပီတိဖြစ်တာပဲ။ မြန်မာစာမေးခွန်းအဖြစ် ပီပီသသကြီး ရောက်သွားတယ်မဟုတ်လား။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ကိစ္စလေးတွေကို ပြန်ပြီးပြောရတာကိုး။ များသောအားဖြင့်တော့ မေ့ကုန်ပါပြီ။ မှတ်မိနေသေးတဲ့ စာပိုဒ်ကလေးတစ်ပိုဒ်ကို ထုတ်ပြလိုက်ရဦးမယ်။ မင်းတို့လည်း အင်္ဂလိပ်စာအခြေခံ နည်းနည်းလောက်ကလေးရှိရင် နားလည်နိုင်ပါတယ်။ ဒါလေးကို ဘာသာပြန်ကြည့်စမ်းပါ။

**We first make our habits, and then our habits make us.**

မင်းတို့ကို ပညာစမ်းနေတာ မဟုတ်ပါဘူး။ တက္ကသိုလ်မှာသင်နေတဲ့ သင်ရိုးတွေမှာတောင် တစ်စတစ်စနဲ့ မူလရည်ရွယ်ချက်ကို မေ့သွားတတ်ကြောင်း သာဓက ထုတ်ပြလိုက်ရတာပါ။ ငါတို့ရဲ့တက္ကသိုလ်က ဆရာကြီးတွေလည်း ပညာရှိ သတိဖြစ်ခဲ့ပေါ့လကွာ။

❒

# မွှေကြော်ငြာ

ငါတို့တစ်တွေ မေ့တတ်ကြတာကလေးကို ဆက်လိုက်ရဦးမယ်။ မူလရည်ရွယ်ချက်ကြီးကို မေ့သွားတတ်ကြောင်း ဘာကြောင့် ဒီလိုရှည်ရှည်လျားလျား ရေးနေရသလဲလို့ မေးစရာရှိပါတယ်။ တို့တစ်တွေဟာ 'ငါ... ဘာလုပ်ချင်တာလဲ၊ ငါဘာဖြစ်ချင်တာလဲ' ဆိုတာ ပြတ်ပြတ်သားသား သိနေရမယ်၊ အဲဒီရည်မှန်းချက်ကိုလည်း မျက်ခြည်မပြတ်ရဘူး။ ဒါမှသာ ဘဝမှာ အောင်မြင်မှုရနိုင်မယ် မဟုတ်လား။ ဒါကြောင့် ရေးနေရတာပါ။

မင်းတို့ ငါတို့ကို မဆိုထားနဲ့။ ပညာရှိကြီးများတောင်မှ သတိလစ်တတ်ပါတယ်။ စဉ်းစားစရာ ကိစ္စတစ်ခုကို ပြောလိုက်ပါဦးမယ်။

ငါတို့ရဲ့ အခြေခံပညာရေးမှာ ဘာကြောင့် 'အင်္ဂလိပ်စာ' ကို သင်သလဲ။ အဖြေက လွယ်လွယ်ကလေးပါ။ အင်္ဂလိပ်စာ တတ်အောင်လို့ သင်ပေးတာပေါ့။

သို့သော်လည်း လူကြီးများစဉ်းစားတာက အင်္ဂလိပ်စာ သင်နေရင်းကကိုပဲ လူငယ်တွေရဲ့ စာရိတ္တကောင်းမွန်ရေး၊ စိတ်ဓာတ်မြင့်မားရေး၊ ဗဟုသုတ တိုးပွားရေး စသည် စသည်

အားဖြင့် 'အစာလည်းဆေး၊ ဆေးလည်းအစာ'၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် အင်္ဂလိပ်ဖတ်စာတွေကို ပြုစုပြဋ္ဌာန်းကြပါတယ်။ အင်္ဂလိပ်စာမှ မဟုတ်ပါဘူး။ မြန်မာစာ၊ သမိုင်းစသည်တို့မှာလည်း ဒီလိုပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ကြိုးစားကြစမြဲပါပဲ။

အဲဒီလိုနဲ့ နောက်ပိုင်းမှာကျတော့ သက်ဆိုင်ရာနိုင်ငံတော်အစိုးရရဲ့ မူဝါဒလမ်းစဉ်တွေနဲ့ ကိုက်ညီအောင် ပြုစုပြဋ္ဌာန်းရမယ်ဆိုတာမျိုးတွေ ဖြစ်လာပြန်တယ်။ ဒါလည်း လုပ်အပ်တဲ့ကိစ္စမို့လုပ်ကြတာပါပဲ။ ဘာမှအပြစ်ပြောစရာ မလိုပါဘူး။

ဒါပေမယ့် နောက်ပိုင်းကျတော့ တစ်စတစ်စနဲ့ သာမညက ရှေ့တက်နေရာယူပြီး ပဓာနက နောက်ကိုဆင်းသွားလိုက်တာ အင်္ဂလိပ်စာကလည်း ဖတ်လို့မကောင်း၊ အကြောင်းအရာကလည်း စိတ်ဝင်စားစရာမရှိ၊ ကလေးတွေမှာလည်း 'ဘာကြီးမှန်းလဲမသိဘူး ဟ'ဆိုပြီး မလွဲသာလို့ ကုန်းကျက်နေကြရတဲ့အဆင့်ကို ရောက်သွားတော့တာပဲ။ ဒီတော့ နှစ်ချက်ခုတ်လိုက်တာ တစ်ချက်မှကို မပြတ်တော့တဲ့ အဖြစ်မျိုးကို ရောက်သွားတယ်ဆိုတာ အင်္ဂလိပ် စာပြဆရာတွေကို မေးကြည့်လိုက်ရင်သိနိုင်ကြပါတယ်။ ကလေးတွေရဲ့ရင်ထဲမှာ စွဲလောက်ငြိလောက်တဲ့ အကြောင်းအရာ၊ စကားအသုံးအနှုန်းဆိုလို့ ဘာမှပြောပလောက်အောင် မပါလေတော့ သူတို့လည်း ဘာမှ (အင်္ဂလိပ်စာနဲ့ပတ်သက်လို့)မှတ်မှတ်သားသား မရလိုက်တော့ဘူး။

ဒါလည်း တစ်ယောက်တည်းကြောင့်တော့ ဘယ်မှာဟုတ်ပါ့မလဲ။ အားလုံး စုဝေးညှိနှိုင်းပြီး လုပ်ကြတာတွေပါပဲ။ သို့သော်လည်း ညှိနှိုင်းရင်းကပဲ မူလအကြောင်းအရာကို မေ့သွား

http://www.cherrythitsar.org



ကြတာဖြစ်မှာပေါ့။ ‘အာသန်နိုင်’အစည်းအဝေး ဆုံးဖြတ်ချက် ဖြစ်မှာပေါ့။ ‘အာသန်နိုင်’ အစည်းအဝေးဆိုတာက ဆွေးနွေးကြ ရင်း နောက်ဆုံးမှာ ‘အာသန်’တဲ့လူက နိုင်သွားတတ်လို့ ‘အာသန်နိုင် အစည်းအဝေး’လို့ ပြောတာပါ။

ဒီလိုပြောလိုက်တော့ ဒီကနေ့ အင်္ဂလိပ်စာပြဋ္ဌာန်းစာအုပ် တွေကို ဝေဖန်ရှုတ်ချနေတယ်လို့ မထင်လိုက်ပါနဲ့။ ခေတ် အဆက်ဆက် ကြုံရတတ်တာမျိုးကို ပြောတာပါ။ ဒါဟာ ဘာကြောင့်ဖြစ်လာရသလဲဆိုရင် အင်္ဂလိပ်စာတတ်ဖို့ အင်္ဂလိပ် စာကို သင်နေခြင်းဖြစ်တယ်ဆိုတဲ့ မူလရည်ရွယ်ချက်ကြီးကို မျက်ခြည်ပြတ်သွားလို့ပဲဆိုတာ သိသာမနေပေဘူးလား။

ဒါမျိုးက မြန်မာစာမှာလည်း ဖြစ်ခဲ့ဖူးတာပါပဲ။ ပြော လိုက်ရဦးမယ်။

ငါတို့ငယ်ငယ်က ဖျံနှစ်ကောင်နဲ့ မြေခွေးပုံပြင်ကို သင်ခဲ့ ရဖူးပါတယ်။ ဖျံတစ်ကောင်က ငါးကြင်းတစ်ကောင်ကို ဖမ်း တယ်၊ မနိုင်မနင်းဖြစ်နေတုန်းမှာ အခြားတစ်ကောင်က ဝင်ကူ လိုက်တော့မှ ငါးကြင်းကိုရတယ်။ သူရထိုက်၊ ငါရထိုက် အဝေ မတည့်ဖြစ်နေတုန်း မြေခွေးတစ်ကောင် ရောက်လာတော့ သူ့ကို အဆုံးအဖြတ်ခိုင်းတယ်။ မြေခွေးက ခေါင်းပိုင်းကို ပထမဖျံယူစေ အမြီးပိုင်းကို ဒုတိယဖျံယူစေ၊ အလယ်ပိုင်း ဝမ်းပျဉ်းသားကို တရားသူကြီးယူစေဆိုပြီး ကိုယ်ချိသွားတော့ ဖျံနှစ်ကောင် မှိုင်ပြီး ကျန်ရစ်ခဲ့တယ်။ သင်ခန်းစာက ငါတို့ညီညွတ်မှုတစ္စာ မယူနိုင် ကြလို့ မဆိုင်သူက ယူသွားတယ်ပေါ့။

အဲဒါကို ဆိုရှယ်လစ်ဒါဒ မှုတစ္စာ ခွဲဝေခံစားမှု ဖြစ်စေရ မယ်ဆိုပြီး ပေါ်လစီသွင်းလိုက်တဲ့ ပုံပြင်မှာ ဘယ်လိုလုပ်လိုက်

http://www.cherrythitsar.org



သလဲဆိုတော့ မြေခွေးက ခေါင်းကနေအမြီးအထိ အလျားလိုက် ထက်ခြမ်းခွဲဝေပေးလိုက်တယ်။ မျှတတယ်ပေါ့။ မူလပုံပြင်က အမှားကိုပြပြီး သင်ခန်းစာအယူခိုင်းတာ။ နောက်ပုံပြင်က ဘာ သင်ခန်းစာမှမပါဘဲ ကြောင်တောင်တောင် ဖြစ်သွားတယ်။ 'ပုံ'ကို ပြင်လိုက်တာ 'ပျက်'ကိုသွားတော့တာပဲ။

အဲဒါကြောင့် 'ပညာရှိ သတိဖြစ်ခဲ့'လို့ ရေးခဲ့ရတာပါ။ ဘာကို သတိမဖြစ်လိုက်တာလဲဆိုတော့ မူလရည်မှန်းချက်ကို သတိမဖြစ်လိုက်မိတာပါ။

ခုတလော ရုပ်မြင်သံကြားမှာ တစ်နေ့ကို အကြိမ်တစ် ဒါဇင်မက မြင်နေ ကြားနေကြရတာက "ရွှေဆိုင်ကြော်ငြာ' တွေပါပဲ။ မင်းတို့လည်း သတိထားမိကြမှာပေါ့။ အဲဒီကြော်ငြာ တိုင်းမှာ မိန်းကလေးတစ်ယောက် ရွှေတွေဝတ်ဆင်ထားလိုက်တာ ခြေစွန်း ခေါင်းစွန်း လူကိုတောင် မနည်းသတိထားပြီး ရှာရ လောက်အောင်ပါပဲ။ အထူးသဖြင့် လက်နှစ်ဖက်မှာဆိုရင် လက် ကိုတောင် မမြင်ရလောက်အောင် ဝင်းထိန်နေတာကို တွေ့ကြရ ပါလိမ့်မယ်။ အဲဒါဟာ သူတို့ရည်ရွယ်ချက်ပဲ။ သူတို့က သက်ဆိုင်ရာမိန်းကလေးကို အမှီပြုပြီး ရွှေဆိုင်ကို ကြော်ငြာတာ မဟုတ်လား။ ရွှေတွေ၊ စိန်တွေကို ကြည့်သူက သတိထားမိလိုက် ရင် သူတို့ရည်ရွယ်ချက် အောင်မြင်တယ်ဆိုရမှာပေါ့။

ငါတို့ ပညာရေးမှာ ပြဋ္ဌာန်းတဲ့ အင်္ဂလိပ်စာအုပ်၊ မြန်မာ စာအုပ် ဆိုတာတွေက 'ရွှေကြော်ငြာ'မှ မဟုတ်ဘဲ။ အေးလေ 'ပညာရှိ သတိဖြစ်ခဲ့' ဆိုသလိုပေါ့။ ပညာရှိတောင် မေ့တတ်လေ တော့ မင်းတို့ ငါတို့လို...။ ဆက်ကြသေးတာပေါ့။

❒

# လူကြီး စုန်းပြူး

လွန်ခဲ့တဲ့ တစ်ပတ်လောက်က မိတ်ဆွေ အယ်ဒီတာ တစ်ယောက်က စိတ်ပျက်တဲ့လေသံနဲ့ စကားတစ်ခွန်း လာပြီး ပြောတယ်။ သူ့ကို စာပေနယ်က လူတစ်ယောက်က ပြောတယ်တဲ့။ 'ပညာတတ်ဘွဲ့ရတဲ့ လူငယ်တွေတောင် ယောင်နနဖြစ်နေကြရတဲ့အချိန်မှာ အောင်သင်းက ဘာကြောင့် လူငယ်တွေ ပညာကို ကြိုးစားသင်ကြဖို့ တိုက်တွန်းနေတယ် မသိဘူး'လို့ ပြောသတဲ့။

ဒီစကားမျိုးကို ကွယ်ရာမှာ မထိတထိ ပြောသံဆိုသံ ကြားနေရတာ ကြာပါပြီ။ ငါ့ကိုတော့ ဘယ်သူမှ တွေ့တွေ့ဆိုင်ဆိုင် မပြောကြသေးပါဘူး။ ပြောလာလို့ရှိရင်တော့ "အနာဂတ်မျိုးဆက်သစ်မှာ ခင်ဗျာတို့လို 'တုံး'တဲ့လူမျိုးတွေ မပါစေချင်လို့ပါ"လို့ ပြောလိုက်မှာပါပဲ။

နောက်ပြီး ဆက်မေးလိုက်ချင်တာက ခင်ဗျာ့ သားသမီးတွေကို ဘာကြောင့် ကျောင်းထားနေသေးသလဲ၊ ကျောင်းမထားနဲ့ပေါ့၊ စာမသင်စေနဲ့ပေါ့ ဆိုတာမျိုးတွေကို ပြောပစ်လိုက်မှာပဲ။ မင်းတို့ စဉ်းစားကြည့်ဖို့ ပြောလိုက်ရပါဦးမယ်။ ငါတို့ ခပ်ငယ်

ငယ်က လက်ဝဲဝါဒီတစ်ချို့ဟာ တက္ကသိုလ်ပညာရေးကို ချိုးချိုး နှိမ်နှိမ် ပြောခဲ့တတ်ကြတယ်။ ဒါပေမယ့် သူတို့သားသမီး တက္ကသိုလ်ရောက်လာတော့ ငါတို့လို တက္ကသိုလ်ကဆရာတွေ ဆီမှာ ကိုယ်တိုင်ကိုယ်ကျလာအပ်ပြီး ကူညီစောင့်ရှောက် သင်ကြားပေးဖို့ ပြောခဲ့ကြတာ ငါတို့ကိုယ်တိုင် ကြုံခဲ့ကြရတာပါ။ ငါတို့က မလှောင်ရက်ခဲ့ပါဘူး၊ ရယ်သွမ်း မသွေးရက်ခဲ့ပါဘူး။ မိဘဆိုတော့ သားသမီးကို ပညာတတ်စေချင်တာပဲလို့ တတ်နိုင် သမျှ ကူညီစောင့်ရှောက်ခဲ့တာချည်းပါပဲ။

နောက်ပြီး တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။ အဲဒီ အချိန်မှာ လက်နက်ကိုင်ပြီး တောခိုနေတဲ့သူတွေတောင် သူတို့ သားသမီးကို တောထဲခေါ်သွားတာမှ မဟုတ်ဘဲ။ မြို့မှာ ကျောင်းတက်နေကြတာပဲ၊ တက္ကသိုလ်မှာ တက်နေကြတာပဲ။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေကလည်း ဘာမှမပြောပါ ဘူး။ အသာကြည့်နေလိုက်ကြတာပါပဲ။ လူငယ်တွေ ပညာသင်ဖို့ ကိစ္စကို အဟန့်အတား မလုပ်ခဲ့ပါဘူး။

မင်းတို့ စဉ်းစားကြည့်ဖို့ကို ပြောလိုက်ရဦးမယ်။ လူငယ် ဘဝမှာ ပညာကြိုးစားကြဖို့ တိုက်တွန်းတာ ငါ မှားသလား။ ပညာဆိုတာ ငယ်ငယ်ရွယ်ရွယ်မှာသာ ကြိုးစားပမ်းစား အချိန် ပေးပြီး ဆည်းပူးနိုင်တာ။ အရွယ်ကလေးရောက်လာလို့ ကိုယ့် ဝမ်းစာ ကိုယ်ရှာရတဲ့အချိန်၊ အိမ်ထောင်ကျသွားလို့ သားမယား ကိုပါ တာဝန်ယူရတဲ့အချိန်၊ မိန်းကလေးဆိုရင်လည်း သားတွဲလဲ သမီးတွဲလဲ ဖြစ်လာတဲ့အချိန်မျိုးကျတော့ ပညာဆည်းပူးဖို့အချိန် ပေးရတာ အတော်ကြီးကို ခက်သွားပြီ။ ဒါကြောင့် လူငယ်တွေ ကို ပညာသင်ဖို့ ပြောနေရတာပါ။

# ၄၂ ○ အောင်သင်း

ကောင်းပြီ ကျောင်းမနေနိုင်တော့ပါဘူးတဲ့။ အဲဒီကျ တော့လည်း ပညာသင်ကြားရတာပဲ မဟုတ်လား။ ဆံပင်ညှပ် သင်မလား၊ မော်တော်ကားပြင်တာကို သင်မလား၊ ကွန်ပျူတာကို ပဲသင်မလား၊ တစ်ခုခုတော့ဖြင့် လေ့လာသင်ယူနေကြရမှာပဲ။ အိမ်ထောင့်တာဝန် ကြီးကြီးမားမားမရှိသေးဘဲ ဘဝမှာ အချိန် ပိုများများရနေတဲ့ အခိုက်အခါမျိုးမှာ ပညာကိုဆည်းပူးဖို့ သတိ ပေးနေတာပါ။

စင်စစ်မှာတော့ ပညာရေးဆိုတာမျိုးဟာ အမျိုးသား လှုပ်ရှားမှုကြီးတစ်ခုအဖြစ်နဲ့တောင် လုပ်ကြရတာပါ။ ပညာ မတတ်လို့ သူ့ကျွန်ဖြစ်ခဲ့ရဖူးပြီ မဟုတ်လား။ ဒီအကြောင်းတွေ ကို မကြာမီဖြန့်ချိတော့မယ် 'တကယ့် အနုပညာ' ဆိုတဲ့ 'အသံသွင်းစာအုပ်' စကားပြောကက်ဆက်ခွေမှာလည်း တတ်နိုင် သမျှ ကျယ်ကျယ်ပြန့်ပြန့် ပြောထားပါတယ်။ ကြုံရင်နားထောင် ကြည့်ကြပါ။

နောက်ပြီး ပညာဆန်းပူးတယ်ဆိုတာ ကျောင်းတက် နေမှမဟုတ်ဘူး။ အားလပ်ချိန်ကို အလဟဿမဖြစ်စေဘဲ တန်ဖိုး ရှိတဲ့ စာအုပ်စာတမ်းတွေကို ဖတ်ရှုမှတ်သားနေရင်လည်း ပညာ ဆည်းပူးနေတာပဲ မဟုတ်လား။ ဝတ္ထုတို၊ ဝတ္ထုရှည်စတဲ့ စာမျိုး တွေကို ငါတို့လည်း ဖတ်တာပါပဲ။ ဒါပေမယ့် အဲဒီစာမျိုးတွေ အပြင် ဗဟုသုတပေးတဲ့ စာအုပ်မျိုးတွေ၊ အတွေးအခေါ်မြင့်မား စေတဲ့ စာအုပ်မျိုးတွေကိုလည်း ဖတ်ကြရမှာပဲ။

ငါ့ကို အဲဒီလိုဝေဖန်တဲ့လူမျိုးတွေကို ငါမေးလိုက်ချင်တာ တစ်ခုရှိတယ်။ ကောင်းပါပြီ၊ လူငယ်တွေကို ပညာကြိုးစားသင်ဖို့ မတိုက်တွန်းရင် ဘာလုပ်ဖို့ တိုက်တွန်းရမလဲလို့ မေးလိုက်မယ်

http://www.cherrythitsar.org



ဆိုပါတော့။ သူတို့ ဘာပြန်ဖြေမလဲ။ စီးပွားရေးလုပ်ပေါ့၊ ပိုက်ဆံချမ်းသာအောင်လုပ်ပေါ့ ဆိုတာမျိုးလောက်ကိုသာ ယောင်ဝါးဝါးပြန်ဖြေကြမှာ သေချာတယ်။ ဟုတ်ပါတယ်၊ အရွယ်ရောက်လာလို့ အိမ်ထောင်တာဝန် ရှိလာပြီဆိုရင်တော့လည်း မလုပ်လို့မဖြစ်ဘဲ လုပ်ကြရတော့မှာပေါ့။ ကောင်းပြီ၊ စီးပွားရေးကိုလုပ်ရင်ကော စီးပွားရေးပညာကို ဆည်းပူးကြရမှာပဲ။ အကွက်ကောင်း တစ်ကွက်ကြုံလိုက်လို့ ချမ်းသာသွားတာမျိုးကို ထည့်မတွက်နဲ့။ လူတိုင်း အကွက်ကောင်းကြုံနိုင်တာ မဟုတ်ဘူး။ စီးပွားပညာ၊ ကုန်သွယ်မှုအတတ် ဆိုတဲ့ပညာကို သမဝါယမမှာ တန်းစီပြန်ရောင်းတာလောက်ထင်နေလို့ ဖြစ်တာမှမဟုတ်ဘဲ။

ပညာရေးနဲ့ပတ်သက်ပြီး ငါ့ဟောပြောချက်တွေကို ဖတ်ကြရလို့၊ နားထောင်ကြရလို့ အသိတရားရပြီး ပညာကိုကြိုးစားသင်ယူပါတယ်ဆိုတဲ့ လူငယ်တွေဆီက စာတွေ မကြာခဏရောက်လာပါတယ်။ မိဘတွေက ကျေးဇူးတင်ပါတယ်ဆိုတဲ့အကြောင်း ပြောလာကြတာကိုလဲ ခဏခဏ ကြုံရပါတယ်။ အဲဒီလိုဖြစ်နေတဲ့ကြားထဲမှာ ခုနကလို 'လူကြီး စုန်းပြူး' ပြုတ်မနူးတွေလည်း ရှိနေသေးတာပါပဲလားလို့ အောက်မေ့မိပါတယ်။

ကဲ... ထားလိုက်ပါတော့။ မင်းတို့ကိုပြောလိုက်ချင်တာက မင်းတို့မှာ အရွယ်ရှိသေးရင်၊ အချိန်ရသေးရင် ပညာကိုကြိုးစားသင်ကြ၊ စာပေဖတ်ရှုပြီး ဆည်းပူးကြ၊ 'လူကြီးစုန်းပြူး' တွေရဲ့စကားကို သွားပြီး နားမယောင်နဲ့။ လာပြီး အဲဒီစကားမျိုးကိုပြောရင် 'ဒါဖြင့် ဘာလုပ်ရမလဲ' လို့ ပြန်ပြီးမေးကြည့်ကြ။ အဲဒါပါပဲ။

❒

# တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင်

အရင်တစ်ပတ်က 'လူကြီးစုန်းပြူး' ဆိုတဲ့ ခေါင်းစဉ်နဲ့ ပညာသင်ယူခြင်းမှာ မတွန့်မတို အရှုယ်ရှိခိုက် ကြိုးစားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အဲဒီ ပညာသင်ယူရေးကိစ္စကို ဆက်ပြီး ရေးဖို့ ဖန်တီးလာပြန်ပါတယ်။

ဒီနေ့ (၄-၅-၉၇) မနက်ပိုင်း ၁၀ နာရီလောက်မှာ လူငယ်လေးတစ်ယောက် ရောက်လာပါတယ်။ သူက စင်ကာပူမှာ အလုပ်သွားလုပ်နေရာက ပြန်လာတာပါ။ ဟိုမှာရောက်နေတဲ့ တပည့်တစ်ယောက်က လူကြုံပါးလိုက်တဲ့ လက်ဆောင်ပစ္စည်း ကလေးကို လာပို့တာပါပဲ။ စာကလေးတစ်စောင်လည်း ပါလာ တယ်ပေါ့။

စင်ကာပူဆိုတဲ့နိုင်ငံဟာ ငါတို့တိုင်းပြည်နဲ့စာလိုက်ရင် ဘာမှမဆိုလောက်အောင် သေးငယ်ပါတယ်။ သဘာဝရင်းမြစ်မှာ ဆိုရင်လည်း ဘယ်လိုမှယှဉ်လို့မရအောင် ချို့တဲ့ပါတယ်။ ကုန်ကုန်ပြောကြမယ်ဆိုရင် လူကလွဲလို့ ဘာမှထွက်တဲ့တိုင်းပြည် မဟုတ်ဘူးလို့တောင် ဆိုနိုင်ပါလိမ့်မယ်။ ဒီတော့ သူတို့က 'ငါတို့မှာ ဘာသယံဇာတရင်းမြစ်မှ မရှိဘူး။ လူပဲရှိတယ်။ ဒီတော့ လူကိုပဲ သယံဇာတရင်းမြစ်အဖြစ် သဘောထားပြီး

လူကို အကောင်းစားကုန်ချောတွေဖြစ်အောင် လုပ်ရမယ်’ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပညာရေးမှာ ငွေပင်ငွေရင်း အများကြီး မြှုပ်နှံခဲ့ကြတယ်။ အဲဒီလိုနဲ့ ဖွံ့ဖြိုးတိုးတက်လာလိုက်တာဟာ ဒီကနေ့ဆိုရင် စင်ကာပူရဲ့အခြေအနေဟာ မင်းတို့သိကြတဲ့အတိုင်းပဲ ဘာမှအထူးပြောနေစရာမလိုတော့ပါဘူး၊ ဒါတွေကို ပြောပြနေတာက စင်ကာပူက တပည့်ရေးလိုက်တဲ့ စာကလေးကို ဖော်ပြချင်လို့ပါပဲ။

ဆရာ့စာတွေကို မဂ္ဂဇင်းတွေမှာ မဖတ်ရတာ အတော်လေး ကြာနေပါပြီ။ မြန်မာပြည်က မော်ဒန်တို့ ပို့စ်မော်ဒန်တို့ဆိုတာမျိုးတွေကို ကိုယ်တိုင်လေ့လာချင်လို့ စာအုပ်ဆိုင်ကြီးတွေမှာ သွားပြီးရှာပါတယ်။ သို့သော် ရသစာပေနှင့် ပတ်သက်လာလျှင် ဝတ္ထုစာအုပ်အချို့မှအပ မတွေ့ရပါ။ သို့သော်လည်း စီးပွားရေးဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ စာအုပ်စာတမ်းတွေကိုတော့ ဝယ်လို့မကုန်နိုင် ကြည့်လို့မကုန်နိုင်အောင် တွေ့ရပါသည်။

ပညာရေးမှာ ငွေကြေးမြှုပ်နှံကြဖို့ ဝန်ကြီးချုပ် ဂိုချုပ်တောင်က စာနယ်ဇင်းတွေ့ဆုံပွဲတိုင်းမှာ ပြောလေ့ရှိပါသည်။ ဒီနေ့ ဆန်းဒေးတိုင်း သတင်းစာမှာ ကမ္ဘာ့လေကြောင်းအဖွဲ့အစည်း ဆုပေးပွဲမှာ အဲယားလိုင်းအကောင်းဆုံးဆုနဲ့ အခြားခုနစ်ဆုကို စင်ကာပူလေကြောင်းလိုင်းကရကြောင်း ပါလာပါသည်။

ကမ္ဘာ့ပညာရေးဆိုင်ရာ သုတေသနပြုချက်အရ အဆင့်မြင့်ပညာရေးကဏ္ဍတွင် သင်္ချာနှင့် သိပ္ပံမှာ စင်ကာပူကျောင်းသားအများစုက အမှတ်ကောင်းရကြောင်းကို တီစီအက်စ် ဆိုတဲ့ စင်ကာပူသတင်းဌာနက ထုတ်ပြန်တာကို တွေ့လိုက်ရပါသည်။

ဒီအတွက် သူတို့နိုင်ငံ မိဘကျောင်းသားတွေက အလွန် ဂုဏ်ယူကြကြောင်းကို စထရိတ်တိုင်းမ် သတင်းစာကြီးမှာ ဖတ်လိုက်ရပါသည်။

စာအုပ်ဆိုင်တိုင်းတွင် ပညာရေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို ကြည့်လို့မကုန်နိုင်အောင် တွေ့ရမြဲ ဖြစ်ပါသည်။ မစ္စတာ လီကွမ်ယူးက သူ့နိုင်ငံသားတွေကို 'နာနာသွား၊ နာနာဖတ် (**Well-Read and Well-Travelled**)ဟု တိုက်တွန်းထားသည့်အတိုင်း စာအုပ်ဖတ်ကြပါသည်။ အဲဒီ စာအုပ်ဆိုင်ကြီးတွေမှာ စာအုပ်သွားဝယ်ရင် ငွေရှင်းကောင်တာမှာ ငွေသွင်းရန် တန်းစီနေကြရတာကိုသာ စဉ်းစားကြည့်ပါဆရာ။

နောက်ပြီး တရုတ်နှစ်သစ်ကူး ပိတ်ရက်တွေမှာဆိုရင် ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုကို အများဆုံး သွားကြပါသည်။ တက္ကသိုလ်တွေက ပစ်ကနစ်(အပျော်ခရီး) ထွက်ကြလျှင်လည်း အောက်စ်ဖို့၊ ကင်ဘရစ်ချ်၊ ဟားဗတ်၊ ယေးလ် စသော တက္ကသိုလ်ကြီးများသို့ သွားရောက်လေ့လာလေ့ ရှိကြပါသည်။

ပညာရေးနဲ့ပတ်သက်လို့ စိတ်ဝင်စားစရာ အတော်များများကို စာထဲမှာထည့်ပြီး ရေးလိုက်ပါတယ်။ မင်းတို့ စိတ်ဝင်စားလောက်မယ့် အပိုင်းလောက်ကိုသာ ဖော်ပြလိုက်ပါတယ်။

အဲဒါနဲ့ စာကိုဖတ်ပြီးတော့ စာလာပြီးပို့တဲ့ သူငယ်လေးနဲ့ ဆက်ပြီး စကားပြောဖြစ်ပါတယ်။ ဟိုမှာရောက်နေတဲ့ ကိုယ့်တပည့်တွေ အခြေအနေကို မေးရင်းမြန်းရင်းပဲ ဆိုပါတော့။

ဒီသူငယ်လေးက ဆယ်တန်းအဆင့်ပဲ ရှိပါသေးတယ်။ ဆယ်တန်းတောင် မအောင်သေးပါဘူး။ ခပ်ရိုးရိုး ခပ်အေးအေးပါ

ပဲ။ သူ့မှာ စုဌွေဆောင်းငွေ အတန်အသင့် ပါလာမှာတော့ အသေအချာပေါ့။ ဒါပေမယ့် ကြွစောင်းစောင်း အသွင်အပြင် တစ်ဌွေ့မှ မတွေ့ရပါဘူး။ စကားပြောနေရင်း သူ့ကို အကဲခတ် နေရတာက ပညာရှာရမယ်ဆိုတာမျိုး ဆုံးဖြတ်လာခဲ့ပုံရပါတယ်။ သူပြောတဲ့ စကားတွေထဲက မင်းတို့ သိသင့်တဲ့စကားလေး တစ်ခွန်းကို ပြောလိုက်ရပါဦးမယ်။

"ဟိုမှာတော့ဆရာရေ… အရွယ်ကလေးရောက်လိုက် ပြီဆိုရင် ဝတ်တာစားတာတွေကတော့ တကယ့်ကို 'ဟော့ရှော့' ဆိုတာမျိုးတွေချည်းပဲ။ ဒါပေမယ့် ကျွန်တော် သတိထားမိတာက လက်ထဲမှာ ဒါမှမဟုတ် သူတို့အိတ်ထဲမှာ စာအုပ် အမြဲတမ်းပါ တယ်။ ဘတ်စ်ကားစီးလိုက်လို့ ထိုင်လိုက်ပြီဆိုရင် စာအုပ် တစ်အုပ်ကို ထုတ်ဖတ်ကြတော့တာပဲ။ အဲဒါ ယောက်ျားလေး၊ မိန်းကလေး လူငယ်တိုင်းလို့ပဲ ပြောပါရစေတော့"

ကဲ… မင်းတို့ ငါတို့ နိုင်ငံက 'ဟော့ရှော့' လူငယ်တွေနဲ့ မကွာဘူးလား။ ငါတို့ဆီကလူငယ်တွေက အဝတ်အစား 'ဟော့ရှော့' လောက်ကိုသာ အတုခိုးကြတာ။ စာဖတ်တာတို့၊ ပညာမြတ်နိုးရတာတို့ကိုကျတော့ အတုခိုးရကောင်းမှန်း မသိကြ တော့ဘူး မဟုတ်လား။

ဒီတော့ ဘယ်သူတွေက ဘာပြောနေနေ မင်းကိုမင်း ချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ၊ မိဘကိုချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ လို့ပဲ ပြောလိုက်ပါရစေ။

❐

http://www.cherrythitsar.org

# ကလေးရှုးကြီးတွေ

အရင်တစ်ပတ်က မန္တလေးသားတွေ မန္တလေးစွဲကြီးပုံကို ရေးခဲ့ပါတယ်။ သူတို့တစ်တွေ မန္တလေးကို ချစ်ကြ၊ စွဲကြပုံကို သတိပြုမိရင်းကနေပြီး ကိုယ့်ငယ်ဘဝ စွဲလန်းခဲ့ပုံကလေးကို ပြန်ပြီး သတိရမိလိုက်ပြန်ပါတယ်။

ငါ ငယ်ငယ် လူမမယ်ဘဝက အဘွားက သီချင်းဆိုပြီး သိပ်လေ့ရှိပါတယ်။ ငါတို့ငယ်ငယ်က မင်းတို့ခေတ်လို ကက်ဆက်တွေ၊ ဗွီဒီယိုတွေဆိုတာက ရှိကြတာမဟုတ်ဘူး။ ဓာတ်စက်၊ ဓာတ်ပြားဆိုတာတောင်မှ ငါတို့ လူမှန်းသူမှန်းသိတတ်မှ ငါတို့မြို့ကို ရောက်လာတာ။ ဒီတော့ မင်းတို့လို သီချင်းမျိုးစုံကို ကြားရတာမဟုတ်ဘူး။ ကိုယ့်အဘွား၊ ကိုယ့်အမေ ဆိုတဲ့ 'ပုခက်' သီချင်းလောက်နဲ့သာ နေခဲ့ကြရတာ။ အဲဒီမှာ ငါ့အဘွား ဆိုလေ့ရှိတဲ့ သီချင်းကို ကလေးဘဝကတည်းက အလွတ်ရနေတော့တာပေါ့။ သူဆိုနေကျ သီချင်းတစ်ပုဒ်ကို နားထောင်ကြည့်ပါဦး–

မမလေးကိုကွယ် မောင်ကခိုးမယ်လို့...
လူဆိုးတွေနဲ့ မောင်... တိုင်ပင်...

ရွာရှေ့ဆို ညောင်ပင်ကြီးမှာကွယ်...
မြင်းကိုယ်စီပြင်...
လထွက်ကလေးမှာတဲ့ မြင်းပေါ်တင်...
လဝင်ရင် မန်းတောင်ရောက်အောင်ကွယ်...
မြင်းငေါက်လို့နှင်... ။

ကလေးအိပ်အောင်သိပ်တဲ့ သီချင်းဆိုတော့ လေးလေးတွဲ့တွဲ့ ဆိုတာပေါ့။ သူဆိုတဲ့သီချင်းကို နားထောင်နေရင်း မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်သွားတာပေါ့။

ခုထက်ထိ ငါ ခံစားမိခဲ့တာကို မှတ်မိနေပါသေးတယ်။ ညောင်ပင်ကြီးတွေ၊ မြင်းတွေကိုလည်း ငါရဲ့ စိတ်မျက်စိမှာ မြင်ယောင်နေခဲ့တယ်။ 'လဝင်ရင် မန်းတောင်ရောက်အောင်၊ မြင်းငေါက်လို့နှင်' ဆိုတဲ့အထဲက မန်းတောင်ဆိုတာ ဘာရယ်လို့ ရေရေရာရာ ဘယ်မှာသိနိုင်ပါ့မလဲ။ ဒါပေမယ့် ငါ့အရွယ် အတော်လေးရလာသည်အထိ အဲဒီထဲက ညောင်ပင်တို့၊ လရောင်တို့၊ မန်းတောင် တို့ကို လွမ်းနေမိတယ် ချစ်နေမိတယ်။

ငါ့ဘဝမှာ ဘာမှန်းကို မသိခဲ့ရသေးဘဲ မန်းတောင်ကို ယမ်းယောင်ပြီး ချစ်မိလွမ်းမိတာ ဘာကြောင့်ပါလိမ့်မလဲလို့ သေချာ စဉ်းစားကြည့်လိုက်တော့ အဘွားဆိုပြီးသိပ်ခဲ့တဲ့ သီချင်း ကလေးကြောင့်ပဲဆိုတာ သတိထားမိလာပါတယ်။

အဲဒီတော့မှ သီချင်းတွေအကြောင်းကို ဆက်ပြီး စဉ်းစား လိုက်တော့ ဟိုရှေး ရှေးခဲ့ ဆိုခဲ့ကြတဲ့ 'မန်းတောင်လက်ယာ' တို့၊ 'မြမန်းဂီရိ'၊ 'သေလာတောင်'ဆိုတဲ့ သီချင်းကြီးတွေ။ နောက်ပိုင်းမှာ နန်းတော်ရှေ့ ဆရာတင်တို့၊ မြို့မငြိမ်းတို့ စတဲ့ ဆရာကြီးတွေရေးကြတဲ့ သီချင်းတွေကို ကြည့်ပါလား။ 'တို့

# ၅၀ ○ အောင်သင်း

မန္တလေး မြို့ကြီးရဲ့ ပတ်လည်ကို' ဆိုတဲ့ သီချင်းသံတွေ၊ 'မန်း တောင်ရိပ်ခို' 'စစ်ကိုင်းတောင် အထက်နားဆီက အရှေ့တလွှား ရှုလိုက်ရင်' 'ထိုမှသည် တစ်ခေါက်သွားမည်၊ မန္တလေးတောင် တော်မဟီ၊ တစ်ထောက်နားမည့်' ဆိုတဲ့ သီချင်းသံတွေဟာ မန္တလေးသား လူမမယ် အကောင်ငယ်ငယ်ကလေးတွေရဲ့ နှလုံးသားကို ဘယ်လောက် ဆုပ်ကိုင်ထားလိုက်မလဲဆိုတာကို မှန်းလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ မန္တလေးမြို့ကြီးနဲ့ ဘာဆို ဘာမှကိုမဆိုင်တဲ့ 'တောင်တွင်းက အောင်သင်း'ဆိုတဲ့ အကောင်ငယ်ငယ်ကလေးကိုတောင် ဘုမသိဘမသိ 'မန်းတောင် ကို လွမ်းယောင်'လာအောင် လုပ်ခဲ့သေးတယ် မဟုတ်လား။

ဒါဟာလည်း အလွန်မှန်တဲ့ ကိစ္စပါပဲ။ သစ်ပင် တောတောင် ရေမြေတွေ ဘယ်လောက်ပဲလှလှ၊ ဘယ်လောက်ပဲ စည်ပင်စည်ပင် ကိုယ့်သား ကိုယ့်သမီး မစည်ပင်ရင် ဘာလုပ် တော့မှာလဲ။ ဒီသစ်ပင်၊ ဒီတောတောင် ဆိုတာတွေဟာ သူများ သားသမီး ခံစား၊ စံစားဖို့ လုပ်တာမှမဟုတ်ဘဲ ကိုယ့်သား ကိုယ့်သမီး ခံစား၊ စံစားဖို့ လုပ်ထားတာမဟုတ်လား။ ကိုယ့်သား သမီး စိတ်တိုင်းကျ ခံစား၊ စံစားနိုင်အောင် သူတို့ကိုလည်း အရိပ်တကြည့်ကြည့် ထိန်းသိမ်းပြုပြင်နေရမှာပေါ့။

ငါတို့ဟာ ငယ်ငယ်ကတည်းက မန်းတောင်ကြီးကို ချစ်ရကောင်းမှန်း သိခဲ့ကြပါတယ်။ သိင်္ဂုတ္တရတောင်တော်ကို ကြည်ညိုရကောင်းမှန်း သိခဲ့ကြပါတယ်။ ပုဂံကို ဂုဏ်ယူရကောင်း မှန်း သိခဲ့ကြတယ်။ ခုဆိုရင် တစ်ခဲနက် သိလာကြပြီလို့တောင် ဆိုနိုင်ပါတယ်။

ဒီလိုပဲ အမွေခံဝန်းကျင်ဟူသမျှမှာ အဓိအကျဆုံးဖြစ်တဲ့

မျိုးဆက်သစ်ကလေးငယ်များအတွက် ကိုယ် ထမင်း တစ်လုတ် လျှော့စားချင် စားရပါစေ ဆိုတဲ့ မိဘမျိုးတွေများလာဖို့ သိပ်ပြီး အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် ပြောလိုက်ရရင် 'ကလေး ရူးကြီးတွေ' အများကြီး လိုအပ်နေပါတယ်လို့ ပြောလိုက်ရ ပါတယ်။

❒

# အောင်ချမ်းသာ

ဒီတစ်ပတ်မှာတော့ဖြင့် မင်းတို့ ဒသမတန်းမှာ သင်ကြားနေကြရတဲ့ 'ရေသည် ပြဇာတ်'အကြောင်းကို ရေးလိုက်ချင်ပါသေးတယ်။

မင်းတို့အားလုံး သိနေကြပြီးဖြစ်တဲ့အတိုင်း– ရေသည်ယောက်ျားဟာ သိပ်ကိုဆင်းရဲလို့ ပဲဝက်သောငွေကလေးသာ သူ့မှာ ရှိတယ်။ အဲဒါကို မြောက်မြို့ရိုးကြားတစ်နေရာမှာ ဝှက်ထားတယ်။ တစ်နေ့မှာတော့ ရေသည်မိန်းမနဲ့ တွေ့တယ်။ အဲဒီမိန်းမမှာလည်း ပဲဝက်စုမိထားတယ်။ သူတို့ချင်း ပေါင်းသင်းဖို့ သဘောမျှကြတော့ နှစ်ဦးပေါင်း ငွေတစ်ပဲနဲ့ ဘုရင်မင်းမြတ်ရဲ့ နန်းသိမ်းပွဲ မြို့လုံးကျွတ်သဘင်ကြီးမှာ သုံးကြစွဲကြမယ်ဆိုပြီးတော့ ရေသည်ယောက်ျားက ဆယ့်နှစ်ယူဇနာဝေးတဲ့ မြောက်မြို့ရိုးဆီကို ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်မြူးတူးပြီး ပြေးတယ်။ နေမွန်းတည့်ချိန်မှာ နန်းရှေ့လမ်းမကြီးကို ရောက်သွားတော့ နေပူကြီးထဲမှာ ဘာကြောင့် ရွှင်မြူးခုန်ပေါက်ပြီး ပြေးနေပါလိမ့်လို့ သိချင်တာနဲ့ ဘုရင်က ခေါ်ပြီးမေးတယ်။ အကျိုးအကြောင်းကိုသိရတော့ ဘုရင်မင်းမြတ်က ဖြစ်မှဖြစ်ရလေဆိုပြီး ရင်ထုမနာသနားလွန်းလို့ ငွေတစ်ပဲကို ပေးတယ်။ ဒါပေမယ့် ရေသည်ကသူပဲဝက်ကို စိတ်မလျှော့ဘူး။ တစ်မူး၊ တစ်မတ် စသည်ဖြင့်

တိုးပေးလိုက်တာ နောက်ဆုံး အိမ်ရှေ့မင်းစည်းစိမ်ကိုထိတောင် ပေးပစ်လိုက်တယ်။

အိမ်ရှေ့မင်း ဖြစ်လာပြီးတဲ့အခါ– တစ်နေ့မှာ ဥယျာဉ်တော်ကစားကြရာမှာ ဘုရင်က ပင်ပန်းလွန်းလို့ အိမ်ရှေ့မင်းရဲ့ ပေါင်ပေါ်မှာ ခေါင်းအုံးပြီး စက်တော်ခေါ်လို့ အိပ်ပျော်သွားတယ်။ အဲဒီမှာ ရှင်ဘုရင်ကိုသတ်ဖို့ သုံးကြိမ်တိုင်တိုင် ကြံစည်တယ်။ နောက်တော့ နောင်တရပြီး ရှင်ဘုရင်ကိုနှိုးပြီး တောင်းပန်ဝန်ချတယ်။ ဒီတော့ ရှင်ဘုရင်က ထီးနန်းလွှဲပေးတာကိုတောင် မယူတော့ဘဲ တောထွက်သွားတယ်။ အဲဒါဟာ ရေသည်ပြဇာတ်ပဲ။

အဲဒီဇာတ်လမ်းမှာ ငါ သတိပြုမိတာလေးတစ်ချက်ကို မင်းတို့လဲ သတိပြုမိစေချင်တာကြောင့် ဒီစာကို ရေးလိုက်ရတာပါ။ အဲဒါက– ရေသည်ယောက်ျားဟာ သိပ်ဆင်းရဲခဲ့တယ်နော်။ ဦးပုညကလည်း ဆင်းရဲပုံကို သရုပ်ဖော်လိုက်တဲ့နေရာမှာ လက်ဖျားခါ လောက်ပါတယ်။ ‘ကောက်လျှင်ကြီးဆန်၊ နီတာလန်နဲ့ ငါးသန်းသေးနုပ်၊ ရေလုံပြုတ်များကို၊ တစ်လုပ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့’ လို့ တောင့်တမိအောင် ဆင်းရဲတယ်။ အဝတ်အစားမှာလည်း ‘ဖွားဖက်တော်မှ မပေါ်ရုံ၊ လုံအောင် အနိုင်ဖုံး’ရတဲ့ဘဝမျိုးထိအောင် ဖြစ်ခဲ့ရတယ်။

ဒါပေမယ့် အဲဒီလို သိပ်ဆင်းရဲခဲ့တဲ့ ဘဝမှာ ရေသည်ယောက်ျားဟာ တစ်စက်ကလေး စာရိတ္တမပျက်ခဲ့ဘူး။ ကိုယ်ကျင့်တရား မဖောက်ပြန်ခဲ့ဘူး။ ‘ဟယ်… သို့သော်လဲ ယောက်ျားကံရှေ့သွား၊ ကံထားရာပဲ့၊ မနုနဲ့ပါဘူး၊ အလှည့်သင့် ချက်ပိုင်

ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင် နိုင်သေးသပ’ဆိုပြီး ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့တယ်၊ ဆင်းရဲခြင်းဒဏ်ကို တောင့်ခံနိုင်ခဲ့တယ်။ မဟုတ်တမ်းတရား လုပ်လိုက်မယ်ဆိုတဲ့စိတ်မျိုး မရှိခဲ့ဘူး။

ဒါပေမယ့် အိမ်ရှေ့မင်း ဖြစ်လာလိုက်တော့ ကျေးဇူးရှင် ဘုရင်မင်းမြတ်ကိုသတ်ပြီး နန်းစည်းစိမ်ကိုယူမယ်လို့ မကြံကောင်းမစည်ရာ ယုတ်မာပက်စက်စွာ ကြံစည်ခဲ့တယ်။ လောဘကလည်း တက်လာလိုက်တာ ဆင်းရဲစဉ်အခါက ပဲဝက်လောက်ကို အနဂ္ဃရတနာလို့ ထင်ခဲ့တယ်။ အိမ်ရှေ့မင်းဖြစ်လာလိုက်တဲ့အခါကျတော့ ဗာရာဏသီပြည်ကြီးကိုတောင်မှ ‘ဗာရာပြင်ငယ်၊ ဇင်ဂလယ်လေးကို၊ နှစ်နယ်ခွဲလို့၊ သိမ်ဖွဲ့သေးနုပ်၊ မင်းနှစ်ယောက်လုပ်ရတယ်၊ စိတ်ရှုပ်စရာ’လို့ အောက်မေ့လာတယ်။

သူ့ရဲ့ ကိုယ်ကျင့်တရားဟာ ဆင်းရဲစဉ်အခါက ခိုင်မာကောင်းမွန်ခဲ့သော်လည်း ချမ်းသာတဲ့အခါမှာ ကြောက်ခမန်းလန့်ခမန်း ပျက်စီးဖို့ ရှေ့ရှုလာတယ်မဟုတ်လား။

ငါ့အတွေ့အကြုံကို ပြန်ပြောရမယ်ဆိုရင်လည်း ချမ်းသာအောင်မြင်တဲ့သူတွေ ကိုယ်ကျင့်ပျက်လာပလားဆိုရင် ကိုယ်ကျင့်တရား ငါးပါးသီလကို မမြင်နိုင်တော့ရုံမက ရှက်ရကောင်းမှန်းမသိအောင်ကို ပျက်သွားတတ်ကြတာကို တွေ့ရတယ်။

ဆင်းရဲတဲ့သူတွေ ကိုယ်ကျင့်ပျက်လို့ ခိုးကြဝှက်ကြလုကြယက်ကြ ဆိုတာမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် စီးပွားကြီးမားထွန်းကားတဲ့သူတွေ ကိုယ်ကျင့်ပျက်လာပလားဆိုရင် အတိုင်းအတာပမာဏ ကြီးကြီးမားမား ရက်စက်ယုတ်မာလာကြတာကို ဖတ်ရ၊ ကြားရ၊ ကြုံရဖူးပါတယ်။ စာရိတ္တ ကြံ့ခိုင်သူကော မရှိဘူးလားဆိုရင် ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေလည်း

အများကြီးပါပဲ။

ဒီတစ်ပတ်မှာ ပဓာနထားပြီး ပြောချင်တာက 'ဆင်းရဲခြင်းဒဏ်'ကို ခံနိုင်ရုံမျှမက 'ချမ်းသာခြင်းဒဏ်'ကိုလည်း ခံနိုင်တဲ့ စာရိတ္တသတ္တိ ထူထောင်သင့်ကြတယ် ဆိုတာပါပဲ။

ရေသည်ယောက်ျား သတိတရားရလို့ ပြောတဲ့စကားမှာ 'လေးကျွန်း ဥက္ကဌ်၊ မင်းမန္ဓတ်သည်၊ နတ်တို့စည်းစိမ်၊ တာဝတိံကို၊ ဒေဝိန်မြတ်လေး၊ တစ်ဝက်ပေးလို့မှ၊ ပေးရာတွင်မရပ်၊ သိကြားနတ်ကို၊ သတ်၍ယူမည်၊ အကုန်မှူးချင်လို့၊ ကြွဖူးသည်' လို့ ပြောခဲ့တယ်။ လူ့လောကအနေနဲ့ဆိုရင် ကျွန်းကြီးလေးကျွန်းကို ပိုင်ပြီးတဲ့နောက် ဘာမှထပ်ပြီး ပိုင်စရာမရှိတော့ဘူး။ ကုန်ပြီ။ ပိုင်စရာကုန်သွားပြီ။ ဒါပေမယ့် မီးဆိုတာမျိုးက လောင်စရာ 'လောင်စာ'မကုန်မချင်း မငြိမ်းဘူး။ လောဘမီးလည်း ဒီအတိုင်းပါပဲ။ သိကြားမင်းက နတ်ပြည်ကို တစ်ဝက်ခွဲပေးလိုက်တော့ ကျန်တဲ့တစ်ဝက်ကို ပိုင်ချင်လာပြန်တယ်။ ဒီတော့ စာရိတ္တ ပျက်သွားပြန်တာပေါ့။

စီးပွားရေးလောကမှာသာ မဟုတ်ပါဘူး။ စာပေ၊ ရုပ်ရှင်၊ ဂီတ စတဲ့ အနုပညာလောက၊ နိုင်ငံရေးလောက၊ ဘယ်လောကမှာမဆို အောင်မြင်သွားလို့ စာရိတ္တကျဆုံးသွားတာတွေကိုငါ့ဘဝသက်တမ်းမှာ သတိပြုမိခဲ့ပါတယ်။ စာထဲမှာလည်း ဖတ်ဖူးပါတယ်။

မင်းတို့လည်း အောင်မြင်အောင်၊ ချမ်းသာအောင် ကြိုးစားကြပါ။ 'အောင်ချမ်းသာဒဏ်'ကို ခံနိုင်အောင်လည်း ပြင်ဆင်ကြပါလို့ ပြောလိုက်ရပါတယ်။

❒

# ဦးနှောက်မြှုပ်ပြီးလုပ်ခြင်း

နွေရာသီကျောင်းပိတ်ရက်အတွင်းမှာ ကျောင်းသားငယ်တွေကို စိတ်လေမသွားအောင် မိဘတွေက ကျူရှင်အတက်ခိုင်းတယ်၊ ကွန်ပျူတာသင်တန်းကို အတက်ခိုင်းတယ်၊ စာရင်းကိုင်သင်တန်းတွေကို အတက်ခိုင်းတယ်။ အမျိုးမျိုးပဲပေါ့။ မိဘများက တတ်နိုင်ရင် တတ်နိုင်သလိုပါပဲ။ ဒီလိုဆိုတော့ ငါလည်းပဲ 'ဝိုင်းကျူရှင်' တစ်ခုမှာ စာသင်ပေးရပြန်ပါတယ်။

အဲဒီမှာ ကြုံလာရတာကလေးတစ်ခုကို ဖော်သည်ချလိုက်ချင်လို့ ဒီစာကို ရေးလိုက်ရတာပါ။ ကိုးတန်းအောင်ဆယ်တန်းတက် ကျောင်းသားလေးတစ်ယောက်၊ နာမည်ကဘိုဘိုပဲ ထားလိုက်ကြပါစို့။ သူက အပတ်စဉ် (သို့မဟုတ်) လစဉ် စာမေးပွဲတွေကို ဘယ်တော့မှ မဖြေဘူး။ ဆရာမတစ်ယောက်ကလည်း အလွန်ကို ကြပ်ကြပ်မတ်မတ် သင်တတ်တဲ့သူ။ ဒီတော့ အဲဒီဆရာမက သူ့ကို ခဏခဏ ဆူတာပေါ့။ ဒီတော့ ဘိုဘိုက ဘာပြန်ပြောသလဲဆိုရင် 'ပညာတတ် ဘွဲ့ရမှမဟုတ်ပါဘူး။ ကျွန်တော့်ဘထွေးဆိုရင် ဘာအင်ဂျင်နီယာဘွဲ့မှ

http://www.cherrythitsar.org



မရပါဘူး၊ ဒါပေမယ့် ကြီးပွားနေတာပါပဲ'လို့ ပြန်ပြောသွားတယ်တဲ့။ အဲဒီဆရာမက ငါ့ကို ပြန်ပြီးပြောပါတယ်။

ဘိုဘိုရဲ့ ဘထွေးဆိုတာကလည်း ငါ့ရဲ့တပည့်ပါပဲ။ သူ့ ဘထွေးက တက္ကသိုလ်ဘွဲ့တွေ ဘာတွေ မရလိုက်ပါဘူး။ ဆယ်တန်းအောင်ပြီးကတည်းက စီးပွားလောကထဲ ဝင်သွားခဲ့သူဖြစ်ပါတယ်။ ကြီးမားအောင်မြင်တယ်ဆိုတာလည်း အမှန်ပါပဲ။ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်တယ်ဆိုတာမှာ တိုက်ကလေး တစ်လုံးစ နှစ်လုံးစဆောက်တာမျိုး မဟုတ်ပါဘူး။ တကယ့် ဧရာမ စီမံကိန်း ဆောက်လုပ်ရေးကြီးတွေကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နေသူဖြစ်လေတော့ ဘယ်လောက်ချမ်းသာမယ်ဆိုတာ မင်းတို့ မှန်းကြည့်နိုင်ပါတယ်။

ဒါပေမယ့် ဘိုဘို မသိတာတစ်ခုက သူ့ဘထွေးဟာ ဆယ်တန်းကျောင်းသားဘဝကတည်းက ဘာကိုပဲလုပ်လုပ် သပ်သပ်ရပ်ရပ် လုပ်လေ့ရှိတယ်၊ ကြိုးစားပမ်းစား စေ့စေ့စပ်စပ် လုပ်လေ့ရှိတယ်၊ ပုစ္ဆာတစ်ခုကို သူ့ကိုယ်တိုင် အမျိုးမျိုး ကြံစည်စိတ်ကူးလို့ မရနိုင်တော့မှ လက်လျှော့ပြီး ဆရာကို မေးလေ့ရှိတယ် ဆိုတာမျိုးကို ဘိုဘို မသိဘူး။ သူသိနေတာက ဘာဘွဲ့မှ မရဘူးဆိုတဲ့ အပေါ်ယံကလေးကိုသာ သိနေတာ၊ ဘွဲ့မရဘဲနဲ့ ဘွဲ့ရ အင်ဂျင်နီယာတွေကို သူ့ရဲ့လုပ်ငန်းထဲမှာ ခန့်ထားလုပ်ကိုင်နေတာလောက်ကိုသာ သိတာ။

သူ့ဘထွေးငယ်ငယ် ကျောင်းနေစဉ်က မိဘက 'ကျောင်းတက်ဟဲ့– တက်ဟဲ့' ဆိုတာကြောင့် ကျောင်းတက်နေတာမျိုးမဟုတ်ဘဲ ကိုယ်လုပ်ရမယ့် လုပ်ငန်းတစ်ခုကို ဝံ့ဝံ့စားစား ရင်ဆိုင်ပြီး သတ္တိရှိရှိ ဝီရိယထုတ်ခဲ့တယ်ဆိုတာကို သူက နား

http://www.cherrythitsar.org



မလည်နိုင်ဘူး။ ဒါကြောင့် အဲဒီအတွေးမျိုးကိုတွေးပြီး အဲဒီဆင်ခြေမျိုးကို ပေးလိုက်တာပေါ့။

နောက်ပြီး ငါ နားလည်လိုက်တာတစ်ခု ရှိပါသေးတယ်။ အတန်းထဲမှာ မိန်းကလေးတွေကလဲ ပါနေသေးတာကိုး။ ဒီတော့ စာမေးပွဲဖြေလိုက်ရင် မိန်းကလေးတွေလောက် အောင်အောင်မြင်မြင်မဖြစ်မှာကိုလည်း ကြောက်နေတယ်။ စာမေးပွဲကျသွားမှာ၊ သို့မဟုတ် အမှတ်နည်းသွားမှာကိုလည်း စိုးရိမ်နေတယ်။ ဒါကြောင့် သူက စာမေးပွဲစစ်မယ့်နေ့ဆိုရင် ကျောင်းမတက်တော့ဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့လေ ဘိုဘိုက အကြောင်းမဟုတ်ပါဘူး။ မင်းတို့ငါတို့ သတိပြုသင့်တာက သူများခိုင်းလို့ (မိဘများက ခိုင်းလို့) ကျောင်းတက် စာသင်နေရတာ ဖြစ်စေဦးတော့ခိုင်းတာရဲ့အဓိပ္ပာယ်က ကိုယ့်အတွက်ဆိုတာကို မမေ့သင့်ပါဘူး။ ဆိုကြပါစို့– ဂျပန်ဖက်ဆစ်တွေဟာ ငါတို့မြန်မာလူမျိုးတွေကို ဂျပန်ခေတ်က ဓွတ်အတင်း ချွေးတပ်ဆွဲပြီး သူတို့ခိုင်းချင်တာခိုင်းတာကို ခံခဲ့ရဖူးတယ်။ စိတ်မပါပေမယ့် လက်နက်ပြပြီး ခိုင်းတာဆိုတော့ လုပ်ခဲ့ကြရတာပါပဲ။ ဒါပေမယ့် စိတ်ကတော့မပါဘူးပေါ့။ မခံချင်ဘူးပေါ့။ ဒါကြောင့် လစ်ရင်လစ်သလို ထွက်ပြေးကြတာပါပဲ။

အခုလို မိဘများက ပညာသင်ခိုင်းတာ၊ ကျောင်းတက်ခိုင်းတာဟာ ဂျပန်ဖက်ဆစ်တို့ခိုင်းတာနဲ့ မတူဘူးဆိုတာ ဘာမှပြောနေဖို့မလိုပါဘူး။ ဂျပန်တွေခိုင်းတာက သူတို့ စစ်အောင်နိုင်ရေး၊ သူတို့အကျိုးအတွက်ခိုင်းတာ၊ မိဘတွေက မင်းတို့ငါတို့ကို ပညာအသင်ခိုင်းတာက သူတို့အကျိုးအတွက် မဟုတ်ဘူး။ ငါတို့အကျိုးအတွက်ခိုင်းတာ။ ဒါကို သဘောပေါက်ကြတာမှန်သော်

http://www.cherrythitsar.org



လည်း နက်နက်နဲနဲ ရင်ထဲစိမ့်ဝင်အောင် နှလုံးမပိုက်ကြလို့ ဒီလိုဖြစ်နေကြရတာ။

ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ်လုပ်သင့်လုပ်ထိုက်လို့ လုပ်နေရပြီဆိုတဲ့နောက်မှာတော့ စိတ်ပါလက်ပါ ထက်ထက်သန်သန် လုပ်တဲ့လူများဟာ အောင်မြင်ကြီးပွားသွားကြတာချည်းပါပဲ။ မင်းတို့ ဒသမတန်းပြဋ္ဌာန်းစာထဲမှာ ‘အားလပ်ချိန်ကလေးများ’ ဆိုတဲ့ ဆရာကြီး ပီ–မိုးနင်းရဲ့ စာတစ်ပုဒ်ပါပါတယ်။ အဲဒီထဲမှာ နပိုလီယန်ဟာ စစ်ကျောင်းတက်နေစဉ် ကျောင်းသားဘဝ အပျော်ခရီးထွက်နေရင်းတောင်မှ ရောက်လေရာရာ ဒေသတွေက တောတောင်ရေမြေ အမှတ်အသားတွေကို စေ့စေ့စပ်စပ် မှတ်သားထားခဲ့လေ့ရှိတယ်။ ဒါကြောင့် နောင်အခါ စစ်တိုက်ကြတော့ မြေပြင်အနေအထား ပိုင်ပိုင်နိုင်နိုင်သိလို့ တိုက်ပွဲတွေမှာ အောင်နိုင်ခဲ့ရတယ်ဆိုတာ ပါပါတယ်။ ဘာပဲလုပ်လုပ် ကိုယ်လုပ်ရတော့မယ်ဆိုရင် ထိထိမိမိ ဝံ့ဝံ့စားစားလုပ်တတ်တဲ့ အကျင့်ကို ထူထောင်ကြဖို့ကောင်းပါတယ်။

အမေရိကန်သမ္မတကြီး လင်ကွန်းဟာ ယာကူလီ သစ်ခုတ်သမားဘဝက တက်လာခဲ့ရသူဖြစ်ကြောင်း အများသိကြပါတယ်။ မင်းတို့လည်း သိကြပါတယ်။ သူ ဆီးနိတ်အမတ်ကြီး ဖြစ်လာတဲ့အခါမှာ သူနဲ့အတိုက်အခံဖြစ်တဲ့ အမတ်တစ်ယောက်က သူ့ကို နှိမ့်ချချင်လို့ လွှတ်တော်ထဲမှာ ‘မစ္စတာလင်ကွန်း– ခင်ဗျားကို ကျုပ် ကောင်းကောင်းသိပါတယ်၊ ကျုပ်တို့ ခြံဝင်းရဲ့ သစ်လုံးတိုင်တွေကို ခင်ဗျား စိုက်ပေးခဲ့တာပဲ’လို့ ပြောလိုက်တော့ လင်ကွန်းက ‘ဟုတ်ပါတယ်– အဲဒီဝင်းတိုင်တွေဟာ ခုထက်ထိ ခိုင်ခိုင်မတ်မတ်ကြီး ရှိနေသေးတယ် မဟုတ်လား’လို့

ပြန်ပြောလိုက်တယ်။

မိဘခိုင်းလို့ ကျောင်းတက်နေရတာမျိုးမဟုတ်ဘဲ ပညာကို ခုံခုံမင်မင်ရှာချင်တဲ့ ကျောင်းသားတွေ၊ ကိုယ်လုပ်နေတဲ့ လုပ်ငန်း ဘာလုပ်ငန်းကိုမဆို ဦးနှောက်မြှုပ်ပြီး လုပ်တဲ့သူတွေဟာ နောက်ဆုံးမှာ အောင်မြင်သွားကြတာပါပဲ။ ဒီအကြောင်းကို ဆက်ချင်ပါသေးတယ်။

❒

# အကောင်းဆုံး

လွန်ခဲ့တဲ့ သုံးရက်လောက်က မဂ္ဂဇင်းတစ်စောင်ရဲ့ စာတည်းနှစ်ယောက် စာမူတောင်းဖို့ ငါ့ဆီကို ရောက်လာကြပါတယ်။ ငါရေးတဲ့ 'အတွေးစကား' စာအုပ် ချုပ်လုပ်ပုံ အဆင်အပြင် အလွန်ကောင်းတဲ့အကြောင်း၊ စာအုပ်ကို မြင်လိုက်တာနဲ့ ကောက်ကိုင်ကြည့်ချင်အောင် သပ်သပ်ရပ်ရပ် လှလှပပရှိတဲ့ အကြောင်းကို စကားစပ်မိသတားကြပါတယ်။ တစ်ယောက်က ဘာပြောသလဲဆိုတော့–

"စာအုပ်ချုပ်တာက ကိုမြင့်ပဲ ဆရာရယ်၊ ဘာပြောနေစရာ ရှိတော့သလဲ။ ဒီလူက စျေးမှာတော့လည်း သူများထက် နည်းနည်းပိုကြီးတယ်၊ ချုပ်လိုက်ပြီဆိုရင်လည်း ပြောစရာမရှိအောင်ကို သပ်ရပ်တယ်။ အထူးသဖြင့် အဖုံးတွေဘာတွေမှာ စာအုပ်အနှောင့်က စာအုပ်နာမည်တို့၊ စာတန်းတို့ ထိုးလိုက်တဲ့ စာအုပ်မျိုးမှာဆိုရင် သူ့လက်ရာက ပိုပြီးသိသာတယ်၊ ကွက်တိကို ကျနေအောင် လုပ်ပေးထားတာ"

အဲဒါနဲ့ ငါက–

# ၆၂ ○ အောင်သင်း

“နေပါဦး၊ အဲဒီကိုမြင့်ဆိုတာ စာအုပ်တွေမှာလည်း သူ့နာမည်ကိုတွေ့ဖူးပါတယ်၊ နောက်ပြီး ခုတလောမှာ သူ့နာမည်ကို ခဏခဏ ပြောသံကြားနေလို့ မေးလိုက်ရတာပါ။ လူတော့ မတွေ့ဖူးပါဘူး။ သူ့လက်ရာက တော်တော်ကောင်းသလား”

“သာမန်လူတွေကတော့ သိပ်ပြီး သတိထားမိချင်မှ ထားမိမယ်။ ကျွန်တော်တို့ စာအုပ်သမားတွေကတော့ စာအုပ်ကို ကိုင်ကြည့်လိုက်ရင် လက်ရာကို ချက်ချင်းသိတာပေါ့ဆရာ။ သူက သူ့အလုပ်ကို သိပ် စိတ်ဝင်စားတယ်၊ သိပ်လည်း ကြိုးစားတယ်။ တစ်ခါမှာ ကျွန်တော်နဲ့သူနဲ့ ၃၂ လမ်းထဲမှာတွေ့ကြလို့ ဘာလုပ်နေတာလဲ မေးလိုက်တော့ စာအုပ်ဖုံးဖို့ ကတ်ထူပြားရှာနေတာလို့ ပြောတယ်။ ကတ်ပြားတွေ တစ်ပုံကြီးရှိနေတာ ဒီလောက်တောင် အပင်ပန်းခံနေရသလားလို့ ပြောလိုက်မိသေးတယ်။ သူလုပ်နေပုံက ကတ်ပြားကို လက်နဲ့ရွရွလေး ပွတ်ကြည့်လိုက်၊ ဂရိန်ကိုချိန်ကြည့်လိုက်၊ အထူအပါးကို ခါကြည့်လိုက် လုပ်နေတာကိုး ဆရာရဲ့။ တစ်ခါတလေ ၃၁ လမ်း၊ ၃၂ လမ်းထဲမှာ ကတ်ပြားရှာရင်း တစ်နေကုန်ချင်ကုန်သွားတာ၊ အဲဒီလောက်ကို လုပ်တာဆရာ။ တစ်ခါက ကျွန်တော့်ရှေ့မှာတင် လူတစ်ယောက် စာအုပ်ချုပ်ဖို့လာပြီးအပ်တာမှာ ပိုက်ဆံပိုပေးမယ့်အကြောင်း၊ မြန်မြန်လုပ်ပေးပါဆိုတဲ့အကြောင်းကို ပြောတော့ သူက ခပ်ပြုံးပြုံးလေးနဲ့ပဲ ‘ကျွန်တော် လက်မခံနိုင်တော့ပါဘူး’ လို့ ပြောလွှတ်လိုက်တာ။ အဲဒီလိုလူမျိုးပဲ ဆရာရေ”

အဲဒီမှာတင် နောက်တစ်ယောက်က ဆက်ပြီး ဝင်ပြော

http://www.cherrythitsar.org



ပြန်ပါတယ်။

"ကျွန်တော်တို့ စာအုပ်လောက၊ ပုံနှိပ်လောကမှာ နောက်တစ်ယောက် ရှိသေးတယ်ဆရာ။ ဆရာလဲ 'သိန်းမြင့်ဝင်း အော့ဖ်ဆက်'ဆိုတဲ့ နာမည်ကို ကြားဖူးမှာပါ"

"ကြားဖူးပါတယ်၊ လူတော့ မသိပါဘူး"

"အဲဒီလူကလည်း ကိုမြင့်လိုလူမျိုးပဲ ဆရာ။ တစ်ခါက အင်္ဂလိပ်စကားပြော စာအုပ်ကလေးတစ်အုပ် ကျွန်တော်က အဖုံးကို သူ့ဆီမှာသွားပြီးအပ်ပါတယ်။ အဖုံးက ၄ ရောင်။ ချိန်းတဲ့နေ့ ရောက်သွားတော့ အဖုံးက အတော်လေး ကောင်းပါတယ်၊ မဆိုးပါဘူး။ အဲဒါကို သူက အားမရဘူး၊ မကြိုက်သေးဘူး။ အနက်ရောင် ခပ်ပါးပါးလေးတစ်ချက် ထပ်ပြီး ဝင်ပါရစေဦးလို့ ပြောတယ်။ ကျွန်တော်က အတော်လေးကောင်းနေပါပြီ၊ ကျေနပ်ပါပြီလို့ပြောတော့ သူက ခင်ဗျားကျေနပ်ပေမယ့် ကျွန်တော် မကျေနပ်သေးဘူးလို့ ပြောတယ်။ ထပ်ပြီး ချိန်းလို့ နောက်တစ်နေ့ထပ်သွားတော့ အတော်လေးလည်း ပိုပြီးကောင်းလာပါတယ်။ ကျွန်တော်လည်း အဖုံးတွေကို ယူတော့မယ် လုပ်တော့ သူက အဖုံးတွေ တစ်ထပ်ကြီးကို ပြတ်စက်အောက်မှာ ထိုးထဲ့ပြီး ဒိုင်းဆို ဖြတ်ချလိုက်တော့ "ဟ–ကိုမြင့် ဘာလုပ်လိုက်တာလဲ'ဆိုတော့ 'ကျွန်တော် လုံးဝမကြိုက်ဘူး၊ ဒါကြောင့် ဖြတ်ပစ်တာ။ နောက်သုံးရက်ရှိရင်လာပါ၊ ရပါစေမယ်'တဲ့။ ကျွန်တော်လည်း စာအုပ်ကိုထွက်စေချင်လှပြီဆိုတော့ အတော်လေး စိတ်တိုသွားတယ်။ ဘာမှတော့ မပြောခဲ့ပါဘူး။ နောက်သုံးရက်အကြာ သူချိန်းရဲ့ရက် သူ့ဆီကိုသွားတော့ ဒီတစ်ခါ မရရင်တော့ အတွေ့ပဲလို့ စိတ်တဲက မောင်းတင်သွားတာပေါ့။

ရောက်သွားတော့ အဖုံးတွေ အသင့်ထုပ်ပြီး စည်းပြီးလုပ်ထား တာကို တွေ့ရတယ်။ ကောင်းလိုက်တဲ့အဖုံးကလည်း အရောင် တွေက အရင်အရောင်အသွေးတွေနဲ့ ဘာမှကို မဆိုင်တော့ဘူး ဆရာရေ”

အဲဒီ ‘ကိုမြင့်’တို့၊ ‘သိန်းမြင့်ဝင်း’တို့ ဆိုတာတွေကို တစ်ခါမှ ငါမမြင်ဖူး မသိဖူးပါဘူး။ စာအုပ်တွေမှာတွေ့ရတတ် လို့ သူတို့နာမည်တွေကိုတော့ ကြားဖူးနေတာပေါ့။ သူတို့ အကြောင်းတွေကို ကြားလိုက်ရတော့ ငါ ခပ်ငယ်ငယ်ကဖတ်ခဲ့ ရတာလေးတစ်ခုကို သွားပြီးသတိရလိုက်မိပါတယ်။ ရဲတင်း (ပုဆိန်)လုပ်တဲ့ ပန်းပဲဆရာတစ်ယောက်ဆီကို လူတစ်ယောက်က သွားမေးတယ်။ ရဲတင်းတစ်လက်ကို ဘယ်လောက်ယူသလဲပေါ့။ တစ်ဒေါ်လာယူတယ်ဆိုတော့ ဟိုလူက နှစ်ဒေါ်လာပေးပါမယ်၊ အကောင်းဆုံးရဲတင်းတစ်လက်ကို လုပ်ပေးပါဆိုတော့ ပန်းပဲ ဆရာက နှစ်ဒေါ်လာပေးချင်လည်း ပေးခဲ့ပါ၊ ဟောဟို ရဲတင်းတွေ ထဲက ကြိုက်တာကိုယူသွားပါလို့ ပြောတယ်။ ဒီတော့ ဝယ်သူက အကောင်းဆုံးကို လိုချင်တာပါလို့ ပြောတယ်။ ပန်းပဲဆရာက ‘ကျုပ်လုပ်သမျှ ရဲတင်းတွေဟာ အကောင်းဆုံးချည်းပါပဲ။ ဘယ် အခါမဆို ကျုပ်ဟာ ကျုပ်တတ်စွမ်းသမျှ အကောင်းဆုံးကိုပဲ လုပ်ပါတယ်’လို့ ပြန်ပြောလိုက်တယ်။

ကဲ... မင်းတို့ ဘာပဲလုပ်လုပ်၊ ကျောင်းသားဘဝပဲ ဖြစ်ဖြစ် အကောင်းဆုံးလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မွေးကြဖို့ သင့်တယ်လို့ ပြောလိုက်ချင်ပါတယ်။

❒

# အလိမ္မာ အိမ်ရှင်မ

ဒီတစ်ပတ်တော့ဖြင့် ပုံပြင်ကလေးတစ်ခုကို ပြန်ပြောချင်ပါတယ်။ ဒီပုံပြင်လေးကို မင်းတို့ကတော့ ကြားဖူး၊ ဖတ်ဖူးကြတော့မယ် မထင်ဘူး။ ငါတို့နဲ့ သက်တူရွယ်တူတွေကတော့ ကောင်းကောင်းမှတ်မိနေကြဦးမှာပါ။ တို့များငယ်ငယ်က 'ရွှေတာခြင်း' ဆိုတဲ့ စာအုပ်ကလေးတစ်အုပ်ကို ကျောင်းသုံး ပြဋ္ဌာန်းခဲ့ဖူးလေတော့ ငါတို့ရေးတတ် ဖတ်တတ် ဖြစ်တဲ့အချိန်မှာ 'ရွှေတာခြင်း' စာအုပ်ကလေးဟာ ဟိုနားတွေ့၊ ဒီနားတွေ့မို့ ဖတ်ခဲ့မိပါတယ်။ ခုထက်ထိ ငါ မှတ်မိနေတဲ့ ပုံပြင်ကလေးက–

တစ်ခါက ရှင်ဘုရင်တစ်ပါးနဲ့ သူ့ရဲ့မိဖုရားတို့နှစ်ဦး စံမြန်းနေစဉ်မှာ နန်းတော်ရှေ့ဆီမှာ ပင်ပန်းကြီးစွာ ထင်းထမ်းပြီး လည်ရောင်းနေတဲ့ အဘိုးအိုတစ်ယောက်ကို မြင်လိုက်တယ်။ ရှင်ဘုရင်က အရွယ်နဲ့မမျှအောင် ပင်ပန်းနေရှာတဲ့ အဘိုးအိုကို ကြင်နာစိတ်ရှိတာနဲ့ ရှေ့တော်ကိုသွင်းစေတယ်။ သူ့အသက်ကို မေးကြည့်လိုက်တော့ ရှင်ဘုရင်နဲ့ အသက်တူဖြစ်နေတာကို တွေ့ရတယ်။ ပင်ပန်းလွန်းလို့သာ အိုစာနေရှာတာကိုး။ ဒါနဲ့ အံ့အားသင့်ပြီး ဆက်မေးလိုက်တော့ မွေးနေ့၊ မွေးလ၊ မွေးခုအားလုံးဟာ

ရှင်ဘုရင်မင်းမြတ်နဲ့ ထပ်တူဖြစ်နေတယ်။

မွေးနေ့၊ မွေးလ၊ မွေးခု အားလုံးထပ်တူဖြစ်နေပါလျက် တစ်ဦးကတော့ ရှင်ဘုရင်ဖြစ်ပြီး၊ တစ်ဦးက ထင်းထမ်းယောကျ်ား ဆင်းရဲသားဖြစ်နေရတာ အံ့သြစရာပေပဲ၊ ဘာကြောင့် ဒီလိုဖြစ်ရ သလဲလို့ မြည်တမ်းမေးမြန်းလိုက်တော့ မိဖုရားက အသက်က ငယ်ငယ်ဆိုတော့ အမှတ်မထင် 'ဇနီးသည် အိမ်ရှင်မိန်းမအလိမ္မာ မရှိလို့ ဖြစ်တန်ရာပါတယ်'လို့ လျှောက်ထားလိုက်မိတယ်။

အဲဒီမှာ ရှင်ဘုရင်ကအမျက်ထွက်သွားတယ်၊ ယောကျ်ား တစ်ယောက်ရဲ့ဘဝကို ဇနီးက ဒီမျှထိအောင် ဖန်တီးနိုင်တယ်လို့ ဆိုရမလားပေါ့။ သူကိုယ်တိုင် ထီးနန်းစည်းစိမ် တည်မြဲစွာ ခံစားနိုင်တာပင်လျှင် မိဖုရားအလိမ္မာရှိလို့ဆိုတဲ့ သဘောကို ရောက်နေတယ် မဟုတ်လား။ ဒါနဲ့ ကဲ– ဒီလောက်တောင်ရှိတဲ့ မိန်းမ ဒီထင်းထမ်းယောကျ်ား အဘိုးကြီးကို နင်ကိုယ်တိုင် ဇနီးကောင်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ကြီးပွားအောင် လုပ်ပေးပေတော့ဆိုပြီး ထင်းထမ်းအဘိုးကြီးနောက်က မယား အဖြစ် လိုက်ပါစေလို့ တစ်ချက်လွှတ်အမိန့်ချလိုက်တယ်။

ဘယ်မှာတတ်နိုင်ပါ့မလဲ။ 'ဘုရင့်စကား မိုးကြိုးသွား' မဟုတ်လား။ ရတ်တရက် မျက်လှည့်ပြလိုက်သလို မိဖုရားဘဝ ကနေပြီး ထင်းထမ်းအဘိုးကြီးဇနီးအဖြစ် နန်းတော်ပေါ်က ဆင်းပြီး လိုက်သွားရရှာတယ်။

အဘိုးကြီးကလည်း သူ့အတွက် ဒီလိုဖြစ်ရလေခြင်းဆိုပြီး မိဖုရားငယ်လေးကို သမီးလေးတစ်ယောက်လို သနားကြင်နာစွာ နဲ့ အားပေးဖြေသိမ့်ပြီး ခေါ်သွားတယ်။ သူတို့နေတဲ့အိမ်ကိုရောက် တော့ အဘွားကြီးကလည်း သူတို့မှာ သားသမီးမရှိတာမို့ သနား

ခြင်းတစ်ဝက်၊ ဝမ်းသာခြင်းတစ်ဝက်နဲ့ အားပေးချစ်ခင်ရှာတယ်။

မိဖုရားကြီးလည်း ဖြစ်လာတဲ့ဘဝကို မျက်ရည်ဆည်ပြီး ရင်ဆိုင်ရတော့တာပေါ့။ အဲဒီမှာ သူတို့ နေပုံထိုင်ပုံကို သတိထားပြီးကြည့်လိုက်တော့ ခြံလေးမြေလေးရှိပါလျက်နဲ့ ဟင်းသီးဟင်းရွက်မစိုက်ဘဲ ဝယ်စားနေတာကအစ သတိပြုမိတယ်။ ဒါနဲ့ အဘိုးကြီးရဲ့အကူအညီကိုယူပြီး စားသီးစားပင်တွေကို စိုက်တယ်။ နီးနားဝန်းကျင်က ကလေးတွေကိုခေါ်ပြီး စာသင်ပေးတယ်။ ဒီတော့ ကလေးတွေက သစ်ပင်တွေကို ရေလောင်းပေးတယ်။ ကိုယ့်အိမ်မှာ စားသောက်လို့ပိုတဲ့ ဟင်းသီးဟင်းရွက်တွေကို သေချာပြင်ဆင်ပြီး အဘွားကြီးကို ဈေးမှာသွားပြီး ရောင်းစေတယ်။ အသီးအနှံ စိုက်ပျိုးရောင်းချတဲ့ဝင်ငွေနဲ့ပဲ အိမ်စရိတ်လုံလောက်လာတော့ အဘိုးကြီး ထင်းရောင်းရငွေကို သီးသန့်စုထားပေးလိုက်တယ်။

ငွေအတော်လေးစုမိလာတော့ လှည်းနွားကိုဝယ်ပြီး ထင်း ကို လှည်းနဲ့တိုက်ပြီး ရောင်းစေတယ်။ လှည်းနဲ့ရောင်းတာဆိုတော့ လူလည်း ပိုပြီးသက်သာလာတယ်။ ဝင်ငွေကလည်း ပိုပြီးတိုးလာတယ်။ အဘိုးကြီးနဲ့ အဘွားကြီးခမျာမှာလည်း ဒီမိဖုရားသမီးလေးကြောင့် သူတို့ သက်ကြီးရွယ်အိုဘဝမှာ ဒီလိုသက်သောင့်သက်သာ ရှိလာရတယ်ဆိုပြီး မိဖုရားခိုင်းသမျှအကုန်ဘာမဆိုလုပ်ကြတာပေါ့။

ဒါနဲ့ထင်းတိုက်ပြီးရောင်းတာနဲ့စာရင် မီးသွေးဖုတ်ရောင်းတာဟာ ပိုပြီးတွက်ခြေကိုက်မယ်ဆိုပြီး မီးသွေးဖုတ် အရောင်းခိုင်းပြန်တယ်။ ဝင်ငွေက အဆမတန် ကောင်းလာတာပေါ့။

အဲဒီလိုနဲ့ပဲ တစ်နေ့မှာတော့ အဘိုးကြီးက တောင်စောင်း

တစ်ခုမှာ ကျင်းကြီးတစ်ခုတူး၊ ရှားသားတွေထည့်ပြီး မီးသွေးဖုတ်လိုက်တယ်။ နောက်တစ်နေ့ရောက်လို့ မီးသွေးတွေကို သွားပြီးဖော်တဲ့အခါမှာ ပြောင်ပြောင်လက်လက် အတုံးကလေးတွေကိုတွေ့လို့ သမီးလေးအတွက်ဆိုပြီး ယူလာတယ်။ မိဖုရားကတွေ့လို့ကြည့်လိုက်တော့ ရွှေတွေပဲဆိုတာကို သိလိုက်ပြီပေါ့။

အဲဒီမှာတင် အဲဒီတောင်ကြောကို အထပ်ထပ်ကျင်းတူးမီးတိုက်ပြီး မီးသွေးဖုတ်စေတယ်။ ရတဲ့ရွှေတွေကို သေချာစုပြီးထားတယ်။ နောက်ဆုံး ရွှေတွေလှည်းတစ်စီးတိုက်စာလောက်ရတဲ့အခါကျတော့ အဘိုးကြီးကို ရှင်ဘုရင့်ဆီ လက်ဆောင်ပဏ္ဏာတော်အဖြစ် သွားပြီးဆက်သစေတယ်။ ရှင်ဘုရင်က အဘိုးကြီးကို မှတ်မိလေတော့ ဘယ်ပုံဘယ်နည်း ဤမျှစည်းစိမ်ချမ်းသာကြွယ်ဝလာရသလဲ ဆိုတာကိုမေးတော့ အဘိုးကြီးက အားပါးတရ သံတော်ဦးတင်တာပေါ့။ အလိမ္မာ အိမ်ရှင်မသမီးလေးကြောင့် သူတို့ဘဝကြီး ပြောင်းလဲလာကြောင်း သာသာထိုးထိုးလျှောက်ထားမှာပေါ့။

အဲဒီမှာတင် ရှင်ဘုရင်လည်း သူ့မိဖုရားရဲ့ အရည်အသွေးကို နှစ်သက်မိတာကြောင့် ရှေးကအတိုင်း မိဖုရားကြီးအရာမှာပြန်လည်မြှောက်စားတော်မူပြန်တယ်။

ကဲ… ပုံပြင်ကတော့ အဲဒါပါပဲ။ ဒီပုံပြင်ထဲမှာ သတိပြုသင့်တဲ့ အချက်အလက်တွေ ပါနေလို့သာ တင်ပြနေခြင်းဖြစ်ကြောင်း မင်းတို့ သိပါတယ်။ မင်းတို့ကိုယ်တိုင်လည်း စဉ်းစားဆင်ခြင်ကြည့်ပေါ့။ ဒီပုံပြင်အကြောင်းကို နောက်တစ်ပတ်မှာဆက်လက်တင်ပြပါရစေဦး။

❐

# အတွေးသစ် အမြင်သစ်

အရင်တစ်ပတ်ကပြောခဲ့တဲ့ ပုံပြင်ကလေးကို ပြန်ပြီးသတိရကြဦးမှာပါ။ မိဖုရားဘဝကနေပြီး ချက်ချင်း ဆင်းရဲသားဘဝကို ရောက်သွားတဲ့ မိဖုရားကြီးအကြောင်းပါ။

ကလေးဘဝ ပုံပြင်ဖတ်ခဲ့စဉ်ကတော့ ချစ်စရာ စိတ်ဝင်စားစရာကောင်းတဲ့ ပုံပြင်လေးတစ်ခုအဖြစ် နှစ်သက်ခဲ့ခြင်း ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ အသက်အရွယ်ကရလာတဲ့ပြင်အတွေ့အကြုံတွေကလည်း အတန်အသင့်များလာခဲ့ပြီ။ ဒီတော့မှ အဲဒီပုံပြင်ကလေးကို သတိရလို့ လှမ်းပြီးကြည့်လိုက်တိုင်း 'အလှမျက်နှာစာ'ကလေးတွေကို မကြာခဏ အသစ် အသစ် ထပ်ထပ်ပြီး တွေ့လာမိပါတယ်။ အဲဒါလေးတွေကို ပြောပြချင်လို့ ဒီစာကို ရေးနေမိတာပါ။

မိဖုရားကြီးက လွှတ်ခနဲပြောလိုက်မိတဲ့ စကားဟာ မှန်သင့်သလောက် မှန်နေပါသော်လည်း ဖိုသတ္တဝါတို့ရဲ့ အလကားနေရင်းတက်နေတတ်တဲ့ 'ယောက်ျားမာန်'ကို သွားပြီး

# ၇၀ ○ အောင်သင်း

ထိပါးလိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့် ရှင်ဘုရင်က ကဲ– နင်ကိုယ်တိုင် စမ်းကြည့်ဆိုပြီး နန်းတော်ထဲက မောင်း ထုတ်လိုက်တာပေါ့။

နောက်တစ်ချက် သတိထားမိလိုက်တာက မိဖုရားဟာ ရုတ်တရက် ငရဲပြည်တွန်းချလိုက်သလို ဖြစ်သွားတယ် မဟုတ် လား။ အတော်အတန် မိန်းမဆိုရင် ကိုယ်ကျိုးကြီးနည်းပါပြီဆို တာမျိုးဖြစ်ပြီး ယိုင်လဲသွားမှာပေါ့။ သို့သော်လည်း ဒီမိဖုရားကြီး ကတော့ ဖြစ်လာတဲ့အခြေအနေကို (ရှောင်လို့မရနိုင်တဲ့အဆုံးမှာ) သွေးအေးအေးနဲ့ တည်တည်ငြိမ်ငြိမ် လက်ခံနိုင်အောင် ကြိုးစား တယ်။ ကြေကွဲပြီး ဝေဝါးအုံ့မှိုင်းသွားတဲ့စိတ်ကို ပြန်လည်စုစည်း ပြီး ပကတိအခြေအနေကို သေချာဆင်ခြင်နိုင်အောင် ကြိုးစား တယ်။ အဲဒီအခြေအနေကနေပြီး ပြန်လည်ရှင်သန်ပေါက်မြောက် ဖို့ ဘယ်လိုလုပ်မလဲဆိုတာကို လက်တွေ့ကျကျ ဆင်ခြင်တယ်။

အခုလိုပြောလိုက်တော့ ဒီကိစ္စဟာ လွယ်လွယ်လေးလို့ ထင်လိုက်ကြစရာ အကြောင်းရှိတယ်။ တကယ်ဆိုတော့ လောက မှာ ကြုံကြရသမျှထဲမှာ အတော်ကြီးကိုခက်တဲ့ ပြဿနာမျိုး ဖြစ်ပါတယ်။ ကိုယ်ညံ့ရင် ညံ့မှန်းသိဖို့ လိုတယ်မဟုတ်လား အဲဒီလိုမဟုတ်ဘဲ ကိုယ်ညံ့လို့ အရေးနိမ့်ကြရတဲ့အခါမျိုးမှာကိုယ့် ညံ့ကွက်ကိုမကြည့်ဘဲ ဟိုသင်းကြောင့်ဒီသင်းကြောင့်နဲ့ အကြောင်း ပြ ဆင်ခြေပေးပြီး စဉ်းစားတတ်သူတွေကသာ ပေါများတတ် တယ်။ ကျလာတဲ့အခြေအနေကိုသုံးသပ်ပြီး အကောင်းကြိုးပမ်း အားယူတတ်ဖို့ သိပ်လိုအပ်ပါတယ်။ ပုံပြင်ထဲမှာ အတိ အလင်းမပါသော်လည်း မိဖုရားရဲ့စိတ်ထဲမှာ သူ့အစွမ်းအစနဲ့ ရန်းကန်ထပြလိုတဲ့ မာန်လည်း ရှိနေမှာအမှန်ပေါ့။

အဲဒီနောက် မိမိရောက်နေတဲ့ ပတ်ဝန်းကျင်ကို သေချာ ကြည့်တယ်။ ပျော့ကွက် ဟာကွက်တွေကို ရှာကြည့်တယ်။ ဟင်းသီးဟင်းရွက်တွေကို ကိုယ့်ခြံထဲမှာစိုက်ရင် ဖြစ်နိုင်ပါလျက်နဲ့ သူများဆီက ဝယ်စားနေရတဲ့အဖြစ်မျိုးကို သွားပြီးတွေ့တယ်။ ဒါကို ချက်ချင်း ပြင်ဆင်တည့်မတ်ပေးလိုက်တယ်။

ကောင်းပြီ၊ ဒီသစ်ပင်တွေကို သူကိုယ်တိုင် ရေလောင်း ပေါင်းသင်လုပ်နိုင်သလား။ မလုပ်နိုင်ဘူး။ အဘိုးကြီးအဘွားကြီးကို ခိုင်းမလား၊ သူတို့မှာလည်း သူတို့အလုပ်နဲ့သူတို့။ ဒီတော့ ဘာလုပ်သလဲ။ ကလေးတွေကိုခေါ်ပြီး စာသင်ပေးတယ်။ သူက ကလေးတို့ရဲ့ဆရာမကြီး ဖြစ်သွားပြီ။ ကလေးမိဘတွေကပါ သူ့ကို ချစ်ခင်ကြည်ညိုလာကြပြီ။ သူ့ကိုယ်သူ ပတ်ဝန်းကျင်မှာ 'အသုံးဝင်'အောင် လုပ်ပစ်လိုက်တယ်။ 'တစ်ခုမပေးရင် တစ်ခု မရတဲ့ လူ့ဘဝ'ဆိုတာကို သိတဲ့အတိုင်း ကလေးတွေကိုပေးလိုက် တယ်။ ဒီတော့ ကလေးတွေကလည်း သူ့အပေါ် ကြည်ညိုစွာ ပြန်ပြီးပေးလာတာပေါ့။ အပေးအယူသဘောပါပဲ။ ကိုယ်ကချည်း ယူချင်နေလို့ ဖြစ်တာမှမဟုတ်ဘဲ။

အဲဒီနောက်မှာတော့ အဘိုးအဘွား တိုးတက်ရေးလမ်းစ ကို သေချာဆုပ်ကိုင်မိပြီ။ ထင်းထမ်းရောင်းတာကနေပြီး လှည်းနွား ပြည့်စုံလာတယ်။ ထင်းရောင်းတာနဲ့ မီးသွေးဖုတ် ရောင်းတာကို နှိုင်းယှဉ်ကြည့်မိတယ်။ ဒါတွေကတော့ ဘဝတိုး တက်အောင် ကြံဆလုပ်ကိုင်ခြင်းတွေပါပဲ။

ဟော… နောက်ဆုံးမှာ ရွှေမှုန်ရှိတဲ့တောင်ကြောကို မီးတိုက်မိတာကြောင့် ရွှေတုံးရွှေခဲတွေကို တွေ့လာလိုက်ရတာ ကတော့ သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်တော့ဘူး။ အရပ်စကားနဲ့

## ၇၂ ○ အောင်သင်း

ပြောရမယ်ဆိုရင် တိုက်ဆိုင်မှု ကံအကြောင်းတရားပဲလို့ ဆိုရမှာပေါ့။ အထက်နတ်များက မနေနိုင်လို့ မ,စလိုက်တဲ့ သဘောမျိုးရောက်သွားတာပေါ့။

ခပ်ငယ်ငယ်ကတော့ အဲဒီဇာတ်ကွက်ကလေးကို ဒဏ္ဍာရီတို့သဘောအရ ဇာတ်ပေါင်းလှအောင်လို့ ထိုးထည့်ပေးလိုက်တဲ့အကွက်ကလေးပေပဲလို့ အောက်မေ့ခဲ့မိဖူးပါတယ်။ နောက်ပိုင်းခေတ်ကာလအခြေအနေ အပြောင်းအလဲတွေကို ကြုံရတာတွေ၊ လူတွေရဲ့အခြေအနေ အပြောင်းအလဲများစွာကို ကြုံရတာတွေကို ပြန်ပြီးထည့်သွင်း သုံးသပ်ကြည့်လိုက်တော့ လူတိုင်းရဲ့ဘဝမှာ အခွင့်ကောင်း အပြောင်းအလဲဆိုတာမျိုးကို ကြုံကြစမြဲပါလားလို့ ထပ်ပြီး သတိထားမိတယ်။

လူတစ်ယောက်နဲ့တစ်ယောက် ဘယ်နေရာမှာ ကွာသွားသလဲဆိုတော့ မိမိအရည်အသွေးကို တိုးသည်ထက်တိုးနေအောင် သတိဝီရိယရှိရှိနဲ့ နေ့နေ့ညည အားထုတ်နေတဲ့သူတွေဟာ အခွင့်အရေးကောင်းကောင်း ပေါ်လာတာနဲ့တစ်ပြိုင်နက် အဲဒီ အခွင့်အရေးကို ခံယူထိုက်တဲ့သူ၊ အရည်အချင်းပြည့်ဝနေသူ၊ အသင့်ဖြစ်နေသူအဖြစ် ရောက်ရှိနေတယ်။ အဲဒီလို မိမိကိုယ်မိမိ အသင့်ပြင်ဆင်မထားတဲ့သူတွေဟာ အခွင့်အရေးကောင်းကောင်းကို ကြုံလိုက်ပါသော်လည်း အခွင့်အရေးနဲ့ မထိုက်တန်တဲ့သူဖြစ်နေတာကြောင့် ကြည့်နေရင်း မျက်စိအောက်မှာတင် လက်လွတ်သွားကြတာပဲ။

မင်းတို့ပတ်ဝန်းကျင်ကို မျက်စိဖွင့်ပြီး သေချာကြည့်လိုက်စမ်းပါ။ ရှည်ရှည်ဝေးဝေး သမိုင်းကြောင်းကြီးတွေကို မပြောချင်ပါဘူး။ 'ဈေးကွက်စီးပွားရေး' ဖွင့်လိုက်တဲ့အချိန်မှာ အခွင့်အလမ်း

ကောင်းကို ဖမ်းနိုင်တဲ့သူတွေကို ကြည့်ပါ။ အချောင်ပွသွားတာလို့ မထင်လိုက်လေနဲ့။ သူတို့ကိုယ်သူတို့ အသင့်ဖြစ်အောင်၊ လိုအပ်တဲ့ အရည်အသွေးတွေရှိနေအောင် နေ့နေ့ညည ပြင်ဆင်ထားခဲ့တဲ့ သူတွေ ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

ဒီတော့ မောင်ရင်ရေ**...** အသင့်ဖြစ်အောင် လုပ်ထားပါ။ ကံကြမ္မာက မျက်နှာမလိုက်ပါဘူး။ မင်းအတွက်လည်း ရောက်လာပါလိမ့်မယ်။

❐

# ကလေးတို့၏ အားစမ်းမှု

'ဘိုးဘိုး… ဒီမှာကြည့်… ဒီမှာကြည့်'

ငါ့မြေးအငယ်ဆုံးကောင်လေးပါ။ ၃ နှစ်နီးပါးရှိပြီ။ သူ့ကို 'ဂုခုန်း'လို့ ခေါ်ကြတယ်။ ကမြင်းကြောထလွန်းလို့၊ တစ်စက်ကလေးမှ အငြိမ်မနေလို့ မျောက်မင်းသား 'ဂုခုန်း'လို့ ခေါ်ကြတာကို မှန်းလို့ရလောက်ပါတယ်။

'ဒီမှာကြည့်'ဆိုလို့ လှမ်းကြည့်လိုက်တော့ ပြတင်းပေါက်သံပန်းကို ဟီးလေးခို စီးပြနေတာ။ ခြေထောက်ကို နောက်ကော့လိုက်၊ နံရံကိုခြေကန်ပြီး တောင့်ထားလိုက် လုပ်ပြနေတာပါပဲ။

အမှန်ကတော့ သူ့ခွန်အားကို သူစမ်းနေတာပါပဲ။ ဒါဟာ ကလေးတိုင်းရဲ့ သဘာဝပါပဲ။ အားစမ်းချင်မှု၊ အောင်နိုင်ချင်မှုဆိုတာဟာ လူတိုင်းမှာပါလာတဲ့ ဗီဇစိတ်ပဲလို့ ဆိုနိုင်ပါလိမ့်မယ်။

ဒီအကြောင်းကိုရေးလိုက်တာက လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ရောက်လာတဲ့ စာကလေးတစ်စောင်ကြောင့်ပဲ။

ရေးလိုက်သူက ခုနစ်တန်းကျောင်းသူကလေး တစ်ယောက်ပါ။ သူ ငါးတန်းလောက်ကတည်းက ငါ့ဆီကို စာရေးဖူးပါတယ်။ ဒါနဲ့ စာပေဟောပြောပွဲအတွက် သူတို့မြို့ကိုရောက်သွားတော့ သူ့အိမ်ကို ဝင်လိုက်ပါတယ်။ ဒါကြောင့် လူချင်းလည်း တွေ့ဖူးပါတယ်။ သူ့စာကလေးကို မင်တို့လည်း စိတ်ဝင်စားမယ် ထင်လို့ပါ။ စာက–

ရှိသေလေးစားစွာ စာရေးလိုက်ပါတယ် ဘဘ။ ဘဘ နေကောင်းတယ်နော်။ ဘဘကို သမီး မေးစရာရှိလို့ပါ။ ကျေးဇူးပြုပြီး ဒီမေးခွန်းကို ဖြေဖြစ်အောင် ဖြေပါနော်။ သမီး လုံးဝ စဉ်းစားမရလို့ပါ။ နောက်ပြီး အရေးပါတဲ့မေးခွန်း(သမီးအတွက်) ဖြစ်နေလို့ပါ။

ဘဘက လူကြီးဖြစ်နေတော့ သမီးမေးတဲ့ မေးခွန်းကို ကြိုက်ချင်မှ ကြိုက်မှာပေါ့။ ဒါပေမယ့် အဲဒီမေးခွန်းအတွက် ဘာကိုဆိုလိုတယ်ဆိုတာကို ဘဘ သိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တစ်ခါတလေပေါ့ ဘဘရယ်... အိမ်ကလူတွေကလေ၊ သမီးက အငယ်ဆုံးဆိုတော့ သမီးအထက်မှာရှိတဲ့ ၅ ယောက်ထဲက တစ်ယောက်ယောက်ကပေါ့၊ အထူးသဖြင့် ဖေဖေနဲ့ မေမေကပေါ့။ သမီးကို တစ်ခုခုပြောတယ်ပေါ့ ဘဘရယ်။ သူတို့ကတော့ သမီးကောင်းကျိုးအတွက် ပြောတယ်ဆိုတာ သမီး နားလည်ပါတယ်။ ဒါပေမယ့် သမီး နားထဲမဝင်ဘူး။ သမီးရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အခါမျိုးတို့၊ တစ်ခါတလေကျတော့လည်း နားမထောင်ချင်လို့ပေါ့။ ဒါပေမဲ့ သမီးရဲ့ ဆန္ဒစိတ်နဲ့ ဆန့်ကျင်နေတာက များပါတယ်။ အဲဒီကျတော့

သူတို့ကို ပြန်ပြောမိတာပေါ့။ အဲဒါကို ပြောကြတယ်။ လူကြီးကို ပြန်မပြောရဘူးတဲ့။ ဖေဖေကတော့ အမြဲဆူတတ်တယ်။

သမီးစဉ်းစားမိတယ် ဘဘရဲ့။ အဲဒီလို ပြန်မပြောရဘူးဆိုတော့လေ… သမီးရဲ့စိတ်ထဲမှာ မကျေနပ်နေရတာ သမီးအတွက် သိပ်စိတ်ညစ်စရာ ကောင်းနေမယ်ဆိုတာကို ဘာလို့များ မစဉ်းစားမိကြတာလဲလို့လေ။ သမီးရဲ့စိတ်ထဲမှာရှိတာကို သမီးမှာ ပြောပိုင်ခွင့်မရှိတာလားဘဘ။ ဒီတော့ သမီးပြောမယ်ဘဘရယ်။ သူတို့က ပြန်ပြောတာမကြိုက်ဘူးဆိုလို့ သမီးက ပြန်မပြောဘူး။ ဒါပေမယ့် သမီးစိတ်ထဲမှာရှိတဲ့အတိုင်း၊ သမီးလုပ်ချင်တဲ့အတိုင်း (သူတို့နဲ့ဆန့်ကျင်ဘက်)ကို လုပ်လိုက်တယ်။ အဲဒီကျတော့လည်း 'ပြန်မပြော နားမထောင်'လို့ ပြောကြဦးမှာပဲ။

သမီးထင်တာကို (သမီးရဲ့ခံယူချက်) ပြောပြမယ်နော်။ သူတို့က သမီးကို တစ်ခုခုပြောမယ်ပေါ့။ သမီးကလည်း ပြန်ပြောမယ်ပေါ့။ ပြီးတော့မှ အမှားအမှန်ကို ဆုံးဖြတ်ပြီး လုပ်မယ်ပေါ့။ ဒါပေမယ့် လူကြီးတွေက အဲဒီလို မဟုတ်ဘူး။ ပြန်ပြောလို့ရှိရင် လူကြီးကိုပြန်ပြောတယ် ဘာတယ်ဆိုပြီးတော့ ဆူလိုက် ငေါက်လိုက်နဲ့။ အဲဒီကျတော့ သမီးက စိတ်ဆိုးပြီး မှားမှားမှန်မှန် လုပ်ချင်ရာတွေ လျှောက်လုပ်ပစ်ချင်ရော။ အဲဒါ ဘယ်ကောင်းပါ့မလဲနော်။ လူကြီးတွေက အဲဒါကို မသိကြဘူးလား။ သူတို့လည်း တစ်ချိန်က ကလေးဖြစ်ခဲ့ဖူးတာပဲ။ သားသမီးဘဝတုန်းက အဲဒီလို မခံစားဖူးလို့ပဲလား ဟင်… ဘဘ။

ဖြေဖြစ်အောင် ဖြေပေးပါ ဘဘရယ်။ သမီးအတွက် အရမ်းကို အရေးကြီးလွန်းလို့ပါ။

သမီး . . . . .

အဲဒီစာကို သုံးခေါက်လောက် ပြန်ပြီးဖတ်မိတယ်။ မိဘတွေက ဆူလိုက် ငေါက်လိုက်နဲ့ စိတ်တိုနေပါလိမ့်မယ်။ ကလေးဘာဝ ဟိုတွေး ဒီတွေး လျှောက်ပြီးစဉ်းစားနေမိပါလိမ့်မယ်။ နောက်ဆုံး ဘယ်သူ့ကိုမှ ပြောစရာမရှိတာနဲ့ အဘိုးအဘွားကိုတိုင်းပြောသလို ငါ့ဆီကို လှမ်းတိုင်လိုက်တာမျိုး ဖြစ်မှာပေါ့။

နောက်ပြီး ဒီဆောင်းပါးစဖွင့်ခဲ့သလို အားစမ်းနေတဲ့ကာလ မဟုတ်လား။ ငါ့မြေး 'ဂူခုန်း'က သုံးနှစ်လောက်ပဲရှိနေသေးတော့ သူ့ကိုယ်ခန္ဓာစွမ်းအားကို စမ်းကြည့်တာပေါ့။ ကိုယ်ခန္ဓာဖွံ့ဖြိုးဖို့ အရေးကြီးနေတဲ့ ကာလပေကိုး။

စာရေးလိုက်တဲ့ ကလေးမကတော့ ၁၂ နှစ်ဝန်းကျင်လောက်ဖြစ်နေပြီ။ ဒီတော့ ဦးနှောက်ဖွံ့ဖြိုးဖို့ အားယူရတဲ့ကာလပိုင်းထဲကို ဝင်လာပြီ။ ဒီတော့ သူက ဦးနှောက်ကို အားစမ်းလာပြီ။ လူ့လောကဝန်းကျင် အဖွဲ့အစည်းထဲမှာ အဖွဲ့သူအဖွဲ့သားတစ်ယောက်အဖြစ် သူ့ဆန္ဒထုတ်ဖော်ခွင့်ကို တောင်းဆိုလာပြီ။ တစ်နည်းအားဖြင့် အသိဉာဏ်အားစမ်းစပြုလာပြီလို့ ဆိုရမှာပေါ့။

လူကြီးတွေကလည်း သူ့ကို 'လူစာရင်း' မသွင်းသေးဘူးလေ။ 'ဂူခုန်း' သာသာအဆင့်မှာပဲ ထားနေသေးတာကိုး။ တကယ့် စပ်ကူးမတ်ကူးကာလလို့ ဆိုရမှာပေါ့။ ငါ့မှာ ဘယ်လိုစာပြန်ပြီးရေးရမလဲဆိုတာ အတော်ကို စဉ်းစားရပါတယ်။ စာပေဆောင်းပါးရေးရတာထက် ခက်တယ်နော်။ ဆက်ပါရစေဦး။

❐

# မျိုးဆက်ဟောင်း နဲ့ မျိုးဆက်သစ်

'မျိုးဆက်ဟောင်း နဲ့ မျိုးဆက်သစ်'လို့ ခေါင်းတပ်လိုက်ပေမယ့် သေချာ အခြေခံကျကျ စဉ်းစားကြည့်လိုက်ရင် 'လူကြီး နဲ့ လူငယ်'ပါပဲ။ အရင်တစ်ပတ်က တင်ပြခဲ့တဲ့ ခုနစ်တန်းကျောင်းသူလေးရဲ့ ပေးစာ၊ မေးစာကို ပြန်ပြီး စဉ်းစားကြည့်လိုက်မယ်ဆိုရင် လူကြီးလူငယ်တောင် မဟုတ်တော့ဘူး 'မိဘနဲ့ သားသမီး' ပြဿနာလို့ ဆိုကြရတော့မှာ ဖြစ်ပါတယ်။

မှတ်မိကြဦးမှာပါ။ သမီးလေးက ၁၂ နှစ်အရွယ်။ သူက သူ့အမြင်ကလေးနဲ့ ဆင်ခြေတက်ချင်တယ်။ ဦးနှောက်အသိဉာဏ် 'အားစမ်း'တဲ့ အရွယ်ပေကိုး။ အဲဒါကို သူက မကျေနပ်လို့ ငါ့ကိုလှမ်းပြီးတိုင်တာ တောတာပါပဲ။ ငါ့မှာလည်း အတော်လေးကို သတိထားပြီး စာပြန်ရေးလိုက်ပါတယ်။ ရေးလိုက်တဲ့ သဘောကို ငါမှတ်မိသလောက် ပြန်ပြီးပြောရရင် အတိုချုပ်က–

သမီး... သမီးကိုယ်တိုင်ကလည်း သမီးကိုကောင်းစေချင်လို့ ပြောတယ်ဆိုတာကို သိနေတယ်၊ ဒါပေမယ့် သမီးရဲ့ဆန္ဒနဲ့

http://www.cherrythitsar.org



မကိုက်ညီလို့ ပြန်ပြီးဆင်ခြေတက်တယ်။ လူကြီးတွေက လူကြီးကို ပြန်ပြောရမလားလို့ဆူတယ်။ သမီးက ဒါကို မကျေနပ်ဘူး။ လူကြီးတွေကလည်း သူတို့ သင်ယူလေ့လာခဲ့ရတဲ့ ပညာ၊ သူတို့ အတွေ့အကြုံနဲ့ရင်းနှီးပြီး သမီးကို ဆုံးမတာမြစ်တာပဲ။ သူတို့ကို နားလည်အောင်လည်း ကြိုးစားပေါ့ သမီးရယ်...။

အဲဒီသဘောမျိုးကို ပြန်ကြားလိုက်ပါတယ်။ စာထဲမှာ တော့ အတော်လေး ရှည်ရှည်ဝေးဝေး ရေးလိုက်သပေါ့လေ။

ထားလိုက်ပါတော့။ သူ့စာက ပဓာန မဟုတ်ပါဘူး။ လူကြီးလူငယ်သဘောကို ပြောလိုက်ချင်တာပါ။ ငါကြားဖူးတာ ကလေးတစ်ခုကို ပြောလိုက်ချင်သေးတယ်။ စာထဲပေထဲမှာ တွေ့မိ၊ မှတ်မိတာ မဟုတ်ဘူးနော်။ လူကြီးတွေပြောတာကို မှတ်မိနေတာပါ။

တစ်နေ့မှာ ဘိုးတော်ဘုရားက တိုင်းခန်းလှည့်လည်သတဲ့။ အဲဒီအခါမှာ မိန်းမတစ်ယောက်က သူ့ကလေးကို ရိုက်နေသတဲ့။ ဒီတော့ ဘိုးတော်ဘုရားက ကလေးကို သူလိုချင်တာ ချော့မော့ပြီးပေးရင်၊ ချော့ရင်ဖြစ်နိုင်ပါလျက်နဲ့ ရိုက်ရမလားဆိုပြီး အဲဒီမိန်းမကို ကြိမ်နဲ့ အရိုက်ခိုင်းသတဲ့။ ဒါနဲ့ နန်းတော်ကိုပြန်ရောက်ကြတော့ ဦးပေါ်ဦးက ကလေးဆိုတာမျိုးကို ရိုက်သင့်တဲ့ အခါရိုက်ရကြောင်း၊ သူတို့ပူဆာတိုင်း လုပ်လို့မဖြစ်နိုင်ကြောင်း ပြောပြီး ရှင်ဘုရင်ကို ဝေဖန်တာပေါ့လေ။ ရှင်ဘုရင်ကလည်း ဘာကြောင့်မပေးနိုင်ရမှာလဲ၊ နင်ပဲ ငါ့ကို ကလေးလို ပူဆာကြည့်စမ်းဆိုတော့ ဦးပေါ်ဦးက ဆင်ကြီးလိုချင်တယ် ဘုရားပေါ့။ ဘိုးတော်ကလည်း ပေးနိုင်တယ်ကွာပေါ့။ ဦးပေါ်ဦးက ရွှေအိုးပုတ်ကလေး လိုချင်တယ်လို့ ဆက်ပူဆာတော့ ရှင်ဘုရင်က

http://www.cherrythitsar.org



ပေးနိုင်တယ်ပေါ့။ ဒီတော့ ဦးပေါ်ဦးက 'ဆင်ကြီးကို ရွှေအိုးပုတ် ထဲထည့်ပေးဘုရား' လို့ ဆက်ပြီးလျှောက်တော့ ဘိုးတော် ဘုရားက ဟက်ဟက်ပက်ပက် ရယ်တော်မူပြီး 'ပေါ်ဦး အရိုက်ခံ ချင်ပြီ မှတ်တယ်'လို့ မိန့်တော်မူသတဲ့။

မလိမ်မိုး မလိမ္မာ အရွယ်ကလေးတွေမှာ မဖြစ်နိုင်တာကို ပူဆာလာရင် စိတ်ပြောင်းသွားအောင် ချော့မော့ဖျောင်းဖျကြရ တာပါပဲ။ ဒါပေမယ့် အသိဉာဏ်၊ ဆင်ခြင်ဉာဏ် 'အားစမ်း' လာတဲ့အရွယ်မှာတော့ဖြင့် သူတို့ရဲ့ဆင်ခြင်ဉာဏ်ကို ထိုက်သင့် သလောက် အသိအမှတ်ပြုသင့်တယ်လို့ ထင်ပါတယ်။

အဲဒီနေရာမှာလည်း မင်းတို့ကိုယ်တိုင် စဉ်းစားကြည့်ဖို့ အတွေးစကလေးတစ်ခုကို ပေးလိုက်ချင်ပါသေးတယ်။ **Life begins at forty.** (ဘဝသည် အသက် ၄၀ မှ စ၏) ဆိုတဲ့ အင်္ဂလိပ်စကားလေးတစ်ခုကို ကြားဖူးကြပါလိမ့်မယ်။ အမှန် အတိုင်းပြောရရင် ငါလည်း ခုထက်ထိ ကောင်းကောင်းနားမ လည်ပါဘူး။ ခပ်ဝါးဝါးပါပဲ။ ဒါပေမယ့် ငါတွေးမိတာကလေး တစ်ခုကို ပြောချင်ပါတယ်။ ငါတို့တစ်တွေဟာ များသော အားဖြင့် အသက် ၂၀ နဲ့ ၃၀ ကြားလောက်မှာ အိမ်ထောင်ပြု တတ်ကြပါတယ်။ အိမ်ထောင်သာပြုလိုက်ကြတယ်။ လူကြီးစိတ် မထားနိုင်ကြသေးဘူး။ လူငယ်စိတ်ပဲ၊ အပျိုစိတ် လူပျိုစိတ်က မကုန်ချင်ကြဘူး။ တစ်ဖက်သားက ကိုယ့်အလိုကို လိုက်လျောစေ ချင်တဲ့စိတ်ကသာ ဦးဆောင်နေတတ်ကြတယ်။ ဒါကြောင့် လင်မယားချင်း စိတ်ကောက်ကြ၊ စိတ်ဆိုးကြ မကြာခဏ ဖြစ်တတ်ကြတယ်။

ဒီသဘောက သားသမီးရလာတော့လည်း မပျောက်ချင်

သေးဘူး။ ကလေးက ကျိုးကြောင်းသင့် ဆင်ခြေပေးလိုက်ရင်လည်း လူကြီးကိုယ်တိုင်က လူငယ်စိတ် ခပ်ငွေ့ငွေ့ ကျန်နေသေးတော့ 'လူကြီးကိုပြန်ပြောရမလား'ဆိုတာမျိုး ဖြစ်ကုန်ပြန်တာပေါ့။ ကလေးရဲ့ ဆင်ခြင်ဉာဏ်အားစမ်းမှုကို အသိအမှတ်ပြုရမှာဝန်လေးနေကြတယ်။ သားသမီးက အသိဉာဏ်ဖွံ့ဖြိုးပြောင်းလဲလာနေပြီ။ ကလေးရဲ့ပြောင်းလဲမှုအဟုန်ကို လူကြီးက မလိုက်နိုင်ဘူး။ ဆိုလိုတာက အသက် ၂၅ နဲ့ ၃၀ ဆိုတာ ၅ နှစ်ပဲကွာတယ်။ ဒါပေမယ့် အသက်အစိတ်ရှိတဲ့လူနဲ့ အသက်သုံးဆယ်ရှိတဲ့လူတစ်ယောက်ဟာ သိပ်ပြီး ထူးထူးခြားခြား မကွာလှဘူး။ သို့သော်လဲ ၂ နှစ်သားရွယ်ကလေးနဲ့ ၇ နှစ်သားရွယ်ကလေးကျတော့ အသိဉာဏ်ရော လူကောင်ပါ သိပ်ခြားနားသွားတယ်။ ဒါကြောင့် သားသမီးရဲ့ ဖွံ့ဖြိုးမှုအဟုန်ကို မိဘရဲ့ဖွံ့ဖြိုးမှုကမီအောင်မလိုက်နိုင်ဘူးလို့ ပြောခဲ့တာပါ။

မိဘရဲ့ လူငယ်စိတ်ဟာ အသက် ၄၀ လောက်ကျမှ အနည်ထိုင်စပြုလာတယ်။ ဒါကြောင့် 'ဘဝသည် အသက် ၄၀ မှ စ၏'လို့ ပြောခဲ့တာထင်ပါရဲ့လို့ အောက်မေ့မိပါတယ်။ အဲဒီနေရာမှာလည်း အသက် ၄၀ ကျော်လို့တောင်မှ ကလေးစိတ်မကုန်ဘဲ သူ့အလိုကိုချည်း ကလေးတွေက လိုက်စေချင်တဲ့လူကြီးမျိုးလည်း ရှိချင်ရှိမှာပေါ့။ အသက် ၄၀ မတိုင်မီအတ္တစိတ်အနည်ထိုင်သွားတဲ့လူမျိုးလည်းရှိမှာပေါ့။ ဒါမျိုးတွေကတော့ သူ့ပင်ကိုယ်သဘာဝကိုသာ သီးခြားဆိုရမှာပေါ့လေ။

ရေးနေရင်း သတိရလာတာလေးကို ပြောလိုက်ရဦးမယ်။ ငါတို့ငယ်ငယ် ဂျပန်ခေတ်မှာ ဗုံးကြဲလေယာဉ်တွေလာတော့ ဗုံးခိုကျင်းထဲမှာဝင်ပြီး ပုန်းကြရတယ်။ သားအမိနှစ်ယောက်

လည်း ပါတယ်။ သားလေးက ၅ နှစ်လောက်ပေါ့။ မအေက သူကိုယ်တိုင်လည်း ဘုရားစာတရားစာတွေ ရွတ်လိုက်လို့။ သားလေးကိုလည်း သမ္ဗုဒ္ဓေ ရွတ်ဟဲ့လို့ ခိုင်းတယ်။ သားလေးက ဘာပြုလို့ရွတ်ရတာလဲ။ မအေက 'ပိုးတွေ စက်သေနတ်တွေ မမှန်အောင်လို့ ပေါ့ဟဲ့' တဲ့။ ဒီတော့ ကလေးက 'ဒါဖြင့်... ဘုရားတွေကျတော့ ဘာလို့ ပိုးတွေမှန်ရသလဲ' ဆိုတော့ မအေက 'ဟယ်... ကောင်လေး ရွတ်ဆို ရွတ်တာမဟုတ်ဘူး၊ တောင်မေး မြောက်မေး စကားရှည်လိုက်တာ' ဆိုမှ ဟိုကောင်းလည်း ငြိမ် သွားတယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ ဆက်ပြီးတွေးနေဦး မှာပဲ။ ဆင်ခြင်ဉာဏ် 'အားစမ်း' နေဦးမှာပဲ။

အဲဒီလို အခြေအနေမျိုးမှာ ဟိုမိခင်ရဲ့နေရာမှာ မင်း ရောက်နေရင် မင်း ဘာလုပ်မလဲ။ စဉ်းစားကြည့်စမ်းကွာ။

❐

# ပညာသင်တယ်ဆိုတာ

တကယ်ဆိုတော့ အခုရေးမယ့် အကြောင်းအရာလေးကို ရေးခဲ့ဖူးပါတယ်။ 'တစ်ခါတုန်းက တပည့်တွေ'ဆိုတဲ့ ကိုယ်တွေ့ ဖြစ်ရပ်ကလေးကို တင်ပြခဲ့စဉ်က ရေးခဲ့ဖူးတာဖြစ်ပါတယ်။ သို့သော်လည်း အဲဒီစာအုပ်စာစောင်တွေက သိပ်ပြီး မပျံ့နှံ့ခဲ့တာကြောင့် လူငယ်စာဖတ်ပရိသတ်က မသိလိုက်ကြဘူး။ လူငယ်ပရိသတ်ကို အာရုံပြုပြီး ရေးလိုက်တာဖြစ်လေတော့ လူငယ်ပရိသတ် သတိမပြုလိုက်မိဘူးဆိုရင် ရည်မှန်းချက် မပေါက်မြောက်တော့ဘူးလို့ ဆိုရတော့မှာပေါ့။ ဒါကြောင့် တစ်ခါထပ်ပြီး ရေးလိုက်ရပြန်ပါတယ်။ နောက်တစ်ခါ ထပ်ပြီးရေးလိုက်ရပြန်တာက စာရေးဆရာ 'ပြေ (ဆေး ၂)'အကြောင်းကို ရေးချင်တာလဲပါပါသေးတယ်။ အဲဒီ ပြေ (ဆေး ၂) အကြောင်းကတော့ နောက်တစ်ပတ်ဆက်ပြီး ဖတ်ကြရပါလိမ့်မယ်။ တကယ်လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ လူငယ်တွေ သတိပြု အတုယူသင့်တဲ့ အချက်တွေလည်း ပါနေတာကြောင့်မို့ပါ။

## ၈၄ ○ အောင်သင်း

ပြီးခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ဂျာမန် 'ယူဘုတ်'တွေဟာ ဗြိတိသျှစစ်သင်္ဘောတွေကို အတော်ကြီး ဒုက္ခပေးခဲ့ပါတယ်။ ဗြိတိသျှတပ်မတော်ဆိုတာက ရေတပ် စွမ်းအားကို အတော်ကြီးအားကိုးရတာ မဟုတ်လား။ ရေတပ်ကို ထိထိမိမိ ထိုးနှက်ခြင်းခံရပြီဆိုရင် အန္တရာယ်အလွန်ကြီးနေပြီပေါ့။

အဲဒါနဲ့ တစ်နေ့မှာတော့ ဝန်ကြီးချုပ် 'မစ္စတာချာချီလ်' က လေတပ်ဦးစီးချုပ်ကိုခေါ်ပြီး 'လေတပ်ရဲ့ လက်ရှိအင်အားနဲ့ ကိုပဲ ရန်သူ ယူဘုတ်တွေကို နှစ်ဆတိုးပြီး ဖျက်ဆီးနိုင်အောင် လုပ်ဆောင်ရမယ်၊ ဒါဟာ အမိန့်'လို့ ပြောလိုက်တယ်။

ဟုတ်တယ်လေ။ လေသူရဲဆိုတာမျိုးက ဒီနေ့ သင်တန်း စ၊ သုံးလရှိ သင်တန်းဆင်း၊ ရှေ့တန်းမှာ အမှုထမ်းဆိုတာမျိုး ရတာမှမဟုတ်ဘဲ။ နောက်ပြီး တိုက်လေယာဉ်ဆိုတာမျိုးကလည်း 'ဟော... တစ်စင်း... ဟော... တစ်စင်း'ထုတ်လို့ရတာမျိုးမှ မဟုတ်ဘဲ။ သည်တော့ လက်ရှိယာဉ်အင်အား၊ လူအင်အားနဲ့ နှစ်ဆတိုးပြီး ဖျက်ဆီးနိုင်အောင် ကြိုးစားရမှာပေါ့။

သည်တော့ လေတပ်ဦးစီးချုပ်လည်း ဘာမှမတတ်နိုင် တော့ဘူး။ ကြံရာမရဖြစ်ပြီး နောက်ဆုံးမှာ တက္ကသိုလ်ပညာရှင် ကြီးတွေဆီကို ချဉ်းကပ်ကြရတယ်။ ဒါပေမယ့် ခက်နေတာက စစ်သားဖြစ်နေတာ တက္ကသိုလ်မှာလည်း သင်တန်းတွေက ရှိနေ မြဲဆိုတော့ ဆရာကြီးတွေ၊ ပါမောက္ခကြီးတွေကလည်း သူ့ အလုပ်နဲ့သူ မအားကြဘူး၊ အချိန်မပေးနိုင်ကြဘူး။ အဲဒီမှာ ပါမောက္ခကြီးတစ်ယောက်ကတော့ သူ့ပညာရပ်ဆိုင်ရာမှာ လေ့လာနေတဲ့ ကျောင်းသားမရှိလို့ စာသင်ချိန်လွတ်နေတယ်။ အားနေတယ် ဆိုပါတော့ သူတို့ဆီမှာ အဆင့်မြင့်အတန်းကြီး

http://www.cherrythitsar.org



တွေမှာ တစ်ခါတစ်ရံ ကျောင်းသားမရှိဘူး။ ကျောင်းသားမရှိလို့ ဆရာကြီးကလည်း ငါတို့ တက္ကသိုလ်ဆရာဘဝတုန်းကလို 'ဦးချစ်' လက်ဖက်ရည်ဆိုင်မှာ လေပစ်နေတာမျိုး မဟုတ်ဘူး။ တစ်ခုခုကို သုတေသန လုပ်နေကြတာ။

အဲဒီပါမောက္ခကြီးက သတ္တဗေဒပါမောက္ခကြီး ဖြစ်ပါတယ်။ သူ့ဆီကိုသွားပြီး အကူအညီတောင်းရပါတယ်။ သူကလည်း မအားဘူး။ သုတေသနလုပ်နေတာပဲ။ သူ့မှာ အလုပ်တွေရှိနေတယ်ပေါ့။ သုတေသနလုပ်ငန်းကြီးတစ်ခု လုပ်နေတယ်ပေါ့။ သူက ပြောပြတယ်။ ပါမောက္ခကြီး သုတေသနလုပ်နေတဲ့ လုပ်ငန်းကို ပြောပြရင် မင်းတို့က ရယ်ကြလိမ့်မယ်ထင်တယ်။

သူလုပ်နေတာက 'ဓိဓိဖလိုင်း'ဆိုတဲ့ ယင်ကောင်ကလေးတွေ အကြောင်းကို သုတေသနလုပ်နေတာ။ အဲဒီယင်ကောင်ကလေးတွေမှာ နှုတ်ခမ်းခြောက်ချောင်းရှိ ဆိုပဲ။ အဲဒါ ဘယ်လိုအစားအစာမျိုးကိုကျွေးလိုက်ရင် အစွန်နှုတ်ခမ်းမွေးနှစ်ချောင်းက တိုဝင်သွားတယ်ဆိုတာမျိုးကို သုတေသနလုပ်နေတာတဲ့။ ကဲ… ရယ်စရာဖြစ်မနေပေဘူးလား။ ဒါပေမယ့် မရယ်လိုက်နဲ့ မောင်တို့ရေ… ငါတို့က ရယ်စရာကောင်းတဲ့ နိုင်ငံသားတွေ ဖြစ်သွားလိမ့်မယ်။

နောက်ဆုံးမှာ အရေးကြီးတဲ့ စစ်ကြီးကာလအတွင်းမို့ သူ့လုပ်ငန်းကို အသာချထားပြီး အကူအညီပေးရှာပါတယ်။ သူက လေယာဉ်ပျံတွေဘာတွေကို ဘာဆိုဘာမှမသိဘူး။ အဝတ်အစား ဖိုသီဖတ်သီနဲ့ လေတပ်ထဲလာပြီး တွေ့ကရာ မေးတာပဲ။ တပ်မှူးက အမိန့်ထုတ်ထားတော့ အောက်လက်ငယ်သားတွေကလည်း သူမေးသမျှ အကုန်ဖြေကြရတယ်။ လေယာဉ်ကို

ထားတဲ့နေရာ၊ လက်နက်တပ်ဆင်ပုံ၊ ထွက်ပုံ၊ ဆင်းပုံ၊ နေရာကို ပြန်သွင်းပုံ အစစကို သေချာမေးတယ်၊ လုပ်ပြခိုင်းတယ်။ ရဲဘော် တပ်သားတွေလည်း သူခိုင်းသမျှ ဘုမသိ ဘမသိ အကုန်ဖြေရ တယ်၊ လုပ်ပြရတယ်။ အဲဒီလိုလုပ်လိုက်တာ ၂ လ ၃ လလောက် ကြာဆိုထင်ပါရဲ့။ တကတည်း... 'အော်ပရေးရှင်းနယ်လ် ရီဆာ့ချ်'လို့ခေါ်တဲ့ သင်္ချာဘာသာရပ်အသစ်ကြီးကို ထွက်လာ တာပဲ။ ဒီတော့မှ သူစီစဉ်ပေးတဲ့အတိုင်း အကွက်ချပြီး လုပ် ဆောင်လိုက်တာ ရန်သူ 'ယူဘုတ်'တွေကို နှစ်ဆတိုးပြီး မြှုပ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ရန်သူဂျာမန်တွေကလည်း သူတို့မှာ စပိုင်တွေဘာတွေ ရှိကြမှာပေါ့။ ဒီအကြောင်းကို သူတို့လည်း သိကြမှာပေါ့။ စစ်ရှုံးခါနီး ပြန်လည်သုံးသပ်ကြတဲ့အခါမှာ ဒီကိစ္စကိုရည်ညွှန်းပြီး 'ငါတို့သည် သိပ္ပံပစ္စည်းကို အသုံးပြုခဲ့ကြ၏၊ သိပ္ပံနည်းစနစ်ကို အသုံးမပြုခဲ့ကြ၊ ရန်သူက ပစ္စည်းကိုရော နည်းစနစ်ကိုပါ အသုံး ပြုခဲ့ကြ၏။'လို့ သုံးသပ်ခဲ့ကြတယ်။

ဒါတွေကို သိခွင့်ရလိုက်တဲ့အတွက် သွားလေသူ စစ် တက္ကသိုလ် သင်္ချာဌာနမှူး ဦးဟီတင်ကို ကျေးဇူးတင်စွာ သတိရမိ ပါသည်။ သူက ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုမှာ တင်ပြခဲ့တဲ့ စာတမ်းတစ်ခု ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ အဲဒီစာတမ်းကို သိမ်းထားခဲ့ပါသေးတယ်။ ခုတော့ ခြကိုက်တာနဲ့ ဘာနဲ့ ရှာမတွေ့တော့ဘူး။ နှစ်ပေါင်းလည်း သုံးဆယ်ကျော်ခဲ့ပြီလေ။

အချုပ်မှာပြောချင်တာက... အဲဒါ ပါမောက္ခကြီးရဲ့ သတ္တဗေဒဘာသာရပ်နဲ့ 'ယူဘုတ်'မြှုပ်တာနဲ့ ဘာဆိုင်သလဲ။

ဘာမှမဆိုင်ဘူး။ မှန်တယ်။ ဒါပေမယ့် ဆိုင်နေတာက စူးစမ်းရှာဖွေမှု၊ သုတေသနလုပ်မှု နည်းပညာပဲ။ တက္ကသိုလ်ဆိုတာ ဘာပညာကိုပဲသင်သင်၊ ဘယ်ဘာသာရပ်ကိုပဲသင်သင် စူးစမ်းရှာဖွေနည်း၊ ဆင်ခြင်သုံးသပ်နည်းကို ခိုင်ခိုင်မာမာရခဲ့ဖို့ အလွန်ကို အရေးကြီးပါတယ်။ အဲဒါကိုမရခဲ့ရင် ဘာဘွဲ့ထူးကြီးတွေကိုပဲ ရခဲ့ရခဲ့ တက္ကသိုလ်ရောက်ခဲ့ရာ မမည်ပါဘူး။ ဂျာနယ်ဆိုတော့ သူတို့ပေးနိုင်တဲ့နေရာက နည်းလွန်းတယ်။ ဆက်ပါရစေဦး။

❐

# စနစ်ကျသောစူးစမ်းမှု

အရင်တစ်ပတ်က သတ္တဗေဒပါမောက္ခကြီးတစ်ယောက်ဟာ သူနဲ့မဆီမဆိုင် လေတပ်က ကိစ္စတစ်ခုကို ကူညီဆောင်ရွက်ပေးရင်း သချာင်္ဘာသာရပ်ကြီးတစ်ခုကို အောင်မြင်စွာ တီထွင်ဆောင်ရွက်ပေးနိုင်ကြောင်း ရေးခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆရာဝန် စာရေးဆရာ 'ပြေ (ဆေး ၂)' အကြောင်းကို ပြောချင်တာက အကြောင်းရင်းဖြစ်ပါတယ်လို့လည်း စကားခံခဲ့ပါတယ်။

သူ့ကို ငါက 'ကိုပြေ'လို့ပဲ ချစ်ခင်စွာခေါ်ဖြစ်နေတာကြောင့် ဒီဆောင်ပါးမှာလည်း ကိုပြေလို့ပဲ ရေးသွားပါရစေ။

ကိုပြေဟာ ဆရာဝန်တစ်ယောက် ဖြစ်တယ်။ ဒီတော့ တက္ကသိုလ်က ဘာပညာကို ရခဲ့သလဲလို့ မေးလိုက်မယ်ဆိုရင် ဆေးပညာကို တတ်မြောက်ခဲ့တယ်လို့ပဲ သိကြရမှာပေါ့။ ဒီအဖြေဟာ မှားတဲ့အဖြေလို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် မပြည့်စုံလှသေးဘူးလို့ ငါ့စိတ်ထဲမှာ ခံစားနေမိတယ်။ ဘာကြောင့်လဲဆိုတာ ဆက်ပြီး ဖတ်သွားရင် ရှင်းလာပါလိမ့်မယ်။

ကိုပြေ ဆရာဝန်ဖြစ်ပြီးတဲ့နောက် သိပ်မကြာသေးမီမှာပဲ

http://www.cherrythitsar.org



ဂျပန်ပြည်ကို ထွက်သွားခဲ့ပါတယ်။ ဂျပန်ပြည်ကိုသွားတယ်ဆို လိုက်တော့ ဆရာဝန်တစ်ယောက်အဖြစ်နဲ့ ဟိုမှာ အလုပ်လုပ်ဖို့ ထွက်သွားတယ်လို့ အထင်မကြီးလိုက်နဲ့ဦး။ သူ့လို ငါ့လို(သူတို့ သုံးတဲ့စကားအရ) 'အိုးတိုက်ပဂေးဆန်' (အိုးတိုက်ပကန်ဆေး) လုပ်ခဲ့ရတာပါပဲ သူ့ကိုယ်တိုင်လဲ ဘယ်သူ့မျက်နှာကိုမှ မထောက် (သူ့ဂုဏ် သူ့ဂုဏ်သိက္ခာကိုမှလဲ မထောက်) ဂျပန် ပြည်သူ့ အတွေ့အကြုံတွေကို ဆောင်းပါးရေး စာအုပ်ပါထုတ်ခဲ့ ဖူးတာကြောင့် မင်းတို့လည်း သိသင့်သလောက်တော့ သိနေခဲ့ ကြသည်လို့ ထင်ပါတယ်။

တခြား မင်းတို့မသိသေးတဲ့ အကြောင်းအရာတွေကို ဒီဆောင်းပါးမှာ ရေးပြလိုက်ပါရစေ။

ဂျပန်ကပြန်လာစမှာ ဂျပန်ပြည်မှာ သူရိုက်လာခဲ့တဲ့ 'တိုကျိုပုံပြင်' ဆိုတဲ့ ဗွီဒီယိုရုပ်ရှင်ကားကို သူ့အိမ်မှာ ခေါ်ပြခဲ့ တာကြောင့် ငါတို့သွားပြီး ကြည့်လိုက်မိကြပါတယ်။ ငါက ရုပ်ရှင်ပညာကို သိပ်ပြီး နားမလည်လှပါဘူး။ ဒီတော့ သူ့ရုပ်ရှင် ကားဟာ သိပ်မဆိုးလှပါဘူး ဆိုတာလောက်ပဲ ပြောလိုက်ပါရစေ။ အမှန်ပြောရရင် ငါက သူ့ရုပ်ရှင်ကားထက် သူ့ကို ပိုပြီး စိတ်ဝင် စားနေခဲ့မိရိုး အမှန်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူနဲ့ ရုပ်ရှင်လုပ်ငန်းကို ဆက်စပ်ပြီး မတွေးခဲ့မိတာကြောင့်ပါပဲ။ အဲဒါနဲ့ သူ့ဗွီဒီယိုကားကို ကြည့်ပြီးတဲ့အခါမှာ သူ ဒီကားကို ဘယ်လိုလေ့လာပြီး ဘယ်လိုရိုက်တယ်ဆိုတာတွေကို မေးကြည့်မိ ပါတယ်။

သူ ဂျပန်ပြည်က ပြန်လာတဲ့အခါမှာ သူများတွေလို ငွေက ဘယ်လောက်၊ ကားကဘယ်နှစီးဆိုတာမျိုး ပါမလာဘူး။

http://www.cherrythitsar.org



ဗွီဒီယို၊ ကင်မရာစတဲ့ ပစ္စည်းကောင်းကောင်းတွေကို ဝယ်လာတာကိုတော့ ငါသိပါတယ်။

သူက ခပ်ငယ်ငယ်ကလေးဘဝကတည်းက ရုပ်ရှင်ပြဇာတ်တို့ ဘာတို့ကိုတော့ အတော်လေးကို ဝါသနာပါခဲ့တယ်လို့ သိရပါတယ်။ ဒါနဲ့ ဂျပန်ပြန်ရောက်တော့ သူကိုယ်တိုင် ရုပ်ရှင်ကားတစ်ခုကို ဖန်တီးချင်တဲ့စိတ်က မရိုးမရွ ဖြစ်လာတော့တာပေါ့။

အဲဒီမှာ သူက ဘာလုပ်သလဲသိလား။ ဟိုမှာတော့ဖြင့် စာကြည့်တိုက်လို ဗွီဒီယိုပြတိုက်ကြီးတွေကလဲ ရှိနေတာကိုး။ ဒီတော့ ကမ္ဘာ့ဂန္ထဝင်လို့ ပညာရှင်များက သတ်မှတ်ထားတဲ့ ရုပ်ရှင်ကားတွေကို ငှားပြီးကြည့်တယ်။ အဲဒီပညာရှင်ကြီးတွေရဲ့ ရိုက်ကွင်းရိုက်ကွက်တွေကို သေချာလေ့လာတယ်။ နောက်ပြီးတော့မှ အဲဒီ ရုပ်ရှင်ကားရဲ့ ဇာတ်ညွှန်းကိုငှားပြီး သေချာဖတ်တယ်။ ကင်မရာထောက်ပုံ၊ ကင်မရာအယူအဆ အနီးအဝေး အသုံးပြုပုံ စသည့်အားဖြင့် အစစကို ကျေညက်နေအောင်ဖတ်တယ်။ နောက်ပြီးမှ ဒါရိုက်တာရဲ့ သုံးသပ်ချက်၊ ဆုံးဖြတ်ချက် တကယ်ရိုက်ကွင်းမှာ လုပ်ဆောင်သွားပုံ စသည်တို့ကိုပါ ရောပြီး သေချာလေ့လာတယ်။

သူ့ကိုယ်တိုင် ဗွီဒီယိုရိုက်တော့မယ်ဆိုတော့လည်း သူတို့လို နည်းတူဖြစ်အောင် သေချာအကွက်ချပြီး ရေးတယ်ပေါ့။ အဲဒီလိုနည်းနဲ့ ‘တိုကျိုပုံပြင်’ ကို ဂျပန်ပြည်မှာ ရိုက်ခဲ့တာပါပဲ။

ငါ ပြောချင်တာက သူ့ရုပ်ရှင်ကား ကောင်းတာ မကောင်းတာနဲ့ မဆိုင်လှပါဘူး။ ကိုယ်သိချင် တတ်ချင်တဲ့ပညာရပ် တစ်ခုကို ရှာဖွေနည်းကို ပြောချင်တာပါ။ ကိုပြေဟာ

http://www.cherrythitsar.org



တက္ကသိုလ်က ဘာပညာရခဲ့သလဲလို့ မေးရင် ဆေးပညာကို ရခဲ့တာပေါ့လို့ ဆိုကြမှာပဲ။ ဒီအဖြေဟာ မမှားပါဘူး။ သို့သော်လည်း မပြည့်စုံဘူးလို့ ပြောခဲ့တယ်နော် တကယ်ဆိုတော့ ဆေးပညာကို လေ့လာသင်ယူရင်းက ရလာခဲ့တာက စနစ်ကျသော စူးစမ်းမှုဖြစ်ပါတယ်။ လေ့လာသင်ယူနည်းစနစ်ဆိုပါတော့ ဒါကို သူက ရလာခဲ့တယ်။

သေချာစဉ်းစားလိုက်ရင် အဲဒီအချက်က ဆေးပညာထက်တောင် ပိုပြီး အရေးကြီးသေးတယ်လို့ ပြောလိုက်ချင်ပါတယ်။

သူဘာလုပ်သလဲ။ စဉ်းစားကြည့်ရအောင် သူလုပ်တာက ရှင်းရှင်းကလေးပါ။ ရှေ့က ပညာရှင်ကြီးများ ဘယ်လိုလုပ်သလဲဆိုတာကို ကျကျနန လေ့လာဆည်းပူးတာပဲ ဖြစ်ပါတယ်။ မေးခွန်းတွေက ဘာလဲ ဘယ်လိုလုပ်သလဲ။ ဘာကြောင့် ဒီလိုလုပ်လိုက်သလဲ။ ဒီလိုမလုပ်ရင် ဘာဖြစ်သလဲဆိုတဲ့မေးခွန်းတွေပါပဲ။ ပြီးတော့မှ ငါဘာလုပ်ချင်တာလဲ ဘယ်လိုလုပ်မလဲ။ ငါ့မှာ သူတို့လောက် ပစ္စည်းကြီးကြီးမားမား၊ လူအင်အားများများ မသုံးနိုင်ဘူး၊ ဒီလိုဆိုရင် ဘယ်လိုလုပ်မလဲဆိုတာမျိုးတွေပဲပေါ့။

သူ့အတွက် တစ်ခုကံကောင်းတာက အဲဒီစာအုပ်စာတမ်းတွေ ရုပ်ရှင်ကားတွေကို ငှားရမ်းဖတ်ရှုပြီး လေ့လာနိုင်လောက်အောင် သိမ်းဆည်းပေးထားတဲ့ ပြတိုက်ကြီးတွေ၊ စာကြည့်တိုက်ကြီးတွေကို သုံးနိုင်တဲ့ အခွင့်အလမ်းကို ရလိုက်ခဲ့ခြင်းပါပဲ။ အခွင့်အလမ်းကိုလည်း ရလိုက်တယ်။ အသုံးပြုရကောင်းမှန်းလဲ သိတယ်။ အပြင်မှာ ပိုက်ဆံများများ ပါဖို့ထက်

ပညာကိုလိုလားချစ်ခင်တဲ့စိတ်လည်း ရှိလို့ပေါ့။

ဒါမျိုးတွေကြောင့် 'စာကြည့်တိုက်'၊ 'စာကြည့်သင်း' တွေ များများပေါ်ပေါက်ရေးအတွက် နှိုးဆော်နေခဲ့ရတာပါ။ သာမန်စာကြည့်တိုက်မျှသာမက 'ပညာရပ်ဆိုင်ရာ စာကြည့်တိုက်'၊ 'ပြတိုက်' ကြီးတွေ ပေါ်လာနိုင်အောင် ကြိုးစားကြရမှာပဲ။ နိုင်ငံတော်အစိုးရကိုချည်း အားကိုးနေလို့ ဖြစ်တာမဟုတ်ဘူး။ ကိုယ်ထူကိုယ်ထလမ်းတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေဆောက်သလို စာကြည့်တိုက်တွေကိုလည်း ကြိုးစားတည်ဆောက်ကြရလိမ့်မယ် ဒါဟာ လူကြီးလူငယ် ပူးပေါင်းပြီး အမျိုးသားပညာရေးလှုပ်ရှားမှုကြီးအသွင်ကို ရောက်လာအောင် လုပ်ဆောင်ကြရမယ်လို့ ထင်မိပါတယ်။

ကဲ...တက္ကသိုလ်ဆိုတာကို နားလည်လောက်ပြီလို့ ထင်ပါတယ်။ စနစ်ကျတဲ့ စူးစမ်းလေ့လာနည်းကို မရခဲ့ရင် တက္ကသိုလ်က ဘာဘွဲ့ထူး ဂုဏ်ထူးတွေကို ရနေခဲ့ပါစေ တက္ကသိုလ်ကို ရောက်ရာမမည်ပါဘူး။ အဲဒီလို စူးစမ်းမှုစနစ်ကို ရလာခဲ့ရင်၊ ရအောင်ကြိုးပမ်းတတ်ရင် တက္ကသိုလ်တက်သော်လည်း ရောက်ခဲ့သိသကဲ့သို့သာလျှင် ဖြစ်ပါတယ်။

ဒီတော့ စနစ်ကျသော စူးစမ်းလေ့လာနည်းကို ရဖို့လိုပါတယ်။ လေ့လာစရာ စာကြည့်တိုက်တွေ၊ ပြတိုက်တွေ ဖွံ့ဖြိုးဖို့လိုပါတယ်။ ငါတို့အားလုံးမှာ တာဝန်ရှိနေပါတယ်။

❐

# လေ့ရင်လာပါတယ်

'လေ့ရင်လာပါတယ်' ဆိုတဲ့စကားကို မင်းတို့ ကြားဖူး ကြလိမ့်မယ် မထင်ဘူး။ ငါလည်း တစ်ခါပဲ ကြားလိုက်ဖူးတာ ပါ။ ရှေးခေတ် ဆေးဆရာကြီးတစ်ယောက် ပြောဖူးတဲ့စကားဖြစ် ပါတယ်။ ဆိုလိုတာက လေ့လာရင် ပညာကိုရပါတယ်ဆိုတဲ့ သဘောနဲ့ သုံးသွားတာပါပဲ။ နောက်မှ တဖြည်းဖြည်း ငါစဉ်းစား ကြည့်မိတာက ငါတို့ အညာဒေသတွေမှာ တိရစ္ဆာန်ကလေးတွေ ကို ခေါ်တဲ့အခါမှာ (ခွေးကို အို့ အို့ ခေါ်သလို) 'လေ့ လေ့' လို့ ခေါ်တတ်ကြလေ့ရှိပါတယ်။ အဲဒီစကားကိုယူပြီး 'လေ့လာ' ကို စကားလုံးခွဲထားလိုက်ခြင်းဖြစ်တယ်လို့ ထင်မိပါတယ်။

အရင်တစ်ပတ်က ပြေ (ဆေး ၂)ဟာ ဆေးတက္ကသိုလ် က ဆေးပညာရပ်ကိုသာမက၊ စနစ်ကျသော စူးစမ်းလေ့လာ နည်းကိုပါ ရခဲ့တယ်၊ အဲဒီနည်းကို အသုံးပြုပြီး ရပ်ရှင်ပညာရပ်ကို လေ့လာခဲ့တယ်လို့ ပြောခဲ့ပါတယ်။ တက္ကသိုလ်က ဘာဘွဲ့ကြီး တွေကိုပဲရရ စနစ်ကျတဲ့ လေ့လာနည်းကိုမရခဲ့ရင် တက္ကသိုလ် ရောက်ရာမမည်ဘူး။ စနစ်ကျသော လေ့လာနည်းကိုရခဲ့ရင်

ဘယ်တက္ကသိုလ်မှ မရောက်သော်လည်း တက္ကသိုလ်ရောက်ခဲ့ ဘိသကဲ့သို့ ဖြစ်တယ်လို့လဲ ရေးခဲ့ပါသေးတယ်။

ငါတို့မြန်မာပြည်ရဲ့ ရှေးခေတ်ပညာရေးသမိုင်းကိုပြန်ပြီး ကြည့်လိုက်မယ်ဆိုရင် ဘုန်းတော်ကြီးကျောင်းပညာရေးပဲ ရှိခဲ့တယ်မဟုတ်လား။ ပိဋကတ်ကို နှံ့စပ်ရုံသာမက စာချကောင်းတယ်လို့ ဂုဏ်သတင်းကျော်တဲ့ ဆရာတော်ကြီးတွေဟာ စာကိုသာမဟုတ်ဘဲ စူးစမ်းဆင်ခြင်မှုကိုပါ သင်ကြားပေးနိုင်တဲ့ ဆရာတော်ကြီးတွေ ဖြစ်ခဲ့ဟန်ရှိပါတယ်။ ဆရာဇော်ဂျီရဲ့ 'သူတို့စာရေးကြပုံ' ဆိုတဲ့ ဆောင်းပါထဲမှာ 'ဒုတိယ ကျော်အောင်စံထားဆရာတော်'နဲ့ 'သေက္ခတောင် ဦးတိလောက' အကြောင်းကို တခမ်းတနား ချီးကျူးထားတာကို တွေ့ရတယ်။ ချီးကျူးထားတဲ့ အကြောင်းအရာတွေကို ကြည့်လိုက်မယ်ဆိုရင်လည်း လေ့လာပုံစနစ်ကျတာ၊ တင်ပြပုံစနစ်ကျတာတွေကိုသာ ချီးကျူးထားကြောင်း တွေ့ရနိုင်ပါတယ်။

ရေးနေရင်း သတိရလာလို့ ကြားဖူးတာလေးတစ်ခု အကြောင်းကို ကောက်ပြီး ထည့်လိုက်ရပါဦးမယ်။ ငါတို့တောင်တွင်းကြီးဘက်က လူကြီးသူမများ ပြောခဲ့ကြတဲ့ ဖြစ်ရပ်ကလေးတစ်ခုပါပဲ။

မကာရလောပ 'မ တစ်လုံးကြေ တောင်တွင်းဆရာတော်ခင်ကြီးဖျော်' ဆိုတာကို မင်းတို့ ကြားဖူးကြပါလိမ့်မယ်။ အလွန့်ကို ဉာဏ်ခံကြီး တယ်လို့ ဆိုပါတယ်။ တစ်ထွာပြလိုက်ရင် တစ်လံလောက်မြင်တဲ့ ဉာဏ်မျိုးပေါ့။ ဘယ်စာကိုမဆို သင်လိုက်ရင် 'ရိပ်ခနဲ ရိပ်ခနဲ' တတ်သိသွားတာမို့ အသက်ငယ်ငယ်ကလေးနဲ့ပိဋကတ်ပေါက်ပြီး ဗေဒင်ရော၊ ဆေးပညာပါ သူ

http://www.cherrythitsar.org



မတတ်တာ မရှိအောင်ဖြစ်သွားလို့ 'မတစ်လုံးကြေ' လို့ ခေါ်ရတာကိုသာ စဉ်းစားကြည့်ပေတော့။

ပညာဟူသမျှကို လိုချင်တဲ့ပုဂ္ဂိုလ်မျိုးဆိုတော့ ပညာနဲ့ ပတ်သက်လို့ နာမည်ကြီးရင် ဒီပုဂ္ဂိုလ်ဆီကို သူရောက်အောင် သွားပြီး ပညာယူတော့တာပဲ။ တစ်နေ့မှာတော့ ပိဋကတ်ကို ချောက်ချားနိုင်တယ်ဆိုတဲ့ ဘုန်းကြီးတစ်ပါးရဲ့သတင်းကို ကြားတယ်။ ဒါပေမယ့် ခက်တာက အဲဒီဘုန်းကြီးက ဘယ်တပည့်ကိုမှ လက်မခံဘူး။ ဘယ်သူနဲ့မှလည်း မတည့်ဘူး။ သူ့ကျောင်းမှာ ကျောင်းသား၊ ကိုရင်တောင် မမြဲဘူး။ နောက်တော့ တစ်ပါးတည်းပဲ နေနေရတော့တယ်။ ဒကာ ဒကာမတွေနဲ့လည်း မတည့်ဘူး။ သို့သော်လဲပညာကြီးမှန်သိတော့ ဆွမ်းငတ်လောက်အောင်တော့လည်း မဖြစ်ဘူးပေါ့။

သူ့မှာ နွားမလေးတစ်ကောင်ကို မွေးထားတယ်။အဲဒီ နွားမလေးကို ကိုယ်တိုင် တောထဲသွားကျောင်းပြီး နွားကျောင်းသားတွေနဲ့ပဲ နေလေ့ရှိတယ်။ နွားကျောင်းသားတွေနဲ့ ကျားထိုးတယ်။ ကျားက မြန်မာ့ရိုးရာ ဆယ့်နှစ်ကွက်ကျား။ တစ်ဖက်က ကျားကြီး၊ တစ်ဖက်က ကျားလေး၊ ကိုင်ကြရတယ်။ ကျားလေးက ဆယ့်နှစ်ကောင်၊ ကျားကြီးက သုံးကောင်။ အဲဒီမှာ သူက ကျားကြီးကိုအားသန်တော့ ကျားကြီးကိုသာ ကိုင်လေ့ရှိတယ်။ ဒါကြောင့် ဒီဘုန်းကြီးကို 'ကျားကြီးဆရာတော်' လို့လဲ ခေါ်ကြတယ်၊ 'နွားမကျောင်း ဆရာတော်' လို့လဲ ခေါ်ကြတယ်။

ခင်ကြီးဖျော်က အဲဒီဆရာတော်ဆီကိုသွားတော့ ကျောင်းမှာမရှိတောကြောင်း နွားကျောင်းနေရာကို လိုက်သွားရတယ်။ ရောက်တော့ ဆရာတော်ကို ရှိခိုးဝတ်ဖြည့်တယ်။ ဒါပေမယ့်

ဟိုက သူ့ကို ဂရုတောင်မစိုက်ဘူး။ လူတွေကို စိတ်အချဥ်ပေါက်နေတဲ့ ဘုန်းကြီးမျိုးဖြစ်နေမှာပေါ့ကွာ။ န္တားကျောင်းသိမ်းခါနီးတော့မှ ဘာကိစ္စရှိလို့လဲလို့မေးတာ။ စာသင်ချင်လို့ပါဆိုတာကို ပြောတော့ အင်းအလှုပ် အဲမလှုပ်ဘဲ။ ဒါနဲ့ ကျောင်းလိုက်သွား။ ဘာမှတော့မပြောပါဘူး။ နောက်မှ တဖြည်းဖြည်း ခင်ကြီးဖျော်ကို တီးခေါက်ကြည့်လိုက်တော့ ဉာဏ်ကို သဘောကျသွားတယ်။ ဘုန်းကြီးက ဉာဏ်ကောင်းပြီး စိတ်မရှည်တတ်သူဖြစ်လေတော့ ဘယ်သူ့ကိုမှ စာမသင်ချင်တော့ပဲ ဖြစ်နေတာကိုး။

ခင်ကြီးဖျော်ကိုတော့ စာသင်မယ်လို့ ကတိပေးလိုက်တယ်။ ဘာစာကိုသင်မလဲလို့ဆိုတော့ 'သဒ္ဒါကို သင်ကြမယ်' ပြောလိုက်တော့ ခင်ကြီးဖျော်လည်း စိတ်ပျက်သွားတယ်။ ဒါပေမယ့် 'သူ့ကျောင်းနေ သူ့စာအံ'ဆိုသလို ဘာမှမပြောပါဘူး။ သင်ယူတာပါပဲ။ အဲဒီပိဋကတ်တော်ရဲ့ နောက်ဆုံးအခြေခံ သဒ္ဒါကျမ်းကို ခင်ကြီးဖျော်လို ဉာဏ်ကြီးတဲ့သူကိုသင်လိုက်တာ ဝါတွင်းသုံးလကို ကုန်သွားသတဲ့။ ဝါကျွတ်တော့မှ ခင်ကြီးဖျော်က ရိုရိုသေသေ ကန်တော့ပြီး 'ကျေးဇူးကြီးလှပါတယ် ဘုရား' လို့ လျှောက်သတဲ့။ ကျားကြီးဆရာတော်ကလဲ 'အင်း ...မင်းကလည်း ဉာဏ်ခံကြီးပါပေကွယ်'လို့ မိန့်သတဲ့။

ငါ ဉာဏ်မီသလောက် မှန်းကြည့်ရတာကတော့ သဒ္ဒါကြီးထဲမှာပြတဲ့ ပုဒ်တွေ၊ ဥဒါဟရဏ်တွေအားလုံးဟာ ပါဠိတော်က ထုတ်ပြီးထားတာတွေချည်း ဖြစ်လေတော့ သဒ္ဒါကို အကြောင်းခံပြီး ပိဋကတ်သုံးပုံလုံးကို ခရီးဆန့်ပစ်လိုက်တယ် တင်တာပဲ။

ဒီတော့ သူသင်ပေးလိုက်တာက သဒ္ဒါသက်သက်၊ စာ

http://www.cherrythitsar.org



သက်သက် မဟုတ်တော့ဘဲ စူးစမ်းလေ့လာနည်း၊ ဆန်းစစ်သုံးသပ်နည်း၊ ဘုရားရှင်တို့ရဲ့အာဘော်ကို ကောက်ယူနည်း၊ အခြားသော ပညာရှင်တို့ရဲ့ အဆိုအမိန့်များနဲ့ ချိန်ထိုးသုံးသပ်နည်း ဆိုတာမျိုးတွေကို သင်ပေးလိုက်တာဖြစ်မှာပေါ့။ ဒါကြောင့်လဲ ခင်းကြီးဖျော် လိုပုဂ္ဂိုလ်မျိုးက ဝါတွင်းသုံးလပတ်လုံး ကြိုးစားသင်ယူတာဖြစ်မှာပေါ့။ ဒါကြောင့် ဘာကိုပဲသင်သင် စနစ်ကျသော လေ့လာနည်းကို ရဖို့လိုတယ်လို့ ပြောခဲ့ခြင်းပါ။ မင်းတို့လဲ 'လေ့ရင် လာပါတယ်'။ ပညာရပ်ကို လေ့ရင် ပညာ လာပါတယ်။

❒

# ပေထက်ဝင် ရှင်ထက်ပါး

'ခင်ကြီးဖျော်'နဲ့ ပတ်သက်ပြီး စာပေအမှတ်အသား မရှိသေးတဲ့ အကြောင်းအရာလေးတွေကို စာနဲ့ပေနဲ့ အမှတ်အသားလေးဖြစ်ပြီး ကျန်စေချင်တာကြောင့် ဆက်ပြီး ရေးလိုက်ပါရစေဦး။

ခင်ကြီးဖျော်ဟာ တောင်တွင်းကြီးမြောက်ဘက် မြို့လုလင်အနီးက ပုတီးကုန်းရွာမှာ မြန်မာသက္ကရာဇ် ၁၀၈၆ ခုမှာ ဖွားမြင်ခဲ့တယ်။ မိဘက ဦးဖိုးပြေနဲ့ ဒေါ်ကြာတို့ ဖြစ်တယ်။ အသက်ခုနစ်နှစ်အရွယ် ကန်ဦးကျောင်းဆရာတော်ထံ သွားအပ်တော့ နေ့ကောင်းရက်သာကြုံခိုက်မို့ ဆရာတော်က အဲဒီနေ့မှာပဲ စာစပြီးသင်မယ်၊ သင်ပုန်း (သစ်သားသင်ပုန်း) အသင့်ရှိရင် ပြန်ယူချေဆိုလို့ ဖခင်က တစ်မိုင်လောက်ဝေးတဲ့ရွာကို ပြန်သွားရတယ်။ ဖခင် သင်ပုန်းထမ်းပြီးပြန်ရောက်လာတော့ မောင်ဖျော်က သင်ပုန်းကြီးစာကို အကုန်တတ်သွားပြီလို့ ဆိုပါတယ်။

အဲဒီနောက်မှာ မင်္ဂလသုတ်သင်မယ်ဆိုတော့ ကျောင်းမှာ မင်္ဂလာသုတ်ပေစာ မရှိဘူး။ ဒါကြောင့် နှစ်မိုင်သုံးမိုင်လောက်ဝေးတဲ့ ရွာကဘုန်းကြီးကျောင်းတစ်ခုမှာ ပေစာငှားဖို့ လွှတ်လိုက်တယ်။ မောင်ဖျော်က အဲဒီစာကို လမ်းမှာဖတ်လာရင်း

အလွတ်ရသွားတယ်။

အဲဒီလိုနဲ့ ပိဋကတ်တော်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ကိုပဲ ပေါက်မြောက်သွားတယ်။ ပိဋကတ်တော်ဆိုင်ရာ ကျမ်းတွေလည်း အတော်များများ ပြုစုခဲ့ပါသေးတယ်။ အဲဒီနောက်မှာတော့ ဗေဒင်၊ နက္ခ၊ ဆေးဝါး၊ အင်္ဂလိပ် စတဲ့ လောကီပညာတွေဘက်ကို လိုက်စားလိုက်တော့တာပဲ။ တကယ်ဆိုတော့ ဒါတွေက ထေရဝါဒ ရဟန်းတော်များရဲ့ အလိုအရဆိုရင် ဝိနည်းတော်နဲ့ မညီဘူး၊ ဗာဟိရ (ပြင်ပ) ကိစ္စတွေလို သတ်မှတ်ကြတယ်။ ဆရာတော်ကတော့ ပညာရပ်ကို သိချင်စိတ်၊ တတ်ချင်စိတ်က ဦးဆောင်နေဟန်ရှိပါတယ်။ ဒီလို ပညာရပ်တွေကို လိုက်စားလွန်းတာကြောင့် တခြားဆရာတော်များကို ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော် စသည်ဖြင့် 'ရှင်' ထည့်ပြီး မခေါ်ကြဘဲ 'ခင်ကြီး' လို့ ခေါ်ကြလေသလားလို့ ထင်မိပါတယ်။

ပညာရနိုင်တဲ့နေရာကို ရောက်အောင်သွားပြီး ပညာဆည်းပူးတာတော့ဖြင့် အံ့သြလောက်တဲ့ ဆရာတော်ပါပဲ။ တစ်ခါမှာတော့ ရွှေဖြစ်ငွေဖြစ် အင်္ဂလိပ်ပေါက်နေပြီဆိုတဲ့ ဆရာတော်ကြီးတစ်ပါးထံ နည်းခံဖို့သွားတယ်၊ ဆရာတော်ထံရောက်ပြီး ပညာသင်ယူလိုပါကြောင်း လျှောက်ထားတယ်။ အနားမှာလည်း မျက်ခမ်းစပ်နေတဲ့ ဦးပဥ္စင်းကြီးတစ်ပါးရှိတယ်။ အင်္ဂလိပ်ရဲ့ သဘောတွေ၊ ရွှေဖြစ်၊ ငွေဖြစ်ထိုးတဲ့ အခြေခံသဘောတွေကို ရှင်းပြတယ်။ ခင်ကြီးဖျော်ကလည်း ဆစ်ဆစ်ပိုင်းပိုင်းမေးတယ်။ မေးလို့ကျေနပ်တော့ ကျေးဇူးကြီးလှကြောင်းဝန်ခံပြီး ပြန်ခွင့်ပြုဖို့ လျှောက်တယ်။ ဆရာတော်က 'မင်း– မသင်တော့ဘူးလား' ပေါ့။ ခင်ကြီးဖျော်က 'ဒီလောက်ဆိုရင် လုပ်တတ်ပါပြီ' ပေါ့။

http://www.cherrythitsar.org



ဆရာတော်က မယုံနိုင်လောက်အောင်ဖြစ်သွားပြီး ‘ကိုင်း –ဒါဖြင့် စမ်းကြည့်စမ်းပါကွာ၊ လာ ဖိုကင်းကုပ်ထဲ သွားကြစို့’ လို့ပြောပြီး ခင်ကြီးဖျော်ကို ပစ္စည်းအစုံအလင် ချပေးတယ်။ ထိုးစမ်းပေါ့။ ထိုးတယ်၊ ဖြစ်တယ်။ ဆရာတော်လည်း အလွန့်ကို အံ့သြခြင်း ဖြစ်သွားတယ်။ ပြီးတော့မှ မိန့်လိုက်တာက– ‘အင်း ...မင်းက တော့လည်း ဉာဏ်ခံကြီးပါပေးကွယ်။ ငါ့ကျောင်းက အကန်းကြီး ကတော့ သင်လိုက်ရတာ သေခါနီးနေပြီ၊ ခုထက်ထိ ရွှေမဖြစ် သေးဘူး’ တဲ့။ ဒီတော့ အနားမှာရှိတဲ့ မျက်ခမ်းစပ် ဦးပဥ္စင်းကြီး က ‘မီးပူမှ ရွှေရ–အသုံးမကျနည်း’ လို့ ကပ်တိုးတိုးရွတ်ပြီး သူ့တဲကျောင်းကလေးရှိရာကို ပြန်သွားတယ်။ အဲဒါကို ခင်ကြီး ဖျော်က ကြားမိအောင်ကြားလိုက်တယ်။ ခဏရှိတော့ အဲဒီ တဲကျောင်းကိုလိုက်သွားပြီး အဲဒီပဥ္စင်းကြီးကို ဝတ်ဖြည့်တယ်။ ဦးပဥ္စင်းကြီးက သူ့ကိုနှုတ်ဆက်ကန်တော့ဖို့ လာတယ်ထင်တာ ကြောင့် ‘ပြန်တော့မလား’ပေါ့။ ခင်ကြီးဖျော်က ‘မပြန်သေးပါ ဘူး ဘုရား၊ အရှင်ဘုရားဆိုက မီးမပူဘဲ ရွှေရတဲ့နည်းကို သင်ယူပါရစေ ဘုရား၊ တပည့်တော်ကို သနားသဖြင့် ပညာပေး တော်မူပါဘုရား’လို့ လျှောက်တယ်။ ဦးပဥ္စင်းကြီးလည်း အံ့အား သင့်သွားတယ်။ ဒါပေမယ့် ကျေကျေနပ်နပ်ပဲ ပညာကို ပေးလိုက် တယ်။ သူ့နည်းက ‘စမ’နည်း။ စမဆိုတာက အင်းချတာ ပါပဲ။ အင်းတွေကို စီရင်လိုက်ခြင်းအားဖြင့် တောတောင်မှာရှိတဲ့ ပိုင်ရှင်မဲ့ ရတနာများရှိရာကို သိနိုင်သော၊ ရအောင်ယူနိုင်သော နည်း၊ ပင်လယ်သမုဒ္ဒရာစတဲ့ ရေအောက်မှာရှိသော ရတနာ ရှိရာကိုသိနိုင်သော၊ ရအောင်ဖန်တီးနိုင်သော အင်းများစီရင်နည်း ပါပဲ။ အဲဒီပညာရပ်များကိုလည်း ရှေးနည်းတူ အလွယ်နဲ့

တတ်မြောက်ပြန်တယ်လို့ ဆိုပါတယ်။

ကဲ...ပြောချင်တာက အဲဒီလောက် ဉာဏ်ခံကြီးသူကို ဝါတွင်းသုံးလကုန်သည်အထိ သဒ္ဒါကြီးကို သင်ပေးနေခဲ့တယ် ဆိုကတည်းက အဲဒီဆရာဘုန်းကြီးဟာ ဘယ်လောက်ထိအောင် ထက်မြက်နက်နဲတယ်ဆိုတာ သိသာမနေပေဘူးလား။ နက်နက်နဲနဲ ထိုးထွင်းကြံစည်လေ့လာနည်း၊ စနစ်တကျ စူးစမ်းနည်းကို သင်ပေးလိုက်တာဖြစ်မှာပေါ့။ ရှေးခေတ်ဘုန်းတော်ကြီး တက္ကသိုလ်က ပါရဂူပါမောက္ခတစ်ပါး ဖြစ်မှာပေါ့။

ခင်ကြီးဖျော်ရဲ့ အကြောင်းကလေးတွေကို မှတ်မှတ်သား သားဖြစ် ကျန်ရစ်စေချင်လို့ ရေးလိုက်ရတာပါ။ တစ်ဆက်တည်း မှာပဲ သတိရလာလို့ တိုလီမိုလီကလေးတွေ ရေးလိုက်ပါရစေဦး။ မင်းတို့ ဖတ်မိကြဖူးမယ်ထင်တယ်။ ငါတို့ ဆယ်တန်းတုန်းက တော့ ပါမောက္ခဦးအေးမောင် ရွေးချယ်စီစဉ်တဲ့ 'ကဗျာ့ပန်းကုံး' စာအုပ်ထဲမှာ သင်ခဲ့ရသေးတယ်။

"မဝယ်ဘူး၊ မယ်ခူးတဲ့ ဖက်စို၊
မိုးမကူ၊ နေပူမှာ မကင်အားလို့၊
ထားရတယ် အိပ်ရာအောက်မှာ၊
မင်းသောက်ဖို့ကို၊
ညှာအနား၊ ရှေ့သွားနဲ့ကိုက်လို့တို၊
မချိုတောင့်လိပ်ဆေး၊
ပိုးမကူ၊ ဝါချည်ဖြူတစ်ပင်ရစ်ကယ်နဲ့၊
ငယ်ချစ်မောင် ရွှေဝသွားကို၊
ပါးလိုက်တဲ့လေး။ ။

အဲဒီကဗျာကို ငါ ခပ်ငယ်ငယ် ကလေးဘဝသာသာက

ကိုပဲ ရခဲ့ဖူးပါတယ်။ ငါ့အစ်ကိုကြီး သူငယ်ချင်း (မကြာမီကမှ ကွယ်လွန်သွားသူ) ကိုမြသော် (ဦးမြသော်)က နှုတ်တိုက်သင် ပေးတာပါ။ ငါ သင်ခဲ့ မှတ်ခဲ့ရတာမှာ 'ပိုးမကူ၊ စောင့်မြိုက်ကို အသာယူလို့၊ ဝါချည်ဖြူတစ်ပင်ရစ်ကယ်နဲ့'လို့ မှတ်ခဲ့ရပါတယ်။ **'စောင်မြိတ်ကိုအသာယူလို့'** ဆိုတာလေးက သိပ်ကိုလှတာပဲ။ လုံမငယ်လေး ခိုးကြောင်ခိုးဝှက်လုပ်ရတာလေးကို ပေါ်လွင်စေ တယ်။ စာကူးကြတဲ့အခါမှာ မေ့လျော့ကျော်လွှားကုန်ခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ ဒါလေးတွေက စာတစ်စောင် ပေတစ်ဖွဲ့လဲ မရေးလောက်ဘူး။ ဒါကြောင့် ကြုံတုံးကြုံခိုက် ပြောလိုက်ရတာ ပါ။ ကြုံခိုက်မှာပဲ စာကူးတာကျန်တတ်တဲ့အကြောင်း ပြောလိုက် ရဦးမယ်။ မင်းတို့ ဒသမတန်း ပင်ရင်းစကားပြေလက်ရွေးစင် မှာပါတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ 'သပြေနုချိန်' လေးချိုးကြီးမှာလည်း စာကူးတာ ကျန်နေရစ်ခဲ့သေးတယ်။ မင်းတို့ ပြဋ္ဌာန်းချက်မှာ 'သေလာရဂုံ ဝနာအလှဲ့ စောင်းမှာလ။ 'ဇေယျာဘုံ' သာတဲ့ကျောင်းဆီက"လို့ ပါတယ် မဟုတ်လား။ ကြားမှာ နှစ်ပါဒ ကျန်ရစ်ခဲ့တယ်။ မူလစာမှာ–

သေလာရဂုံ ဝနာအလှဲ့စောင်းမှာလ
**ရေဇလာယမုန် ပြာလဲ့လဲ့ ချောင်းတွင်မှ**
**ရွှေကြာပဒုံ အညာကန့်နွဲ့နွဲ့ ပျောင်းချိန်ပေါ့**
ဇေယျာဘုံ သာတဲ့ကျောင်းဆီက

မင်းတို့ ဖြည့်ပြီးရွတ်ကြည့်လိုက်ရင် အလွန်ကို နားဝင် ချိုတာ တွေ့ကြရပါလိမ့်မယ်။ စကားကြုံလာလို့ တိုလီမိုလီလေး တွေပါသွားတာ ခွင့်လွှတ်ကြပါတော့။

❐

# နှာနှာဖတ်ပစ်စမ်းပါ

အင်္ဂလိပ်စာအခြေခံလောက်ကို နားလည်ပြီဆိုရင် ကိုယ်ဝါသနာပါတဲ့ ပညာရပ်ဆိုင်ရာစာအုပ်ကို ဖတ်ကြဖို့သင့်ပါပြီ။ ပညာရပ်ဆိုင်ရာစာအုပ်တွေဟာ ပညာရပ်ကို ခက်စေကာမူ အင်္ဂလိပ်စာမှာ (များသောအားဖြင့်) လွတ်တတ်ကြပါတယ်။ အဲ– ဝတ္တုတို့လိုဟာမျိုးကို ဖတ်ပြီဆိုရင်တော့ စာရေးဆရာတစ်ယောက်နဲ့တစ်ယောက် မတူဘူး။ တချို့က ခက်ပြီလှတယ်။ တချို့က လွယ်ပြီးလှတယ်။ လွယ်တဲ့ စာရေးဆရာမျိုးကို (တတ်တဲ့လူကိုမေးမြန်းပြီး) ဖတ်သင့်ပါတယ်။ ငါ့သူငယ်ချင်းတစ်ယောက်ဆိုရင် (ငယ်ငယ်က) ကမ္ဘာကျော်ရည်းစားစာများဆိုတာကို သေချာကိုဖတ်တာ။ သူက ဝါသနာပါတာကိုး။ ဗိုလ်ချုပ်အောင်ဆန်းကတော့ ခေါင်းဆောင်ကြီးတွေရဲ့ နာမည်ကျော်မိန့်ခွန်းတွေကို ဖတ်ရုံတင်မကဘူး။ တချို့ကို အလွတ်တောင်ကျက်ပစ်လိုက်တယ်လို့ သိရတယ်။

ဒါလည်း အခြေခံသဒ္ဒါလောက်ကို ရပြီးရင်လို့သာ ပြောတာနော်။ စပါပြီဆိုကတည်းက 'ဒီမယ်... ယူ...ပြောပါ့မယ်

http://www.cherrythitsar.org



အိုင်…နားထောင်စမ်းပါဦး သူငယ်ချင်းရဲ့’ဆိုတာမျိုး ဖြစ်နေရင်တော့လည်း မဟုတ်သေးဘူးပေါ့ကွာ။

မင်းတို့က ငါတို့ထက် ကံကောင်းပါတယ်။ မင်းတို့ခေတ်မှာ ကျောင်းသားသုံး လွယ်လွယ်ရေးထားတဲ့ အင်္ဂလိပ်– အင်္ဂလိပ် အဘိဓာန်တွေ သိပ်ပေါတာပဲ။ အဲဒါမျိုးကောင်းကောင်း တစ်အုပ်နဲ့ ကြိုးစားပြီး နာနာဖတ်စမ်းပါ။ ၅ လလောက်ဆိုရင် သိသိသာသာကြီးကို တိုးတက်လာပါလိမ့်မယ်။

ဒါဖြင့် အပြောကျတော့ကော ဆရာလို့ မေးစရာရှိပါတယ်။ ပြောဖို့ကြုံလာရင် ပြောတတ်လာတာပဲကွ။ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်စကား အသုံးအနှုန်းတွေက ဖတ်နေရင်း ခေါင်းထဲမှာ မသိမသာဝင်လာနေတာကိုး။ ငါလည်းပဲ တောသားတစ်ယောက်ပါပဲ။ ဘယ်အင်္ဂလိပ်ပြောနည်းသင်တန်းမှ မတက်ခဲ့ဖူးပါဘူး။ အဘိဓာန်တစ်အုပ်နဲ့ ဖတ်နေခဲ့ရတာပါပဲ။ တက္ကသိုလ်ရောက်တော့ ဘီအေတန်းမှာ ‘အင်္ဂလိပ်ဘာသာစကားနှင့် ရသစာပေ’ကိုယူပြီး အောင်ခဲ့တာပါပဲ။ အဲဒီအတန်းမှာ (အဲဒီခေတ်က) အင်္ဂလိပ်ကပြားတွေနဲ့ ဘိုကျောင်းကလာတာတွေပဲ များတာပါ။ သူတို့ကတော့ ရွှတ်ရှက် ဒွတ်ဒက် တွေပါပဲ။ အင်္ဂလိပ်လို မှုတ်လိုက်ကြတာများ တရှုးရှုးနဲ့ ရေဘုံဘိုင်လေးဆို့နေတဲ့အတိုင်းပါပဲ။ ငါတို့က ဘယ်မှာမှုတ်နိုင်ပါ့မလဲ။ မှုတ်ချင်ရင်လည်း ‘ဖူး ဖူး’နဲ့ မီးမှုတ်သလို မှုတ်လိုက်ဖို့ ရှိတာပါပဲ။ ဘယ်မှာပြောနိုင်ခဲ့ပါ့မလဲ။ ပြောခွင့်ကလည်း မကြုံခဲ့ဘဲကိုး။ နောက်ပိုင်းမှာ မလွှဲသာမရှောင်သာ ပြောဖို့ကြုံလာတော့ ပြောနိုင်သွားတာပါပဲ။ ပထမပိုင်းမှာတော့ ထစ်အဲ ထစ်အဲပေါ့။ နောက်တော့လည်း အတန်အသင့် သွက်လာတာပါပဲ။

ပြောနေရင်း သတိရလာလို့ ကြုံခဲ့တာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က အင်္ဂလိပ်တစ်ယောက်က 'ယတြာ'ဆိုတာ ဘာလဲလို့ ငါ့ကို မေးဖူးတယ်။ ယတြာ ဆိုတာ အတုလုပ်တာ၊ ပရိယာယ်ဆောင် တာပဲ။ ဗမာရှင်ဘုရင်များလက်ထက်က 'ယတြာရ စစ်ဆင်' ဆိုတာတွေ ရှိတယ်။ စစ်မြေပြင်မှာ ထိတ်လန့်မှုမရှိအောင် အပြင်မှာ တကယ့်စစ်မြေပြင်ကဲ့သို့ အမြောက်သံ၊ ဗုန်းသံ၊ စည်သံ၊ မောင်းသံ၊ တခဲနက်ဟစ်ကြွေးသံ စသည်အားဖြင့် 'စစ်မြေပြင်အတုပရိယာယ်'နဲ့ လေ့ကျင့်ပြီး၊ စစ်သံယာဉ်ပါးပြီး ဆင်ကို 'ယတြာရစစ်ဆင်'လို့ ခေါ်တယ်။ ဗေဒင်မှာလည်း ဒီလိုပဲပေါ့ ဘုရင်မှာ 'ထီးနန်းကျကိန်းရှိတယ်' ဆိုရင် နန်းတော် ပေါ်ကဆင်း၊ ယာယီတဲနန်းနဲ့ စံမြန်းနေလိုက်တာပေါ့။ အတု လုပ်ပြီး ကိန်းချေတာပေါ့။ အဲဒီအကြောင်းတွေကို ငါက ရှင်းပြ လိုက်တယ်။ ဒီတော့ အဲဒီအင်္ဂလိပ်က ယတြာအကြောင်းကို သူ မေးကြည့်ခဲ့တာ လူနှစ်ဒါဇင်လောက်ရှိပြီ။ တစ်ယောက်မှ မပြောနိုင်ခဲ့ဘူး။ ဝိုးတိုးဝါးတားချည်းပဲလို့ ပြောပါတယ်။ ငါ ပြောလိုက်မှ သေချာနားလည်သွားတယ်ပေါ့။ ဒီတော့ အနားမှာ ရှိတဲ့ (ငါ မြန်မာစာသင်ပေးနေတဲ့) အင်္ဂလိပ်က 'ဆရာကြီး အင်္ဂလိပ်လို ပြောတတ်သလောက် ကျွန်တော် ဗမာလို ပြောတတ် ချင်လိုက်တာ'လို့ ပြောပါတယ်။

သူတို့ မေးခဲ့တဲ့လူတွေဟာ အင်္ဂလိပ်လို မွတ်နေကြတဲ့ လူတွေဖြစ်မှာပေါ့။ ဒါပေမယ့် သူတို့က ယတြာကိုမှ မသိတာ ဘယ်လိုလုပ်ပြောမလဲ။ ဒီနေရာမှာ မင်းတို့ သတိထားစေချင်တာ က 'ပြောတတ်ဖို့က မခက်ပါဘူး၊ ပြောစရာရှိဖို့က ခက်ပါတယ်'

http://www.cherrythitsar.org



ဒီတော့ စာတွေကိုသာ များများကြီး၊ နာနာကြီး ဖတ်ပစ်စမ်းပါ။ ပြောလည်း ပြောတတ်လာပါလိမ့်မယ်၊ ပြောစရာတွေလည်း ရှိလာပါလိမ့်မယ်။

ဒါဖြင့် နားထောင်တာတော့ကော ဆရာလို့ မေးချင်သေးတယ် မဟုတ်လား။ မင်းတို့က ငါတို့ထက် ကံကောင်းပါတယ်ကွ။ ရေဒီယိုရှိတယ်၊ တီဗွီရှိတယ်၊ ကက်ဆက်တွေရှိတယ်၊ ဗွီဒီယိုတွေရှိတယ်။ စကားပြောအသံသွင်း ကက်ဆက်ခွေ၊ ဗီဒီယိုခွေတွေရှိတယ်။ ကြိုက်သလောက် မင်းတို့နားတွေကို ကျင့်နိုင်ပါတယ်။ အသံကိုနားလည်ပါလျက် စကားတွေကို မသိတော့လည်း အခက်သားကွ။ ဒါကြောင့် နာနာဖတ်စမ်းပါလို့ ပြောနေရတာပါ။

စာဖတ်တာက ကြိုက်သလိုဖတ်၊ ကြိုက်တဲ့အချိန်ဖတ်။ ခါးကြားထိုးပြီး သွားလေရာယူသွား၊ ဘတ်စ်ကားစောင့်ရင်းဖတ်၊ လက်ဖက်ရည်သောက်ရင်းဖတ်၊ အားမနာပါးမနာဖတ်။ အဲဒီလောက် သည်းခံတဲ့မိတ်ဆွေ ဘယ်မှာတွေ့မလဲ။ ကိုယ့်အဖေရင်း အမေရင်းတောင်မှ စာအုပ်လောက် မင့်အပေါ် စိတ်ရှည်သည်းခံနိုင်မယ်မထင်ဘူး။

နောက်ပြီး မင်းတို့ခေတ်မှာ သိပ်ကံကောင်းနေတာက မိတ္တူကူးစက်တွေကလည်း ခလုတ်တိုက်ပြီးလဲမှာတောင် စိုးရတယ်။ ကိုယ်ကြိုက်တာတွေ့ရင် မိတ္တူကူးထားလိုက်ရုံပဲ။

ခက်နေတာက မင်းတို့ကွ။ မင်းတို့မှာ 'အဖော်မပါရင် ရန်မဖြစ်ဝံ့ဘူး' ဆိုတဲ့ သတ္တိမျိုး ဖြစ်နေကြပြီ။ ဘာကြောင့်လဲ ဆိုတော့ သူငယ်တန်းကစပြီး ကျောင်းစာကို သချ်ာကိုပါ အလွတ်ကျက်၊ ဆရာပေးတဲ့မှတ်စုကို 'သည်–၏' မလွဲမှတ်ပြီး

http://www.cherrythitsar.org



ဖြေ၊ အမှတ်ကောင်းကောင်းရ၊ စာမေးပွဲအောင်။ မအေက ကျောင်းကပြန်လာရင် အိမ်စာတွေကိုမေး၊ အမေ့ဆီမှာ အလွတ်ပြန်ဆိုပြ။ အဲဒီလို တောက်လျှောက် အိမ်ကလုပ်ပေးထား၊ ရှစ်တန်း ကိုးတန်း ရောက်လာတော့ အဲဒီစာတွေကို မအေက လည်း မသိတော့ဘူး။ ကိုယ့်ဘာသာကိုယ်ကျက်ရရော။ အရင်က ဒီလိုမလုပ်ခဲ့ရဖူးတော့ တစ်ယောက်ယောက်ဆီမှာ 'စာမပြန်'ရရင် ကိုယ့်ကိုကိုယ် မယုံကြည်တော့ဘူး။ အဲဒီတော့ 'ဂိုက်'ဆိုပြီး ငှားရပြန်ရော။ သူက ဘာလုပ်ပေးသတုန်း၊ စာပြန်တာကို နားထောင်ပေးတယ်။ ဒါပဲ။

အခုလို ဆယ်တန်းအောင်လာပြီးတော့၊ သို့မဟုတ် ကျောင်းပြီးပြန်တော့လည်း ကိုယ့်ကိုကိုယ် အင်္ဂလိပ်စာအခြေခံ လုံလောက်နေပြီလို့ကို မယုံကြည်နိုင်ဘူး။ ဆရာမပါရင် ဘာစာကိုမှ မဖတ်ဝံ့ဘူး။ အမြဲတမ်း အားကိုးရှာနေတာပဲ။ အဘိဓာန်တွေ ရှိသားပဲကွာ။

ကဲ...မင်းစိတ်ကို ပြောင်းပစ်လိုက်တော့။ ငါဟာ သူငယ်နှပ်စား မဟုတ်တော့ဘူး။ ငါ့ကိုယ်ငါ အားကိုးမယ်ဆိုတဲ့ စိတ်နဲ့ နာနာကြီးဖတ်ပစ်လိုက်စမ်းကွာ။ တစ်သက်လုံးပဲ လှေကားကြီးတကိုင်ကိုင်နဲ့ ပြီးတော့မှာလား။ မတက်ကြတော့ဘူးလား မျက်စိနောက်သကွာ။

❒

# စာသောကဒေဝီ

လူငယ်များအား ပညာကြိုးစားသင်ယူကြရန် ကျွန်တော် ကိုယ်တိုင် ပြောလည်းပြောသည်၊ ရေးလည်း ရေးခဲ့ပါသည်။ ခဏခဏ ပြောပါများလွန်းသောကြောင့် နားငြီးကုန်ကြပြီလား ဟုပင် စိုးရိမ်လောက်စရာ ဖြစ်နေပါသည်။

သို့ပါလျက်နှင့်ပင် သနားလောက်အောင် လွန်လွန်မင်း မင်း စာကြိုးစားနေကြသူများအကြောင်းကို ရေးလိုက်ပါဦးမယ်။

စာဖတ်သူတော့ဖြင့် တွေ့ဖူးလေမလားမသိ။ ကျွန်တော် မှာတော့ ကျောင်းဆရာတစ်ယောက် ဖြစ်နေသောကြောင့် သည်းထိတ်ရင်ဖို စာကိုကြိုးစားနေကြရှာသည့် ကျောင်းသားငယ် များကို မကြာခဏ တွေ့နေရပါသည်။ အထူးသဖြင့် မိန်း ကလေးတွေကို တွေ့ရတတ်ပါသည်။ သူတို့မှာ နေ့လည်း စာ၊ ညလည်း စာ၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဆိုတာမျိုး ဖြစ်နေကြသည်။ အဲဒီလို စွဲစွဲလမ်းလမ်း ပညာကြိုးစားနေတာ မကောင်းဘူးလားဟု မေးစရာရှိပါသည်။ မကောင်းပါဘူး၊ လုံးဝ မကောင်းပါဘူးဟု ကျွန်တော်က ပြောလိုက်ချင်ပါသည်။

အညောင်းပိမှာစိုးလို့လား၊ ကျန်းမာရေးကို ထိခိုက်မှာစိုးလို့လားဟု ထပ်ပြီး မေးချင်ပါလိမ့်မည်။ မဟုတ်ပါ။ သူတို့ကြိုးစားနေကြပါသည်။ သို့သော် စိတ်က ပုံမှန်မဟုတ်တော့ပါ။ ပုံမှန်မဟုတ်တော့ဘူးဆိုတော့ ရူးနေလို့လား၊ ကြောင်နေလို့လားဟု မေးစရာရှိပြန်ပါသည်။ သင်ခန်းစာတွေကိုမေးလိုက်လျှင် ဒိုးခနဲ ဒေါက်ခနဲ ကောက်ကာငင်ကာ ဖြေနိုင်နေပါတဲ့နောက် သည်ထက်ကောင်းတဲ့ဦးနှောက် ရှိပါဦးမလား။

ရုတ်တရက်ကြည့်လိုက်လျှင်တော့ စာကြိုးစားသော၊ စာတော်သော မိန်းကလေးတစ်ယောက်ပါပဲ။ သို့သော် သေချာအနီးကပ်လေ့လာကြည့်လိုက်လျှင် အရွယ်နှင့်မမျှအောင် သောကတွေ ဖိစီးခံနေရသည့် မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကိုတွေ့ရမည်သာ ဖြစ်ပါသည်။ သောကတွေဟု ကျွန်တော်က ဆိုလိုက်ပါသည်။ မှန်ပါသည်၊ တော်ရုံတန်ရုံ သောကမျိုးမဟုတ်ပါ။ အင်္ဂလိပ်စာတွေ မကျက်ရသေးဘူး။ သင်္ချာအိမ်စာ မလုပ်ရသေးဘူး။ လပတ်အစမ်းက နီးနေပြီ၊ မြန်မာစာခက်ဆစ်တွေ မပိုင်သေးဘူး၊ ဒီတစ်ပတ်စာမေးပွဲအဆင့် နိမ့်သွားရင်ဒုက္ခပါပဲ စသည်စသည် သောကတွေတစ်ပြုံကြီး သူ့ကိုနှိပ်စက်နေသည်။ ထို့ကြောင့် ကျွန်တော်က သူတို့ကို ‘စာသောကဒေဝီ’လေးများအဖြစ် သနားနေမိသည်။ ပညာရေးအတွက် ဒီလိုပူပင်ကြောင့်ကြနေတာ ချီးမွမ်းစရာကောင်းသည်ဟု ဆိုစရာရှိသည်။ အချီးမွမ်းမစောစေချင်ပါ။

ကျွန်တော်တွေ့ရသလောက် များသောအားဖြင့် သူတို့သည် စာတွေကိုအလွတ်ရအောင်၊ သင်္ချာကိုပင် အလွတ်မှတ်မိနေအောင် ကြိုးစားနေကြခြင်းသာ ဖြစ်သည်။ ကျိုးကြောင်းဆက်စပ်

http://www.cherrythitsar.org



စဉ်းစားပြီး ကောက်ချက်ထုတ်ယူတတ်သည့် အလေ့အထုံ ပွားများနေနည်းမျိုးမဟုတ်။ စာထဲတွေ့သမျှ၊ ဆရာသင်သမျှကို မှတ်မိအောင်လုပ်နေကြခြင်းများသာလျှင် ဖြစ်နေသည်။ လုပ်လည်း လုပ်ပေလိမ့်မည်။ ဒီနည်းကိုသုံးစွဲခြင်းအားဖြင့်ပင် မူလတန်းကစပြီး အထက်တန်းရောက်သည်တိုင်အောင် နှစ်တိုင်း ပညာချွန်ဆုတွေ မြိုင်နေအောင်ရခဲ့ပြီမဟုတ်လား။ စာအုပ်ထဲ ပါသည့်အတိုင်း 'သည် ၏' မလွဲ ရေးဖြေလိုက်နိုင်လျှင် အမှတ်ပြည့် ဒင်ခနဲရခဲ့သည်ချည်းပဲ မဟုတ်လား။

ကျောင်းတွင်း ကျောင်းစစ် အတန်းငယ်စာမေးပွဲတွေမှာ တော့ ကိစ္စမရှိ၊ ဆရာဖြစ်သူကလည်း စကားရိပ်ကလေးဘာလေး ပေးပေးတတ်သည်။ မပေးဘူးဆိုဦးတော့ ကိုယ့်ဆရာ/ဆရာမက မည်သည့်အပိုင်းကို ကြိုးစားပမ်းစားသင်သည်၊ မည်သည့်အပိုင်း ကို ပိုပြီးစိတ်အားထက်သန်သည် ဆိုတာကို အထာသိနေသည်။ ဒီတော့ စာမေးပွဲတွင် မေးလောက်သည့်မေးခွန်းကို ရေးနိုင်၊ မှန်းနိုင်သည်။ ဆယ်တန်းရောက်လာပြီဆိုတော့ မေးခွန်းကလည်း ကိုယ့်ဆရာထုတ်တာမဟုတ်၊ ဟိုအထက် ဆရာ့ဆရာကြီးများက ထုတ်မှာ။ ဘယ်အပိုင်းကို မေးလိုက်မလဲဆိုတာကို မှန်းကြည့် လိုက်တော့ တစ်အုပ်လုံးမေးနိုင်တာချည်းပဲ ဖြစ်နေသည်။ ဘယ် ဟာကိုမှ ချန်မထားခဲ့ဝံ့။ အကုန်လုံးကို ဒေါက်ဒက်လန်အောင် ကျက်နေရတော့သည်။

တန်းစဉ်ဆုပေးပွဲများ၌ ဆုယူခဲ့သည့် ဓာတ်ပုံတွေ လက်မှတ်ကဒ်ပြားတွေ ဘီရိုပေါ်မှာရော၊ နံရံပေါ်မှာရော တစ်တန်းကြီး။ မှန်ဘီရိုထဲတွင်လည်း တံဆိပ်တွေ၊ ဒိုင်းတွေက လည်း အစီအရီ။ ဒါတွေကလည်း သူ့ကို ခြောက်လှန့်နေသည်။

အဲဒါတွေက ခြောက်လှန့်နေတော့ ဘာဖြစ်လာသလဲ။ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားနိုင် ဖြစ်လာရသည်။

ကျွန်တော်ကိုယ်တွေ့ကို ရေးလိုက်ရပါဦးမည်။ သူ့မိဘများက ကျွန်တော်ကို တိုင်တည်ပြောဆိုသောကြောင့် သိလာရခြင်းပါ။

ညမှာ သမီးဖြစ်သူ 'စာသောကဒေဝီ'က နာရီနှိုးစက်ပေးပြီး ထစာကြည့်သည်တဲ့။ ဒါများ အဆန်းလားဟု မပြောလိုက်ပါလေနဲ့။ မနက်စော လေးနာရီ၊ ငါးနာရီ နှိုးစက်ပေးပြီး စာထကြည့်တာမျိုးမဟုတ်။ ည ၁၂ နာရီလောက်မှာအိပ်။ နှိုးစက်က ၂ နာရီမှာမြည်၊ စာထကြည့်၊ လေးနာရီမှာပြန်အိပ်၊ ၆ နာရီမှာ နှိုးစက်မြည် စာထကြည့်။ ဒီလိုဖြစ်နေရုံမျှမက မိဘတွေက စာအကြည့်လျှော့ဖို့ပြောလိုက်လျှင် သူ့ကိုမြည်တွန်တောက်တီးဟု ထင်လာသည်။ ညည်တော့ မိဘကလည်းသမီးအတွက် စိတ်မကောင်း။ ဒီကြားထဲမှာ စာတွေအကုန် နှုတ်ငုံရလိုက်လျှင် ပညာတတ်ပြီဟုထင်နေသော သူတို့အတွက် ကျွန်တော်ကလည်း စိတ်မကောင်း။ ကျွန်တော်တို့ဆရာ၊ မိဘ၊ ကျောင်းသားသုံးဦးပေါင်းပြီး စိတ်မကောင်းဖြစ်နေကြပုံကို စဉ်းစားသာကြည့်ပါတော့။

ဗမာတစ်ပြည်လုံးမှာ 'စာသောကဒေဝီ'တွေ ဘယ်လောက်များရှိနေပြီလဲ မသိနိုင်တော့ပြီ။ တကယ်ဆိုတော့ စာသင်တယ်ဆိုတာ ပညာတတ်ဖို့မဟုတ်ပါဘူး။ ဒါကို ကလေးတွေက သဘောကို မပေါက်နိုင်ကြတော့ပြီ။ စာတွေ့အသိကို အပြင်မှာ လက်တွေ့ အသုံးချဖို့ လုမ်းပြီးမျှော် အကျင့်အထုံကို မလုပ်ကြ။ 'အရှေ့အနောက်သိချင် တို့အိမ်လိုက်ခဲ့' ဟူသော စကားလို

## ၁၁၂ ❍ အောင်သင်း

ကိုယ့်အိမ်ထဲမှာသာ အရှေ့အနောက်သိပြီး အိမ်ပြင်ထွက်လိုက်တော့ ရှေ့နောက်ပျောက်သွားလျှင် ဘာအဓိပ္ပာယ်ရှိပါတော့မည်နည်း။

ကျွန်တော်လည်း သမီးငယ်ကလေးကို တတ်နိုင်သမျှ၊ တတ်သမျှ မှတ်သမျှ ပြောဆို အကြံဉာဏ်ပေးခဲ့ပါသည်။ ဆက်ပါဦးမည်။

❒

# မဝန်းမိ နားပါ

ယခင်တစ်ပတ်က စာကို အလွန်အမင်းကျက်မှတ်ပြီး စာအတွက် သောကရောက်နေကြရရှာသည့် ကလေးငယ်များ အကြောင်းကို ရေးခဲ့ပါသည်။

သူတို့တစ်တွေမှာ စာကိုကြိုးစားနေကြသည်မှာ မှန်ပါသည်။ သို့သော် သာမန်ပုံမှန် သူလိုငါလို ကြိုးစားနည်းမျိုး မဟုတ်ကြ။ တထိတ်ထိတ် တလန့်လန့် ကြိုးစားနေကြခြင်းသာ ဖြစ်သည်။ သောကစိတ်တွေက မတရားဖိစီးနေသည်။ စိတ်ကို ပေါ့ပေါ့ပါးပါး မထားနိုင်ကြ မထားတတ်ကြအောင်ဖြစ်နေသည်။ စိတ်ကို ပေါ့ပေါ့ပါးပါး မထားနိုင်ကြလေတော့ ကြိုးစားသလောက် ခရီးမတွင်၊ ကျက်သလောက် မမှတ်မိ ဆိုတာမျိုး ဖြစ်လာသည်။

လူ့စိတ်ဆိုသည်ကလည်း အခက်သား၊ ဖဲထိုင်ရိုက်လျှင် တစ်ညလုံးလင်းပေါက် မအိပ်မငိုက်ကစားနိုင်သော်လည်း တရားထိုင်ပြီဆိုလျှင် ငါးမိနစ်လောက်ကိုတောင် ငြိမ်ငြိမ်မနေချင်။ ထို့အတူ ကလေးငယ်များအဖို့မှာ တီဗီဂိမ်းကို နှစ်နာရီလောက်

မထတမ်း ဆော့နိုင်စေကာမူ စာသင်ပြီဆိုလျှင် မိနစ်နှစ်ဆယ် လောက်လွန်သွားပါက တယ်ပြီး စိတ်မဝင်စားချင်တော့။ ထို့ကြောင့် ကလေးငယ်များကို စာသင်ပြီဆိုလျှင် မကြာခဏ လမ်းကြောင်းပြောင်းပြီး ပုံပြောခြင်း၊ ဟိုအကြောင်းဒီအကြောင်း လျှောက်ပြောခြင်း လုပ်ပေးရသည်။ ပြီးမှ စာသင်ခြင်းကို ပြန် ရောက်အောင်လုပ်ရသည်။

'မပန်းမီးနားပါ' **(Rest before you get tired)**ဟူသော စကားကလေးကို 'စာသောကဒေဝိ' လေးများ မှတ်ထားကြဖို့ ကောင်းသည်။ သုတေသနပြုချက်တစ်ခုကို မှတ်သားရဖူးသည်။ စစ်သားများ ခရီးရှည်ချီတက်မှုတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ တပ်ခွဲတစ်ခုကို ၄ နာရီလုံးလုံး မနားစေဘဲ ချီတက်စေသည်။ နောက်တပ်ခွဲတစ်ခုကိုတော့ တစ်နာရီလျှင် ၅ မိနစ်နားပြီး ၄ နာရီ ချီတက်စေသည်။ ဒုတိယတပ်ခွဲက ကြားသုံးနာရီတွင်နား သည့်အတွက် ၁၅ မိနစ်ချီတက်ချိန် လျော့သွားသည်။ သို့သော် ထိုတပ်ခွဲက ပိုပြီးခရီးရောက်ခဲ့သည်။ ထို့ကြောင့် ခရီးရှည် ချီတက်ကြပြီဆိုလျှင် တစ်နာရီတစ်ကြိမ် ၅ မိနစ်ကျ အနားပေး သည်မှာ ထုံးစံဖြစ်နေလေပြီ။

စာကြည့်ကြပြီဆိုလျှင်လည်း ဆက်တိုက်ကြည့်ချိန် တစ် နာရီ (အလွန်စိတ်ဝင်စားလှပါမှ) တစ်နာရီခွဲလောက်သာ ဖြစ် သင့်သည်။ ထိုမျှလောက်ကြည့်ပြီးလျှင် ၁၀ မိနစ်တန်သည်၊ ဆယ့်ငါးမိနစ်တန်သည်အားဖြင့် ခဏအနားယူ။ ကက်ဆက်နား ထောင်၊ ဟိုဟာလုပ် ဒီဟာလုပ် အပြောင်းအလဲ ပေါ့ပေါ့ပါးပါး လုပ်ပစ်သင့်သည်။ ကျောင်းတွင် စာသင်ချိန်များကို တစ်ချိန်လျှင် မိနစ် ၄၀ သက်မှတ်ထားသည်မှာ ရမ်းသမ်းပြီး တော်သလို

သင့်သလို လုပ်ထားခြင်းမဟုတ်။ ကျောင်းသားငယ်များ အာရုံ စိုက်နိုင်စွမ်းချိန်တာကို တွက်ချက်ပြီး အပြောင်းအလဲ လုပ်ပေး ထားခြင်းဖြစ်သည်။ ဆရာတစ်ယောက်နှင့်တစ်ယောက်၊ ဘာသာ ရပ်တစ်ခုမှတစ်ခု ပြောင်းလဲနေသောကြားကာလတွင် အနည်းဆုံး ၅ မိနစ်လောက်တော့ လူရောစိတ်ပါ အညောင်းပြေသွားသည်။ အချင်းချင်းစကားပြောနိုင်သည်။ ရယ်နိုင်မောနိုင်သည်၊ ရေထွက် သောက်နိုင်သည်။

အိမ်တွင် တစ်ဦးတည်း စာကြည့်သည့်အခါတွင်လည်း ဤသို့ အနားယူမှုမျိုး လိုအပ်သည်သာဖြစ်ကြောင်း သတိပြုသင့် ကြသည်။

လေးကိုင်းကို ဒေါင်တင်ထားသောလေးညှို့ကို အမြဲတမ်း သည်အတိုင်းတင်ထားသည် မဟုတ်။ အသုံးပြုတော့မည်ဆိုကာမှ ဒေါင်တင်ထားခြင်းဖြစ်သည်။ သုံးပြီးလိုက်သည်နှင့် လေးညှို့ မျက်ကွင်းကို ဖြုတ်ချထားလိုက်မြဲဖြစ်သည်။ ထိုနည်းတူ ကိုယ်နှင့် စိတ်ကို လျှော့ချတတ်အောင် သတိပြုလေ့ကျင့်သင့်ကြသည်။ အထူးသဖြင့် စာမေးပွဲအတွက် အငမ်းမရ စာကြိုးစားနေကြသူ များအတွက် ပိုပြီးအရေးကြီးသည်။

ကိုယ်နှင့်စိတ်ကို အနားပေးနည်းတစ်ခုကိုတော့ ထည့်ပြီး ရေးလိုက်ပါဦးမည်။

အိပ်ရာပေါ်တွင် လဲလျောင်းလိုက်ပါ။ တစောင်းဖြစ်စေ၊ ပက်လက်ဖြစ်စေ ဘယ်လိုနေနေအရေးမကြီးပါ။ သက်သာသလို နေလိုက်ပါ။ အရေးကြီးသည်က အရပ်ကြိုးပြတ် ပုံကျနေဖို့သာ ဖြစ်သည်။ တစ်ကိုယ်လုံး မည်သည့်နေရာကမျှ တောင့်တင်းမနေ ပါစေနှင့်။ လည်ပင်းကလေးကိုအားစိုက်ပြီး ခေါင်းကလေးကို

ထောက်ကန်ထားသလား၊ သတိထားကြည့်ပါ။ ထောက်ကန်ထားသည်ကိုတွေ့လျှင် လျှော့ပြီးဖြုတ်ချလိုက်ပါ။ ဒူးကို နည်းနည်းလေးအားစိုက်ထားမိသလား။ ဖြုတ်ချလိုက်ပါ။ တစ်ကိုယ်လုံးတွင် ဘယ်နေရာက ကြွက်သားကိုများ အားထည့်ထားမိသေးလဲ လျှောက်ပြီး စစ်ဆေးကြည့်ပါ။ အရုပ်ကြိုးတွေ အားလုံးလျှော့ပြီး ပစ်ချထားသည့် အရုပ်လိုဖြစ်နေအောင် နေလိုက်ပါ။

အဲသည်နောက် စိတ်ကိုလျှော့လိုက်ပါ။ ဘာကိုမှ စဉ်းစားမနေပါနှင့်။ စဉ်းစားကြံဆသည့် ကိစ္စဆိုလျှင် ဘာဆိုဘာမှ မလုပ်ပါနှင့်။ စိတ်ကို ရောက်ချင်ရာရောက်၊ ပြေးချင်ရာပြေးနေပါစေ။ သူ့အတိုင်း လွှတ်ထားလိုက်ပါ။ မျက်စိကိုလည်း မှိတ်ထားဖို့ မမေ့ပါနှင့်။ မိမိကိုယ်မိမိ အကန့်မရှိ အပြောကျယ်လှသော အာကာသကောင်းကင်တစ်ခွင်တွင် စိတ်ရှိတိုင်း ဝဲပျံနေသော ငှက်တစ်ကောင်လို လွင့်မျောထားလိုက်ပါ။ အမှတ်မထင် မေ့ခနဲ မှိန်းပြီး ငိုက်မြည်းသွားတတ်သည် အလွန်ကောင်းပါသည်။ ဘယ်တော့မှ ကြာကြာကြီးအိပ်မပျော်သွားပါ။ ခဏလောက်ရှိလျှင် ပြန်နိုးပါသည်။ နိုးလာလိုက်သည်နှင့်တစ်ပြိုင်နက် လန်းဆန်းကြည်လင်နေပါလိမ့်မည်။

ကိုယ်ခန္ဓာပါ ညောင်းနေပြီဆိုလျှင်တော့ ကာယလေ့ကျင့်ခန်းတစ်ခုခုကိုလုပ်ပြီးမှ အထက်က အနားယူနည်းမျိုးကို လုပ်သင့်သည်။

စာမေးပွဲအောင်မြင်ဖို့ ကြိုးစားနေရင်း 'စာမေးပွဲကျေးကျွန်' ဖြစ်မသွားဖို့ သတိထားသင့်ကြသည်။ သံမဏိသူဌေးကြီး 'အင်ဒရူးကာနက်ဂျီ'သည် သန်းပေါင်းများစွာကြွယ်ဝခဲ့သည်။ 'ကျုပ် ချမ်းသာအောင် ကြိုးစားခဲ့တယ်။ ဒါပေမယ့်

အလုပ်ရဲ့ ကျေးကျွန် ဘယ်တော့မှ အဖြစ်မခံဘူး။ ကောင်းကောင်း ကြီးအနားယူတယ်။ ငွေကြေးလည်း ချမ်းသာလာခဲ့တယ်။ ဒါပေမယ့် ချမ်းသာခြင်းရဲ့ကျေးကျွန် ဘယ်တော့မှအဖြစ်မခံဘူး။ နောက်ပြီး ချမ်းသာရက်ကြီးအတိုင်း သေရတာဟာ ကျက်သရေယုတ်တယ်’လို့ ပြောလေ့ရှိသည်။ တကယ်ပဲ မသေခင်ကလေးမှာ ဒေါ်လာသန်းပေါင်းရှစ်ဆယ်နဲ့ သူ့လုပ်ငန်းကြီးတစ်ခုလုံးကို အပြီးပိုင်ရောင်းပြီး ထိုငွေတွေကို စာသင်ကျောင်းများ၊ စာကြည့်တိုက်များသို့ ခွဲဝေလှူဒါန်းပစ်ခဲ့သည်။

**Leisure nounishes the body and the mind.**

စိတ်လက်ပြေ၊ အပန်းဖြေ၊ စိတ်လက်ပြေမှ အားသစ်ရ။

❐

# ကြည့်ညိုလိုက်တာ

ဒီအပတ်တော့ဖြင့် 'ထူးထူးခြားခြား ကိစ္စလေးတစ်ခု အကြောင်းကို ရေးလိုက်ရဦးမယ်။

မကြာသေးမီက 'မြေနီကုန်းပလာဇာ'အဆောက်အအုံကြီးရှေ့မှာ သိပ်ဟောင်းကျွမ်းဟောင်း တပည့်ကလေးတစ်ယောက်ကို တွေ့ပါတယ်။ သိပ်ဟောင်းကျွမ်းဟောင်းလို့ ရေးလိုက်ရတာက သိနေခဲ့တာကြာပြီမို့ ရေးလိုက်ရတာပါ။ ရင်းရင်းနှီးနှီးကြီး သိတာမျိုးမဟုတ်ပါဘူး။ တပည့်တစ်ယောက်နဲ့ပတ်သက်ပြီး ဆေးတက္ကသိုက်အတန်းနုစဉ် ကာလကတည်းက သိနေခဲ့ပါတယ်။ အခုအချိန်လောက်ဆိုရင်ဖြင့် ဘွဲ့ယူပြီးလောက်ပြီလို့ မှန်းနိုင်တာပေါ့လေ။ သူက ဝမ်းသာအားရ နှုတ်ဆက်ပါတယ်။ နောက်မှသိလာရတာက သူဟာ ဆရာဝန်မလုပ်တော့ဘူး။ ဘွဲ့မယူတော့ဘူးလို့ သိရပါတယ်။ ဒါတွေကတော့ သူ့ကိုယ်ရေးကိစ္စတွေသာဖြစ်တဲ့ အပြင် အခုရေးချင်တဲ့ အကြောင်းအရာနဲ့လည်း မသက်ဆိုင်တာမို့ မရေးတော့ပါဘူး။ သူပြောတာက...

'ဟိုတလောက ဈေးကွက်ထဲမှာ ပြေ (ဆေး ၂) ရဲ့

အကြောင်း ဆရာရေးလိုက်တာလေးကို ဖတ်လိုက်ရပါတယ် ဆရာ။ ကျွန်တော် သိပ်ကြိုက်တာပဲ ဆရာ။ ဆရာပြောသလို ကျွန်တော်တို့ကို တက္ကသိုလ်က ဘာပညာရပ်ကိုပဲ သင်ပေးလိုက် သည်ဖြစ်စေ တကယ့်အရေးအကြီးဆုံးက လေ့လာစူးစမ်းနည်း **How to Study** ဆိုတာကို သင်ပေးလိုက်တယ်ဆိုတာ အမှန်ပဲ ဆရာ။ အဒါကိုတွေးလိုက်မိရင် ကျွန်တော်လေ ဆေးတက္ကသိုလ် ရဲ့ ကျေးဇူးကို လှိုက်လှိုက်လှဲလှဲ သတိရမိပါတယ်။ ဆရာပြော သလို 'ကိုပြေ'လည်း အဲဒါကိုရသွားတာပါပဲ၊ ဒါ့ကြောင့် သူလည်း ဆေးပညာနဲ့ဘာမှမဆိုင်တဲ့ ရုပ်ရှင်ပညာကို လုပ်လိုက် ပြန်တော့ စနစ်ကျအောင် ဆည်းပူးလိုက်နိုင်တာပဲပေါ့။ တကယ် လို့ ကိုပြေဟာ အဲဒီလုပ်ငန်းကို ဆက်ပြီး လုပ်ရင်လည်းအောင် မြင်မှာပဲလို့ ကျွန်တော် ယုံကြည်မိတယ် ဆရာ။ ကျွန်တော်လဲ ကိုယ်တွေ့အရ...'

'အေး...နေစမ်းပါဦး၊ မင်းက အခု ဘာလုပ်နေသလဲ'

'ကျွန်တော် ကုမ္ပဏီတစ်ခုမှာ ကွန်ပျူတာစာရင်းဇယား ဆိုတဲ့ ကိစ္စမျိုးမှာ လုပ်နေပါတယ် ဆရာ။ ကျွန်တော် အဲဒါကို ဆက်ပြီးပြောမလို့ပါပဲ။ အဲဒီလုပ်ငန်းဟာ ကျွန်တော် သင်ယူခဲ့တဲ့ ပညာနဲ့ ဘာဆိုဘာမှ မဆိုင်ဘူး ဆရာ။ ဒီစာရင်းဇယားဆိုတာ တွေ၊ ကွန်ပျူတာဆိုတာတွေဟာ ကျွန်တော်အဖို့ တကယ့်ကို နယ်သစ်ပယ်သစ်တွေပါ။ ဒါပေမယ့် ဆရာပြောသလို စူးစမ်း လေ့လာနည်းကို အခြေခံရထားလိုက်ပြီဆိုတော့ အချိန်တိုတို အတွင်းမှာ သိပ်ကိုခရီးရောက်ခဲ့ပါတယ်။ သက်ဆိုင်ရာ အကြီး အကဲတွေကလဲ ကျွန်တော် စီစဉ်တာတွေ၊ အထားအသိုတွေကို သိပ်ပြီး ကျေနပ်ကြောင်း ဖွင့်ပြောကြပါတယ်။ နောက်ဆုံးမှာ

http://www.cherrythitsar.org



ကျွန်တော်ပြောချင်တာက ဆရာ့စာထဲမှာပါသလို တက္ကသိုလ်ဆိုတာ ပညာသာလျှင်မကဘူး၊ တကယ်ပေးလိုက်တာ စူးစမ်းလေ့လာနည်း၊ ဆင်ခြင်သုံးသပ်နည်းတွေဖြစ်တယ်။ အဲဒါကိုရအောင်မယူနိုင်ရင် တက္ကသိုလ်ရောက်သည် မမည်ဘူးဆိုတာ အမှန်ပဲ ဆရာ’

‘ဒါဖြင့် မင်းလည်း ဆရာဝန်မဖြစ်ဘဲ စာရင်းကိုင်ချုပ်ကြီးပဲ ဖြစ်နေပြီပေါ့’

‘ခုလောလောဆယ်မှာတော့ အဲဒီလိုပဲ ဖြစ်နေတာပေါ့ဆရာရယ်။ ဒါပေမယ့် ဆရာရေ… ဆရာဝန်မဖြစ်ပေမယ့် ဆရာဝန်စိတ်ကတော့ မကုန်ဘူးဆိုရမလားပဲ’

‘ဘာပြုလို့လဲ၊ လုပ်ဖော်ကိုင်ဖက်တွေကို ဆေးညွှန်းနေမိလို့လား’

‘ဟာ… မဟုတ်ပါဘူးဆရာကလဲ၊ ဒီလိုဆရာ၊ ကျွန်တော်ဆေးပညာတွေကို သင်ခဲ့တယ်၊ ပြီးတော့ ဆေးမကုဘူးဆိုတာ သိပ်တော့မကောင်းလှဘူးပေါ့ဆရာရယ်။ စိတ်ထဲမှာ လိပ်ပြာမလုံသလိုလိုတော့ ရှိနေတာအမှန်ပဲ၊ ဘယ်လိုပြောရမလဲ၊ စိတ်မကောင်းဘူးပေါ့ ဆရာ၊ အဲဒါနဲ့ ကျွန်တော်ကလည်း ကိုယ့်အထက်က လူကြီးတွေကို တောင်းပန်ရတယ်။ ကျွန်တော်ဟာဆေးမကုတာတောင်မှ သိပ်မကောင်းလှပါဘူး။ သို့သော်လည်းဆေးပညာနဲ့ပတ်သက်တဲ့ ကိုယ်ကျင့်ကို ထိန်းသိမ်းသောအားဖြင့် ဘီယာ၊ အရက်၊ စီးကရက်နဲ့ပတ်သက်တဲ့ စာရင်းတွေကို ကျွန်တော် မကိုင်ပါရစေနဲ့။ တခြားပစ္စည်းတွေကို ထပ်ပြီးတိုးချင်သလောက်တိုးပေးပါ။ ကျွန်တော်လုပ်ပါ့မယ်လို့ ပြောပြတယ်။ သူတို့ကလည်း ကျေကျေနပ်နပ်ပဲ ခွင့်ပြုပါတယ်။ ကျွန်တော့်

တာဝန်မှာ အဲဒါတွေကို ထည့်မပေးပါဘူး။ ဆရာဝန်တော့ မဟုတ်ဘူးပေါ့ဆရာ။ ဒါပေမယ့် လိပ်ပြာက မသန့်ဘဲ ဖြစ်နေ တယ်”

ဒီတပည့်ကလေးရဲ့ သိက္ခာအရပ်အမောင်းဟာ မျက်စိ အောက်မှာတင် နှစ်ဆလောက် မြင့်သွားလိုက်သလို ငါ ခံစား လိုက်မိပါတယ်။ ငါလည်း ချက်ချင်းပဲ သူ့လက်ကလေးကို ဆွဲလှုပ်ယမ်းပြီး ‘တော်လိုက်တဲ့ တပည့်ကလေးရယ်’လို့ ပြော လိုက်မိ ပါတယ်။

ငါသာ သူ့အထက်က လူကြီးတစ်ယောက်ဖြစ်နေရင် လည်း သူ့အကြောင်းပြချက်ကလေးကို နားလည်စွာနဲ့ ခွင့်ပြု လိုက်မှာပါပဲ။ ခွင့်ပြုလိုက်ရုံတင်မကဘူး၊ ငါတို့ကုမ္ပဏီအတွက် အရတော် လိုက်လေခြင်းလို့ အောက်မေ့မိမှာပေါ့။ ကိုယ့်သိက္ခာ၊ ကိုယ့်လိပ်ပြာကို ရိုသေတတ်တဲ့ လူတစ်ယောက်ကို အစစ ယုံကြည်စိတ်ချ နိုင်ပြီမဟုတ်လား။ အဲဒီလိုလူမျိုးမှာ ဆိတ်ကွယ် ရာအရပ် မရှိတော့ဘူး။ ကိုယ်ကျင့်တရားနဲ့ပတ်သက်လာရင် အစစမှာ မျက်နှာလွှဲနိုင်ပြီ။ သူ့သိက္ခာ၊ ကိုယ့်လိပ်ပြာကိုငဲ့ပြီး၊ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်ရှောက်သွားမှာပဲ။ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်ပင်လျှင် ကိုယ့်ပစ္စည်းကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်မနေဘူးလား။

သူ့အရွယ်ဟာ ငါ့သားထွေးအရွယ်လေးလောက်ပဲ ရှိပါ တယ်။ ဒါပေမယ့် ငါ့မှာလေ စိတ်ထဲကလှိုက်နေအောင် သူ့ကို ကြည်ညိုမိသွားတယ်။ သြော်… သူ့မိဘများမှာလည်း ဒီလို သားမျိုးကိုရလိုက်တာ အရတော်လေခြင်းလို့ မုဒိတာ ဖြစ်လိုက်မိ ပါတယ်။

# ၁၂၂ ❍ အောင်သင်း

ကြည်ညိုတယ်ဆိုတာ ကိုယ့်ထက် အသက်ကြီးမှ၊ ဝါကြီးမှ၊ ပညာကြီးမှ ကြည်ညိုရတာမျိုး မဟုတ်ဘူး။ ကိုယ့်ထက် အသက်ငယ်စေဦး၊ ဝါငယ်စေဦး၊ ပညာငယ်စေဦး၊ သိက္ခာနဲ့ လိပ်ပြာက ကြီးရင့်နေရင် ကြည်ညိုရတာပဲ မဟုတ်လား။ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်တပည့်ပဲဖြစ်စေဦးတော့ သိက္ခာရှိပါကလား၊ လိပ်ပြာသိပါကလား၊ မိဘဂုဏ်၊ ဆွေမျိုးဂုဏ်၊ ဆရာသမားဂုဏ်ကို ဆောင်နိုင်ပါပေကလားရယ်လို့ မကြည်ညိုအပ်ပေဘူးလား၊ ငါဖြင့်လေ ဆေးတက္ကသိုလ်က သူ့ကိုသင်ပေးလိုက်တဲ့ ဆရာတွေကိုယ်စား ဝမ်းသာမိတာ အမှန်ပါပဲ။

အဲဒီလိုကြည်ညိုစရာကောင်းတဲ့ မိန်းကလေး၊ ယောက်ျားလေးတွေ၊ ကြည်ညိုစရာကောင်းတဲ့ လူကြီးတွေ များသည်ထက်များ၊ ပွားသည်ထက် ပွားလာရင် ငါတို့တိုင်းပြည်ကြီး ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးနေမိတယ်။

❐

# ပေးတဲ့သူ

မကြာသေးမီက တပည့်ဟောင်းတစ်ယောက်ကို တွေ့ပါတယ်။ အခုမှတွေ့တာ မဟုတ်ပါဘူး။ မကြာခဏဆိုသလို တွေ့ရတတ်ပါတယ်။ အရင်က အစိုးရဌာနတစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ အရာရှိဟောင်းတစ်ယောက်ပါပဲ။ နောက်တော့ အလုပ်ကထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုကို လုပ်တယ်။ အဲဒီလုပ်ငန်းစမှာ သူ့ကိုကြည့်ရတာ နည်းနည်းပင်ပန်းပုံရပါတယ်။ ရေထဲ မိုးထဲမှာ ရုန်းကန်နေတဲ့ကာလ ဖြစ်မှာပေါ့။ နောက်တစ်ခါတွေ့တော့ ဆိုင်ကယ်လေးနဲ့ ဖြစ်လာတယ်။ ခုတော့ဖြင့် တော်တော်ကြီးကို ကောင်းတဲ့ ကားတစ်စီးနဲ့ ဖြစ်နေပါပြီ။

သူနဲ့ စကားလက်ဆုံကျလို့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောကြရင်း သူ့လုပ်ငန်းတွေကို မေးကြည့်လိုက်တော့ လုပ်ငန်းအတော်ကလေး များတာကလား။ သူတစ်ဦးတည်း ပိုင်တာလည်းရှိရဲ့၊ အစုစပ်လုပ်ထားတာတွေလည်းရှိရဲ့။ အတော်လေးကို ချမ်းသာနေပြီလို့ ဆိုနိုင်ပါတယ်။

အဲဒါနဲ့ သူ့ရဲ့ကြိုးပမ်းခဲ့ရပုံ ဘဝဇာတ်ကြောင်းလေးကို

http://www.cherrythitsar.org



စူးစမ်းကြည့်လိုက်မိတယ်။ ရိုးရိုးကလေးပါပဲ။ ရိုးသမှ တကယ့်ကို ရိုးရိုးကလေးပါပဲ။

အစိုးရဌာနဆိုင်ရာ လုပ်ငန်းခွင်မှာ ရှိစဉ်က သူနဲ့ ပတ်သက်သမျှကိစ္စတွေမှာ တတ်နိုင်သလောက် လွယ်ကူအောင်၊ ချောမွေ့အောင် လုပ်ပေးခဲ့တယ်။ ဒုက္ခရောက်ဖို့ကိန်း ဆိုက်နေတာကြောင့် မရှုနိုင် မကယ်နိုင်ဖြစ်နေတာမျိုး တွေ့ပြန်ရင်လည်း သူက တတ်နိုင်သလောက် ဖေးဖေးမမ အကူအညီပေးခဲ့တယ်။ မင်းတို့ အခုခေတ်စကားနဲ့ပြောရမယ်ဆိုရင် 'မရစ်ဘူး' ပေါ့လေ။ ဒီတော့ ဌာနတွင်းမှာရှိနေစဉ်ကကိုပဲ အပေါင်းအသင်းပေါတယ်၊ လူချစ်လူခင်များတယ် ဆိုတာမျိုးပေါ့။

တစ်ကြိမ်မှာဆိုရင် သူ ကူညီဖေးမလိုက်တာ နည်းနည်းလေး လက်လွန်သွားလို့ သူကိုယ်တိုင် ဒုက္ခရောက်တော့မလို ဖြစ်သွားခဲ့ရသေးတယ်။ ဟိုမိတ်ဆွေခများကလည်း သူ့အတွက် ဒီလိုဖြစ်ရတယ်ဆိုပြီး စိတ်မကောင်းရှာပါဘူး။

ဒီလိုနဲ့ပဲ သူ အလုပ်ကထွက်လာတဲ့အချိန်မှာတော့ နည်းနည်း ဆင်းရဲပင်ပန်းတာပေါ့လေ။ သို့သော်လည်း သူ အဲဒီလိုကူညီခဲ့ဖူးတဲ့သူက နိုင်ငံခြားကပြန်ရောက်ချိန်မှာ သူ့ကို တွေ့လိုက်တော့ သူ့ကို ဖေးကူတွဲခေါ်သွားတာပါပဲ။ နောက်တော့လည်း ဒီလိုပဲ အပေါင်းအသင်းတွေက ယုံကြည်စိတ်ချစွာတွဲပြီး လုပ်ကြ ကိုင်ကြရင်း ဒီလိုအခြေအနေကို ရောက်လာတာပါပဲ။

ကဲ... ဘယ်လောက်ရိုးစင်းလိုက်တဲ့ ဇာတ်လမ်းလဲ။

သူ့အရင်းအနှီးက ဘာလဲ။ 'မေတ္တာ' ပါပဲ။

ကိုယ်ကျရာနေရာ၊ ကိုယ်တတ်နိုင်ရာလေးမှာ ကိုယ်တတ်နိုင်သမျှ တစ်ဘက်သားကို အကူအညီပေးခဲ့တာကလေးပါ

ပဲ။ အဲဒီလို အမှတ်မထင် ကူညီခဲ့တာကလေးတွေက သူ့ဘဝမှာ အကြီးဆုံးအရင်းအနှီး ဖြစ်လာခဲ့တာပဲမဟုတ်လား။

ဒီလိုကူညီလိုက်တိုင်း ကျေးဇူးတင်ကြပါ့မလား၊ လောကကြီးမှာ သူ့ကျေးဇူးကို သိတတ်တဲ့လူက အလွန်ရှားတာကလားဆိုတာမျိုးတွေကို တွေးလိုက်မိစရာပါပဲ။ ဟုတ်ပါတယ်။ တချို့လူတွေကျတော့ ကိုယ့်အတွက် အခွင့်အရေးကလေးမရမီလောက်မှာသာ ရွှန်းရွှန်းဝေနေအောင် ဆက်ဆံတတ်ကြတာ။ ကိစ္စပြီးသွားရင် ဖုတ်လေတဲ့ငပိ ရှိတယ်တောင်မထင်ဘူးဆိုတာမျိုးဖြစ်သွားတတ်တာ အမှန်ပါပဲ။ ငါတို့ကိုယ်တိုင်လည်း အဲဒီလိုလူမျိုးတွေကို တွေ့ခဲ့ရဖူးပါတယ်။ ဒါပေမယ့် ဒီလိုလူမျိုးတစ်ယောက် နှစ်ယောက်ကြောင့် လူတွေအားလုံးကို နာကြည်းတာမျိုး မဖြစ်သင့်ဘူးမဟုတ်လား။

ငါတွေးမိတာလေးတစ်ခုကို ပြောရဦးမယ်။

'အားနာလို့ ငြိမ်နေတာ အ,တယ်လို့ မထင်နဲ့'၊ 'လူလိုသိတတ်ပါစေ' ဘာညာဆိုတဲ့ စာတန်းမျိုးတွေကို မင်းတို့တွေ့ကြဖူးပါလိမ့်မယ်။ ငါ့စိတ်ထဲမှာ တွေးမိတာက ဒီစာတန်းတွေရဲ့ရင်းမြစ်ကို ရှာကြည့်လိုက်မယ်ဆိုရင် အလိုက်တန်းဆိုးမသိတတ်တဲ့ လူတစ်ယောက်ယောက်ကြောင့် 'စိတ်အချဉ်ပေါက်'နေတဲ့ လူတစ်ယောက်ယောက်က သူ့အိမ်မှာရေးပြီး ကပ်ထားလိုက်တာဖြစ်မှာပဲ။ နောက်တော့ အဲဒီလိုကြုံနေရတဲ့လူက သဘောကျပြီး အဲဒီစာတန်းကို အိမ်မှာရေးထားလိုက်။ ဒီလိုနဲ့ ခုတော့ ပုံနှိပ်ပြီးရောင်းလို့ရတဲ့အဆင့်ထိအောင် ရောက်လာတာဖြစ်မှာပဲ။ ငါတော့ဖြင့် မကပ်ဝံ့ပေါင်ဗျာ။ ကိုယ့်အိမ်ကို ရိုးရိုးသားသား လာလည်တဲ့သူကို ဆီးပြီးငေါက်သလို ဖြစ်နေမှာစိုးလို့ပါ။

ခုမှ ရေးနေရင်း သတိရလာလို့ ပြောလိုက်ရဦးမယ်။ ငါ့စိတ်မှာ အလွန်ကိုကြိုက်ခဲ့တဲ့ အိမ်ကပ်စာတန်းကလေးပါ။ ငါ့မိတ်ဆွေတစ်ယောက် (မထူးတော့ပါဘူးကွာ၊ နာမည်ကိုပါ ထည့်ပြီး ရေးလိုက်ပါတော့မယ်) စာရေးဆရာ၊ ဒါရိုက်တာမောင်နေမျိုးရဲ့အိမ်မှာ တွေ့ရတာပါ။ သူ့ဟာ အိပ်ကပ်စာတန်းလို့ ပြောရအောင်လည်း ခပ်ခက်ခက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူက ဘုရားစင်မှာ ရေးထားတာ။ စာတန်းက–

'တစ်ပါးသူကို ကူညီနိုင်သောသူ ဖြစ်ရပါလို၏'တဲ့။

သတိထားမိရဲ့လား။ သူက ဧည့်သည်ကိုလည်း ပြောတာလည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှ ပြောနေတာ မဟုတ်ဘူး။ သူ့ဘာသာ သူ ဆုတောင်းနေတာ။ ဒါပေမယ့် စဉ်းစားကြည့်စမ်း။ တစ်ပါးသူကို ကူညီနိုင်အောင် ကြိုးစားကြပါလို့ ပြောနေရာကော မရောက်ဘူးလား။ ဒါတွေကို ပြန်စဉ်းစားကြည့်လိုက်တော့ စာတန်းထိုးထားပုံ လိမ္မာလိုက်တာလို့တောင် အောက်မေ့မိပါသေးတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ အဲဒီစာတန်းကို တွေ့ပြီးတဲ့နောက်မှာ ငါ့စိတ်ထဲမှာ သူတစ်ပါးရဲ့ အကူအညီကိုရယူခြင်းထက် ကိုယ်ကပေးနိုင်တာဟာ ပိုပြီးကောင်းပေတာပဲလို့ ခိုင်ခိုင်မာမာကြီး ယုံကြည်လာမိတယ်။ ဒါကြောင့် ကိုယ့်တပည့် ကလေးငယ်များကိုလဲပဲ 'ယူရခြင်းထက် ပေးရခြင်းက ပိုပြီးကောင်းတယ်၊ ပေးနိုင်ခြင်းသည် စွမ်းရည်ကို ပြနိုင်ရာရောက်တယ်'လို့ သတိပေးပြီး သင်ကြားမိပါတယ်။

ဒါဖြင့်ရင် ပေးခြင်းသည် ပေးခြင်းသက်သက်ပဲလားလို့ မေးစရာရှိပြန်တယ်။ 'ပေးခြင်းသည်လည်း ရခြင်း၏အကြောင်း

ဖြစ်ချင်ရင် ဖြစ်ပြန်တာကိုးကွဲ့။

စဉ်းစားကြည့်လေ။ ရှေ့ပိုင်းကပြောခဲ့တဲ့ ငါ့တပည့် တစ်ယောက်အကြောင်း ပြန်တွက်ကြည့်ပါလား။ သူဟာ ပေးတာသက်သက်အဖြစ် 'ကူညီ'ခဲ့တာပဲမဟုတ်လား။ 'မေတ္တာ' သက်သက်နဲ့ လုပ်ခဲ့တာပဲလေ။ ဒါပေမယ့် "ရခြင်းရဲ့အကြောင်း' ဖြစ်လာပြန်တယ် မဟုတ်လား။

ကဲ… ချဲ့ပြီး နားလည်ကြပေရော့၊ ချန်ထားခဲ့တော့မယ်။

❐

# စိတ်တိုလိုက်တာ

လွန်ခဲ့တဲ့အပတ်က 'ကြည်ညိုလိုက်တာ' ဆိုတဲ့ခေါင်းစဉ်နဲ့ ကြည်ညိုစရာကောင်းတဲ့ ကလေးတစ်ယောက်အကြောင်းကို ရေးခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဖြင့် စိတ်တိုစရာကောင်းတဲ့ ကလေးတစ်ယောက်အကြောင်းကို ရေးလိုက်ပါရစေဦး။ အဖြစ်က ဒီလိုပါ...

နယ်မြို့ကြီးတစ်မြို့က ရန်ကုန်မှာလာပြီး အလုပ်လုပ်နေရတဲ့ တပည့်မတစ်ယောက် ရှိပါတယ်။ သူ့အသက်က ၄၀ ကျော်ကျော်လောက်ပေါ့။ တပည့်လို့ဆိုရသော်လည်း သူ့မိအိုဖအိုတွေနဲ့ပါ ရင်းနှီးနေတာကြောင့် ဆွေမျိုးရင်းချာလို ဖြစ်နေပါတယ်။ မိဘတွေက နယ်မှာဆိုတော့ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ငါ့ကိုပဲ အားကိုးတကြီး တိုင်ပင်ရတာပေါ့။

သူ့မှာ မိတဆိုး တူမလေးတစ်ယောက်လည်း ရှိတယ်။ သူကပဲ တတ်နိုင်သမျှ ကြိုးစားပြီး ကျောင်းထားပေးလို့ တက္ကသိုလ် တတိယနှစ်တောင် ရောက်နေပါပြီ။ အဲဒီမှာ ဘာပြဿနာပေါ်လာသလဲဆိုတော့ ဒီတူမလေးက သူတို့မြို့ရပ်ကွက်တွင်းက

ကောင်လေးတစ်ယောက်နဲ့ လူငယ်ချင်း ကြိုက်ကြတယ် ဆိုပါတော့။ အဒေါ်ဖြစ်သူ ငါ့တပည့်မရဲ့ ပြောပြချက်အရဆိုရင် အဲဒီသူငယ်က ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်ချင်ဘူး။ ဘယ်အလုပ်ပဲလုပ်လုပ် ခဏပဲ။ ပညာကျပြန်တော့လည်း ဆယ်တန်းတောင် မအောင်သေးဘူး။ သူတို့အိမ်မှာ အစ်မကြီးတစ်ယောက်က စတိုးဆိုင်ဆိုလား ဘာဆိုင်ဆိုလား မသိဘူး။ အဲဒါဖွင့်ထားတယ်။ မိခင်က သူတို့နဲ့ အတူနေရတယ်။ သူကလည်း အဲဒီမှာပဲ နေ့စားပေါ့။ အိမ်ကတော့ မိခင်အိမ်၊ သူတို့အိမ်ပေါ့။ တစ်နည်းပြောရရင် မှီခိုပေါ့။

သူနဲ့ ဟိုမိန်းကလေးနဲ့က ရွယ်တူ။ အသက်အစိတ်ကျော်ကျော်။

အဲဒါနဲ့ ငါကလည်း သူ့ကို (မိန်းကလေးကို) ဒီအသက်ဒီအရွယ်ရောက်တဲ့နောက် မှီခိုလုပ်ပြီးနေတာ မကောင်းတဲ့အကြောင်း၊ အလုပ်အကိုင် တစ်ခုခုကိုလုပ်ပြီး ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နိုင်သင့်ပြီ ဖြစ်တဲ့အကြောင်း၊ အဲဒီလိုမှမဟုတ်ရင် မိန်းမတစ်ယောက်ဟာ ဒီလိုယောကျ်ားမျိုးအပေါ် ဘယ်လိုလုပ်ပြီး အားထားမလဲ စသည်အားဖြင့် စဉ်းစားရမယ့်အချက်တွေကို ပြောပြပါတယ်။

'စိတ်တိုလိုက်တာ'ဆိုတာ ဒီမှာ စတော့တာပါပဲ။

သူက ဘာပြန်ပြောသလဲ၊ ဘယ်လိုဆင်ခြေပေးသလဲ သိလား။

'သူက အလုပ်မလုပ်ချင်တာမဟုတ်ပါဘူးဆရာ၊ ဟိုမှာက လုပ်စရာအလုပ်ကို မည်မည်ရရမရှိလို့ မလုပ်တာပါ'တဲ့။

အဲဒီမှာတင် ငါလည်း ထောင်းခနဲ စိတ်တိုသွားပြီး...

http://www.cherrythitsar.org



'ဘာ... လုပ်စရာအလုပ် မည်မည်ရရမရှိလို့ ဟုတ်လား သူ့မှာ စားစရာပါးစပ်တော့ ပါသလား။ စားစရာပါးစပ်ပါရက်နဲ့ ဒီအသက်ဒီအရွယ်ထိအောင် အလုပ်မရှိတာ၊ အလုပ်မရှာတာ လုပ်ကိုမလုပ်ချင်လို့ နားလည်လား။ ဒီမယ် သိသိ (သူ့နာမည်ကို သိသိပဲ ထားလိုက်ပါစို့) ဒီမယ် သိသိ– ညည်း စဉ်းစားကြည့် စမ်း။ သူတောင်းစားတောင်မှ တောင်းတဲ့အလုပ် ရှိရသေးတယ်၊ တောင်းစရာပစ္စည်းအဖြစ် ခွက်တို့၊ အိတ်တို့၊ ခွေးမောင်းတုတ်တို့ တော့ ရှိရသေးတယ်။ တောင်းလို့ရနိုင်တဲ့နေရာ၊ အလှူအတန်း သတင်းကို စနည်းနာရတယ်။ နင့်ကောင်မှာ လုပ်စရာအလုပ် တော့ မရှိဘူး။ စားစရာပါးစပ်တော့ ပါတယ်။ ကလေးလူမမယ် ဆိုရင်ထားပါတော့။ ခုတော့ မိန်းမကလည်း လိုချင်လာပြန်ပြီ'

ငါလည်း စိတ်တိုတိုနဲ့ တစ်သီကြီး ပြောချပစ်လိုက်တယ်။ ဒါပေမယ့် စိတ်တိုလို့သာ ပြောလိုက်ရတာကိုး။ ကိုယ့် တပည့်ဖြစ်နေတော့ မေတ္တာကလည်း မမဲ့နိုင်ပြန်ဘူး။

'သိသိ...နင်စဉ်းစားပါ။ လောကမှာ တာဝန်သိတတ် တဲ့သူ၊ တာဝန်ယူတတ်တဲ့သူ၊ တာဝန်ထမ်းနိုင်အောင် ကြိုးစားတဲ့ သူမျိုးမှ အားထားရတာ၊ ညည်းတို့က အိပ်ထောင်ပြုကြတယ် ဆိုရင် 'နှစ်ယောက်တည်းဆိုရင်' ဆိုတာမျိုးလောက်ကိုသာ လှမ်းတွေးပြီး အိမ်ထောင်ပြုချင်ကြတာ။ အမြဲတမ်း 'နှစ်ယောက် တည်း' ဖြစ်နေရင်တော့ အတော်သေးသားပဲပေါ့။ တော်ကြာ တော့ ကလေးတွေက ရလာဦးမယ်။ ပါးစပ်ပေါက်တွေက တိုးလာဦးမယ်။ အဲဒီကျတော့ လက်ကြောမတင်းတဲ့ ယောကျ်ား မျိုးကို ယူမိရင် ငါးပါးမှောက်ပါလေရော။ နောက်ပြီး အဲဒီအမှား မျိုးက ခဲဖျက်နဲ့ပြန်ဖျက်ပြီး ပြင်လို့ရတာမျိုးမဟုတ်ဘူး။ အဲဒီ

http://www.cherrythitsar.org



အခါမှာ နင်က စိတ်ဆင်းရဲရရုံရှိမှာ၊ ဘုမသိ ဘမသိ ဟိုကလေး တွေခမျာမှာ ဒုက္ခရောက်ဖို့သက်သက် လူ့လောကထဲကို ဆွဲသွင်း သလို ခံလိုက်ရတာဖြစ်ပြီပေါ့။ ဒါမျိုးတွေကို ငါက တွေ့ဖူးတာ ခဏခဏဖြစ်နေလို့ ပြောရတာ။ မိသားတစ်စုကို တွေ့ဖူးတယ်။ မိဘတွေက ပင်စင်ယူပြီးပြီ။ မောင်နှမသုံးယောက်။ အကြီးဆုံး အစ်ကိုကြီးကို ယောကျ်ားလေးတစ်ယောက်တည်းမို့ ဝိုင်းပြီး ချစ်ကြတာ။ အဲဒီအစ်ကိုကြီးက လခစားဝင်ငွေ နည်းနည်းလေးနဲ့ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် သုံးယောက်ယူသွား တယ်။ မွေးလာတဲ့ကလေးတွေကို အဖေအမေအိပ်ပြန်ပို့၊ အငယ် ညီမလေးနှစ်ယောက်မှာ လင်ယူဖို့တောင် မတွေးဝံ့ဘဲ အစ်ကိုကြီး မွေးသမျှ ကလေးခြောက်ယောက်ကို လုပ်ကိုင်ကျွေးနေခဲ့ရတယ်။

'တာဝန်မဲ့တစ်ယာက်ဟာ သူ့ကိုယ်သူသာ မဟုတ် ဘူး။ ဘေးပတ်ဝန်းကျင်ကိုပါ ဒုက္ခပေးတာ၊ မီးကို တာဝန်မဲ့စွာ သုံးလို့ မီးလောင်တော့ တစ်ရပ်ကွက်လုံးပြုတ်တာ မဟုတ်လား၊ ညည်းလဲ...တတိယနှစ်ရောက်နေပေါ့ဥစ္စာ၊ ချဲ့ပြီးသိပေါ့'

"ကဲ...ထားလိုက်တော့။ ညည်းတို့ချင်းက တကယ် ကြိုက်နေကြလို့ ယူကြမယ်ဆိုရင် ဘယ်သူတားလို့မှ ရမယ် မဟုတ်ပါဘူး။ သို့သော် နောင်ရေးကို တကယ်တွေးမယ်ဆိုရင်၊ ညည်းကောင်လေးရဲ့ သတ္တိကိုလဲ စမ်းချင်ပါတယ်ဆိုရင် တစ်နှစ် အတွင်းမှာဆိုပါစို့ ၁၉၉၈ ခု၊ ဒီဇင်ဘာလမတိုင်မီမှာ ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အခြေကို ရောက်အောင်လုပ်ပါလို့ စိန်ခေါ်ကြည့်လိုက်ပါ။ အကယ် အစွမ်းအစ ရှိ,မရှိ၊ အားကိုး နိုင်လောက်တဲ့သူ ဟုတ်,မဟုတ် သိလာရလိမ့်မယ်။ အဲဒါကို တောင်မှ 'ကျွန်မက ချစ်လွန်းလို့ မပြောရက်ဘူး' ဆိုရင်တော့

လည်း သဘောပါပဲဗျာ”

ကဲ…ငါပြောခဲ့တာ လွန်သလား။ ငါ စိတ်တိုတာ လွန်သလား၊ စဉ်းစားကြစမ်းပါဦး။

❒

# ဘာလုပ်ဖို့လဲ

ဒီတစ်ပတ်တော့ဖြင့် မင်းတို့လူငယ်တွေရဲ့ အကြောင်းကြောင်းကိစ္စတွေကို ဝေဖန်ဆွေးနွေးလိုက်ချင်ပါတယ်။ သည်းခံပြီး ချင့်ချင့်ချိန်ချိန် စဉ်းစားကြည့်ကြပါလို့ ကြိုတင်ပြီး ပြောလိုက်ချင်ပါတယ်။

လူငယ်ကျောင်းသားတွေဟာ ရက်ရှည်ကျောင်းအားလပ်ချိန်ကိုရရင် ဟိုသင်တန်း၊ ဒီသင်တန်းဆိုတာမျိုးတွေကို တက်တတ်ကြပါတယ်။ အလွန်ကောင်းတဲ့ လက္ခဏာပါပဲ။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနေကြတာပဲလို့ ဆိုနိုင်ကြမှာပေါ့။ အဲဒီလို သင်တန်းတွေထဲမှာ ငါ့စိတ်ထဲမှာ ဘဝင်မကျနိုင်ပဲဖြစ်နေတဲ့ သင်တန်းတစ်ခုရှိတယ်။ အဲဒါကတော့ 'အင်္ဂလိပ်စကားပြောသင်တန်း' ဆိုတာပါပဲ။ အဲဒီသင်တန်းကို တက်နေကြတာ ဘာကြောင့်လဲဆိုတာကို ဘဝင်မကျ ဖြစ်နေမိတာပါ။ သင်တန်းဆရာတွေ၊ ပညာရပ်တွေကို ဘာမှပြောလိုတာ မဟုတ်ပါဘူး။

ငါက အဲဒီသင်တန်းတက်နေတဲ့ ကလေးတွေကို မေးကြည့်တယ်။ ဘာကြောင့် အင်္ဂလိပ်စကားပြောသင်တန်းကို တက်

ရတာလဲလို့ မေးကြည့်တယ်။ အင်္ဂလိပ်စကားပြော တတ်ချင်လို့တဲ့။ ကောင်းပြီ၊ အင်္ဂလိပ်စကား ဘယ်မှာပြောချင်တာလဲ၊ နိုင်ငံခြားကို သွားရမှာမို့လား၊ ဒါမှမဟုတ် အင်္ဂလိပ်စကားပြောရမဲ့ အလုပ်တစ်ခုခုကို လုပ်ရတော့မှာမို့လို့လားလို့ မေးကြည့်လိုက်တော့ ဘာမှမဟုတ်ဘူး၊ ပြောတတ်ချင်လို့တဲ့။ အေး...ဟုတ်ပြီ၊ ပြောတတ်တော့ ဘယ်နေရာမှာ ပြောစရာရှိသလဲလို့ မေးကြည့်ပြန်တယ်။ ဘာမှ ရေရေရာရာ မရှိဘူး။ ဘာလုပ်ဖို့ သင်နေမှန်း သူတို့ကိုယ်သူတို့ မသိဘဲဖြစ်နေတယ်။

နောက်တစ်မျိုးက အင်္ဂလိပ်စာ အရေးအဖတ်သင်တန်း။ အဲဒါလည်း ကောင်းတာပါပဲ။ ဒါပေမယ့် ခက်နေတာက အဲဒီ အရေးအဖတ်သင်တန်းဆိုတာကို သွားသွားပြီးတက်နေတာ (ငါ့ တပည့်တစ်ယောက်ဆိုရင်) သုံးနှစ်လောက်တောင် ရှိနေပြီလား မသိဘူး။ ခုထက်ထိ သင်ရိုးမကုန်သေးဘူးလား မသိတော့ဘူး။

နောက်တစ်မျိုးက လာသေးတယ်။ အင်္ဂလိပ်စာဖတ်နည်း။ ဘာအင်္ဂလိပ်စာဖတ်နည်းလဲ မေးကြည့်လိုက်တော့ 'နယူးစ်ဝိခ်'တို့၊ 'တိုင်းမ်'တို့လို စာစောင်တွေကို ဖတ်နည်းသီးသန့်တဲ့။ ဒါနဲ့ပဲ ငါက 'နေပါဦး ...မင်းက ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးဆိုတာမျိုးတွေကို စိတ်ဝင်စားသလား၊ မြန်မာမဂ္ဂဇင်း ဂျာနယ်တွေမှာပါတဲ့ ကမ္ဘာ့ရေးရာ ဘာသာပြန်ဆောင်းပါးတွေ ဘာတွေကိုကော စိတ်ဝင်စားသလား'လို့ မေးကြည့်လိုက်တော့ ဘယ်ဟာမှ သူမဖတ်ဘူး။ တကယ်တမ်း စိတ်ဝင်စားတာ မဟုတ်ဘူး။ ဒီတော့ သူများတွေ နယူးစ်ဝိခ် ဆိုတာနဲ့ လိုက်ပြီး 'ဝိ' နေတာ ဖြစ်မနေပေဘူးလား။

ဒီတော့ ဘာသာစကားတစ်ခုကို ဘာကြောင့် သင်ယူကြ

http://www.cherrythitsar.org



ရတာလဲ။ စဉ်းစားကြည့်ကြဖို့ မလိုဘူးလား။ အဲဒီဘာသာစကား ကို တတ်နေရုံနဲ့ ပြီးရောလား။ အင်္ဂလိပ်စာ အင်္ဂလိပ်စကားကို တတ်ရင် ပြီးကြစတမ်းဆိုရင် အင်္ဂလိပ်တိုင်းပြည်က လူတွေ အကုန်လုံး အင်္ဂလိပ်စကား တတ်နေကြတာပဲ။ အကုန်လုံး ပညာရှိတွေ ဖြစ်ကုန်ကြမှာပေါ့ကွ။ သက်ဆိုင်ရာ ပညာရပ်စာပေ ကိုမဖတ်ရင် အင်္ဂလိပ်ပဲ ဘာကောင်မို့လဲ၊ သူလည်း 'ငတုံး'ပဲ ဖြစ်နေမှာပေါ့။

ဒီတော့ ဘာသာစကားတစ်ခုကို သင်ယူတယ်ဆိုတာဟာ အဲဒီဘာသာစကားကို လှေကားအဖြစ်သုံးဖို့ သင်ယူရတာ။ မင်းတို့ စဉ်းစားကြည့်ပေါ့။ 'လှေကား' ဆိုတာ တစ်ခုခုအမြင့်ကို တက်ဖို့ လုပ်ထားတာမဟုတ်လား။ တက်ဖို့ ဆင်းဖို့ အတွက် မဟုတ်ဘဲ 'လှေကား' ချည်းသက်သက် သုံးလို့ရတာ ဘယ်မှာရှိ သလဲ။ ရွှေတိဂုံဘုရားကြီးက စက်လှေကားကို ကလေးတွေ တက်လိုက် ဆင်းလိုက် အပျော်စီးနေကြတာကမှ ဟုတ်တုတ် တုတ်ရှိသေးတယ်။

ဒီတော့ အင်္ဂလိပ်စာလှေကားကြီးကို မင်းရပါပြီတဲ့၊ ပိုင်ပါပြီတဲ့။ ဘာမှမဟုတ်ဘဲ တက်လိုက်ဆင်းလိုက် လုပ်ကြည့် နေမှာလား။ အဲဒီလှေကားကိုသုံးပြီး အဆင့်တစ်ဆင့်ဆီကို ရောက်အောင် တက်ရတော့မှာပေါ့။ ဒါကြောင့် ဒီဆောင်းပါး ရဲ့ခေါင်းစဉ်ကို 'ဘာလုပ်ဖို့လဲ' လို့ ပေးလိုက်ရတာပါ။

ပြောလိုက်ရဦးမယ်။ အင်္ဂလိပ်စာမှာ အခြေခံသဒ္ဒါ ကောက်ပုံကောက်နည်းလောက်ကို သိသွားလို့ အဘိဓာန်တစ်ခု ကိုင်ပြီး ဖတ်သွားရင် ရတာပါပဲ။ ကိုယ်တကယ် စိတ်ဝင်စားတဲ့ ပညာရပ်ဆိုင်ရာ၊ သို့မဟုတ် ရသစာပေဆိုင်ရာ ဝတ္ထုတိုရှည်၊

ကဗျာတွေကို ကြိုးစားဖတ်ပေါ့။ တကယ်ဝါသနာပါလို့ တကယ် ဖတ်ရင် တတ်လာတာပါပဲ။ မင်းတို့လောက်တောင် အင်္ဂလိပ်စာ အခြေခံမ,ရပါပဲလျက် ဝါသနာပါလို့ ဗေဒင်ကျမ်း၊ လက္ခဏာ ကျမ်းတွေကို စမ်းတဝါးဝါး ဖတ်ရင်းက သက်ဆိုင်ရာ ပညာရပ် ကျမ်းတွေကို ဒေါက်ဒေါက်လန်အောင် ဖတ်နိုင်သွားကြတဲ့လူတွေ ကတစ်ပုံကြီးပါဗျာ။

ခုလက်ငင်း ကြုံရတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ငါ့တပည့် 'ဥမ္မာသျှား' ဆိုတာက 'အမှာစာ' ရေးပေးဖို့ စာအုပ်ကြီးတစ်အုပ် လာပြီးပေးသွားတယ်။ အမယ်လေး အင်္ဂလိပ်–မြန်မာ အဘိဓာန် အထူကြီးပဲ။ စာအုပ်နဲ့ ကိုင်ပေါက်ရင် လူတစ်ယောက် တုံးခနဲလဲလောက်ပါတယ်။ ဒေါ်စန်းလေးနှင့် ဒေါ်ဥမ္မာသျှား ပြုစုသော 'အစားအစာနှင့် ဟင်းလျာ အဘိဓာန်' တဲ့။ ဥမ္မာသျှားက ဥပဒေနဲ့ ဘွဲ့ရတာ။ ဘာဆိုင်လဲ။ ဒါပေမယ့် သူ့အမေရဲ့ပညာရပ်ကို တန်ဖိုးထား စိတ်ဝင်စားတယ်။ သူ့အမေက ဓမ္မစေတီ (ဘောင်ဒရီလမ်း)က အိမ်တွင်းမှုသိပ္ပံကျောင်းမှာ အစားအစာဟင်းလျာ ဌာနမှူးဆရာမ ကြီး။ ငါတို့က ငတုံးတွေ။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကျောက်ကျောလုပ်တာလောက်ကိုသာ သိနေကြတာ။ အဘိဓာန် ကို ကောက်ပြီးလှန်လှောကြည့်လိုက်တော့မှ အမယ်လေးဗျာ– ကြောက် ကြောက်စရာ။ ငါတို့က 'ဝက်သားနီလန်၊ ကြက်ဆီ ပြန်၊ မအီအောင် ချဉ်ပေါင်ခံ'ဆိုပြီး 'ဟုတ်ပ' လုပ်နေကြတာ။ သူတို့ အဘိဓာန်ကိုကြည့်လိုက်တော့ ငါ့မှာ ဘယ်လိုလုပ်ပြီး အမှာစာရေးရမယ်တောင် မသိသေးဘူး။

အသားငါးတွေရဲ့ အမည်တွေ၊ အသားမှာတောင်မှ

ပေါင်သား၊ မိုးခိုသား၊ ဒူးခေါင်းသား၊ မြီးရင်းမြီးဖျား၊ ကလီစာကျောက်ကပ်၊ ပေါင်မုန့်၊ ကိတ်မုန့် စုံနေတာပဲ။ ဝိုင်တို့ အရက်တို့ဆိုလဲ စပ်ပုံ၊ တည်ခင်းပုံခွက်ကစပြီး နည်းတာတွေ မဟုတ်ဘူး။

ကဲပါ...ဥမ္မာသျှားကို ထားလိုက်ပါတော့။ သူစိတ်ဝင်စားရာကို ကြိုးစားဖတ်တာပါပဲ။ အခုဆို အဘိဓာန်ကြီးတစ်ခုတောင် ပြီးသွားပြီ။ အဲ...ကြိုးစားတာတော့ဖြင့် ပြောမနေနဲ့။ သူ့အစ်မတစ်ယောက်က ငါ့ကိုလာပြီးပြောတယ်။ ဥမ္မာသျှားကိုကြည့်ပြောပါဦးတဲ့။ တစ်ညဉ့်လုံးလင်းပေါက် အလုပ်လုပ်တာများလှပြီ။ မအိပ်မနေလုပ်နေတာ ဒုက္ခရောက်တော့မယ်ဆိုလို့ 'ကျမ်းမပြီးခင် သေနေဦးမယ်'လို့ စာရေးပြီး ဆူလိုက်ရသေးတယ်။

ပြောချင်တာက လေ့ကားဆိုတာ တစ်ခုခုကိုတက်ဖို့အတွက် ရှာဖွေကြတာပါ။ လေ့ကားရရင် တက်ကြပါတော့လား။ အမြင့်တစ်နေရာရောက်အောင် တက်ကြပါတော့လား။ ဘာလုပ်ဖို့ လေ့ကားကြီးတကိုင်ကိုင်နဲ့ လမ်းသလားနေကြသလဲ။ လေ့ကားမခိုင်သေးဘူးဆိုရင်တော့ ခိုင်အောင်လုပ်ကြရမှာပေါ့။ ဒါပေမယ့် 'အလေးတိုက်တာနဲ့ ဈေးကွဲ' ဆိုတာလို လေ့ကားလုပ်နေရင်းနဲ့ပဲ ဘဝကုန်သွားကြတော့မလား။

ဒီပြဿနာကို နောက်တစ်ပတ် ဆက်ချင်ပါသေးတယ်။

❐

# အကောင်းဆုံး ကျော်ကြား

'အောင်သင်း၏ အတွေးစကားများ' ဆိုတဲ့ အိတ်ဆောင်စာအုပ်ကလေးကို မင်းတို့ တွေ့ကောင်းတွေ့မိကြပါလိမ့်မယ်။ စာအုပ်အရွယ်နဲ့မလိုက်အောင် ဈေးများနေတာကိုလည်း မင်းတို့ သေသေချာချာကြီး သတိထားမိနေပါလိမ့်မယ်။

ကိုယ်ရေးလိုက်တဲ့စာအုပ်မို့ကြော်ငြာချင်းလို့ ဒီဆောင်းပါးကို ကော်ရေးလိုက်တာ မဟုတ်ပါဘူး။ ဒီစာအုပ်နဲ့ပတ်သက်ပြီး ငါကိုယ်တိုင် တအံ့တသြ သင်ခန်းစာရလိုက်တာလေးတွေကို ဖောက်သည်ချချင်တာကြောင့် ရေးလိုက်ရတာပါ။

အဲဒီစာအုပ်နိဒါန်းမှာ ရေးထားတဲ့အတိုင်းပါပဲ။ ဒီလိုစာအုပ်မျိုးကိုထုတ်ဝေဖို့ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ 'ယနေ့မဂ္ဂလေးစာအုပ်တိုက်'က 'နဂါးကိုထွန်းဦး' ကြောင့် ထုတ်ဖြစ်ခဲ့တာပါ။ သူကလည်း သာမန်ထုတ်ဝေသူတစ်ယောက်ရဲ့ တိုက်တွန်းနည်းမျိုး မဟုတ်ဘူး၊ သူ့ကိုယ်တိုင်ကကို နှစ်နှစ်သက်သက်ကြိုက်တဲ့ စကားတွေကို တခြားပရိသတ် စာဖတ်သူ

တွေကို မျှဝေခံစားချင်တာကြောင့်ကို ထုတ်ဖြစ်သွားတာပါ။ ငါ့ကို တိုက်တွန်းတာမှာလည်း စိတ်အားထက်သန်လွန်းတာကြောင့် ဘေးကထိုင်ပြီး နားထောင်နေတဲ့ ကိုမြသန်း (မြသန်းတင့်)ကတောင် အားနာလာပုံရတယ်။ ဒါကြောင့် သူကဝင်ပြီး 'ကဲပါ–သူတို့ ဒီလောက်တောင် လုပ်ချင်နေကြတာကို လုပ်ကြပါစေ'လို့ ဝင်ပြီး ပြောယူခဲ့ရတာပါ။

ဒါနဲ့ပဲ ငါကလည်း သူတို့စုဆောင်းထားတာလေးတွေကိုရော၊ ကဗျာဆရာ ကံထွန်းသစ် ကူညီစုဆောင်းပေးတာတွေကိုရောပါ စီစဉ်တည်းဖြတ်ပေးလိုက်ပါတယ်။

ထွက်လာလိုက်တော့ စာအုပ်က ပလပ်စတစ်လောင်း၊ စက္ကူကလည်း အကောင်းစား၊ ကောက်ပြီးကိုင်ကြည့်လိုက်ရတာကိုက မက်မောချင်စရာ၊ ဖတ်ချင်စရာ၊ နောက်ပြီး ဝယ်ချင်စရာလေးပေါ့။ ဒါပေမယ့် ဈေးကိုကြည့်လိုက်တော့ ၁၀၀ိ/–တဲ့။ တကယ့်ကို အမှန်ပြောတာပါ။ ငါကိုယ်တိုင် လန့်သွားလိုက်မိပါတယ်။ ဘယ်လို ဘာကြောင့် လန့်တယ်ဆိုတာ ငါ ခွဲခွဲခြားခြား မပြောတတ်ဘူး။ စာဖတ်သူတွေကို အားနာလိုက်တာလား၊ ကိုထွန်းဦးအတွက် ရောင်းလို့မှ ထွက်ပါ့မလား၊ ဈေးကွက်မှာ အဆင်မှပြေပါ့မလား ပူပန်တာလည်း ပါမယ်ထင်တယ်။

ဒါနဲ့ စာအုပ်သမားတစ်ယောက်ကို ဈေးများလွန်းနေတယ်လို့ ထင်တဲ့အကြောင်း ပြောပြလိုက်တော့ သူတို့ချင်းတော့ နားလည်ကြပြီးသားပါ 'လုပ်ထားလိုက်တာလည်း ကြည့်ဦးလေ ဆရာရဲ့၊ နည်းတဲ့စရိတ်စကလား၊ စာအုပ်သမားချင်းတောင် လန့်သွားလောက်အောင် လုပ်ထားတယ် မဟုတ်လား'တဲ့။ ကိုယ်ကလည်း စာအုပ်အကြောင်း သိပ်မသိတော့ အသာပဲ

http://www.cherrythitsar.org



နေလိုက်ရပါတယ်။

ဒါပေမယ့် စာအုပ်ထွက်လို့မကြာခင်မှာပဲ တပည့်ဟောင်းတစ်ယောက်နဲ့တွေ့တော့ သူက 'အဲဒီစာအုပ်ကြောင့် ဆရာ့မှာတော့ ဘယ်လိုတွက်ချေကိုက်မယ် မသိဘူး။ ကျွန်တော်အဖို့တော့ဖြင့် တွက်ချေမကိုက်ဘူး' လို့ မှတ်ချက်ပေးလိုက်တော့ ပိုလန့်သွားပြီး 'ဟုတ်လား၊ ဘယ်လိုကြောင့်လဲ' လို့ မေးလိုက်မိတယ်။ ဒီတော့ သူက 'ဘယ်ကိုက်မလဲ ဆရာရဲ့၊ ခုကိုပဲ ကျွန်တော့်မှာ ရှစ်ရာတစ်ထောင်လောက်ထိနေပြီ၊ ဝယ်ဝယ်ပြီး လက်ဆောင်ပေးရတာ'။ သူက အဲဒီလို ရယ်ရယ်မောမောနဲ့ ပြောလိုက်တော့မှ ငါ့မှာ အလုံးကြီးကျသွားပါတော့တယ်။ ခုတော့ဖြင့် ငါထင်ခဲ့တာထက် အများကြီး ပိုပြီး အရောင်းသွက်တယ်လို့ ကြားရပါတယ်။

ဒီတော့မှ ကိုထွန်းဦးစိတ်ကူးကို သဘောပေါက်လာပါတယ်။ သူက မန္တလေး၊ ငါက ရန်ကုန်မှာ။ အဲဒီစာအုပ်စီစဉ်ပြီးတဲ့နောက် တစ်ခါမှကို မတွေ့ရသေးပါဘူး။ ဒါပေမယ့် သူ့စိတ်ကူးကို မှန်းလို့ရနိုင်ပါပြီ။ သူ့စိတ်မှာ သိပ်ကြိုက်တဲ့ အတွေးစကားတွေကို တခြားသူတွေနဲ့ မျှဝေခံစားချင်တယ်။ ပေါ့ပေါ့တန်တန်ပေးလိုက်ရင် ပေါ့ပေါ့တန်တန် သဘောထားလိုက်ကြမှာကို မဖြစ်စေချင်ဘူး။ ကောင်းပြီ။ စာအုပ်ကောင်းရင် ဈေးကလည်း ကောင်းရတော့မယ်။ မရောင်းရရင် ဘယ့်နှယ်လုပ်မလဲ။ ဒါကိုတော့ စွန့်စားရတော့မယ်။ သို့သော် မျှော်လင့်ချက်တစ်ခုက 'ငါကိုယ်တိုင်တောင်မှ မျှဝေခံစားချင်စိတ် ရှိနေခဲ့သေးရင် တခြားလူတွေလဲ ဒီစိတ်မျိုးနဲ့ မျှဝေပြီးလက်ဆောင်ပေးချင်မှာပဲ၊ လက်ဆောင်ပေးချင်စိတ်ပေါက်လာအောင်လုပ်မယ်'

http://www.cherrythitsar.org



ဆိုတာမျိုး ဖြစ်မှာပေါ့။

ခုတော့ သူထင်တဲ့အတိုင်းပဲ။ လက်ဆောင်ပေးတယ် ဆိုတဲ့ သတင်းကလေးတွေကို ထပ်ကာထပ်ကာ ကြားနေရပါတယ်။ အဲဒီတော့ ဘာဖြစ်လာသလဲ၊ စာရေးသူအဖို့မှာလည်း ပိုပြီး ဂုဏ်တက်လာပြန်တယ်။ မိမိရဲ့ စီးပွားတက်ဖြစ်တဲ့ စာရေးဆရာရဲ့ အသရေကို ဆောင်ရာရောက်မသွားပေဘူးလား။

ဒီတော့မှ စာအုပ်ကို ဖြစ်ကတတ်ဆန်းရိုက်၊ ပိုက်ဆံကို သာပဓာနထား၊ ရောင်းကောင်းတဲ့စာအုပ်မျိုးဆိုရင် စာရေးဆရာ မသိအောင်ခိုးရိုက်ဆိုတဲ့ ထုတ်ဝေသူမျိုးတွေရဲ့ စိတ်ဓာတ်ဟာ လူဖြစ်မသန်လိုက်လေခြင်းလို့ ဆင်ခြင်မိလာတယ်။

ဒီစာအုပ်နဲ့ ပတ်သက်ပြီး ဘာသင်္ခန်းစာတွေကို ရသလဲလို့ မေးစရာရှိပါတယ်။ ကိုထွန်းဦးက သူ့ကိုယ်တိုင်ကကို တကယ် ကြိုက်လို့ ယုံယုံကြည်ကြည်နဲ့ ပရိသတ်ကို လက်ကမ်းတာဖြစ်တယ်။ အကြိုက်ဆုံးကုန်စည်ကို ရွေးတယ်ဆိုပါတော့။ အဲဒါကို အကောင်းဆုံး စာအုပ်ဖြစ်အောင် လုပ်လိုက်ပြန်တယ်။ ဒီတော့ စာအုပ်ကို ကောက်ကိုင်တဲ့သူကလဲ ဈေးများနေရင်တောင်မှ ‘အင်း…စာအုပ်ကလဲ ကောင်းပေသကိုး’ ဆိုတာမျိုး စာအုပ်ဘက်ကနေပြီး ဆင်ခြေပေးလာတယ်။ တကယ့်ကို သူတို့ကိုယ်တိုင်ကလဲ လက်ဆောင်ဝယ်ပေးကြ ပြုကြလုပ်လာတာဟာ သုံးစွဲသူကိုယ်တိုင်က ပြန်ပြီး ကြော်ငြာပေးတာ ဖြစ်မနေပြန်ဘူးလား။ အဲဒီလို ကြော်ငြာကြပြန်တော့ သူ့စာအုပ်တိုက်မှာ ဂုဏ်တက်လာတဲ့ပြင် သူ့စီးပွားဖက် စာရေးဆရာမှာလည်း ဂုဏ်တက်လာရပြန်တာပဲ မဟုတ်လား။

နောက်ဆုံးမှာ ပြန်ပြီး ချုပ်ကြည့်လိုက်တော့ မှန်ကန်သော

စေတနာတွေရဲ့ အသီးအပွင့်တွေ ဖြစ်နေတာကို တွေ့ရမှာပေါ့။

ဒီတော့ စာအုပ်လုပ်ငန်းမှာသာမဟုတ်ဘူး၊ ဘယ်လုပ်ငန်းမှာမဆို သုံးစွဲသူအဖို့ အကောင်းဆုံး အထိုက်တန်ဆုံးရသွားအောင် ကြိုးစားခြင်း၊ မိမိ၏စီးပွားဖက်များအပေါ် အမြင့်ဆုံးစေတနာထားခြင်းတို့ဟာ သုံးစွဲသူတို့ရဲ့ ကြော်ငြာပေးခြင်းကို အလိုလို ရလာစေတယ်ဆိုတဲ့ အချက်ပါပဲ။

❐

# အတွေးအခေါ်ဆိုတာ ဘာလဲ တဲ့

'ဆရာရယ်... အတွေးအခေါ်ဆိုတာ ဘာလဲ၊ ယုတ္တိတန်တယ်၊ ယုတ္တိရှိတယ်ဆိုတာ ဘာလဲ'

စာသင်ခန်းတွင် ဆွေးနွေးပွဲကလေးတစ်ခုမှာ ကလေးတစ်စုကမေးလိုက်တဲ့ မေးခွန်းကလေးပါပဲ။ ရုတ်တရက်ကြည့်လိုက်ရင် သာမန်နေ့စာလုံး ဝေါဟာရကလေးတွေဖြစ်နေတာကြောင့် လွယ်သလိုလို ထင်လိုက်ရသော်လည်း တကယ်တမ်းပြောကြတော့မယ်ဆိုတာ သိပ်မလွယ်လှဘူးလို့ ထင်မိတာကြောင့် အတော်လေး သတိထားပြီး ဖြေခဲ့ပါတယ်။ ငါ ဖြေခဲ့တာကလေးကို ပြန်ပြီး တင်ပြလိုက်ပါတယ်။

တွေးတယ်၊ စဉ်းစားတယ်၊ အတွေးအခေါ်ဆိုတာတွေကို ငါတို့ နေ့စဉ်သုံးနေကြတာပဲ။ လူတိုင်းလည်း နားလည်နေကြတာပါပဲ။ တွေးတာနဲ့ စဉ်းစားတာဆိုရင် တယ်ပြီး အဓိပ္ပာယ်မထူးလှဘူးလို့တောင် ထင်မိတယ်။ ကောင်းပြီ...တွေးတယ်ဆိုတာကို စဉ်းစားကြည့်ကြရအောင်...

'နက်ဖြန် ကျူရှင်ရှိတာပဲ၊ စောစောအိပ်ရာထမယ်'၊ 'လက်ဖက်ရည်သောက်ရ ကောင်းမလား၊ အအေးသောက်ရ ကောင်းမလား'ဆိုတာမျိုးဟာလည်း တွေးနေတာတွေပဲ။ ဒါပေမယ့် 'အတွေးအခေါ်'လို့ ဆိုလိုက်ရင်တော့ တစ်မျိုးဖြစ်သွားတယ်

လို့ ထင်မိတယ်။ 'ကမ္ဘာကြီးဟာ လုံးသလား၊ ပြားသလား'၊ 'လူတွေသေပြီးရင် ဘာဖြစ်သလဲ'ဆိုတဲ့ အတွေးမျိုးကတော့ 'အတွေးအခေါ်'ဆိုတဲ့သဘောနဲ့ ပိုပြီး နီးစပ်လာတယ်လို့ ထင်မိတာပဲ။ ဒါဖြင့် အဲဒီလို တွေးလိုက်စဉ်းစားလိုက်ရုံနဲ့ 'အတွေးအခေါ်' ဖြစ်သွားရောလားဆိုတော့လည်း မဟုတ်သေးပြန်ဘူး။ 'ကမ္ဘာကြီးဟာ လုံးတယ်' သို့မဟုတ် 'ပြားတယ်'လို့ ဆိုလိုက်တော့မှ အတွေးအခေါ်အဖြစ် ရောက်သွားတယ်လို့ ထင်မိတယ်။

ဒီလို စဉ်းစားလိုက်မယ်ဆိုရင် တစ်စုံတစ်ခုသော အမှန်တရားကို ရှာဖွေပြောဆိုလိုက်မှ 'အတွေးအခေါ်'လို့ ဆိုထိုက်တယ်လို့ ပြောကြရတော့မယ်။

ကောင်းပြီ...ဒါဖြင့် ဘယ်လို 'အမှန်တရား'လဲဆိုတဲ့ မေးခွန်းက ပေါ်လာပြန်တယ်။ မြစ်ထဲမှာ ရေရှိတယ်။ မြစ်ထဲမှာ ရေခန်းသွားပြီဆိုတာမျိုးလဲ မှန်တယ်၊ မှားတယ် ဆိုတာမျိုး ဖြစ်လာနိုင်ပြန်တာပဲ။ အဲဒါမျိုးကို သေချာစဉ်းစားကြည့်လိုက်ရင် 'အရာ' တစ်ခုခုရဲ့ ပကတိအဖြစ်ကို ပကတိအဖြစ်အတိုင်းသိခြင်းဟာ အမှန်တရားကိုသိခြင်းဆိုတဲ့ အဓိပ္ပာယ်ရောက်လာပြန်တယ်။ အဲဒီလိုပဲ 'ရေသည်ပြဇာတ်ကို ကနောင်မင်းသားက အရေးခိုင်းလို့ ဦးပုညက ရေးခဲ့တယ်' ဆိုတာ ဟုတ်၊ မဟုတ်ကိုလည်း စူးစမ်းနိုင်ပြန်တာပဲ။ မှန်,မမှန် ဆိုတဲ့ ပြဿနာ ပေါ်နိုင်ပြန်တာပဲ။ အဲဒါတွေဟာ ပကတိဖြစ်ရပ်ကို သိအောင် ကြိုးပမ်းတာလို့ ထင်မိတာပဲ။

နောက်တစ်မျိုးကို ဆက်ကြရအောင်။ ကမ္ဘာကြီးဟာ ဘာကြောင့်လုံးနေရသလဲ၊ ဘာကြောင့် ပြားမနေသလဲလို့ တွေးလိုက်ရင်တော့ ဒါဟာ ပကတိတရားကို ရှာတာမဟုတ်တော့ဘူး။

အကြောင်းတရားကိုရှာတာ ဖြစ်သွားပြီ။ အဲဒီအကြောင်းတရားကို ရှာတာမှာလည်း 'အမှန်၊ အမှား' ပြဿနာပေါ်လာနိုင်ပြန်တာပဲ။ ကမ္ဘာကြီးလုံးတာ ဘာကြောင့်လုံးသလဲဆိုတာမျိုးလိုပဲ၊ ငှက်ဖျား ဘာကြောင့်ဖြစ်သလဲ၊ အေအိုင်ဒီအက်စ် ဘာကြောင့်ဖြစ်သလဲ ဆိုတာမျိုးတွေဟာလည်း အကြောင်းရင်းအမှန်းကိုသိအောင် အား ထုတ်ကြတာပါပဲ။ နောက်ထပ်ပြီး ဆက်လိုက်ကြမယ်ဆိုရင် ဘဝဆိုတာဘာလဲ၊ ဘာကြောင့် ဘဝဆိုတာကြီး ဖြစ်လာရသလဲ ဆိုတာမျိုးတွေဟာလည်း ပကတိတရားကို ရှာခြင်း၊ ပကတိတရား ဖြစ်လာရတဲ့ အကြောင်းရင်းကိုရှာခြင်း ဆိုတဲ့ သဘောကို တွေ့လာရပြန်တာပါပဲ။

ဒီတော့ အတွေးအခေါ်ဆိုတာဟာ ပကတိတရားအမှန် ကို သိခြင်း၊ သိအောင်ကြိုးပမ်းခြင်း၊ ပကတိတရားကို ဖြစ်ပေါ် လာစေတဲ့ အကြောင်းရင်းများကို သိခြင်း၊ သိအောင်ကြိုးပမ်းခြင်း လို့ ဆိုလိုတယ်လို့ ယူဆကြရတော့မယ်။ စင်စစ်အားဖြင့် ဒါကို ထူးဆန်းလှတယ်လို့ မဆိုနိုင်ပါဘူး။ လူတွေဟာ ကမ္ဘာဦး အစကတည်းက မေးခွန်းအမျိုးမျိုးထုတ်ကြပြီး အဖြေကိုရှာခဲ့ကြ တာပဲ။ မိုးရွာတာဘာကြောင့်လဲ၊ မိုးကြိုးပစ်တယ်တာဘာလဲ ဆိုတာမျိုးတွေကို မေးခွန်းထုတ်ခဲ့ကြတယ်။ အဖြေရှာခဲ့ကြတယ်။ အဖြေတွေ့တဲ့ဟာတွေလည်းရှိရဲ့၊ မတွေ့တာလည်းရှိရဲ့။ အဖြေ မတွေ့နိုင်ကြတော့ ကြောက်လန့်ပြီး အားကိုးရှာမှု၊ ကိုးကွယ်မှု ဆိုတာမျိုးတွေ ဖြစ်လာပြန်တာပေါ့။

ကောင်းပြီ, အဖြေတွေ့လိုက်တော့ ဘယ်လိုဖြစ်လာသလဲ။

အပင်ကြီးတွေဟာ အစေ့ကလေးတွေက ဖြစ်လာရတယ် ဆိုတဲ့အကြောင်းရင်းကို သိလိုက်ရတဲ့အချိန်မှာ အကြောင်းရင်းကို

http://www.cherrythitsar.org



ဖန်တီးပြီး အကျိုးကိုရအောင် လုပ်ယူကြတာပေါ့။ ဆိုလိုတာက အစေ့ကို စိုက်ပြီး အပင်ရအောင် လုပ်ယူကြတာပေါ့။ ဒီနည်းနဲ့ စိုက်ပျိုးမှုအတတ်ကို တတ်လာကြတာပဲ ဖြစ်မှာပေါ့။ မင်းတို့တတွေ ကျောင်းမှာသင်ကြရတဲ့ ရူပဗေဒ၊ ဓာတုဗေဒ စတဲ့ ပညာရပ်တွေအားလုံးကို သေချာလေ့လာကြည့်လိုက်မယ်ဆိုရင် အကြောင်းရင်းတွေကို ရှာထားတာတွေပဲ မဟုတ်လား။ သိပ္ပံပညာမှာတော့ဖြင့် ထင်ရှားမြင်သာ မရှိပေဘူးပေါ့။ ဒါပေမယ့် အကြောင်းရင်းကို ရှာတာပါပဲ။ ကုန်ကုန်ပြောလိုက်မယ် ဝတ္ထုပြဇာတ်ဆိုတာမျိုးတွေကို လူတွေဘာကြောင့် ကြိုက်ကြသလဲ။ ရသကြောင့်၊ ဒါဖြင့် 'ရသ'ဆိုတာဘာလဲ။ ဒီလိုမေးခွန်းတွေကို ကပဲ အကြောင်းရင်းကိုရှာတာ ဖြစ်မနေပေဘူးလား။

ဘာကြောင့် အကြောင်းရင်းကို ရှာကြသလဲ။

အကြောင်းရင်းကို ရှာကြတာဟာ သိချင်လို့သက်သက်ပဲလို့တောင် ပြောလိုက်ချင်မိတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးပေါက်စကလေးတွေ၊ တိရစ္ဆာန်ကလေးတွေတောင်မှ အဲဒီလို သိချင်စိတ်ကလေးသက်သက်နဲ့ စူးစမ်းတတ်ကြတာကို တွေ့နေရတတ်လို့ပါပဲ။ အကြောင်းရင်းကိုသိလာတော့မှ အကြောင်းရင်းကိုဖန်တီးပြီး အကျိုးကျေးဇူးကို ခံစားနိုင်အောင် လုပ်တာက တစ်ပိုင်းပေါ့။

ခုတစ်ပတ်ရေးတာတွေကတော့ ခါတိုင်းနဲ့မတူလှဘူး။ မင်းတို့ဦးနှောက်ကို စိမ်ခေါ်သလို ဖြစ်နေလိမ့်မယ်ထင်တယ်။ ငါလဲ စိမ်အခေါ်ခံရသလို ဖြစ်နေတာပါပဲ။ ဒီခေါင်းစဉ်ကို ဆက်ပါရစေဦး။

❐

# အတွေးအခေါ်ဆိုတာ ဘာလဲ တဲ့ (၂)

ဒီခေါင်းစဉ်ကို စလိုက်မိတာ ကျားမြီးဆွဲမိသလိုများ ဖြစ်နေပြီလား မသိတော့ပါဘူး။ ဒါပေမယ့် လူငယ်လေးတွေကို လေးလေးနက်နက် တွေးကျင့်ရလာစေချင်တာကြောင့် တတ်နိုင်သမျှ ကြိုးစားပြီး ရေးလိုက်ပါဦးမယ်။

အတွေးအခေါ်ဆိုတာဟာ အကျိုးကိုတွေ့လိုက်ရင် အကြောင်းကိုရှာခြင်းသာဖြစ်တယ်လို့ ယူဆမိကြောင်း အရင်တစ်ပတ်က ရေးခဲ့ပါတယ်။ အကြောင်းတရားနဲ့ အကျိုးတရားတို့ သဘာဝကို စဉ်းစားကြည့်ကြရအောင်။

'အကြောင်းတရား'နဲ့ 'အကျိုးတရား'ဟာ ဆက်စပ်နေတာမှန်သော်လဲ တစ်ဆက်တည်း တန်းလန်းကြီးစပ်နေတာ မဟုတ်ဘူး။ ဆိုလိုတာက မြင်သာထင်သာ ရှိချင်မှရှိတာ။ တကယ်ဆိုတော့ 'ဖြစ်ရပ်'နှစ်ခု ဆက်တိုက်ပေါ်ပေါက်လာခြင်းသာလျှင်ဖြစ်တယ်လို့ ပြောနိုင်လိမ့်မယ်ထင်တယ်။ ဆိုကြပါစို့– မင်းက ဖလားကို တုတ်နဲ့ခေါက်လိုက်တယ်။ 'ဒေါင်'ခနဲ မြည်သွားတယ်။ ခေါက်ခြင်းသည် 'အကြောင်း'၊ 'မြည်ခြင်း'

သည် အကျိုးဆိုတာမျိုးက ထင်သာမြင်သာရှိလေတော့ 'အကြောင်းတရား'နဲ့ 'အကျိုးတရား'ဟာ တစ်ဆက်တည်း တည်နေတယ်လို့ ယူဆစရာ ဖြစ်နေတာပေါ့။ အမှန်ကတော့ ဖြစ်ရပ်တစ်ခုစီကို ဆင်ခြင်တွေးခေါ်ခြင်းက ဆက်စပ်ပေးလိုက်တာပဲ။

ကောင်းပြီ... ဆက်ပြီး စဉ်းစားလိုက်ကြဦးစို့။ မိုးရွာတာ ဘာကြောင့်ရွာသလဲ။ အောက်ကတက်သွားတဲ့ ရေခိုးရေငွေ့တွေဟာ ကောင်းကင်က အအေးဓာတ်နဲ့တွေ့လို့ ရွာတာပဲ။ ဒါကို မင်းသိနေတယ် မဟုတ်လား။ ရှေးခေတ် ကမ္ဘာဦးကလူတွေက ဒါကို မသိကြဘူး။ ဒါကြောင့် နတ်တွေ ဘာတွေက ဖန်တီးလုပ်ဆောင်တယ်လို့ ယူဆကြတာပေါ့။ တကယ်လို့ 'အကြောင်းတရား'နဲ့ 'အကျိုးတရား' တို့ဟာ တစ်စပ်တည်း တည်နေကြမယ်ဆိုရင် ဒီလိုမှားယွင်းကောက်ယူမှုမျိုးတွေ ပေါ်လာစရာ မရှိဘူးပေါ့။

နောက်ပြီး 'အကျိုးတရား'တစ်ခု ဖြစ်ပေါ်ဖို့အတွက် 'အကြောင်းတရား'က အမျိုးမျိုးရှိနိုင်တယ်။ ဆိုပါစို့ 'ဒေါင်' ဆိုတဲ့ ဖလားသံထွက်ပေါ်လာဖို့ မင်းကခေါက်လိုက်လို့ ဖြစ်နိုင်သလို ခဲမှန်လိုက်လို့လည်း ဖြစ်နိုင်တာပဲ။ ကြမ်းပြင်ပေါ်ကျသွားလို့လည်း ဖြစ်နိုင်တာပဲ။ အဲဒီလိုပဲ လူတစ်ယောက်သေသွားတာမှာ 'သေခြင်း'ဆိုတဲ့ 'အကျိုးတရား' ဖြစ်ပေါ်လာဖို့ 'အကြောင်းတရား' အမျိုးမျိုး ရှိနိုင်တယ်မဟုတ်လား။ ဒါကြောင့် 'သေမှုသေခင်း'တွေ ဖြစ်တဲ့အခါမှာ သက်ဆိုင်ရာ ပြစ်မှုဆရာဝန်က ဘာကြောင့်သေသလဲဆိုတာကို တိတိကျကျ သိရအောင် ခွဲစိတ်စစ်ဆေးကြရတာပေါ့။ အဲဒီလိုပဲ လူတစ်ယောက် ချောင်းဆိုး

တယ်။ 'ချောင်းဆိုးတာ'က အကျိုးတရား။ ဟော... အကြောင်းတရားကျတော့ အမျိုးမျိုးဖြစ်နိုင်နေပြီ။ အအေးမိတာလည်း ဖြစ်နိုင်တယ်၊ အဆုတ်ရောဂါကြောင့်လည်း ဖြစ်နိုင်တယ်၊ ပန်းနာလည်း ဖြစ်နိုင်တယ်။ အဲဒီကျတော့ မင်းတို့ငါတို့လို လူပြိန်းတွေက အကြောင်းမှန်ကို မသိနိုင်ကြတော့ဘူး။ ဒါကြောင့် သိနိုင်စွမ်းရှိတဲ့ ဆရာများ၊ သမားများဆီကို ပြေးကြရတာပေါ့။ သူတို့ကတော့ အကြောင်းရင်းကို ရှာတတ်ကြတယ် မဟုတ်လား။

ပြောခဲ့တာတွေကို လိုရင်းပြန်ချုပ်လိုက်ရင်... အတွေးအခေါ် ဆိုတာဟာ အရာရာတို့ရဲ့ အကြောင်းရင်းကိုသိအောင် ကြိုးပမ်းခြင်း၊ သိခြင်းကို ဆိုလိုတာပဲလို့ ပြောကြရတော့မယ်။

မင်းတို့ ဆယ်တန်း ပင်ရင်းစကားပြေလက်ရွေးစင် ပြဋ္ဌာန်းချက်မှာ 'သိဃ်သူသမီးကျောက်စာ' ပါတယ်မဟုတ်လား။ ကျောက်စာရေးထိုးသူ သိဃ်သူသမီးရဲ့ ဆုတောင်းတစ်ခုကို သတိထားမိကြရဲ့ကလား မသိဘူး။ သူက လောဘ၊ ဒေါသ၊ မောဟ မရှိသော၊ အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်သောဆုကို တောင်းတယ်။ ပါဠိလို မဟုတ်ဘူး။ မြန်မာဘာသာနဲ့ ရေးထိုးတယ်။ အဲဒီထဲမှာ 'ငါလည်း... ပညာမရှိသော၊ မိုက်သော မဖြစ်မူ၍...ပညာရှိသော၊အကြောင်းကိုသိသော...ကျေးဇူးတို့နှင့် ပြည့်စုံလျက်'လို့ ရေးထားတာကို သတိထားမိကြလိမ့်မယ် ထင်ပါတယ်။

ကောင်းပြီ... အဲဒီစကားရပ်တွေကို စဉ်းစားကြည့်လိုက်ရင် 'ပညာမရှိရင်–မိုက်တယ်။ ပညာရှိရင် အကြောင်းကို သိတယ်'ဆိုတဲ့ သဘောကို ရောက်မသွားပေဘူးလား။ ဒီတော့ ပညာရှိဆိုတာဟာ ပြဿနာတို့ရဲ့ အကြောင်းရင်းကို သိသောသူ၊

လူမိုက်ဆိုတာဟာ ပြဿနာတို့ရဲ့ အကြောင်းရင်းကို မသိသော သူ ဆိုတဲ့အဓိပ္ပာယ်ကို ရောက်မသွားပြန်ပေဘူးလား။ ဒီတော့ ‘ပညာ’ဆိုတာဟာ ‘အကြောင်းရင်းကိုသိခြင်း’ဆိုတဲ့ အဓိပ္ပာယ် ကို ရောက်မသွားပြန်ပေဘူးလား။

‘အတွေးအခေါ်ဆိုတာ ဘာလဲ’ ဆိုတဲ့ မေးခွန်းကို ဖြေလိုက်မိတာ ငါလဲ မော်တော်ပေါ်မှာ ပန်ချာဘီခေါင်းပေါင်းကို အလစ်ဆွဲပြေးတဲ့ ငနဲလို မော်တော်သာဆုံးရော ခေါင်းပေါင်းက မဆုံးသေးတော့ တန်းလန်းကြီးမိနေသလို ဖြစ်နေပြီထင်ပါရဲ့ကွာ။

ကဲ… ဒီတော့ ရှေ့တစ်ပတ်ဖြင့် ဆက်လိုက်ပါရစေဦး။

❐

# အတွေးအခေါ်ဆိုတာ ဘာလဲ တဲ့ (၃)

အရင်တစ်ပတ်က သိဃ်သူသမီးဆုတောင်းမှာ မောဟ= မိုက်မဲခြင်း၊ အမောဟ = ပညာရှိခြင်း = အကြောင်းကိုသိခြင်း ဆိုတာကို ပြောခဲ့ပါတယ်။ အတွေးအခေါ်ဆိုတာဟာ အကြောင်း ရင်းကို သိအောင်ကြိုးပမ်းခြင်း၊ သိခြင်း ဆိုတဲ့ သဘောတွေကို ရှင်းပြခဲ့ပါတယ်။

ကောင်းပြီး– ဆက်ပြီး စဉ်းစားကြည့်လိုက်တော့ ဘုရား အဖြစ် ရောက်တော်မူတယ်၊ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူတယ်ဆိုတာတွေဟာလည်း အကြောင်းရင်းတရား ကို သိမြင်ခြင်းဆိုတဲ့ သဘောတွေပဲဆိုတာ တွေ့လာရပြန်ပါ တယ်။ မြတ်စွာဘုရားသခင်ဟာ ဘုရားအဖြစ်ရောက်တော်မူတော့ 'မနသာဥဒါန်း'လို့ ခေါ်တဲ့ စိတ်တော်ဖြင့်သာ ကျူးရင့်တဲ့ ဥဒါန်းကို ကျူးရင့်တော်မူခဲ့တယ်။ တိပိဋကဓရ မင်းကွန်းဆရာ တော်ဘုရား ဦးစီးပြုစုတော်မူခဲ့တဲ့ 'မဟာဗုဒ္ဓဝင်' ဒုတိယတွဲက ထုတ်ပြလိုက်ပါရစေ။ ဆရာတော်က စာဖတ်သူတွေ ရှင်းလင်း သေချာနားလည်အောင် ချဲ့ထွင်ရေးဖွဲ့ထားသော်လည်း ပဓာနပုဒ်

ကို စာလုံးမည်းနဲ့ ပြထားလိုက်ပါတယ်။

'ဂဟကာရက = ဒုက္ခယှက်လိမ် **ခန္ဓာအိမ်**ကို ကြိမ်ကြိမ် ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ **အကြောင်း ရင်း** သမုဒယသစ္စာဖြစ်သော **တဏှာ** ယောကျ်ား လက်သမား။

အဓိပ္ပာယ်ကတော့ ဘဝအဆက်ဆက် သံသရာ ခန္ဓာအိမ် ကို တည်ဆောက်မှုအကြောင်းရင်းဟာ 'တဏှာ' ဖြစ်တယ်လို့ သိလိုက်ကြောင်း ဥဒါန်းကျူးလိုက်တာပါပဲ။ ဒီတော့ သစ္စာ လေးပါးကို သိမြင်လာခြင်းဟာလည်း 'အကြောင်း'ကို သိခြင်း သာလျှင်ဖြစ်ကြောင်း ပေါ်မလာပေဘူးလား။

နောက်တစ်ခု ပြောလိုက်ပါဦးမယ်။ ရှင်သာရိပုတ္တရာ အလောင်း ပရိဗိုဇ်က ရှင်အဿဇိ ကို 'သင်၏ ဆရာကား၊ မည်သူပါနည်း၊ မည်သည့်အယူဝါဒ ရှိပါသနည်း၊ အကျဉ်းမျှ ပြောပါ၊ နည်းပေါင်းရာထောင်ပွား၍ သိရန် ငါ့ဝန်ရှိပါစေ' လို့ တောင်းပန်တဲ့အခါမှာ ရှင်အဿဇိ ပြောတာကိုလည်း ကြည့်ပါဦး။ မဟာဗုဒ္ဓဝင် တတိယတွဲက 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' အစချီတဲ့ ဂါထာအနက်ထဲက ထုတ်နုတ်ပြလိုက်ပါတယ်။

'(ငါ့ရှင်) ယေဓမ္မာ = ခန္ဓာငါးပါး အကြင် ဒုက္ခသစ္စာ တရားတို့သည်၊ ဟေတုပ္ပဘဝါ = သမုဒယသစ္စာ တဏှာ လောဘလျှင် အမွန်ပဘဝ အခြေခံအကြောင်းရင်း ရှိကုန်၏။'

ဆိုလိုတာက သစ္စာတရားတို့မှာ အခြေခံအကြောင်းရင်း ရှိတယ်ပေါ့။ အဲဒီအကြောင်းရင်းကိုရှာတာဟာ အတွေးအခေါ်ပဲ လို့ ငါကတော့ ပြောလိုက်ချင်တာပဲ။ ကောင်းပြီ– အဲဒီ အကြောင်းရင်းကို ပွားများအောင်လုပ်လိုက်ရင် အကျိုးတရား ပွားများလာမှာပေါ့။ တဏှာဆိုတဲ့ အကြောင်းရင်းကို သတ်လိုက်

ရင် ဘဝဒုက္ခဆိုတာတွေ ပြတ်သွားတာပေါ့။ ငှက်ဖျားရဲ့ အကြောင်းရင်းဟာ ခြင်ကိုက်ခြင်းဆိုတာကို သိလိုက်တော့ခြင် မကိုက်အောင်နေလိုက်ခြင်းဖြင့် ငှက်ဖျားကို ကာကွယ်နိုင်တာ ပေါ့။ မြေသြဇာဆိုတဲ့ အကြောင်းရင်းကိုသုံးပြီး အပင်တွေကို ဖွံ့ဖြိုးပွားများအောင် လုပ်နိုင်တာပေါ့။

'ယုတ္တိ'ဆိုတာကို ဆက်လိုက်ကြရအောင်။ ငါ့အမြင်ပြော ရရင်တော့'ယုတ္တိ'ဆိုတာဟာ'အကျိုးတရား'နဲ့'အကြောင်းတရား' ကြဲဆက်စပ်မှု သင့်/မသင့် ဆင်ခြင်ခြင်းလို့ ပြောချင်ပါတယ်။

စိတ်ပညာကျောင်းသားတွေလုပ်ရတဲ့ လက်တွေ့စမ်းသပ် လေ့လာမှုကလေး တစ်ခုအကြောင်းကို ပြောလိုက်ချင်ပါသေး တယ်။

ကြွက်ကလေးတစ်ကောင်ကို လှောင်ချိုင့်ကလေးတစ်ခု ထဲမှာ အစာငတ်ထားတယ်။ လှောင်ချိုင့်အမိုးပေါ်မှာ မြေပဲဆံ ကလေးတွေရှိတယ်။ လှောင်ချိုင့်ကြမ်းပြင်မှာ ခလုတ်ကလေး တစ်ခုရှိတယ်။ အဲဒီခလုတ်ကလေးကို ကြွက်က တက်နင်းလိုက် မိရင် မြေပဲဆံကလေးတစ်ခု ကျလာအောင် စီမံထားပါတယ်။ ကြွက်က ဆာလှပြီ။ မြေပဲနံ့ကို ရနေတယ်။ လှောင်ချိုင့်ထဲမှာ ဟိုပြေးလိုက်၊ ဒီသွားလိုက်ပေါ့။ နောက်တော့ ခလုတ်ကို မတော်တဆ နင်းမိလိုက်တယ်။ မြေပဲဆံကျလာတယ်။ စားရ တယ်။ နောက်တစ်ခါ နင်းမိပြန်တယ်။ စားရပြန်တယ်။ ဒီလိုနဲ့ပဲ ကြွက်က ခလုတ်နဲ့ မြေပဲဆံ ဆက်သွယ်မှု သတိပြုမိလာတယ်။ ဒီတစ်ခါတော့ ခလုတ်ကို တမင်နင်းကြည့်လိုက်တယ်။ ကျလာ တယ်။ အဲဒီကျတော့ ကြွက်က သွက်သွက်ကြီးနင်းပြီး စားတော့ တာပဲ။

ခလုတ်နှင်းမိခြင်းသည် 'အကြောင်း'၊ မြေပဲဆံကျခြင်းသည် 'အကျိုး'။ အကြောင်းနဲ့အကျိုးကို ဆက်စပ်ပြီး သင့်/မသင့် ဆင်ခြင်ခြင်းသည် ယုတ္တိကြံခြင်းလို့ ဆိုနိုင်ပါလိမ့်မယ်။ ဟုတ်မဟုတ်ကို ကြွက်က စမ်းပြီးနှင်းကြည့်လိုက်တယ်။

မင်းတို့ ရှစ်တန်းမှာ သင်ခဲ့ရတဲ့ မဟောသဓာဇာတ်တော်ထဲက ပတ္တမြားပြဿနာကို ပြန်ပြီး စဉ်းစားကြည့်ပါလား။ အကြောင်းအကျိုး ဆက်စပ်ဆင်ခြင်ခြင်း ယုတ္တိသဘောကို တွေ့ရမှာပေါ့။

ငါ ပြောခဲ့တာတွေ သင့်/မသင့် မင်းတို့ကိုယ်တိုင်လည်း စဉ်းစားကြဦးပေါ့။

❐

# အတွေးအခေါ်ဆိုတာ ဘာလဲ တဲ့ (၄)

အတွေးအခေါ် ဆိုတာကို တတ်နိုင်သမျှ ရေးလာခဲ့တာ ၃ ပတ် ရှိသွားခဲ့ပြီ။ ဒီတစ်ပတ်တော့ ဆက်လိုက်ပါရစေဦး။ အတွေးအခေါ်ဆိုတာဟာ ဖြစ်ရပ်တွေကို အကြောင်းအကျိုးသင့်အောင် ဆက်စပ်ကြည့်ခြင်းဖြစ်တယ်၊ အကျိုးတရားတစ်ခုကို တွေ့လိုက်ရင် ဘာကြောင့်ဖြစ်လာသလဲ ဆိုတဲ့ မေးခွန်းနဲ့ အကြောင်းအရာကိုရှာတယ်။ ဖြစ်ရပ်တစ်ခုကို ကြုံလိုက်ရင် အဲဒီဖြစ်ရပ်ကြောင့် ဘယ်လိုအကျိုးတရား ပေါ်လာနိုင်သလဲဆိုတာကို မှန်ကန်အောင်မှန်းဆ (ဟောကိန်းထုတ်) နိုင်ခြင်း ဆိုတာတွေဟာ အတွေးအခေါ်ပဲလို့ ပြောလိုက်ချင်ပါတယ်။

ဒါဖြင့် 'အတွေး အခေါ်ကောင်းတယ်'ဆိုတာ ဘာလဲလို့ ဆက်ပြီးစဉ်းစားကြည့်မိပြန်ပါတယ်။ အကြောင်းတရားအမှန်ကို သိအောင်စဉ်းစားတတ်ခြင်း၊ သက်ရောက်လာမယ့် အကျိုးတရားကို မှန်မှန်ကန်ကန် မှန်းဆနိုင်ခြင်းဆိုတာဟာဖြင့် အတွေးအခေါ်ကောင်းတဲ့ လက္ခဏာတွေပဲလို့ အောက်မေ့မိပါတယ်။ ပြီးခဲ့တဲ့

အပတ်က စိတ်ပညာလက်တွေ့စမ်းသပ်ခန်းထဲက ကြွက်ကလေးဟာ လှောင်ချိုင့်ကြမ်းပြင်ပေါ်က ခလုတ်ကို မတော်တဆ တက်နင်းမိပြီး လှောင်ချိုင့်အမိုးပေါ်ကကျလာတဲ့ မြေပဲဆံကို စားလိုက်ရတယ်။ လေးငါးခြောက်ခါလောက် ကြုံပြီးတဲ့အခါကျတော့ ခလုတ်နင်းမိခြင်းနဲ့ မြေပဲဆံကျလာခြင်းကို ဆက်စပ်ယူကြည့်ပြီး အကြောင်းအကျိုးကို တွေ့သွားပြီမို့ ခလုတ်ကိုနင်းနင်းပြီး မြေပဲဆံကိုစားနေတော့တယ်ဆိုတာကို ရေးလိုက်ခဲ့ပါတယ်။ အဲဒီကြွက်ကို နောက်တစ်ကြိမ် စမ်းသပ်မယ်ဆိုရင် သူက 'နပ်' နေပြီဆိုတော့ ခလုတ်ကို ချက်ချင်းနင်းပြီး စားတော့တာပဲ။ သူက အတွေ့အကြုံ ရှိခဲ့ဖူးပြီမဟုတ်လား။

အဲဒီစမ်းသပ်မှုကို ကြည့်လိုက်မယ်ဆိုရင် ပထမဆုံး မိမိအတွေ့အကြုံကို သတိထားကြည့်တတ်ဖို့ အရေးကြီးတယ်လို့ ဆိုလိုက်ချင်ပါတယ်။ သတိမထားတတ်ရင် အကျိုးအကြောင်း ဆက်စပ်နေမှုကို မမြင်နိုင်ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အကျိုးအကြောင်းကို တစ်ကြိမ်တွေ့လိုက်ပြီးရင် အဲဒီအတွေ့အကြုံကို မှတ်ထားလိုက်ရမယ်ဆိုတာလည်း ထင်ရှားလာပါတယ်။ ကြွက်ကလေးဟာ အဲဒီစနစ်ကို သုံးသွားတာ ဖြစ်တယ်။

ဒါဖြင့် လူတွေမှာကော ဘယ်လိုလဲဆိုတာ ဆက်စဉ်းစားကြည့်လိုက်တော့ အခြေခံသဘောမှာတော့ဖြင့် အတူတူပဲလို့ ပြောလိုက်ချင်ပါတယ်။ အတွေ့အကြုံတွေမှာ ကြောင်းကျိုးဆက်စပ်နေမှုကို ရှာရတယ်၊ အဲဒါကို သင်ခန်းစာအဖြစ် မှတ်ထားလိုက်တယ်။ နောက် ဒီလိုပြဿနာမျိုး ကြုံလိုက်ရင် အလွယ်တကူ ဖြေရှင်းလိုက်နိုင်တယ်။

လူက ကြွက်ထက် သာနေတာတစ်ခုက ဘာသာစကား

ရှိနေတာပါပဲ။ ဒီတော့ အတွေ့အကြုံသင်ခန်းစာကို လက်ဆင့်ကမ်းပေးနိုင်တယ်။ အပြောနဲ့ လက်ဆင့်ကမ်းနိုင်တယ်၊ စာအုပ်စာတမ်းရေးပြီး လက်ဆင့်ကမ်းနိုင်တယ်။ ခုခေတ်မှာတော့ဖြင့် ရုပ်မြင်သံကြားတို့၊ ရုပ်ရှင်ဗွီဒီယို ဆိုတာမျိုးလို နည်းလမ်းတွေ အများကြီး ဖြစ်နေပါပြီ။ အဲဒီလို ဆက်သွယ်ရေးပစ္စည်းတွေကို သုံးပြီး ရှေးကလူတွေရဲ့ အတွေ့အကြုံ၊ ခေတ်ပြိုင်လူတွေရဲ့ အတွေ့အကြုံကို ရယူနိုင်ကြပြီလို့ ဆိုနိုင်ပါတယ်။

ဒီနေ့ တွေ့မြင်နေရတဲ့ ပညာရပ်ကြီးတွေဟာသမျှဟာ နေ့ချင်းညချင်း ဖြုန်းခနဲ ပေါ်လာတာမှ မဟုတ်ဘဲ။ ရှေးကလူတွေရဲ့ အတွေ့အကြုံကို အထပ်ထပ်ဆည်းပူးပြီး ဆက်လက်ကြံဆယူကြတာပါပဲ။ စုံထောက်မောင်စံရှားဝတ္ထုကို သတိရကြမှာပေါ့။ မောင်စံရှား ထောက်လှမ်းဆင်ခြင်ပုံတွေဟာ ဒီသဘောအတိုင်းပါပဲ။ မောင်စံရှားမှ မဟုတ်ပါဘူး။ မှုခင်းသိပ္ပံသင်တန်းမှာပို့ချတာတွေကလဲ ဒါမျိုးပါပဲ။

သိပ္ပံပညာလောကမှာသာ ဒီနည်းကိုသုံးတာ မဟုတ်ပါဘူး။ (**political science**) နိုင်ငံရေးသိပ္ပံမှာလည်း ဒီနည်းကို သုံးရတာပါပဲ။ သမိုင်းကြောင်းတစ်လျှောက်မှာ ဖြစ်ခဲ့တာတွေကို ကျိုးကြောင်းဆက်စပ် စဉ်းစားပြီး အနာဂတ်မှာ ဘာဖြစ်နိုင်သလဲ၊ ဘယ်လိုလုပ်သင့်သလဲ ဆိုတာမျိုးတွေကို ကြံဆကြတာပါပဲ။ အဲဒီလို တွေးတောကြံဆရာမှာ မှန်မှန်ကန်ကန်ဖြစ်အောင် စဉ်းစားဆုံးဖြတ်နိုင်တဲ့ သူကို ‘အတွေးအခေါ်ကောင်းသူ’လို့ သတ်မှတ်ကြတာပဲလို့ ပြောလိုက်ချင်ပါတယ်။ ခုတလော အာရှမှာကြုံနေရတဲ့ စီးပွားရေးပြဿနာတွေနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေရဲ့ သုံးသပ်ချက်တွေ၊ ဟောကိန်းတွေကို ကြည့်

လိုက်မယ်ဆိုရင်လည်း ဒီနည်းမျိုးကိုသုံးပြီး ပြောကြတာတွေပါပဲ။

ဒီတော့ အတွေးအခေါ်ကောင်းသူတစ်ယောက် ဖြစ်ချင်ရင် ဘာလုပ်ရမလဲဆိုတာ အဖြေပေါ်ပြီးသား ဖြစ်နေပါပြီ။ ကိုယ်တိုင် ကြုံရတဲ့ ဖြစ်ရပ်တွေကိုသာမက သူတစ်ပါးတွေ့ကြုံတဲ့ ဖြစ်ရပ် တွေကိုလည်း မှတ်သားကြရမှာပါပဲ။ ဘယ်လိုမှတ်သားကြမလဲ။ စောစောကပြောခဲ့တဲ့ ဆက်သွယ်ရေးပစ္စည်းတွေကိုသုံးပြီး မှတ်သားကြရမှာပါပဲပေါ့။ စာဖတ်၊ ရုပ်မြင်သံကြားကြည့်ရာက အစ အပျော်တမ်းလုပ်ငန်းလို့ သဘောမထားဘဲ ဘဝမှာအရေး ကြီးတဲ့ ကိစ္စတစ်ခုလို့ သဘောထားပြီး လုပ်ကြသင့်တာပဲပေါ့။ လောလောဆယ်အားဖြင့် ငါတို့တစ်တွေရဲ့ ပတ်ဝန်းကျင်မှာတော့ စာဖတ်တာဟာ အလွယ်ဆုံးလို့ ဆိုရတော့မလို ဖြစ်နေပါတယ်။ ဒီနည်းကိုသုံးပြီး အတွေးအခေါ်ကောင်းတဲ့လူတစ်ယောက် ဖြစ် လာအောင် ကြိုးစားမယ်ဆိုရင် မဖြစ်နိုင်စရာမရှိဘူးလို့ အောက် မေ့မိပါတယ်။ သို့သော်လည်း ခုရေတွင်းတူး၊ ခုရေကြည် သောက် ဆိုတာမျိုးကို အိပ်ရာဝင်မှာ စာတစ်အုပ်ကောက်ဖတ် လိုက်ရုံနဲ့ မနက်ကျတော့ အတွေးအခေါ်ကောင်းသူတစ်ယောက် ဖြစ်လာရောတော့ မမျှော်လင့်နိုင်ဘူးပေါ့။ ။

❐

# သကြင်္နာတော် အပျော်ပွဲစေချို

လွန်ခဲ့တဲ့ မတ်လတတိယပတ်ထဲမှာ မန္တလေးကို ရောက်ခဲ့ပါတယ်။ 'ယနေ့မန္တလေးစာအုပ်တိုက်'က (၁၇-၃-၉၈)နေ့မှာ 'တောင်လေးလုံးကျောင်းသင်္ချိုင်း'မှာ မြသန်းတင့် တစ်လပြည့် အထိမ်းအမှတ် ဆွမ်းကပ်တဲ့ပွဲကို ဖိတ်ကြားလို့ သွားခဲ့တာဖြစ်ပါတယ်။ မန္တလေးက စာရေးဆရာတွေ အတော်များများလည်း လာရောက်ခဲ့ကြပါသည်။ စာရေးဆရာတွေထဲမှာ စာရေးဆရာ-ဆရာမငယ်များက ဒေါ်ဒေါ်/အမေ စသည်အားဖြင့် ချစ်ခင်ရိုသေစွာ ဂါရဝနာမပြုလေ့ရှိကြတဲ့ 'လူထုဒေါ်အမာ' လည်း ရောက်လာလို့ အတော်ကြာကြာလေး စကားလက်ဆုံကျခဲ့ရပါတယ်။

'အအိုလှ' တဲ့ စာရေးဆရာမကြီး တစ်ယောက်ပေပဲလို့ သူ့ကိုကြည့်ပြီး မှဒိတာ ဖြစ်မိပါတယ်။ ခုထက်ထိ နံနက်တိုင်း လမ်းလျှောက်နိုင်ဆဲ၊ စာတွေရေးနိုင်ဆဲ၊ အတွေးအခေါ်ကြည်လင်ဆဲ၊ လောကကို မေတ္တာစိတ်နဲ့ မွမ်းမံနေဆဲမို့ 'အအိုလှတယ်' လို့ ပြောလိုက်ရတာပါ။

http://www.cherrythitsar.org



'အအိုလှ' တဲ့ စာရေးဆရာမကြီးရဲ့ မျက်ရည်တစ်စကို လှစ်ခနဲ တွေ့လိုက်ရတာကြောင့် ဒီစာကို ကောက်ပြီးခြစ်လိုက်ရတာပါပဲ။

ဆရာမကြီးက ဒီနေ့မျိုးဆက်သစ်ရဲ့ သွင်ပြင်လက္ခဏာတွေကို အားမလိုအားမရ ဖြစ်နေဟန်ရှိပါတယ်။ ဒါလည်း ဟုတ်ပေမှာပဲ။ သူတို့ခေတ် သူတို့အခါ ငယ်ဘဝမှာတော့ဖြင့် 'တို့ဗမာအစည်းအရုံး'စတဲ့ ဦးဆောင်အဖွဲ့အစည်းများရဲ့ ရှေ့ဆောင် လမ်းပြမှုနဲ့ တက်ကြွထက်သန်စွာ လှုပ်ရှားခဲ့ကြတယ် မဟုတ်လား။ သူပြောပြတာတွေကတော့ အများကြီးပါပဲ။ ဒီဆောင်းပါးမှာ တစ်ခုပဲပြောချင်တာပါ။

'ကိုအောင်သင်းရေ... အရက်ကတော့ဖြင့် လူငယ်တွေရဲ့ လောကမှာ ရှုလပတ်ရည်လို ဖြစ်နေပြီထင်ပါရဲ့။ အခုသင်္ကြန်မှာ ဆိုရင်လည်း ကျွန်မတို့မန္တလေးမှာဖြင့် အရက်ကုမ္ပဏီတွေက သူတို့ကြော်ငြာအတွက် မဏ္ဍပ်တွေကို ကုန်ကျစရိတ်ပေးမယ် ဆိုပြီး စည်းရုံးနေတယ်လို့ ကြားရတယ်။ အရက်စတုဒိသာ ပေးနေဦးမလား မသိဘူး'

ဆရာမကြီးပြောလိုက်တာဟာ အမှန်ပေပဲ။ အရက်ကြော်ငြာတွေကလည်း ကြည့်တဲ့ မြင်တဲ့သူတွေတောင် မူးချင်လာအောင် များလည်းများ၊ ကောင်းလည်းကောင်း မဟုတ်လား။ ကြော်ငြာသရုပ်ဆောင်သူတွေကလည်း ဘယ်စာစောင်၊ ဘယ်နေရာမှာမဆို ချစ်ရာ အားကျစရာတွေ ဖြစ်နေတယ်မဟုတ်လား။ ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့ကြီးကတော့ အရက်၊ စီးကရက်ကြော်ငြာမှာ ပါဝင်အသုံးခံတဲ့သူတွေကို ကုလသမဂ္ဂကြော်ငြာမှာ မသုံးရဘူးဆိုတဲ့ သတ်မှတ်ချက်ရှိတယ်လို့ ကြားဖူးပါတယ်။ သူတို့ကို

http://www.cherrythitsar.org



'ဇာတ်နှိမ့်' ထားလိုက်တဲ့ သဘောပေါ့။

ဆရာမကြီးက ငါတို့ထက် အသက်ကြီးတော့ ပိုပြီးသိတယ်၊ ပိုပြီးခံစားရတယ်လို့ ပြောရတော့မှာပဲ။ ငါတို့တောင်မှ ခံစားမိသေးတာကိုး။ ဆိုကြပါစို့– ငါတို့ငယ်ငယ်က ရုပ်ရှင်တွေကို ကြည့်လိုက်မယ်ဆိုရင် ရုပ်ရှင်ထဲမှာ ပရိသတ်မုန်းတဲ့၊ အော့ကြောလန်တဲ့ 'ဗီလိန်' လူကြမ်းကသာ အရက်သောက်တာ၊ ပရိသတ်ချစ်တဲ့ ဇာတ်လိုက်က အရက်မသောက်ဘူး။ အရက်သောက်ရင်တောင်မှ မိုက်မှားသွားမိတဲ့ ဇာတ်ကွက်အရသောက်တာမျိုးသာ ဖြစ်တယ်။ ဆိုလိုတာက လူငယ်ပရိသတ်က အတုခိုးလာအောင်၊ အားကျလာအောင် မဖန်တီးကြဘူးလို့ ပြောချင်တာပါ။

ကောင်းပြီ– ဒါဖြင့် စာပေမှာကော။ ဦးသိန်းဖေမြင့်က 'ဆရာကြီး ပီမိုးနင်းဟာ သူကိုယ်တိုင်က အရက်ကိုမပြတ်သောက်သွားသော်လည်း စာဖတ်သူ အရက်သောက်ချင်လာအောင်၊ အားကျလာအောင် ဘယ်တော့မှ မရေးခဲ့ဘူး' လို့ ချီးကျူးဖူးပါတယ်။ ဘာကြောင့် ဒီလိုရေးလိုက်သလဲဆိုတော့ အရက်သောက်ချင်လာအောင်၊ အားကျလာအောင်ရေးတဲ့ စာရေးဆရာတွေ ရှိနေခဲ့လို့ပါပဲ။ အချစ်ကြောင့် အသည်းကွဲ၊ ကွဲတဲ့အသည်းကို အရက်နဲ့စိမ် ဆိုတာမျိုးတွေကိုရေးတဲ့ စာရေးဆရာက ရေးကြတယ် မဟုတ်လား။ ဒါတွေကို အမြင်မတော်လွန်းလို့ ဦးသိန်းဖေမြင့်က ရေးခဲ့တာပါ။ အခုခေတ်လို ဗွီဒီယိုရုပ်ရှင်တွေမှာ ထစ်ခနဲဆို ဇာတ်လိုက်က အရက်သောက်တာတွေကိုများ တွေ့နေရင် ဦးသိန်းဖေမြင့် ဘာပြောမလဲလို့တောင် တွေးလိုက်မိပါသေးတယ်။

ကဲ– ဒါတွေကို ထားလိုက်ပါတော့။ လာမယ့်သင်္ကြန် တွင်းအကြောင်းကို ပြောချင်တာပါ။ မောင်ရင်လည်း သင်္ကြန်မှာ ပျော်ကြ လည်ကြဖို့ စီစဉ်ပြီးပြီမဟုတ်လား။ 'အရက်စတုဒီသာ' နဲ့ တွေ့ပါစေလို့များ ဆုတောင်းနေလေသလား မသိတော့ဘူး။ တစ်ခုတော့ ပြောလိုက်ပါပေရဲ့။ အပျော်လွန်ပြီး ဘဝပျက်သွား တာတွေ တစ်ပုံကြီးရှိပါတယ်။ သင်္ကြန်တွင်းမှာဆိုရင် ဆေးရုံကြီး အရေးပေါ်ဌာနကို အသင့်ပြင်ထားရတယ်ဆိုတာကို မောင်ရင် သတိထားမိရဲ့လား။ မယုံရင် သွားမေးကြည့်ပါဗျာ။ သင်္ကြန်ရက် တွေအတွင်းမှာ ထိမိခိုက်မိလို့၊ ရန်ဖြစ်လို့၊ ကားမှောက်လို့ အရေးပေါ်ကိုရောက်လာတဲ့ လူနာဟာ လက်မလည်နိုင်အောင်ကို ဖြစ်တတ်တာကြောင့် အသင့်ပြင်ထားရတာပါ။ ပွန်းတာ ပဲ့တာ လောက်ကို ထည့်မပြောဘူး။ ခြေပြတ် လက်ပြတ် ဘဝပျက် သည်အထိကို ဖြစ်သွားတာတွေအထိ ရှိတယ်။ အဲဒီမှာ အင်းလျားကန်မယ် အရက်မူး ရေနစ်တာ မပါသေးဘူး။

မင်းတို့က သင်္ကြန်တော်ဇာတ်လမ်းလို့ဆိုလိုက်ရင် ရေ ကစားရင်း ကောင်လေးနဲ့ ကောင်မလေး 'ကြည်'သွားတာမျိုး လောက်ကိုသာ တွေးနေကြတာ။ ပျော်ရင်းက ဘဝပျက်သွားကြ တာကို သတိမထားကြဘူး။

ဒီတော့ သင်္ကြန်တော် အပျော်ပွဲကြီးမှာ ပျော်ပါ၊ သို့သော် 'သတိနဲ့ပျော်ပါ'လို့…

❒

# သတ္တလောက၏ သဘာဝတို့

'အောင်သင်း၏ အတွေးစကား' ဆိုတဲ့ စာအုပ်ကလေးကို တွေ့ဖူးကြမယ် ထင်ပါတယ်။ အဲဒီစာအုပ်ရဲ့ ကျောဖုံးမှာ 'ငယ်ငယ်မှာ ကိုယ့်ကိုကိုယ် ခိုင်းရတယ်၊ ငယ်ငယ်မှာ ကိုယ့်ကိုကိုယ် မခိုင်းရင် ကြီးလာရင် သူများခိုင်းတာခံရတတ်တယ် ဆိုတဲ့ စကားမျိုးကို မြန်မာလိုမှာရော အင်္ဂလိပ်လိုမှာပါ ဘယ်မှာမှ ကျုပ် မတွေ့ဖူးဘူး။ အဲဒါ ခင်ဗျားရဲ့ ကိုယ်ပိုင်အတွေးတွေပဲ' လို့ ကောက်စာလေးထုတ်ထားတာကို တွေ့ကြပါလိမ့်မယ်။

စာအုပ်နိဒါန်းကို ဖတ်ကြည့်မယ်ဆိုရင် မြသန်းတင့်က ငါ့ကို အားပေးတိုက်တွန်းထားတဲ့ စကားစုလေးဖြစ်ကြောင်း သိသာနိုင်ပါတယ်။ အမှန်အတိုင်းပြောရရင် ငါလည်း လောကသဘာဝကိုတွေးမိတာကြောင့် ဒီစကားလေးကို ပြောလိုက်တာပါပဲ။ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်အတွေးရယ်လို့ ထွေထွေထူးထူး မတွေးခဲ့မိရိုး အမှန်ပါ။ မြသန်းတင့် ပြောလိုက်တော့လည်း 'ဒီစကားမျိုးကို တစ်ယောက်ယောက်ကတော့ ပြောဖူးမှာပဲ၊ ငါတို့

က မတွေ့ဖူးလို့သာ ဖြစ်ချင်ဖြစ်နေမှာ’လို့တော့ တွေးလိုက်မိသေးတယ်။

စကားဖြတ်ပြီး ပြောလိုက်ရဦးမယ်။ မကြာသေးမီက ကွန်ပျူတာတစ်လုံး ဝယ်လိုက်ပါတယ်။ ဘာစီးပွားရေး၊ ဘာလုပ်ငန်းလုပ်ဖို့မှ မဟုတ်ပါဘူး၊ သက်သက် လက်ကမြင်းချင်တာကြောင့် (အဆင့်မြင့်မြင့် ပြောလိုက်ရရင်တော့ သိချင်တတ်ချင်တာကြောင့်) မိန်းမနှုတ်ခမ်းစူတာကို မမြင်ချင်ယောင်ဆောင်ပြီး ဝယ်လိုက်တာပါပဲ။ ကွန်ပျူတာဝယ်လိုက်တာက လေဆာဓာတ်ပြားတွေကို ဖတ်ချင်တာလည်းပါတာကိုး။ ပျင်းပျင်းရှိရင် အဲဒီဓာတ်ပြားတွေကိုထိုးပြီး ဖတ်ချင်ဖတ်နေတာပါပဲ။

ငါ့မှာရှိတဲ့ ဓာတ်ပြားတွေထဲမှာ (**Microsoft Bookshelf 1996-97 Edition**) ဆိုတာလေး တစ်ခုပါတယ်။ ဓာတ်ပြားတစ်ချပ်ထဲမှာ စာအုပ်ကိုးအုပ် သွင်းထားတာပါ။ အဲဒီစာအုပ်တွေထဲမှာ (**Quotations**) စာကိုးစကားကိုး အဘိဓာန်ကလေးတစ်ခုလည်းပါတာကြောင့် ပျင်းတဲ့အခါ တောင်နှိုက်မြောက်နှိုက်ဆိုသလို ဖွင့်ကြည့်နေတတ်ပါတယ်။ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်တော့ (**Selfcontrol**) ‘မိမိကိုယ်မိမိ ထိန်းသိမ်းခြင်း’ ဆိုတဲ့ ခေါင်းစဉ်ကလေးကိုဖွင့်ပြီး လျှောက်ဖတ်ကြည့်လိုက်မိပါတယ်။ စာတစ်ကြောင်းကိုတွေ့လိုက်တော့ အံ့အားသင့်ပြီး သိပ်ပျော်သွားမိပါတယ်။ ဖတ်ကြည့်လိုက်ပါဦး–

> **He who cannot obey himself will be commanded.**
> **That is the nature of living creatures.**
> **Friedrich Nietzsche (1844 - 1900),**
>
> **German philosopher.**
>
> မိမိကိုယ်မိမိ မနာခံသောသူသည် အမိန့်ပေးခံရမည်။

http://www.cherrythitsar.org



ဤကား သတ္တလောက၏ သဘာဝတည်း။

'ဖရက်ဒရစ် နစ်ရှေး (၁၈၄၄–၁၉၀၀) ဂျာမန်ဒဿန ပညာရှင်။'

'နစ်ရှေး' ဆိုတာ ဒဿနလောကမှာတော့ အလွန်ကို နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ပါပဲ။ 'ဒါဝင်'ရဲ့ သတ္တဝါတို့ရဲ့ တိုးတက် ပြောင်းလဲမှုက 'မတော်သူသေ၊ တော်သူနေ' (**The survival of the fittest**) ကို အခြေခံပြီး စာတစ်အုပ်ရေးလိုက်တာ ဒဿန လောက၊ ကိုယ်ကျင့်အဘိဓမ္မာလောကတစ်ခုလုံး ချောက်ချားသွား တာပဲ။ သူ့ရဲ့အတွေးအခေါ်တွေဟာ အာဏာရှင်ဟစ်တလာ အပေါ် အတော်လေး ဩဇာပြုတယ်လို့တောင် ဆိုကြပါတယ်။

အဲဒီအကြောင်းကို မြသန်းတင့်ကိုပြောပြပြီး စာကြောင်း ကလေးကို ရွတ်ပြလိုက်တော့ မြသန်းတင့်က သိပ်သဘောကျ သွားပြီး **" will be commanded "** ဆိုတာလေးကို လှလွန်းလို့ ဆိုပြီး ရွတ်ကြည့်နေသေးတယ်။

'မိမိကိုယ်မိမိ မနာခံသောသူ' ဆိုတာကတော့ အင်္ဂလိပ် လိုက တိုက်ရိုက်ပြန်လိုက်တာပါ။ မြန်မာလိုမှာ တကယ်ထိမိ အောင်ပြန်မယ်ဆိုရင် မိမိကိုယ်မိမိ ခိုင်းလိုက်တာပါပဲ။ 'နစ်ရှေး' ကတော့ သတ္တလောကကြီးတစ်ခုလုံးကိုတောင် ခြုံပြီးပြောလိုက်ပါ သေးတယ်။ သူပြောတာကတော့ ပိုပြီး အပြန့်ကျယ်တာပေါ့လေ။ ငါပြောတာကတော့ အဲဒီလောက်ကြီး မဟုတ်ပါဘူး။ လူငယ် တွေကို ကိုယ့်ကိုကိုယ်ခိုင်းဖို့လောက်သာ ပြောပြရတာပါ။

တကယ်ဆိုတော့ လူငယ်တွေဟာ ကိုယ်ဘာလုပ်ရမယ် ဆိုတာကို မသိမဟုတ်ပါဘူး၊ သိနေကြတာပါပဲ။ မလုပ်ချင်ဘဲ ဖြစ်နေကြတာပါ။ အဲဒါကြောင့် ကိုယ့်ကိုကိုယ် ခိုင်းပါ ဆိုတဲ့

http://www.cherrythitsar.org



စကားလုံးကို သုံးလိုက်ရတာပါ။ မနေ့တစ်နေ့ကပဲ ဆယ်တန်း စာမေးပွဲကြီး ပြီးသွားပါပြီ။ စာမေးပွဲဖြေဖို့ရက်နီးလာတော့ စော စောပိုင်းမှာ ကိုယ့်ကိုကိုယ်မခိုင်းခဲ့တဲ့ ကလေးတွေ ရတ်ရက်ခတ် နေတာကိုကြည့်ပြီး ပြုံးမိတယ်။ ဒါဖြင့် ကိုယ့်ကိုကိုယ်ခိုင်းတဲ့ ကလေးတွေကော ရတ်ရက်ခတ်မဖြစ်ဘူးလားလို့ မေးစရာရှိ တယ်။ သူတို့လည်းဖြစ်တာပါပဲ။ ဒါပေမယ့် သူတို့ဖြစ်နေတာက စာမေးပွဲမအောင်မှာ စိုးရိမ်လို့မဟုတ်ဘူး၊ အမှတ်ကောင်းကောင်း ရချင်လွန်းလို့ ဖြစ်နေကြတာ။

ဘောလုံးသမားဆိုတာ ကိုယ့်ဘက်က ဂိုးရဖို့ အသေ အကြေ အလုအယက် ကစားကြတာချည်းပါပဲ။ ဒါပေမယ့် လမ်းထဲမှာ ကစားနေကြသူတွေနဲ့ တိုင်းနဲ့ပြည်နယ်မှာ ကစားနေ ကြသူတွေ ဘယ်မှာတူနိုင်ပါ့မလဲ။ ငါတော့ဖြင့် သူတို့တစ်တွေကို ကြည့်ပြီး အဲဒီလိုပဲ နားလည်နေမိတယ်။

ဒါဖြင့် စာမေးပွဲဟာ ဘဝကိုဆုံးဖြတ်သလားဆရာလို့ မေးစရာရှိပါတယ်။ ဆုံးဖြတ်ပါတယ်။ ဆယ်တန်းတို့ ဘာတို့ ဆိုတာမျိုးက ဆုံးဖြတ်တာမဟုတ်ပါဘူး။ ကိုယ့်လုပ်ရမဲ့အလုပ်၊ ကိုယ်လုပ်နေတဲ့အလုပ်ကို ပြတ်ပြတ်သားသား ကျိုးနွံနာခံတတ် တဲ့စိတ်ဓာတ်က ဆုံးဖြတ်တာသာ ဖြစ်ပါတယ်။

❒

# မြသန်းတင့်

ဒီတစ်ပတ်တော့ဖြင့် ငါ့သူငယ်ချင်း စာရေးဆရာကြီး 'မြသန်းတင့်'အကြောင်းကို ရေးလိုက်ရဦးတော့မယ်။ သူ့အကြောင်းကလွဲရင် ငါဖြင့် ဘာအကြောင်းမှကို မရေးချင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့ခေါင်းထဲမှာ၊ ငါ့ရင်ထဲမှာ၊ ငါ့ဦးနှောက်ထဲမှာ မြသန်းတင့်ချည်းပဲ ရောက်လို့လာနေတယ်။ ဒါကြောင့် သူ့အကြောင်းကိုပဲ ရေးလိုက်ပါရစေတော့။

ဒီလိုဆိုတော့ မြသန်းတင့်နဲ့ 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့'နဲ့ ဘာဆိုင်သလဲလို့ မေးစရာရှိပါတယ်။

ပြောလိုက်ပါရစေ။ သူနဲ့ငါဟာ စာပေဟောပြောပွဲပေါင်းများစွာကို အတူခရီးထွက်ခဲ့ရဖူးပါတယ်။ စာပေဟောပြောပွဲခရီးဆိုတာမျိုးကို မင်းတို့နားလည်အောင် ပြောလိုက်ပါရစေဦး။ မီးရထားနဲ့သွားသည်ဖြစ်စေ၊ မော်တော်ကားနဲ့ သွားသည်ဖြစ်စေ အတူတူမခွဲတမ်း တွဲနေကြရတာ။ သွားအတူ၊ စားအတူ၊ နေအတူဆိုတဲ့ စကားကို သမီးရည်းစားချစ်သူတွေရဲ့ သစ္စာထားသီချင်းတွေမှာ သုံးတတ်ကြတယ်။ သမီးရည်းစားတွေဟာ တင်စားပြီး

http://www.cherrythitsar.org



သုံးတတ်ကြတာ။ ငါတို့ စာရေးဆရာတွေရဲ့ စာပေဟောပြောပွဲ ခရီးဆိုတာမျိုးက တင်စားတာမဟုတ်ဘူး တကယ့်ကို သွားအတူ၊ စားအတူ၊ နေအတူ ခရီးသွားကြရတာ။ တစ်ရက်ခရီး၊ နှစ်ရက်ခရီးကစပြီး တစ်လလောက်သွားရတဲ့ ခရီးတွေတောင် ရှိပါတယ်။ ဒီတော့ အမှန်ပြောရရင် ကိုယ့်မိန်းမ၊ ကိုယ့်သားသမီးနဲ့တောင် အဲဒီလောက် ကာလကြာရှည်ထိတွေ့ခွင့်မရဘူးလို့ ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ဆိုလိုတာက ကိုယ့်အိမ်မှာ ကိုယ်နေကြရင် ကိုယ့်မိန်းမနဲ့ တစ်နေကုန်မခွဲဘဲ ဘယ်တော့မှ စကားပြောမနေနိုင်ကြဘူး။ မိန်းမကလည်း ချက်ရပြုတ်ရ၊ ကိုယ်ကလည်း လုပ်ငန်းကိစ္စအရ သွားရလာရမဟုတ်လား။ စာပေခရီးမှာတော့ဖြင့် လုပ်ငန်းသဘောအရ ခွဲလို့ကိုမရကြဘူး။ တကယ့်ကို သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူပါပဲ။

မြသန်းတင့်နဲ့ငါ့ကို တွဲဘက်ညီတဲ့ စာရေးဆရာအဖိုးကြီးနှစ်ယောက်အဖြစ် စုံတွဲဖိတ်လေ့ရှိကြတော့ ငါတို့နှစ်ယောက်ဟာ စာပေဟောပြောပွဲခရီးပေါင်းများစွာကို အတူသွားခဲ့လေ့ရှိကြပါတယ်။ နောက်တော့ ဘယ်လိုဖြစ်လာသလဲဆိုရင် ငါ့ကိုလာပြီးဖိတ်ရင် မြသန်းတင့်ကိုလည်း ဖိတ်ပါ။ မြသန်းတင့်ကလဲ အောင်သင်းကိုဖိတ်ပါ။ မြသန်းတင့်လိုက်နိုင်တဲ့ရက်၊ အောင်သင်းအားရဲ့ရက်ကိုမှ စာပေဟောပြောပွဲလုပ်ပါ ဆိုတာမျိုးထိအောင် ဖြစ်လာခဲ့ကြပါတယ်။ ဒီတော့ ငါနဲ့မြသန်းတင့်ဟာ ညီရင်းအစ်ကိုလို ရင်းနှီးဖို့ဖြစ်ခဲ့ကြတယ်။

ခင်ဗျားတို့ချင်း အဲဒီလောက်ဖြစ်အောင် ရင်းနှီးတော့ ဘာဖြစ်လဲလို့ မေးစရာရှိပါတယ်။

ငါကလည်း အဲဒါကိုဖြေချင်လို့ ဒီလောက်ထိအောင်

နိဒါန်း ပျိုးလာတာဖြစ်ပါတယ်။

မင်းတို့ ယုံချင်မှယုံမယ်၊ နားလည်ချင်မှ နားလည်နိုင်မယ်။ မြသန်းတင့်နဲ့ ငါတို့ ပြောသမျှတွေမှာ ‘မျိုးဆက်သစ်တွေအတွက် ဘာလုပ်ကြမလဲ’ ဆိုတာတွေချည်းပါပဲ။ မြသန်းတင့်ပြောလေ့ရှိတဲ့စကားကို ပြန်ပြီးပြောရမယ်ဆိုရင် ‘ကလေးတွေအတွက် ကျုပ်တို့လုပ်ကြရမှာပဲ’။ အဲဒီစကားကို မြသန်းတင့်မကြာခဏ ပြောလေ့ရှိပါတယ်။ သူရေးတဲ့စာတွေအားလုံးကိုကြည့်လိုက်ရင် ပေါ့ပေါ့ဆဆ တစ်ခုမှမရှိဘူး။ ငါကိုယ်တိုင်သူ့ကို အကြိမ်ကြိမ်အတုခိုးဖို့ ကြိုးစားကြည့်ပါလျက် မမီတာတစ်ခု ရှိပါတယ်။ အဲဒါကတော့ အဓိဋ္ဌာန်ခိုင်မာမှုနဲ့ ဝီရိယပါပဲ။ မင်းတို့ “စစ် နှင့် ငြိမ်းချမ်းရေး” စာအုပ်ကြီးကို ဘာသာပြန်ဖို့ မပြောနဲ့ ကူးရေးဖို့ စဉ်းစားကြည့်စမ်းပါ။ မင်းတို့က ‘သေရချည်ရဲ့ ဆရာရယ်’ လို့ ပြောကြလိမ့်မယ်ထင်တယ်။

နောက်ပိုင်းမှာ ဘာသာပြန်တွေကိုချည်း ရေးခဲ့တယ်။ မလိုတဲ့လူတစ်ချို့က ‘သူများဦးနှောက်ကို ဖောက်စားနေတယ်’ လို့ စကားတင်းဆိုကြတယ်။ သူက ဘာပြောတယ်ထင်သလဲ ‘ဒီမယ် ကိုအောင်သင်း ကျုပ်တို့ဦးနှောက်ထက်ကောင်းတဲ့ ဦးနှောက်တွေကိုယူပြီး ကလေးတွေအတွက် ပေးရမယ်။ ကလေးတွေဦးနှောက်ကောင်းဖို့ ကျုပ်တို့ အစွမ်းကုန်လုပ်ပေးရမယ်။ **We are making history.** (ကျုပ်တို့ဟာ သမိုင်းကို ဖန်တီးနေတာ) ကလေးတွေကို ‘ကလေးအကောင်းစားတွေ’ ဖြစ်အောင် လုပ်ပေးတာသာလျှင် သမိုင်းကိုဖန်တီးရာ ရောက်မှာပေါ့။ ခင်ဗျားတို့ကျုပ်တို့က အတော်ကြာရင် သေကြတော့မှာ။ ကျုပ်တို့အဖို့ ဘာများမျှော်လင့်နေစရာ ရှိလို့လဲ’ တဲ့။ အဲဒါ ကိုမြသန်း

http://www.cherrythitsar.org



မကြာခဏပြောလေ့ရှိတဲ့ စကားပဲ။ သူပြောသလိုပါပဲ–

အခု ၁၈–၂–၉၈ မှာ ငါ့သူငယ်ချင်းကြီး ကွယ်လွန်သွားပြီ။ 'ကလေးတွေအတွက်' တကယ်ကိုလုပ်နေတဲ့၊ ကိုယ့်အတွက် မဟုတ်ဘဲ ကလေးတွေအတွက် တကယ်လုပ်နေတဲ့ 'လူကြီး' တစ်ယောက်ကို ငါတို့ ဆုံးရှုံးလိုက်ရပြီ။ (တချို့ 'လူကြီး'တွေက ကလေးတွေအတွက် အယောင်ဆောင်ပြီး သူတို့အတွက် လုပ်တတ်ကြတာတွေကို တွေ့ခဲ့ဖူးလို ဒီစကားကို အလေးအနက် ပြောလိုက်ရတာပါ။)

သူ့ကို ဆုံးရှုံးလိုက်ရတဲ့အတွက် သူ့မိသားစု ဘယ်လို ခံစားရမယ်ဆိုတာကို ပြောနေဖို့မလိုပါဘူး။ ငါက သူ့ကို လွမ်းတာထက် နှမြောတာပိုပါတယ်။ သူ့ဘဝ အတွေ့အကြုံတွေဟာ ကြောက်ခမန်း လန့်ခမန်းတွေပါ။ အထူးသဖြင့် နိုင်ငံရေး အတွေ့အကြုံတွေပါပဲ။ သင်ခန်းစာယူစရာတွေရော၊ သည်းထိတ်ရင်ဖိုတွေရော စုံနေတာပါပဲ။ ငါကပြောတယ် 'ကိုမြသန်းရယ်– ဒါတွေကို စာရေးလို့မကောင်းသေးရင် ကျုပ် အသံသွင်းယူထားပါရစေ။ ခင်ဗျားကို ကျုပ် သူသေဦး ကိုယ်သေဦး ပြောနိုင်တာ မဟုတ်ပါဘူး။ ကလေးတွေအတွက်ပေါ့။ ကျုပ်အိမ်မှာ လုပ်ကြမယ်၊ တစ်အိမ်သားလုံးကို တခြားလွှတ်ထားပြီး ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်ထဲ အိမ်ကိုတံခါးပိတ်ပြီး အသံသွင်းကြရအောင်'လို့ ပြောတာကို သူက သဘောတူတယ်။ အဲဒါ နေ့ရွှေ့ ညရွှေ့ လုပ်ရာက လာမဲ့ မတ်လ ပထမပတ်ထဲမှာလုပ်ဖို့ စီစဉ်ပြီးပြီ။ သိပ်ကို နှမြောတာပဲ။

သူနဲ့အတူ ခရီးသွားခဲ့တာတွေကို သတိရတာနဲ့ ငါ ကိုယ်တိုင် ရိုက်ယူခဲ့တဲ့ ဓာတ်ပုံတွေကို ပြန်ကြည့်မိတယ်။ ၁၉၉၅

http://www.cherrythitsar.org



ခု 'မြန်အောင်'ကို 'မောင်စိန်ဝင်း (ပုတီးကုန်း)'နဲ့ အတူသွားခဲ့ကြတာတွေကို ပြန်တွေ့တယ်။ မြန်အောင်က စာပေသမား ကောင်လေးတွေကလည်း တကယ့်ကို တော်ကြတာ။ ငါတို့ သုံးယောက် ဟောပြောမှာဆိုတော့ ငါတို့သုံးယောက်ရဲ့ စာအုပ်တွေ၊ အဆိုအမိန့်ကောက်စာတွေကို ပြခန်းလေးလုပ်လိုက်လို့၊ ပုံတူတွေ၊ ပုံတူရုပ်ပြောင်တွေဆွဲလို့၊ လုပ်ထားလိုက်ကြတာ တခမ်းတနားပါပဲ။

မြသန်းတင့်ရဲ့ ရုပ်ပုံမှာတော့
'မြသန်းတင့်' (၁၉၂၉–    )တဲ့။
ခုတော့ဖြင့် ၁၉၉၈ ဆိုတာကို ဖြည့်လိုက်ကြရပြီနော်။

❐

# မြသန်းတင့် (၂)

မြသန်းတင့်အကြောင်းကို ဆက်လိုက်ချင်ပါသေးတယ်။

အရင်တစ်ပတ်က မြသန်းတင့်ဟာ အလွန်ဝီရိယကြီးကြောင်း၊ အလွန်ကြိုးစားကြောင်းကို ရေးခဲ့ပါတယ်။ သတိရမိတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ တစ်ခါမှာတော့ ငါက အမေရိကန်သမ္မတကြီး လင်ကွန်းဟာ အသက် ၁၆ နှစ်ရှိမှ စာစပြီးသင်ရတဲ့ပြင် စာအုပ်ကလေးတစ်အုပ်ဖတ်ဖို့ ၂၂ မိုင်လောက်ဝေးတဲ့ခရီးကို သွားပြီးငှားခဲ့ရကြောင်း စကားစပ်ပြီး ပြောလိုက်မိတယ်။ ဒီတော့ သူက ပြုံးပြီး 'သတိရလို့ ပြောလိုက်ရဦးမယ်၊ စစ်ကြီးဖြစ်လာတော့ ကျုပ်တို့ (စာကျန်) ဖတ်ပြီး ဒုတိယပိုင်းကို ဖတ်ချင်လိုက်တာ သေလုရော။ နောက်တော့ လူတစ်ယောက်ဆီမှာ ရှိတယ်ဆိတာ သိရတယ်။ သူတို့ စစ်ပြေးတဲ့ရွာက ကျုပ်တို့ရွာနဲ့ မိုင်အစိတ်နီးပါးဝေးတယ်။ ကျုပ်အဲဒီရွာကိုလိုက်သွားပြီး အဲဒီမှာပဲဖတ်ပြီး ပြန်လာခဲ့တယ်'လို့ ပြောပြပါတယ်။

သူ နဲ့ ငါ ဟာ နှစ်ယောက်လုံး စာရေးဆရာတွေချည်း ပါပဲ။ ဒါပေမယ့် ကွာတာတွေရှိတယ်။ ငါက တစ်နေ့ကျရင် စာရေးမယ်ဆိုတဲ့ စိတ်ကလေးရှိတာ အမှန်ဖြစ်သော်လည်း အကောင်အထည်ပေါ်အောင် မကြိုးစားမိဘူး။ အမှတ်မထင် အချိန်ကုန်နေတာပါပဲ။ အခု ဒီဈေးကွက်ဂျာနယ် စာတည်းချုပ် မောင်မြင့်မြတ်က ကာရန်မဲ့ကဗျာအကြောင်း ဆောင်းပါးတစ်ပုဒ် အရေးခိုင်းလို့ 'ရှုမဝ မဂ္ဂဇင်း' မှာ စပြီးရေးဖြစ်သွားတာပါ။

မြသန်းတင့်က အဲဒီလိုမဟုတ်ဘူး။ စာရေးဆရာလုပ်မယ် ဆိုတဲ့ ဘဝရည်မှန်းချက်ကို ခိုင်ခိုင်မာမာထားခဲ့တာ။ သွားလေရာ မှာ စာရေးဆရာ အကြောင်းအရာတွေကို မေးမြန်းမှတ်သားနေ တာပဲ။ လူတွေကိုလည်း သိပ်မှတ်မိတာပဲ။ သူ့ရဲ့ 'အညတြ ရုပ်ပုံလွှာ' တွေကို ဖတ်ကြည့်လိုက်ရင် ပတ်ဝန်းကျင်ကို ဘယ်လောက် စိတ်ဝင်စားတယ်၊ လူတွေအကြောင်း၊ သူတို့ ဘဝတွေအကြောင်း ဘယ်လောက်စူးစမ်းတယ်ဆိုတာကို တွေ့နိုင် ပါတယ်။

ငါက ဘာဆိုတာ တစ်လုံးမှမရေးဘဲ လပေါင်းများစွာ နေချင်လိုက်တာ။ ဒီအတိုင်းနေလိုက်တာပဲ။ ကိုမြသန်းက အဲဒီလို မဟုတ်ဘူး၊ ခရီးသွားနေတဲ့ အခါမှအပ တစ်နေ့ကို အနည်းဆုံး ဆယ်မျက်နှာလောက် (လက်နှိပ်စက်နဲ့) ရေးတယ်။ ဒါကြောင့် လည်း သူ့စာတွေဟာ ဖတ်လို့မကုန်နိုင်လောက်အောင် ကျန်ရစ်ခဲ့ တာပဲ။ တစ်နေ့က 'ခင်မောင်ညို(ဘောဂဗေဒ)'က 'ဆရာသင်း ရယ် ကျွန်တော် ပြန်ပြီးသတိထားကြည့်လိုက်တော့ ဆရာမြ လုပ်သွားခဲ့တဲ့စာတွေကို တစ်ဝက်တောင် ဖတ်လို့မပြီးသေးဘူးလို့ ထင်တာပဲ၊ သိပ်အံ့သြဖို့ကောင်းတာပဲ၊ သိပ်နှမြောဖို့ကောင်းတာပဲ၊

ကျွန်တော်တို့က အသက်ငယ်ပေမယ့် သူ့လောက် မလုပ်နိုင်ဘူး၊ သူ့ဝီရိယကို မမီဘူး’လို့ လွမ်းလွမ်းဆွေးဆွေး ပြောပြရှာတယ်။ စာရေးခြင်းနဲ့ အသက်မွေးသူဖြစ်တာကြောင့် ငွေရဖို့အတွက် ရေးတာလို့ ထင်စရာအကြောင်းရှိတယ်။ မဟုတ်ဘူး၊ သူလုပ်ရမယ့်အလုပ်ကို ‘လုပ်ရမယ်’လို့ သူ့ကိုယ်သူ ခိုင်းကိုခိုင်းနေတာ။

ငါ့ကို ဈေးကွက်ဂျာနယ် ‘မျိုးဆက်သစ် တိုးတက်ရစ်ဖို့’ ကဏ္ဍမှာ ‘မြသန်းတင့် တမ်းချင်း’ ရေးနေတယ်လို့ မထင်ပါနဲ့။ မြသန်းတင့်အကြောင်း သပ်သပ်ရေးဖို့ စိတ်ကူးရှိပါတယ်။ ရေးလည်း ရေးဦးမှာပါ။ အခု ဒီမှာပြောချင်တာက မင်းတို့နဲ့ ပတ်သက်နေလို့ပါ။

ဆရာကြီး ‘ဇေယျ’က သူ့ဆောင်းပါးတစ်စောင်မှာ ရေးခဲ့ဖူးတယ်။ သဘောအချုပ်ကတော့– စာရေးဆရာဆိုတာ ဘာလုပ်သလဲ၊ စာရေးတာပေါ့ တဲ့။ ကောင်းပြီ– စာရေးဆရာရဲ့ တာဝန်ဟာ စာရေးရင် ပြီးရောလား။ တာဝန်ကြေရောလား။ တခြားအလုပ်တွေမှာ ပန်းထိမ်ဆရာဟာ ပန်းထိမ်လုပ်တယ်။ သူ့တာဝန်ပြီးပြီပေါ့။ ကားသမားဟာ ကားမောင်းတယ်၊ လယ်သမားက လယ်ထွန်တယ်၊ စပါးထွက်တယ်၊ ရေလုပ်သားက ငါးဖမ်းတယ်၊ ပုစွန်ဖမ်းတယ် ပြီးတာပဲ။ သူတို့တာဝန်ကြေတာပဲ။ ဘာမှပြောနေစရာ မလိုတော့ဘူး။

ကောင်းပြီ– စာရေးဆရာကျတော့ကော။ စာရေးဆရာ စာရေးတယ်၊ ပြီးရောလား။ သူ့စာအတွက်ကြောင့် စာဖတ်သူ ဘယ်လိုအကျိုးကျေးဇူး ဖြစ်သွားစေသလဲ၊ ကောင်းသွားစေသလား၊ ဆိုးသွားစေသလား၊ မစဉ်းစားတော့ဘူးလား။ စာရေးဆရာဟာ တခြားလုပ်ငန်းများနဲ့ မတူဘူး တဲ့။ ဖတ်တဲ့သူမှာ

http://www.cherrythitsar.org



ကောင်းကျိုးတရားရအောင်၊ စာဖတ်ပရိသတ်မှာ ကျေးဇူးဖြစ်ထွန်းအောင် လုပ်နိုင်မှသာလျှင် စာရေးဆရာရဲ့ တာဝန်ကျေတယ်လို့ ခေါ်နိုင်မယ်လို့ ဆရာကြီး ဇေယျက ရေးခဲ့ပါတယ်။

အဲဒီလို စဉ်းစားလိုက်တော့ ငါဖြင့်လေ ကိုမြသန်းဘဝကို ‘လူဖြစ်သန့်လိုက်လေခြင်း’ လို့ အောက်မေ့လိုက်မိတယ်။ မင်းတို့စဉ်းစားကြည့်လေ။ အခု သူ သေသွားပြီ။ ဘာယူသွားသလဲ။ သူ့ကိုယ်ကျိုးစီးပွား ဘယ်လောက်များ ရှာသွားသလဲ။ ယောကျ်ားကောင်းဆိုတာ ယူသွားတာမဟုတ်ဘူး၊ ထားပစ်ခဲ့တာ။ မင်းတို့ ငါတို့ ဖတ်လို့မကုန်နိုင်အောင် ထားပစ်ခဲ့တာ။ မျိုးဆက်သစ်လူငယ်တွေကို ကောင်းသည်ထက်ကောင်းအောင်၊ လှသည်ထက်လှအောင် သူ့စာရေးဆရာ သက်တမ်းတစ်လျှောက်လုံး မနားမနေလုပ်သွားခဲ့တာ။

ကဲ– ငါ့သူငယ်ချင်း မြသန်းတင့်ကြီး လူဖြစ်မသန့်ပေဘူးလား။

❒

# မြသန်းတင့် (၃)

မြသန်းတင့်အကြောင်းကို ပြန်ပြီးစဉ်းစားလိုက်ရင် သိပ်သနားမိတာကလေးတစ်ခု ရှိသေးတယ်။ ဘာလဲဆိုတော့ ဟိုအရင်တစ်ပတ်က ရေးလိုက်ခဲ့သလိုပါပဲ။ သူတကယ်ရေးချင်တဲ့ သူ့ဘဝ တကယ့်အတွေ့အကြုံတွေ၊ သူ မှတ်တမ်းတင်ချင်တဲ့ အကြောင်းအရာတွေကို ရေးချိန်မရလိုက်ခဲ့ဘူး။ ဘာသာပြန်တွေနဲ့ပဲ သူ့ဘဝအချိန်များစွာကို ကုန်လွန်သွားစေခဲ့ရတယ်။

ဘာသာပြန်သမားတစ်ယောက်ရဲ့ ဘဝနဲ့ပတ်သက်ပြီး သွားလေသူ ပါမောက္ခဆရာကြီး ဦးဇေယျာမောင်ပြောတာလေးတစ်ခုကို သွားပြီး သတိရမိတယ်။ ဘာသာပြန်သမားဆိုတာဟာ တကယ်တော့ သနားစရာကောင်းပါတယ်တဲ့။ သူဟာ ကြော်ငြာမောင်းခတ်ပေးသူအဖြစ်နဲ့ပဲ ကျေနပ်သွားရတဲ့သူ ဖြစ်ပါတယ်တဲ့။ ဟုတ်တယ်လေ၊ 'စစ် နှင့် ငြိမ်းချမ်းရေး' ကို ကောင်းလှပါချည်ရဲ့လို့ ချီးကျူးကြမယ် မဟုတ်လား။ ဒီလိုပဲ 'လေရူးသုန်သုန်' ကို နှစ်သက်ကြမယ်ဆိုရင်လည်း မာဂရက်မစ်ချယ်ကိုပဲ ဂုဏ်ပြု

ကြမှာပေါ့။ မြန်သန်းတင့်ရဲ့ အခန်းကဏ္ဍ ဘယ်မှာ သိပ်ရှိနိုင်ပါ့မလဲ။ ဒါပေမယ့် ငါတို့ မြန်မာလူငယ်စာဖတ်ပရိသတ်ဟာ သိပ်ချစ်စရာကောင်းတာပဲ၊ မြသန်းတင့်ကို ဘာသာပြန်ဆရာကြီးလို့ ပေါ့ပေါ့ဆဆ သဘောမထားကြတဲ့အပြင် သူတို့လက်လှမ်းမမီတဲ့ ကမ္ဘာ့ဂန္ထဝင်စာပေကြီးတွေနဲ့ ပေါင်းကူးပေးသူအဖြစ် ရိုသေလေးစားကြတယ်။ လူငယ်တွေသာ မဟုတ်ပါဘူး။ ငါတို့ကိုယ်တိုင်လည်း သူ့ကို သူငယ်ချင်းအဖြစ် ဖက်လဲတကင်းပေါင်းနေရင်းကကိုပဲ စိတ်ထဲက ရိုသေလေးစားနေတာပဲ။ သူနဲ့ နှစ်ပေါင်းများစွာ ဖက်လှဲ့တကင်း ရင်းနှီးစွာ ပြောမနာ ဆိုမနာ ဆိုတာမျိုး နေခဲ့ကြတာမှန်သော်လည်း ငါလေ သူ့ကို တစ်ခါမှ မထီလေးစား (လေးစားမှုကင်းမဲ့စွာ) မပြောခဲ့ဖူးတာ အမှန်ပါပဲ။

နောက်တစ်ခုရှိတာက သူဘာသာပြန်တာက စာတွေကို လျှောက်ဖတ်၊ ဖတ်ရင်းက ကောင်းတာလေးတွေ တွေ့လိုက်ရင် ပရိသတ်ကို ဖတ်စေချင်လွန်းလို့ ဘာသာပြန်တာမျိုး။ သုတ၊ ရသ၊ အတွေးအမြင်ကောင်း ဟူသမျှကို မျှဝေခံစားချင်တာကြောင့်သာလျှင် ဘာသာပြန်နေတာဖြစ်တယ်ဆိုတာ သူ့ဘာသာပြန်တွေကိုကြည့်လိုက်ရင် သိသာနေတာပဲ။ တချို့ ခေတ်ပြိုင်စာရေးဆရာတွေက သူ့ကို ဘာသာပြန်သမားသက်သက်ဆိုတာမျိုး (ပင်ကိုသမား) မဟုတ်ဘူးဆိုတာမျိုး အဆင့်ချသယောင်ယောင် ပြောချင်ကြတယ်။ ငါ့အဖို့တော့ သိပ်မဆန်းတော့သလိုပဲ အောက်မေ့မိတယ်။ ဆရာကြီးရွှေဥဒေါင်းကိုလည်း သူနဲ့ခေတ်ပြိုင်စာရေးဆရာတစ်ချို့က အဲဒီလိုသဘောမျိုး စကားတင်း ဆိုခဲ့ကြဖူးတာပါပဲ။ ဒါပေမယ့် ပရိသတ်က သူ့ကျေးဇူးကို ကောင်းကောင်း ဒီနေ့ထက်တိုင် သတိရနေတာပါပဲ။ မြသန်းတင့်

ကိုလည်း ဒီလိုပဲ။ အနာဂတ် လူငယ်စာဖတ်ပရိသတ်က ကျေးဇူးတင်နေကြမှာ သေချာပါတယ်။ နောက်ပြီး ဆရာကြီးပီ–မိုးနင်းကိုလည်း ဒီလိုပဲ ကျေးဇူးတင်နေကြတယ်မဟုတ်လား။

အကြောင်းဆိုက်လာလို့ ပြောလိုက်ရဦးမယ်။ မြသန်းတင့် ဘာသာပြန်တာက 'စာစုံ'မဟုတ်လား။ ဝတ္ထုရော၊ ကဗျာရော၊ စာတမ်းရော၊ အတ္ထုပ္ပတ္တိရော၊ သမိုင်းရော၊ သမိုင်းမှာလည်း ကမ္ဘာ့သမိုင်းရော မြန်မာ့သမိုင်းပါ တကယ့်ကို စုံတကာစေ့နေအောင် ဘာသာပြန်ခဲ့တာ။ စာဖတ်တာကလည်း စာမျိုးစုံကိုဖတ်တာ။ ဒီတော့ ဘယ်အကြောင်းအရာကိုပဲ ပြောလိုက်သည်ဖြစ်စေ သူ့မှာ ပြောစရာစကား ရှိနေတာချည်းပဲ။ စာကောင်းပေမွန်ကို ဘာသာပြန်တဲ့သူတွေအဖို့ တစ်မျိုးကောင်းတာတစ်ခုက သူတို့ဟာ စာကောင်းပေမွန်တွေကို အများကြီး ဖတ်နေမိခြင်းပဲ ဖြစ်တယ်။ အဲဒါကိုကလည်း သူတို့ရဲ့အလုပ်တစ်ပိုင်းပေကိုး။ ဒီတော့ သူတို့ဟာ ဗဟုသုတပြည့်ဝတဲ့သူတွေ ဖြစ်နေလေ့ရှိတယ်။ ဒါကြောင့် မြသန်းတင့်နဲ့အတူ ခရီးသွားရတာကိုငါ သိပ်သဘောကျတာပဲ။ အလွန် ဗဟုသုတ တိုးတာကလား။

မြသန်းတင့်နဲ့ပတ်သက်ပြီး မင်းတို့လူငယ်တွေ အတုခိုးလောက်တာဟာ စာကောင်းပေမွန်တွေကို အားစိုက်ခွန်စိုက်ဖတ်တာလောက်သာလျှင် မဟုတ်ဘူး။ ဘယ်လိုလူမျိုးနဲ့ စကားဆုံလိုက်သည်ဖြစ်စေ မေးခွန်းတွေ တရစပ်မေးပြီး စူးစမ်းတော့တာပါပဲ။ သူမေးတာက စပ်စုတဲ့ လူတစ်ယောက်မေးနည်းမျိုးမဟုတ်ဘူး။ အဲဒီလူရဲ့ဘဝ၊ သူ့မိသားစုရဲ့ အခြေအနေကို ခင်မင်စိတ်ဝင်စားတဲ့သဘောမျိုးနဲ့ မေးတာ။ သူ့လိုလူက တကယ်စိတ်ဝင်စားလို့ မေးတယ်ဆိုတာသိတော့ အမေးခံရတဲ့သူကလည်း

မေးသမျှကို လိုလိုချင်ချင် ဖြေကြတာပါပဲ။ အဲဒီနည်းနဲ့ သူ့အကြားအမြင်ကို ကျယ်ပြန့်လာအောင် လုပ်လေ့ရှိတယ်။ ဆိုက်ကားသမားတစ်ယောက်၊ ကူတို့လှေသမားတစ်ယောက်နဲ့ အကြာကြီး စကားလက်ဆုံကျပြီး အသိအမြင် ဆည်းပူးသလို အထူးကုဆရာဝန်ကြီးတစ်ယောက်နဲ့ စကားဆုံလာရင်လည်း အမျိုးမျိုးမေးမြန်းနေ တတ်တာပဲ။ မေးရင်လဲ တတ်ယောင်ကား မေးနည်းမျိုး မဟုတ်ဘူး။ ဆေးပညာအကွက်ကျကျ မေးတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူက တစ်ခြားဆရာဝန်ကြီးတွေဆီမှာလည်း ဒီအကြောင်းကို မေးမြန်းဆည်းပူးခဲ့ပြီးသားလေ။

သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ။ (ကြားနာရာ၏၊ ကြံဆရာ၏၊ မေးမြန်းရာ၏)စတဲ့ ရှင်မဟာရဋ္ဌသာရ ရဲ့ ဆုံးမစာကို မင်းတို့ ကောင်းကောင်းသိပါတယ်။ မြသန်းတင့်က သိရုံမဟုတ်ဘူး၊ တကယ့်ကို ကျင့်သုံးတာ။ ငါက သူနဲ့ ရက်ရှည်ခရီးတွေ အကြိမ်ကြိမ်ထွက်ဖူးလေတော့ သူ့အလေ့အထ ပညာဆည်းပူးစုဆောင်းပုံကို ကောင်းကောင်းသိနေတယ်။

မြသန်းတင့်က မင်းတို့ဖတ်ဖို့ စာတွေအများကြီး ထားခဲ့ပါတယ်။ ဖတ်ကြပါ။ ရောက်လေရာဒေသမှာ ကြုံသမျှအကြောင်းအရာနဲ့ပတ်သက်ပြီး သူကြားနာဆည်းပူးတတ်ပုံကိုတော့ မင်းတို့ အတုခိုးနိုင်အောင်လို့ တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ တကယ့်ကို နှမြောဖို့ကောင်းတဲ့လူပါ။ ထိုက်ထိုက်တန်တန် အသက်ရှင်ခဲ့တဲ့ 'မြသန်းတင့်'ပါ။

❒

# မြသန်းတင့် (၄)

မြသန်းတင့်အကြောင်းကို ဆက်တိုက်ရေးနေတာကြောင့် သူ့သူငယ်ချင်းအကြောင်းကို မွမ်းလှချည်လားလို့ မထင်လိုက်ကြပါနဲ့။ ဒီလိုကွယ်လွန်သွားတဲ့အခါမျိုးမှာ ဒီလိုအမွမ်းခံရအောင် နေသွားဖို့ လွယ်တယ်မထင်ကြလေနဲ့။ အလွမ်းကိုဖွဲ့တာကတော့ လွယ်သပေါ့။ ဘိန်းစားတစ်ယောက်သေတော့ အမေက 'အော်– ကျွန်မသားလေး၊ သူ့ခများ တစ်မူးပေးလဲ ရှုရှာတာပဲ၊ တစ်မတ်ပေးလဲ ရှုရှာတာပဲ' လို့ ဖွဲ့ပြီးငိုတာမျိုး လွမ်းချင်းဖွဲ့တာကတော့ လွယ်လှသပေါ့။ ဘယ်သူ့ကိုမဆိုလည်း ဖွဲ့လို့ဖြစ်နိုင်ပါတယ်။ အခု ငါ မင်းတို့ကို လွမ်းပြနေတာက မင်းတို့အတွက် လွမ်းတတ်အောင်၊ လွမ်းစရာကို လွမ်းစရာမှန်းသိအောင် ရေးနေတာပါ။ တစ်နည်းပြောရရင်– (ကြီးကျယ်တယ်လို့မထင်နဲ့) ဆရာကြီးသခင်ကိုယ်တော်မှိုင်းလုပ်ထုံးကို လုပ်နေရတာပါ။ ပြန်စဉ်းစားကြည့်လေ– မင်းတို့ ဒသမတန်း ကဗျာပြဋ္ဌာန်းချက်မှာ ရေးထားတာကို သတိရမှာပေါ့။ ဆရာကြီးက ဖေပုရှိန် ကိုယ်စားလှယ်သုံးဦးကို တိုင်းပြည်က လှည်းနေလှေအောင်း မြင်းဇောင်းမကျန်

စိတ်ဝင်စားအောင် လုံ့ဆော်ရေးသားခဲ့တယ်လို့ ပြဋ္ဌာန်းချက်နိဒါန်းမှာရေးထားတယ် မဟုတ်လား။ အခု ငါရေးခဲ့သမျှကို ပြန်ပြီးဖတ်ကြည့်ပါ။ လွမ်းရုံသက်သက် မဟုတ်ပါဘူး။ ဇာတ်မင်းသား နှပ်ညှစ်တာမျိုးလောက်ကို ငါဘယ်တော့မှ တန်ဖိုးမထားဘူး။ လွမ်းလောက်တဲ့ အချက်တွေကို ကျိုးကြောင်းသင့်ပြောပြနေတာချည်းပါပဲ။ ဒီနေရာမှာ အောင်သင်းရဲ့ မူတစ်ခုကိုတော့ ပြောပြလိုက်ပါရစေ။ စာရေးလိုက်ပြီဆိုရင် ပုဂ္ဂိုလ်ရေးတွေကို တတ်နိုင်သမျှ ဘေးဖယ်ထားလိုက်လေ့ ရှိပါတယ်။ ဒါပါပဲ။ ကဲ ဆက်ကြစို့–

မြသန်းတင့်ကို ပေါ့တီးပေါ့ဆ သာမန်ဘာသာပြန်ဆရာတစ်ဦးဆိုတာမျိုးအဆင့် ချချင်တဲ့လူတွေ ရှိတယ်ဆိုတဲ့အကြောင်းကို ရှေ့ပိုင်းမှာ ငါ ရေးခဲ့ပြီးပါပြီ။ သာမန်ပြောရင်တော့ ငါကလည်း အသာနေလိုက်တာပါပဲ။ မြသန်းတင့်ကို တမင်အဆင့်ချချင်တာ မျိုးလုပ်လာရင်တော့ ငါက 'ကျီးသဲလေးထပ်ဆရာတော်ဖိနတ္ထပကာသနီ ပြုစုတော်မူခဲ့သလိုပေါ့ကွာ၊ လိုအပ်တော့လည်းဘာသာပြန်ကိုပဲ လုပ်နေရတာပေါ့' ဆိုတာမျိုးကို နိဒါန်းပျိုးပြီး တစ်သီကြီး ပြောပစ်လိုက်တာ။ တချို့ကလေးတွေကျပြန်တော့လည်း တကယ့်ကို မြသန်းတင့်ရဲ့ ပင်ကိုရေးတွေ ဖတ်ရတာမဝလို့ ပြောကြရှာတာ။ အဲဒီကျပြန်တော့လည်း ချစ်ကြင်နာစွာဖြေသိမ့်ရပြန်တာပေါ့။

'ဘာသာပြန်တယ်' လို့ ပြောလိုက်ရင် အင်္ဂလိပ်လိုတတ်ရင် ပြန်လို့ရတာပေါ့ဆိုတာမျိုး ပေါ့ပေါ့ဆဆ ထင်တတ်ကြတယ်။ မွန်ဘာသာက မြန်မာကိုပြန်တာမျိုးဆိုရင် လွယ်ကောင်းလွယ်နိုင်ပါလိမ့်မယ်။ လူနေမှုစရိုက်၊ ယဉ်ကျေးမှု ဆိုတာတွေက

http://www.cherrythitsar.org



နီးစပ်နေတာကို။ ဥရောပဘာသာက မြန်မာကိုပြန်တာမျိုးကျ တော့ မလွယ်တော့ဘူး။ မြသန်းတင့် ပြောဖူးတာလေးတစ်ခုကို သတိရသေးတယ်။ စစ်နှင့် ငြိမ်းချမ်းရေးကို ဘာသာပြန်တော့ လက်ဖက်ရည်အိုးတစ်မျိုးကို မြင်ယောင်လို့ကိုမရအောင် ဖြစ်နေ တာနဲ့ ဆိုဗီယက်သံရုံးက ယဉ်ကျေးမှုအရာရှိတစ်ယောက်ဆီ အကူအညီတောင်းရတယ်။ ဟိုပုဂ္ဂိုလ်က ရှေးခေတ်သုံးလက်ဖက် ရည်အိုး အရုပ်ကားတစ်ခုနဲ့ ရှင်းပြတယ်လို့ ပြောပါတယ်။

ကြုံလာလို့ ဘာသာပြန်ပြဿနာကို ပြောလိုက်ရဦးမယ်။ (ဦး)သိန်းဖေမြင့်ရဲ့ ဝတ္ထုတွေကို အင်္ဂလိပ်လို ဘာသာပြန်ပါ တယ်။ ပြန်ဆိုသူက မစ္စက်မီးလ် ဖြစ်ပါတယ်။ သူ့ခင်ပွန်းက မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးအဖြစ် မြန်မာပြည် မှာ အတော်ကြာကြာ နေသွားခဲ့ဖူးပါတယ်။ မြန်မာစာကို အတော်လေးကို ကျွမ်းကျင်စွာဖတ်နိုင်ပါတယ်။ လေ့လာမှုလည်း အားကောင်းပါတယ်။ 'သစ္စာဖောက်တဲဗျား' ဆိုတဲ့ ဝတ္ထုတိုမှာ မြစ်ဝကျွန်းပေါ်ဘက်မှာ သောင်းကျန်းသူတွေ လှုပ်ရှားနေပုံကို ရေးတော့ ဦးသိန်းဖေမြင့်က 'စိန်ဖေဒါကြီးပင် မပေါ်လာတာ အတော်ကြာချေပြီ' လို့ ရေးလိုက်တယ်။ ဘာသာပြန်သူက မှတ်ချက်မှာ စိန်ဖေဒါဆိုတာဟာ မန္တလေးက နာမည်ကျော် ဆိုင်းဆရာဖြစ်ကြောင်း၊ ရပ်ရွာမငြိမ်သက်လို့ ပွဲလမ်းသဘင်တွေ မလုပ်နိုင်ကြောင်း ဆိုလိုဟန်ရှိတယ်လို့ ရေးထားပါတယ်။

အမှန်က အဲဒီခေတ်က 'စိန်ဖေဒါ'ဆိုတာဟာ ရေတပ်မ တော်ကို ပြောတာပါ။ တိုက်ခိုက်ပစ်ခတ်တဲ့နေရာမှာ 'လက်သံ ပြောင်လွန်း'လို့ စိန်ဖေဒါလို့ ပြည်သူတွေက ခေါ်ကြတာပါ။ ဒါကို မစ္စက်မီးလ် (**Mrs. Mille**) ဘယ်သိနိုင်ပါ့မလဲ။ ဦးသိန်းဖေ

မြင့် ပြောချင်တာက တပ်မတော်(ရေ)က သင်္ဘောတွေကလည်း ရောက်မလာတာ အတော်လေးကြာသွားပြီလို့ ပြောချင်တာပါ။

နောက်တစ်ခု ပြောလိုက်ပါဦးမယ်။ သော်တာဆွေရဲ့ 'ကျောက်ဖြုန်းကျော်ကြီး' ကို (**Mrs. Anna J. Allott**) ဒေါ်ခင်ခင်ချောက အင်္ဂလိပ်လိုပြန်ပါတယ်။ ကျော်ကြီးက အလွန်ရိုးအ,သူမို့ သူငယ်ချင်းတွေက ကျောင်းရှေ့က ခြသေ့်ကြီး ဖင်တုန်နေတယ်လို့ ပြောတာ အဟုတ်ထင်ပြီး သွားကြည့်တယ်။ မတုန်ဘူးပေါ့။ ဖင်တုန်တယ်ဆိုတာ ဖုံတင်တယ်လို့ စကားလိမ်နဲ့ ပြောတာဖြစ်ကြောင်း သော်တာဆွေက ရှင်းမပြတော့ဘူး။ ဗမာတိုင်း သိနေကြတာ မဟုတ်လား။ ဒေါ်ခင်ခင်ချောက (**back part shaking**) လို့ အင်္ဂလိပ်လိုပြန်တယ်။ ငါက သော်တာဆွေရဲ့ ဆိုလိုချက်ကို ရှင်းပြတယ်။ အင်္ဂလိပ်ဘာသာစကားမှာ စကားလိမ်မရှိဘူး။ ဘယ်လိုပြန်လိုက်ရမှန်းကို မသိအောင် ဖြစ်သွားတယ်။

အဲဒီနောက် မကြာမီမှာပဲ ငါ့မိတ်ဆွေကြီး သွားလေသူ မောင်သိန္ဓာရဲ့ 'ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်' ဆိုတဲ့ ဝတ္ထုကို ဒေါ်ခင်ခင်ချောက ဘာသာပြန်တယ်။ သူ ဘာသာပြန်တာတွေကို စိစစ်ဖို့ ငါ့ဆီပို့ပေးလေ့ရှိပါတယ်။ မူရင်းစာထဲမှာ တံငါသည်အဖိုးအိုက 'လယ်ပေါ်ကျောင်းသို့ သွားသည်'လို့ ရေးထားတယ်။ ဒီတော့ ဒေါ်ခင်ခင်ချောကလဲ (**monastry on the farm**) လို့ပဲ ပြန်လိုက်တာပေါ့။

မင်းတို့ကိုယ်တိုင်လည်း သိကြတော့မယ် မထင်ဘူး။ အမှန်က 'လယ်ပေါ်'မဟုတ်ဘူး။ 'လည်ပေါ်' ဖြစ်ရမယ်။ ကျောင်းရဲ့ပြာသာဒ်က လည်ပင်းပေါ်နေတဲ့ ပြာသာဒ်မျိုးမို့

http://www.cherrythitsar.org



လည်ပေါ်ပြာသာဒ်ကျောင်း’လို့ ဆိုလိုတာ။ အဲဒါကို ငါက ပြသာဒ်ပုံတွေကိုပါရေးပေးပြီး ရှင်းပြလိုက်ရတယ်။

ပြောချင်တာက တကယ်တမ်းကောင်းအောင် ဘာသာပြန်ကြပြီဆိုရင် ဘာသာပြန်သူတွေအဖို့ ဘယ်လောက် ပင်ပန်းရှာကြတယ်ဆိုတာကို ပြောလိုက်ရတာပါ။

မြသန်းတင့်ရဲ့ ပင်ကိုယ်ရေးတွေလဲ အများကြီးပါ။ အဲဒီ ပင်ကိုယ်ရေးတွေကို ဘေးဖယ်ထားလိုက်ဦးတော့ ဘာသာပြန်ဆရာတစ်ယောက်အနေနဲ့တောင် ဘယ်လောက်လေးစားအပ်တယ်ဆိုတာကို မင်းတို့မျိုးဆက်သစ်ကလေးတွေ လေးလေးနက်နက် သိစေချင်တာကြောင့် ရေးလိုက်ရတာပါ။ မြသန်းတင့် ဘာသာပြန်ခဲ့တာတွေက **forty-five** ကို ‘လေးဆယ့်ငါး’လို့ ဘာသာပြန်တာမျိုး မဟုတ်ဘူး။ ဒါပါပဲ။

❐

# စာမေးပွဲ မှ ဘဝသို့ (၁)

မကြာမီမှာ ဒသမတန်း စာမေးပွဲကြီးကို ဖြေကြရတော့မယ်။ ကျောင်းသားကျောင်းသူတွေဆိုလို့ရှိရင်လည်း ညတိုင်ဆိုရင် သူများတွေအိပ်လို့ မအိပ်နိုင်၊ မျက်မှန်လေးတဝင်းဝင်း၊ မီးလေးတလင်းလင်းနဲ့ စာကြည့်နေကြရပြီ။ ညက ညဥ့်နက်အောင် စာကြည့်ရတယ်ဆိုပြီး မနက်ကျတော့လည်း နေထွက်အောင် မအိပ်နိုင်ဘူး၊ ကျူရှင်ကို ပြေးကြရ ပြန်ရော။ အဲဒီလို စာကို ကြိုးစာပမ်းစာ ကျက်မှတ် ဖတ်ရှုနေကြတာဟာ အလွန်ကောင်းတဲ့အချက်ပါပဲ။ သို့သော်လည်း လူငယ် ကျောင်းသားတွေဆိုတော့ စာမေးပွဲအတွက်လောက်ကိုသာ အာရုံ ပြုလွန်းကြတယ်။ ဘဝအတွက် ထုတ်ယူဖို့ မေ့နေတတ်ကြတယ်။ ယူဖို့ သတိရကြအောင် ဒီဆောင်းပါးကို ရေးလိုက်ရတာ ဖြစ်ပါတယ်။

တကယ်ဆိုတော့ ပညာရေးဆိုင်ရာ အကြီးအကဲပညာရှင်တွေက ကျောင်းသားလူငယ်တွေ တစ်သက်တာ မှတ်သားကျင့်သုံးကြဖို့ အသင့်ဆုံး စာကောင်းပေမွန်တွေကို ရွေးချယ်

http://www.cherrythitsar.org



ပြဌာန်းကြတာ ဖြစ်ပါတယ်။ စာဆိုတာမှာလဲ မှတ်ဖို့စာလဲ ရှိတယ်၊ မှတ်ရုံသာမဟုတ်ဘဲ ကျင့်သုံးဖို့စာလဲ ရှိတယ် မဟုတ်လား။

မင်းတို့ကို သူငယ်နှပ်စားလေး ပြောနည်းမျိုးပြောရတာ အားနာစရာတော့ ကောင်းတာအမှန်ပါပဲ။ ဒါပေမယ့် ပြောလိုက်ပါရစေဦး။

မင်းတို့ မြန်မာစာပြဌာန်းချက်ထဲမှာပါတဲ့ ဆရာကြီး ပီ–မိုးနင်းရဲ့ ‘အားလပ်သောအချိန်ကလေးများ’ ဆိုတဲ့ ဆောင်းပါးမျိုးဟာ စာမေးပွဲအတွက်လောက်သာ ဖတ်ဖို့မဟုတ်ပေဘူး။ တကယ့်ကို ဘဝတစ်လျှောက်လုံး ကျင့်သုံးဖို့ဖြစ်တယ်။ မင်းတို့ ကိုယ်တိုင်လည်း ကြေညက်အောင် သင်ယူဖတ်ရှုပြီးဖြစ်တာမို့ တိုတိုပဲ ပြောလိုက်ပါတော့မယ်။

ဆရာကြီးပြောတာကို အကြမ်းဖျင်း စဉ်းစားကြည့်ကြရအောင်။ ‘အသက်သည် အချိန်ကို မှီ၍ဖြစ်၏’ တဲ့။ ဆိုလိုတာက ဘဝဆိုတာ အချိန်ကိုပြောတာပဲ။ အသက်ဘယ်လောက်ရှိပြီလဲ။ ၁၆ နှစ်၊ ၂၅ နှစ် ဆိုတာတွေဟာ အချိန်ပဲမဟုတ်လား။ ဒါကြောင့် ဘဝကို မြတ်နိုးတန်ဖိုးထားရရင် အချိန်ကို မြတ်နိုးတန်ဖိုးထားရမယ် တဲ့။ အဲဒီ စကားစုကလေးကို သေချာစဉ်းစားကြည့်မိဖူးရဲ့လား။ တကယ်မမှန်ပေဘူးလား။ ငါတို့တစ်တွေဟာ ဘဝဆိုတာ အချိန်ကိုပြောတာပါကလားလို့ ပြက်ပြက်ထင်ထင် မတွေးမိကြဘူး။ ဘဝ နဲ့ အချိန် ဆက်စပ်နေတယ်နဲ့တူပါတယ် ဆိုတာမျိုး ယောင်ပေယောင်ပေ အတွေးမျိုးလောက်သာ ရှိကြတာ။ ဒီတော့ အချိန်ကို အလေးအနက် တန်ဖိုးထားရမှန်း မသိကြဘူး။ အချိန်ကို နှမြောရကောင်းမှန်း မသိကြဘူး။

ဆရာကြီး ဆက်ပြောလိုက်ပုံက– အချိန်ဟာ အဲဒီလို တန်ဖိုးရှိလွန်းလို့ ပန်းထိမ်ဆရာများဟာ ရွှေတိုရွှေစကလေးများကို မလေလွင့်အောင် မက်မက်မောမော စုသလို 'အားလပ်သောအချိန်ကလေးများ' ကိုတောင် စုပြီး အသုံးချသင့်ပါတယ်တဲ့။ ဘယ်လောက်ပဲ အလုပ်များတဲ့သူဖြစ်ပါစေ တစ်နေ့မှာ နာရီဝက် တစ်နာရီ စသည်အားဖြင့်လောက်တော့ အားလပ်ချိန်ရနိုင်ကြပါတယ်၊ အဲဒီအားလပ်ချိန်ကလေးတွေကို တန်ဖိုးရှိရှိ အသုံးချကြမယ်ဆိုရင် မုချ ကြီးပွားအောင်မြင်နိုင်ပါတယ် တဲ့။

ငါ သိပ်သဘောကျတာလေးတစ်ချက်က 'ထို အဖိုးမဖြတ်နိုင်သော စက္ကန့်မိနစ်တည်းဟူသော ရတနာတို့ကို ဖမ်းဆီးယူငင်အသုံးပြုတတ်သူတို့သည် တောတောင်၌ သတ္တုလည်ရှာသောသူထက် ကြီးပွားရမည်ကား မည်သူမျှမငြင်းနိုင်ချေ' ဆိုတဲ့ စာပိုဒ်ကလေးပါပဲ။ အဲဒီ စာပိုဒ်ကိုဖတ်လိုက်ရတော့ ငါ့မှာလေ ဝုန်းဝုန်းဒိုင်းဒိုင်း ချမ်းသာချင်လို့ 'ဖားကန့်' တို့၊ 'မိုင်းရှူး' တို့ကို သွားကြတဲ့ ကလေးတွေကို မြင်ယောင်လိုက်မိတယ်။

နောက် စာကြောင်းကလေးတစ်ခုကိုလည်း ကြည့်စမ်းပါဦး။ လှလွန်းလို့ ထုတ်ပြလိုက်ရတာပါ။

'ပေါ့လျော့သောသူသည် ကံကို ယိုးမယ်ဖွဲ့၏။ လူမတန်လို့ ကံကိုချသော်လည်း၊ မတန်သောသူကို ကံသည် မ,စခြင်းငှာ မစွမ်းနိုင်သဖြင့် ထိုလူမျိုးကို ကံသည် လက်ပိုက်ကာ ဝမ်းနည်းလျက် ကြည့်၍သာနေရ၏' ကဲ– အဲဒီစာလေးများ မလှပေဘူးလား၊ လှရုံသက်သက်ပဲလား။ မှတ်သားဖို့ကော မကောင်းပေဘူးလား၊ လက်ခံကျင့်သုံးဖို့ကော မကောင်းပေဘူးလား။

အားလပ်ချိန်ကလေးတွေကို တန်ဖိုးရှိရှိ ကောင်းတဲ့ဘက်

မှာမသုံးမိရင် မကောင်းတဲ့ဘက်မှာ သုံးမိတတ်ကြတယ်။ လူငယ်တွေ ပျက်စီးကြတာ အားလပ်ချိန်မှာ အစပြုတတ်ကြတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ စိတ်နေစရိုက်ကို သိချင်ရင် အားလပ်ချိန်မှာ သူဘာလုပ်သလဲဆိုတာကို ကြည့်ပါတဲ့။ ကဲ–ဘယ်လောက်ကောင်းတဲ့ စကားတွေလဲ။ မှတ်ရုံသားရုံသာ မဟုတ်ဘဲ တစ်သက်တာ လိုက်နာကျင့်သုံးဖို့ မကောင်းပေဘူးလား။

မင်းတို့တစ်တွေ စာမေးပွဲကြီးကိုလည်း အောင်မြင်ကြပါစေ။ ပြဌာန်းချက်စာပေတွေကို မှတ်သားရုံမက ကျင့်သုံးပြီး ဘဝ စာမေးပွဲကြီးမှာလည်း ထွန်းထွန်းပေါက်ပေါက် အောင်မြင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

❒

# စာမေးပွဲ မှ ဘဝသို့ (၂)

အရင်တစ်ပတ်က ဆရာကြီး ပီ–မိုးနင်းရဲ့ 'အားလပ်သောအချိန်ကလေးများ' အကြောင်းကို ပြောခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့ 'ပညာသင်ခါမရှက်ရာ' ထဲက ကျင့်သုံးသင့်တာကလေးတွေကို ပြောလိုက်ချင်ပါသေးတယ်။

ဆရာကြီးရေးခဲ့တာက ဟို– ရှေးခေတ်ကတည်းကဆိုတော့ ကြာလှပါပြီ။ ဒါပေမယ့် မင်းတို့ခေတ်မှာ တိုက်တိုက်ဆိုင်ဆိုင် လာပြီး ဟပ်မိနေတဲ့ အချက်ကလေးတွေကို ထောက်ပြလိုက်ချင်လို့ပါ။ အဲဒါတွေကို မပြောမီ မင်းတို့ သိသင့်တာကလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ ငါလည်း မီလိုက်တာတော့ မဟုတ်ပါဘူး။ စာထဲဖတ်ရတာတွေ၊ ငါ့ရှေ့က လူကြီးတွေပြောပြခဲ့တာတွေကို မှတ်သားပြီး ဖောက်သည်ချရတာပါ။

ရှေးခေတ်က ကျောင်းသားကြီးတွေ၊ (အထူးသဖြင့် ကောလိပ်ကျောင်းသားကြီးတွေ)ဟာ အဝတ်အစားကို သိပ်ပြီး ခမ်းခမ်းနားနားဝတ်ကြတယ်လို့ ဆိုကြပါတယ်။ ရန်ကုန်မြို့ထဲ

http://www.cherrythitsar.org



ကိုများသွားလိုက်ရင် အဝေးကကြည့်လိုက်ရုံနဲ့ ကောလိပ်ကျောင်းသား ကျောင်းသူမှန်း သိသာလောက်အောင် ခမ်းခမ်းနားနား ဝတ်ကြသတဲ့။ ကျောင်းသူတွေဆိုတာလည်း သာမန်ကျောင်းတက်တာမှာတောင် ပွဲနေပွဲထိုင်သွားသလို ဝတ်ကြဆင်ကြတယ်လို့ ပြောကြပါတယ်။ အဲဒီခေတ်က ရန်ကုန်မှာ ရှူးဖိနပ်အကောင်းစားကို အပြိုင်အဆိုင် တယ်စီးကြဆိုကိုး။ ဆက္ကဇုန်းဖိနပ်ဆိုတာ တစ်ရံကို အစိတ် သုံးဆယ်ကျော်ပေးရသတဲ့။ 'အစိတ် သုံးဆယ်များဖြင့်'လို့ နှုတ်ခမ်း မမဲ့လိုက်လေနဲ့။ အဲဒီခေတ်က ရွှေတစ်ကျပ်သားမှ အစိတ်လောက်ပေးရတာလေ။ တွက်ကြည့်ပေါ့။

ဒါတွေကိုမြင်နေရတော့ ဆရာဦးမောင်ကြီးက ကျောင်းသားလူငယ်တွေအတွက်ရော၊ မိဘတွေအတွက်ပါ စိတ်မကောင်းဖြစ်ဟန်တူပါတယ်။ သူရေးထားတာကို ဖတ်ကြည့်လိုက်ပါဦး–

'ယခုအခါ အင်္ဂလိပ်ပညာသင်ကျောင်းမှာနေထိုင်ကြသော ကျောင်းသားသူငယ်တို့သည် အဝတ်အစားများကို များစွာဂရုစိုက်၍ အတုအပများ ပြုလုပ်တတ်ကြကုန်၏။ ပညာရေးထက် အဝတ်တန်ဆာအရေးကို အထူးဂရုစိုက်သလိုပင် ဖြစ်နေကြကုန်သည်။ ထိုအဝတ်အစားများသည် မိဘတို့ကထောက်ပံ့သော အရာများသာ ဖြစ်ချေ၏။ မိမိတို့ အစွမ်းသတ္တိနှင့် ရှာကြံ၍ရသော အရာများ မဟုတ်ကြလေကုန်'

မင်းတို့ခေတ်နဲ့လာပြီး ဟပ်မိနေတယ်လို့ အထက်မှာပြောခဲ့တယ်မဟုတ်လား။ ငါက မင်းတို့ရဲ့ အဝတ်အစား ပစ္စည်းတွေကို နားမလည်တော့ပါဘူး။ မင်းတို့စကားနဲ့ ပြောလိုက်ရမယ်ဆိုရင် 'အောက်' သွားပြီပေါ့ကွယ်။ ဒါနဲ့ တစ်ခါတစ်ရံမှာ

http://www.cherrythitsar.org



ပါးစပ်ဆော့ပြီး သူတို့အဝတ်အစားတွေကို မေးကြည့်လိုက်ပါတယ် တကတည်း ငါ့စိတ်ထဲမှာ ငါးရာလောက်တော့ ပေးရလိမ့်မယ်ထင်ရဲ့လို့ အောက်မေ့လိုက်မိတာဟာ ခုနစ်ထောင် တစ်သောင်းလောက်ဖြစ်နေတာ တွေ့လိုက်ရတော့ လန့်များတောင်လန့်သွားမိပါတယ်။

သို့ပေမယ့် ငါ့စိတ်ထဲမှာ "ဒါဟာ သူ့မိဘတွေရဲ့ အစွမ်းအစပဲ၊ သူစွမ်း သူစ တစ်စက်မှမပါသေးဘူး'လို့ စိတ်ထဲကပြောနေမိတာချည်းပါပဲ။

ဆရာဦးမောင်ကြီးပြောတာကို ဆက်ပြီး နားထောင်လိုက်စမ်းပါဦး–

"ပညာသင်ကြားရင်း အဝတ်အစားဘက်ကို ဂရုစိုက်နေလျှင် စိတ်မြင့်၍ ပညာဘက်မှာ ဝီရိယလျော့ပါးတတ်လေသည်။...... ပညာချင်း ဂုဏ်ပြိုင်သင်လျှင် တတ်မြောက်လွယ်၏။ အဝတ်အစားချင်း ဂုဏ်ပြိုင်လျှင် ပညာကို ဆုတ်ယုတ်စေတတ်၏"

ဆရာဦးမောင်ကြီးပြောလိုက်တဲ့ စကားတွေကို ဟုတ်, မဟုတ် မင်းတို့ကိုယ်မင်းတို့ ပြန်ပြီးစစ်ဆေးကြည့်ပေါ့။ မင်းတို့ခေတ်မှာလဲ (ငါ သတိထားမိသလောက်) အဝတ်အစားချင်းတယ်ပြိုင်ကြသကိုး။ ရေးနေရင်း ဟာသလေးတစ်ခုကို သွားပြီးသတိရလိုက်မိသေး။ "ပွဲလမ်းသဘင် အခမ်းအနားတစ်ခုဆုံလိုက်ကြလျှင် ယောကျ်ားလေးတို့သည် မိန်းကလေးများအားကြည့်ကြကုန်၏။ မိန်းကလေးတို့သည်ကား သူတို့အချင်းချင်းအဝတ်အစားကို ကြည့်နေကြရသည်နှင့် ယောကျ်ားလေးများကိုမကြည့်အားကြလေကုန်" တဲ့။

http://www.cherrythitsar.org



ကဲ– ဒါတွေထားလိုက်ပါတော့။ ဆရာကြီး ပြောတာလေးတွေကို ဆက်ပြီးနားထောင်လိုက်စမ်းပါဦး–

“ပညာသင်ချိန်မှာ ကိုယ်နှင့် စိတ်များကို နှိမ့်ချနိုင်သမျှ နှိမ့်ချထားရာ၏။ ထိုသို့ နှိမ့်ချမှုအတွက်နှင့် ရှက်သည်ဟူ၍လည်း မရှိစေရာ။ ထိုသို့ ပညာသင်ခိုက်မှာ နှိမ့်ချလေသမျှသည် နောင်အခါ ပညာတတ်မြောက်၍ ကြီးမြင့်ဖို့ရန်သာ ဖြစ်လေသည်”

ကဲ– ဆရာကြီး ပြောသွားလိုက်တာလေးတွေ မကောင်းပေဘူးလား။ ပညာသင်ခိုက်မှာ နှိမ့်ချလေသမျှသည် နောင်အခါ ကြီးမြင့်ဖို့သာဖြစ်သည် ဆိုတဲ့စကားကို မင်းတို့စွဲနေအောင် မှတ်ဖို့ကောင်းတယ်။

ဘာပဲဖြစ်ဖြစ်လေ… ပထမဆောင်းပါးထဲမှာ ငါပြောခဲ့သလို “မင်းတို့ရဲ့ ပြဌာန်းစာတွေကိုဖတ်ရင် စာမေးပွဲအတွက် သက်သက်လောက်သာ အာရုံမပြုကြဘဲ ဘဝအတွက်ကိုပါ ရအောင်ယူကြပါ” လို့ ပြောလိုက်ရတာ ဖြစ်ပါတယ်။

စာမေးပွဲလဲ လှလှပပ အောင်မြင်ကြပါစေ။ ဘဝစာမေးပွဲမှာလည်း ထွန်းထွန်းတောက်တောက် အောင်မြင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

❐

# စာမေးပွဲ မှ ဘဝသို့ (၃)

'စာမေးပွဲ မှ ဘဝသို့'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးခဲ့တာ အမှတ်(၃)တောင် ရောက်သွားပါပြီ။ အမှန်ပြောရရင် ငါ့အဖို့ ရေးရတာပျင်းတယ်။ ငြီးငွေ့တယ်လို့ပဲ ပြောလိုက်ပါရစေတော့။ ဘာကြောင့်လဲဆိုတော့ ကျောင်းသားတွေကို အမြဲသင်နေရတာ ဆိုတော့ ဒီစာတွေကို ထပ်ပြီးမရေးချင်တော့ဘူး။ ကိုယ်ပိုင်အတွေး မပါတဲ့စာကို ရေးရသလို ဖြစ်နေတယ်။ သို့သော်လည်း 'ဈေးကွက်'က အဲဒါလေးတွေကို ထပ်ပြီးရေးစမ်းပါဦး။ ကျောင်းသား မိဘတွေက အဲဒါတွေရေးတာကို သိပ်ဝမ်းသာနေကြတယ်လို့ ပြောပြပါတယ်။ ဒါကြောင့် ရေးလိုက်ရခြင်းပါ။

ကျောင်းစာကို ကျောင်းမှာပဲထားခဲ့ပြီး ဘဝအတွက် မယူလိုက်ချင်တာဟာ တကယ်တော့ မင်းတို့မှမဟုတ်ပါဘူး။ ငါကိုယ်တိုင်လည်း ဒီအတိုင်းပါပဲ။ ပြန်ပြီးပြောလိုက်ပါရစေဦး။ ငါတို့ခပ်ငယ်ငယ်မှာ စစ်ကြီးဖြစ်လိုက်တော့ ငါတို့မိသားစုတွေဟာ တောကျေးလက်တွေကို ပြေးခဲ့ကြရတယ်။ တောဘုန်းတော်ကြီးကျောင်းဟာ ငါတို့ရဲ့ ခိုလှုံရာဒေသပေါ့။ အဲဒီ ဘုန်းကြီး

ကျောင်းမှာ ဦးပုညရဲ့ 'ဝိဇယ ပြဇာတ်' ကို ဖတ်ခဲ့ရပါတယ်။ စွဲလိုက်တာမှ ပြောမနေနဲ့တော့။ ခုထက်ထိ အတော်များများကို နှုတ်တက်ရနေပါသေးတယ်။

ငါ တက္ကသိုလ်ဝင်တန်းဖြေမယ့် နှစ်ရောက်တော့ တိုက်ဆိုင်လာပုံက ဝိဇယပြဇာတ်ကို ပြဋ္ဌာန်းတဲ့နှစ် ဖြစ်နေတယ်။ ငါက ဝမ်းသာတာပေါ့။ ဒါပေမယ့် ဘယ်လိုဖြစ်တယ်ထင်သလဲ သိလား။ ငါလေ ဝိဇယပြဇာတ်စာအုပ်ကို ဖတ်ချင်စိတ်တောင် မရှိဘဲဖြစ်သွားခဲ့တယ်။ 'ငါ ဘာဖြစ်သွားတာလဲ'ဆိုတာကို အထပ်ထပ် စဉ်းစားနေခဲ့မိတယ်။ နောက်ဆုံးမှာ (မှန်တာ မှားတာ အပထား) အဖြေတွေ့တာက ပထမတုန်းက ဖတ်တာက ကိုယ်ကြိုက်လို့ ကိုယ်ဘာသာဖတ်တာ။ ဒုတိယဖတ်ရတာက သူတို့အဖတ်ခိုင်းလို့ ဖတ်တာ။ ဒီတော့ လူ့သဘာဝကြီးက ကိုယ့်ဘာသာကိုယ်လုပ်ရရင် ပင်ပန်းတယ်လို့မထင်သော်လည်း သူများခိုင်းလို့ လုပ်ရတာဆိုရင် မကြိုက်နိုင်တော့အောင် ဖြစ်သွားတတ်တယ်ဆိုတာ ထင်ရှားမလာပေဘူးလား။ တကယ်ဖြစ်သင့်တာက သူများကခိုင်းလို့ လုပ်ရသည်ဖြစ်စေ၊ ကိုယ်တိုင်ကစိတ်ပါလို့ လုပ်သည်ဖြစ်စေ ကိုယ့်အတွက် အကျိုးဖြစ်ထွန်းစေမယ်ဆိုရင် ကြိုးစားပြီး လုပ်သင့်တာပဲမဟုတ်လား။ ဒါပေမယ့် ငါတို့တစ်တွေက အတ္တမာန်ကလေးက ရှိကြတယ်မဟုတ်လား။ ဒီတော့ သူများက ခိုင်းလိုက်တယ်ဆိုရင်ပဲ မာန်စွယ်က ထောင်ချင်လာပြီ။ ဒီတော့ ပြောချင်တာက ကိုယ်ကြိုက်လို့လုပ်သည်ပဲ ဖြစ်ဖြစ်၊ သူတပါးခိုင်းလို့ (မလွှဲသာလို့) လုပ်သည်ပဲဖြစ်ဖြစ် ကိုယ့်အတွက် အကျိုးဖြစ်ထွန်းမယ် ဆိုတာကိုသိရင် ကြိုးစားပမ်းစား မလုပ်သင့်ပေဘူးလား။ သို့သော်လည်း မင်းတို့ကို

http://www.cherrythitsar.org



အဲဒီလိုမဖြစ်ရင် လူညံ့လို့တော့ ဘယ်တော့မှ မပြောဘူး၊ စိတ်ချ။ ဘယ်လောက်ခက်တယ်ဆိုတာကို သိနေတာကိုး။ အဲဒါကို ဖြစ်အောင်လုပ်နိုင်တယ် ဆိုရင်ဖြင့် မောင်ရင့်ကို ငါက အလေးပြု လိုက်ပါရဲ့ဗျား။

ဒီတပစ်ပတ် ဆွေးနွေးချင်တာကတော့ လယ်တီဆရာ တော်ဘုရားကြီးရဲ့ ‘ခွင့်သာခိုက်မှ မလိုက်ချင်လျှင်’ ဆိုတဲ့ တေးထပ်အကြောင်းပါပဲ။ ဒီတေးထပ်ရဲ့ ဆိုလိုရင်းကိုကြည့်မယ် ဆိုရင် ငါတို့တစ်တွေဟာ အလွန်ကိုရခဲတဲ့ လူ့ဘဝကြီးကိုလည်း ရတယ်၊ အလွန်ကြုံရခဲတဲ့ သာသနာတော်ကြီးနဲ့လည်း ကြုံရ တယ်။ အဲဒီလိုကြုံရပါလျက်နဲ့ အာရုံငါးပါးမှာသာလျှင် ပျော်မွေ့ ပြီး အချိန်ကုန်လွန်မယ်ဆိုရင်တော့ အပါယ်လေးဘုံကိုရောက် တော့မှာ မလွဲဘူး။ လူဖြစ်လာရတဲ့ အခွင့်ကောင်းကလေးကို ရှုံးသွားပြီပေါ့။ အော်– ဖြတ်ပြီးပြောလိုက်ရဦးမယ်။ ‘လူဖြစ်ရှုံး တယ်’ဆိုတာ ဒီကနေ့ ငါတို့သုံးနေကြတာက လက်ခြေ ကိုယ် အင်္ဂါ ချွတ်ယွင်းမှု စသည်မျိုးလောက်ကိုသာ ပြောနေကြတာ။ တကယ့် ‘ဗုဒ္ဓဘာသာ ဝေါဟာရ’အရ ပြောမယ်ဆိုရင် ဒီလောက် မတိမ်ဘူး။ အပါယ်လေးပါးကို ရောက်သွားခဲ့ရတယ်။ အဲဒီမှာ အဖန်ဖန် ကျင်လည်ခဲ့ရတယ်။ အခုမှ ကံကောင်းထောက်မလို့ လူ့ဘဝကို ရလိုက်တယ်။ သာသနာတော်ကိုလည်း ကြုံရတယ်။ နည်းတဲ့ အခွင့်ကောင်းကြီးလား။ အဲဒါနဲ့မှ မိုက်နေမယ်ဆိုရင် အပါယ်ဘုံကိုပဲ ပြန်ရောက်တော့မှာမို့ ‘လူဖြစ်လာလိုက်ရတာ ပြန်ရှုံးသွားပြီ’လို့ ဆိုလိုတာ။

မင်းတို့ ငါတို့ဟာ အခွင့်အရေးကောင်းကြီးတွေကိုကြုံပါ လျက်နဲ့ ကြိုးစားပမ်းစား အသုံးမပြုလိုက်ကြလို့ ဘဝတစ်ခုလုံး

http://www.cherrythitsar.org



နိမ့်ကျသွားတတ်ကြတာကို လေးလေးနက်နက် မတွေးမိကြဘူး။ ဆိုကြပါစို့– မင်းတို့တစ်တွေဟာ ပထမအချက်– လူစဉ်သူစဉ် မီတဲ့ ဉာဏ်ရည်ကို ရခဲ့တယ်။ ဒါကြောင့်လည်း ဆယ်တန်းထိ ရောက်ခဲ့တာပေါ့။ ဒုတိယ– မပူမပင် ကျောင်းနေနိုင်ခဲ့တယ်။ ဆိုလိုတာက ကိုယ့်ထမင်းကိုယ် နေ့နေ့ညည ရှာစားနေရတဲ့ ဘဝမျိုး မဟုတ်ဘူး။ တတိယ– ဆရာကောင်း သမားကောင်း တွေနဲ့ သင်ရတယ်။ သက်ဆိုင်ရာ ဘာသာရပ်စာအုပ်စာတမ်း ပေါပေါများများနဲ့ လေ့လာဆည်းပူးခွင့်ရတယ်။ တချို့ဆိုရင် ‘ဝိုင်းကျူရှင်’တွေ၊ ‘စခန်းသွင်းဘော်ဒါ’တွေနဲ့ အကျအန ပညာသင်ခွင့် ရကြတယ်။

ဒီလောက်တောင်ကောင်းတဲ့ အခွင့်အရေးကြီးတွေကို ရနေပါလျက် အဝတ်အစားစတဲ့ အာရုံငါးပါးနောက်ကိုသာ တရစပ်လိုက်နေရင် တမလွန်ဘဝ အပါယ်ဘုံကိုထားလိုက်ဦး မျက်မှောက်ဘဝမှာကိုပဲ လူ့အတန်း သူ့အတန်း နိမ့်ကျတဲ့ဘဝကို ရောက်မသွားနိုင်ပေဘူးလား။ အဲဒီလိုစဉ်းစားကြည့်လိုက်တော့ ‘ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလေလိမ့် လား’ဆိုတဲ့ စကားလေးတွေဟာ ဘဝတာတစ်ခုလုံးအတွက် နှလုံးစွဲအောင် ပိုက်ယူသွားသင့်တဲ့ စကားကလေးတွေ ဖြစ်မနေ ပေဘူးလား။

စာမေးပွဲကြီးကိုလည်း လှလှပပ အောင်မြင်ကြပါစေ။ ဘဝမှာလည်း ကျကျနန အောင်မြင်ကြပါစေ။

❐

# စာမေးပွဲမှ ဘဝသို့ (၄)

'ဖွဲ' ဆိုတာ ဘာလဲ ဆရာ၊ 'ဖွဲ' ဆိုတာကို စာစီစာကုံး ရေးရင် ဘယ်လို ရေးရမလဲ'

ခုတစ်လော ကလေးတွေ (ကျောင်းသားလေးတွေ)က ခဏခဏ မေးကြတယ်။ သူတို့ကျောင်းက ဆရာတွေ၊ ကျူရှင်ဆရာတွေက စာမေးပွဲအတွက် ခန့်မှန်းစာစီစာကုံး ခေါင်းစဉ်ပေးကြဆိုပဲ။ အဲဒါကြောင့် သူတို့က ခဏခဏ မေးနေကြတော့တာကိုး။ 'စာမေးပွဲမှဘဝသို့' ခေါင်းစဉ်ကို ဆက်ရေးဖို့ မရည်ရွယ်ခဲ့ပါဘူး။ ခုတော့ဖြင့် အခန့်သင့်နေတာကြောင့် ရေးလိုက်ရဦးတော့မယ်။

'ဖွဲ' ဆိုတာကို မြန်မာစာအဘိဓာန်မှာ 'အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်တတ်သော သတ္တိ' လို့ ဖွင့်ဆိုထားပါတယ်။ ကမ္ဘာကျော် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ်လ် ဆလင်း ကတော့ 'ဖွဲ' ဆိုတာဟာ ကြာရှည်ခံသော သတ္တိ လို့ သူ့ကိုယ်တွေ့အရ ကောက်ချက်ဆွဲထားခဲ့ဖူးပါတယ်။

http://www.cherrythitsar.org



ဒါဖြင့် ‘သတ္တိ’ဆိုတာ ဘာလဲ။ မြန်မာအဘိဓာန်မှာ (၁) စွမ်းရည် (၂) ရဲရင့်ခြင်းလို့ ဖွင့်ထားပါတယ်။

ဗိုလ်ချုပ်ကြီး ဆလင်း (**General Slim**) အလိုအရတော့ သတ္တိနှစ်မျိုးရှိတယ်။ ကာယသတ္တိ နဲ့ စာရိတ္တသတ္တိ (စိတ္တသတ္တိ) တို့ ဖြစ်ပါတယ်။ သာယသတ္တိဆိုတာက ရိုက်ဝံ့ နှက်ဝံ့၊ ခံဝံ့၊ တိုက်ဝံ့ တဲ့ သတ္တိမျိုးကို ဆိုလိုခြင်းဖြစ်တယ်။ စာရိတ္တသတ္တိဆိုတာမျိုးကတော့ မိမိယုံကြည်ချက်ကို အငတ်ခံ၊ အဆင်းရဲခံ၊ အသေခံပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ စွမ်းရည်မျိုးကို ဆိုလိုတယ်။ ကာယသတ္တိကောင်းတိုင်း စာရိတ္တသတ္တိ မကောင်းနိုင်ဘူး။ စစ်မြေမှာ ရွပ်ရွပ်ချွံချွံ တိုက်ရည်ခိုက်ရည်ကောင်းသော်လည်း ဆင်းရဲမှာကို ကြောက်တတ်ကြတယ်၊ မိမိစည်းစိမ် လျော့ပါးမှာကို ကြောက်တတ်ကြတယ်၊ ကိုင်ကျင့်ကို ခိုင်ခိုင်မာမာ မထိန်းနိုင်ကြသူတွေရှိတယ်။ အဲဒီလူတွေဟာ စာရိတ္တသတ္တိ နည်းပါးသူတွေ ဖြစ်ကြတယ်။ ကာယသတ္တိ နည်းပါးသူများကျတော့ ကိုယ်ထိလက်ရောက် စွန့်စားဖို့ကိစ္စမျိုးတွေမှာ နည်းနည်းနှောင့်နှေးတတ်ကြတယ်၊ ဝန်လေးတတ်ကြတယ်။ သို့သော်လည်း စာရိတ္တကိစ္စ၊ ဂုဏ်သိက္ခာကိစ္စမျိုးနဲ့ ပတ်သက်လာပြီဆိုရင်တော့ အသက်အိုးအိမ် စည်းစိမ်အားလုံးကို စွန့်လွှတ်လိုက်ကြဖို့ ဝန်မလေးတတ်ကြဘူး။ ဒါကြောင့် စာရိတ္တသတ္တိက ပိုပြီးမြင့်မြတ်တန်ဖိုး ရှိတယ်လို့ ဆိုလိုပါတယ်။

အဲဒီသတ္တိကို မွေးမြူပျိုးထောင်လို့ ရနိုင်သလား။ ရနိုင်တယ်လို့ ဆိုပါတယ်။ ကာယသတ္တိကောင်းစေချင်ရင် သက်ဆိုင်ရာ နယ်ပယ်လောကနဲ့ ယဉ်ပါးသွားအောင် လုပ်ပေးခြင်းဖြင့် ကာယသတ္တိကောင်းလာနိုင်တယ်။ ဆိုကြပါစို့– ဂျူဒို၊

ကာရာတေး၊ လက်ဝှေ့ဆိုတာမျိုးတွေကို ကျွမ်းအောင်သင်ပေးထားလိုက်ရင် ရန်ဖြစ်မှာမကြောက်ဘဲ၊ သတ္တိကောင်းလာနိုင်တာမျိုးပေါ့။ စာရိတ္တသတ္တိကျတော့ ဒီလိုမဟုတ်တော့ဘူး။ ငယ်ငယ်ကစပြီး ဆည်းပူးခဲ့ရတဲ့ မိဘ ဆရာသမား အဆုံးအမ၊ ဘာသာရေးအဆုံးအမ၊ မိမိကိုယ်တိုင် ထူထောင်ထားတဲ့ အသိပညာကသာလျှင် ပေးနိုင်စွမ်းရှိတယ်လို့ ဆိုပါတယ်။

ရဟန္တာလို့ ကျော်စောခဲ့တဲ့ 'သဲအင်းဂူ' ဆရာတော်ကြီးဟာ မူလက ဒမြဗိုက်ကြီးတစ်ယောက်ပေပဲ။ ကာယသတ္တိကောင်းတဲ့သူပေါ့။ နောက်တော့ သတိသံဝေဂရပြီး ရဟန်းဘောင်ကူးသွားခဲ့တယ်။ သူ့ကို ဒမြဗိုလ်လုပ်ပါလို့ ခိုင်းရင်အသက်ကိုသာ အသေခံတော့မှာပေါ့။

အဲဒီ သတ္တိအရာမှာလည်း နည်းခြင်းနဲ့များခြင်း ကွာသေးတယ်လို့ ဆိုပြန်ပါတယ်။ သတ္တိနည်းရင် ခဏပဲ အသုံးခံတယ်။ သတ္တိများရင်တော့ဖြင့် ကြာရှည်အသုံးခံတယ်။ အဲဒီ ကြာရှည်အသုံးခံတဲ့ သတ္တိကို 'ဇွဲ'လို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။

မင်းတို့ သတိပြုသင့်ကြတာကတော့ ဒီလောကကြီးဟာ ဇွဲကောင်းတဲ့ ပုဂ္ဂိုလ်များက ထူထောင်ထားခြင်း ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ အခု ငါ စာရေးနေတာ လက်နှိပ်စက်နဲ့ ရေးနေတယ်။ အဲဒါ တီထွင်ပညာရှင်ကြီး မစ္စတာ အက်ဒီဆင် ထွင်သွားခဲ့တာ။ လျှပ်စစ်မီးရောင်နဲ့ စာရိုက်နေတာ။ အဲဒီလျှပ်စစ်မီးလုံးကို သူထွင်သွားခဲ့တာ။ အသံဖမ်း ဓာတ်စက် ဓာတ်ပြာကို တီထွင်စဉ်ကဆိုရင် နှစ်ညနဲ့ သုံးရက်တိုင် စမ်းသပ်ခန်းထဲက မထွက်ဘူး၊ နို့နဲ့ ဘီစကစ်ကိုစားပြီး မအိပ်မနေ စမ်းသပ်ခဲ့တယ်လို့ ဆိုတယ်။ နည်းတဲ့ ဇွဲလား။ မင်းတို့တွေ စာမေးပွဲနီးလာလို့

http://www.cherrythitsar.org



ညဥ့်နက်သန်းခေါင် စာကြည့်လိုက်ရပြီး မနက်စောစော ကျူရှင်ထပြီးပြေးလိုက်ရရင် ဘယ်လိုဖြစ်နေကြလဲ။ မင်းတို့ကို အပြစ်တင်တာမဟုတ်ပါဘူး။ အက်ဒီဆင်ရဲ့ ဖွဲ့ကို နားလည်နိုင်အောင်လို့သာ ပြောလိုက်ရတာပါ။

ဘယ်နေရာကို ကြည့်ကြည့်ပါပဲ။ မြန်မာပြည်ကြီးလွတ်လပ်ရေးရခဲ့တာကို ကြည့်မလား၊ 'ပင်လုံ' မှာ ပြည်ထောင်စုတိုင်းရင်းသားစည်းလုံးညီညွတ်ရေး စာချုပ်ကြီး အောင်မြင်စွာလက်မှတ်ထိုးနိုင်ခဲ့တာကို ကြည့်မလား၊ ဗိုလ်ချုပ်အောင်ဆန်းအစရှိတဲ့ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ ဖွဲ့ကို တွေ့နိုင်ကြတာပဲ။ နောက်တစ်ဆင့်တက်လိုက်ကြမယ်ဆိုရင် ငါတို့ရဲ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖွဲ့သတ္တိကို လာပြီးတွေ့ရမှာဖြစ်ပါတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်တာကို အသာထားလိုက်ဦး၊ နောက်ဆုံးဘဝ ဒုက္ကရစရိယ ခြောက်နှစ်အရိုးပေါ်အရေတင် ကျင့်ခဲ့တဲ့ ဖွဲ့ဟာ လန့်စရာမကောင်းပေဘူးလား။ မင်းက ခရစ်ယာန်ဘာသာဝင်လား။ သည်လိုဆိုရင်လည်း တိုင်တော်မှာ အသေခံသွားတဲ့ ကိုယ်တော်ရဲ့ ဖွဲ့သတ္တိဟာ အံ့ဩစရာ မကောင်းပေဘူးလား။ မင်းတို့တော့ဖြင့် မဆိုနိုင်ဘူး၊ ငါတော့ဖြင့်လေ တိုင်တော်ခြေရင်းမှာ သွေးအလိမ်းလိမ်းဖြစ်နေတဲ့ ခရစ်တော်ကို မယ်တော်က ပွေ့ထားတဲ့ ရုပ်တုကိုမြင်တိုင်းရင်ထဲမှာ ဆို့နေအောင် ကြင်နာခြင်း အံ့ကြခြင်း ဖြစ်ပါတယ်။

ဒီ ဖွဲ့သတ္တိကို စာမေးပွဲမှာသာမဟုတ်ဘဲ ဘဝအထိဆောင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

❒

# စာမေးပွဲ မှ ဘဝသို့ (၅)

"ဆရာ 'ချွေတာခြိုးခြံမှု' ကို စာစီစာကုံးရေးရင် ဘယ်လိုရေးရမလဲ ဆရာ"

'လာပြန်ပဟဲ့ စာစီစာကုံး' ဟု အောက်မေ့ပြီး ပြုံးလိုက်မိသေးတယ်။ ယခုတစ်လော သတင်းစာတွေမှာ 'ခြိုးခြံချွေတာ၊ ပြည်ချမ်းသာ' ဆိုတဲ့ ဆောင်ပုဒ်က နေ့တိုင်းလိုလိုပါနေတယ် မဟုတ်လား။ ဒါကြောင့် သူတို့ဆရာတွေက ဒီခေါင်းစဉ်ကို ခန့်မှန်းပေးလိုက်ကြဟန်တူပါတယ်။ သို့သော်လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ်နားလည်သမျှကို သင်ပေးလိုက်ရသည်ပဲပေါ့။ အမှန်ကတော့ သူတို့ မသိကြတာမဟုတ်ဘူး။ ရေးကျင့်မရှိတာကြောင့် ကိုယ့်ကိုကိုယ် မယုံကြည်နိုင်ကြဘဲ ဖြစ်နေကြတာ။

သူတို့ စာစီစာကုံးကို အပထား၊ မင်းတို့ ငါတို့ ကိုယ်တိုင်လည်း သတိထားသင့်တာတွေလည်း ရှိနေသေးပါတယ်။ ချွေတာခြင်းရဲ့ ဆန့်ကျင်ဘက်က ဖြုန်းတီးခြင်းပဲ မဟုတ်လား။ ငါတို့တစ်တွေ ရက်ရက်ရောရော မချွေမတာ ဖြုန်းတီးနေတာ

ကတော့ အချိန်ပဲ။ အချိန်ဆိုတာ ဖောဖောသီသီ အလကားရတဲ့ ပစ္စည်းကြီးလို့ အောက်မေ့နေကြတယ်။ **တကယ်ဆိုတော့ အသက်နဲ့လဲထားရတဲ့ ပစ္စည်းကြီး။** စဉ်းစားကြည့်လေ၊ မင့် အသက် ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်ရင် ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ် စသည်အားဖြင့် အချိန်ကိုဖြေလိုက်ရပြီ မဟုတ်လား။ ကဲ – အဲဒီလိုစဉ်းစားကြည့်လိုက်တော့ အချိန်ဆိုတာ နှမြောစရာ မကောင်းပေဘူးလား။ အလကားနေရင် ဘာမှ မဟုတ်ဘဲ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး တောင်ပြောမြောက်ပြော နဲ့ ကုန်ခဲ့ရတဲ့အချိန်တွေကို ပြန်ပြီးစဉ်းစားကြည့်လိုက်စမ်း၊ ဘယ် လောက်နှမြောစရာကောင်းသလဲ။ ပိုက်ဆံကုန်သလို အချိန်က လည်း ကုန်သွားတာ။ ပိုက်ဆံကို ထပ်ပြီးရှာလို့ရနိုင်သေးတယ်။ ကုန်သွားတဲ့အချိန်ကို ဘယ်လိုလုပ်ရှာမလဲ။ အချိန်ကို ရပ်မထား နိုင်သလို အသက်ကိုလည်း ကြီးမသွားအောင် ရပ်ထားလို့ မရနိုင်ဘူး မဟုတ်လား။

ကောင်းပြီ – လက်ဖက်ရည်ဆိုင်မှာ ပိုက်ဆံအကုန်ခံပြီး ထိုင်လိုက်တာဟာ တကယ့်ကို ဆာလို့၊ စားဖို့သောက်ဖို့ထိုင်တာ ဟုတ်ပါရဲ့လား။ သေချာစဉ်းစားကြည့်စမ်း၊ တကယ်ဆာရင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စတဲ့ ဆိုင်မျိုးတွေမှာ ထိုင်ပြီးစားမှာ ပေါ့။ အဲဒီဆိုင်မျိုးတွေမှာတော့ စားပြီးရင် ပြန်တော့ပဲ။ ဆက်ပြီး ထိုင်နေချင်လို့ မရဘူးလေ။ ဒီတော့ မင်းကုန်လိုက်တဲ့ ပိုက်ဆံဟာ မိဘကပေးလိုက်တဲ့ ပိုက်ဆံဆိုရင်လည်း မိဘကို မထိမဲ့မြင်ပြုရာ မရောက်ပေဘူးလား။ အဲဒီလို မီးဖိုချောင်က အိမ်ရှင်မတစ် ယောက်ဟာ အတိုင်းအဆမသိချက်ထားလို့ ပိုနေတဲ့ထမင်းကို နောက်ဖေးလမ်းကြားထဲ လွှင့်ပစ်လိုက်ရင် ပိုက်ဆံငွေကြေးရှာတဲ့

လင်ယောက်ျားဖြစ်သူကို မထိမဲ့မြင်လုပ်ရာ မရောက်ပေဘူးလား။ ဆက်ပြီး စဉ်းစားကြည့်လိုက်မယ်ဆိုရင် (လွန်လှချည်လား ဆရာ ရယ်လို့ ပြောချင်လည်း ပြောပေရော့) မဟာပထဝီမြေကြီးကို မထိမဲ့မြင်လုပ်ရာ ရောက်တယ်လို့တောင် ပြောနိုင်ပါတယ်။

တခြားကြောင့်ပြောတယ် မထင်နဲ့။ ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်အရ ဒီကမ္ဘာကြီးပေါ်မှာ လူဦးရေသန်းပေါင်းသုံးရာ လောက်ဟာ မဝရေစာ စားနေကြရတယ်လို့ဆိုတယ်။ အဲဒီ ထမင်းကြမ်းတစ်ခဲဟာ ကမ္ဘာ့တစ်နေရာက ဝမ်းမီးတစ်လုံးကို ငြိမ်းစေနိုင်တယ် ဆိုတာမျိုး တွေးလို့မရနိုင်ပေဘူးလား။

ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေမှာ ပိုက်ဆံတတ် နိုင်တိုင်း မကုန်နိုင်၊ မခန်းနိုင် အစားအသောက်တွေ အလျှံအပယ် မှာပြီး သွန်ပစ်နေတာတွေကို မြင်လိုက်ရင် ငါတော့ဖြင့် ဗိုလ်ချုပ် အောင်ဆန်းကို သွားသွားသတိရမိတော့တာပဲ။ အဲဒီလို စားသောက်ဆိုင်မျိုးတွေဟာ ထင်တိုင်းမဖြုန်းနိုင်အောင် တားမြစ် တဲ့ ဥပဒေမျိုး ထုတ်တန်ရင် ထုတ်ရမယ်လို့ ဗိုလ်ချုပ်အောင်ဆန်း က ပြောခဲ့ဖူးတယ်။

သူပြောတဲ့အချိန်က စစ်ကြီးပြီးစမဟုတ်လား။ နိုင်ငံတော် ကို ပြာပုံဘဝကနေပြီး ပြန်လည်ထူထောင်ရေးလုပ်နေရတဲ့ အချိန် မျိုးပေကိုး။ ဒီအချိန်မှာ ငါတို့တိုင်းပြည်သာမဟုတ်ဘူး။ စစ်ရှုံး သူ ဂျပန်၊ စစ်နိုင်သူ အင်္ဂလိပ်၊ သူတို့အားလုံးဟာ နာလန်ထဖို့ အစွမ်းကုန် ချွေတာနေကြရတယ်။

အင်္ဂလိပ်လူမျိုးတွေဆိုရင် ‘ရာရှင်’စနစ်နဲ့ စားကြ သောက်ကြရတယ်။ စစ်ကြီးကြောင့် စတာလင်ပေါင် သုံးဆယ့် ခုနစ်ကုဋေလောက် ကြွေးတင်ခဲ့တာကို တစ်မျိုးသားလုံး

ကုန်းရုန်းချွေတာပြီး ကြွေးဆပ်ကြရတယ်။ ခုထက်ထိ ငါ မှတ်မိနေတာရှိသေးတယ်။ ဂျွန်ပလေးယားတို့၊ ပလေးယားနေဗီကတ်တို ဆိုတဲ့ စီးကရက်တွေဟာဆိုရင် ငါတို့တိုင်းပြည်မှာ ပေါမှပေါ။ အင်္ဂလန်ကထုတ်တဲ့ စီးကရက်တွေဖြစ်သော်လည်း သူတို့အင်္ဂလန်မှာ ဈေးကြီးလွန်းလို့ မသောက်နိုင်ကြဘူး။ ပြည်ဝင်ငွေရအောင် ချွေတာကြရတာလေ။

အဲ – စစ်ရှုံးနိုင်ငံဖြစ်တဲ့ ဂျပန်ကတော့ ပြောမနေနဲ့တော့။ စစ်လျော်ကြေးတွေ ပေးလိုက်ရတာကလည်း မနည်းဆိုတော့ တစ်မျိုးသားလုံး အငတ်ငတ်အပြတ်ပြတ် ချွေတာခဲ့ကြရတယ်။

ချွေတာခြင်းဆိုတာကို နားလည်ဖို့၊ သိဖို့ ခက်တာမဟုတ်ပါဘူး။ မကုန်သင့်တာကို မကုန်အောင်၊ မပျက်စီးသင့်တာကို မပျက်စီးအောင် သတိထားသုံးစွဲတာသာဖြစ်ကြောင်း လူတိုင်းနားလည်နိုင်ပါတယ်။ ဒါပေမယ့် ကျင့်ဖို့တော့ဖြင့် အတော်လေးကို ခက်ခဲပါတယ်။ စီးပွားရေး တံခါးဖွင့်လိုက်တာနဲ့တစ်ပြိုင်နက် လူသုံးကုန်ပစ္စည်းအမျိုးမျိုးဟာ မြင်လို့မကောင်းအောင် အလုံးလိုက် အခဲလိုက် ဝင်လာတော့တာပဲ မဟုတ်လား။ မြင်လိုက်ရင် လိုချင်စရာတွေချည့်ပဲ မဟုတ်လား။ တခြားဟာကို မကြည့်ပါနဲ့။ ခုခေတ်ကျောင်းသူကလေးတွေရဲ့ ခဲတံဘူးကလေးတစ်ခုကို ဖွင့်ကြည့်လိုက်ရင် ဘောလ်ပင်ချည်းပဲ သုံးလေးချောင်းလောက်တွေ့ရလိမ့်မယ်။ ရေးဖို့ မဟုတ်ဘူး။ လှလို့ဝယ်တာလား။ နောက်ပြီး ခဲဖျက်ကလည်း နှစ်တုံးလောက် တွေ့လိမ့်မယ်။ အရုပ်ကလေးတွေဆိုတော့ ချစ်စရာကောင်းလို့ ဝယ်တာလား။ မွှေးလို့ ဝယ်ထားတာတွေကလည်း ရှိသေး။

ကောင်းပြီ – မင်းတို့ယောက်ျားလေးတွေမှာကော မလို

http://www.cherrythitsar.org



အပ်ဘဲနဲ့ လှလို့ ကြွားချင်လို့ ဝယ်ထားတာတွေ ဘယ်လောက်များသလဲ ပြန်စဉ်းစားကြည့်စမ်းပါ။ ရှက်မနေနဲ့။ မင်းတို့လည်း မိန်းကလေးတွေလိုပါပဲ။ မင့်ဖိနပ်နဲ့ မင့်ရှပ် ဘယ်လောက်ပေးရသလဲ။ 'မင်းကြွားမလား၊ စဉ်းစားမလား' ပြောကွာ။

စာမေးပွဲလည်း လှလှပပ အောင်ပါစေ၊ ဘဝမှာလည်း ကျကျနန အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

❒

# ပိုးထဝါးဆန္ဒ

မိသားစုကုမ္ပဏီကြီးတစ်ခုမှာရှိတဲ့ အလုပ်သင် ကျားမ လူငယ်ကလေးတွေကို စဉ်းစား တွေးခေါ်တတ်အောင် ဆွေးနွေး ဟောပြောနေရကြောင်းကို မကြာသေးမီက ရေးလိုက်ခဲ့ဖူးတာကို သတိရကြလိမ့်ဦးမယ်လို့ ထင်ပါတယ်။ သူတို့နဲ့ ပြောဆို မေးမြန်းရင်း သိလာရတဲ့ အချက်ကလေးတစ်ခုကို ရေးလိုက်ချင် ပါသေးတယ်။

သူတို့ကို မေးခွန်းတစ်ခု မေးကြည့်လိုက်ပါတယ်။ မေးခွန်းက ရိုးရိုးစင်းစင်းကလေးပါ။

'မင်းတို့ ဘဝမှာ တကယ် တိုးတက်ကြီးပွားချင်ကြ သလား' ဆိုတာ ကလေးပါပဲ။

သူတို့ ရုတ်တရက် မဖြေကြဘူး။ ဖြေလိုက်ရင် နောက် ဆက် ဘာတွေမေးမှာလဲ။ လူငယ်တိုင်း ကြီးပွားချင်ကြတာ ထင်ရှားနေတဲ့ သဘာဝကြီးကို ဘာကြောင့်မေးနေတာလဲ။ ဆရာက ဘာပြောချင်လို့လဲ ဆိုတာမျိုးကြောင့် ရုတ်တရက် မဖြေကြတာလည်း ဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒါနဲ့ ရိုးရိုးစင်းစင်း

http://www.cherrythitsar.org



ကလေးသာမေးတဲ့အကြောင်း ထပ်ပြီး ပြောပြတော့မှ တိုးတက်ကြီးပွားချင်ကြကြောင်း ပြောကြပါတယ်။ နောက်တစ်ခါဆင့်ပြီး–

'တကယ် တိုးတက် ကြီးပွားချင်တာ ဟုတ်ကြရဲ့လား' လို့ အလေးအနက် ထပ်ပြီး မေးလိုက်ပြန်ပါတယ်။ အဲဒီအခါမှာတော့ တစ်တန်းလုံး ငြိမ်သွားပြန်တယ်။ သူတို့ဘာသာ သေချာ ထပ်ပြီး စဉ်းစားနေကြပုံပါပဲ။ အဲဒီမှာ ဘယ်အချက် ထင်ရှားနေသလဲဆိုတော့ လူငယ်တွေဟာ ကြီးပွားချင်ကြတာတော့ အမှန်ပါပဲ။ ဒါပေမယ့် သူတို့တစ်တွေရဲ့ ဆန္ဒဟာ ဝိုးတဝါးဆန္ဒမျှသာ ဖြစ်နေတတ်တယ်ဆိုတဲ့ အချက်ပါပဲ။

အဲဒီမှာ ငါကဆက်ပြီး ပြောလိုက်ပါတယ်။

'မင်းတို့ဟာ လူငယ်ဘာဝ တိုးတက်ကြီးပွားချင်ကြတာဟာ သံသယရှိစရာ မလိုပါဘူး။ သေချာစဉ်းစားပြီး ဖြေကြ။ မင်းတို့ ကြီးပွားတိုးတက်ချင်ကြတယ်။ ကောင်းပြီ တိုးတက်ကြီးပွားအောင်ဆိုတဲ့ စိတ်နဲ့ တစ်ခုခုလုပ်နေတာ ဘာရှိသလဲ။ ဆိုလိုတာက မိဘက ကျောင်းတက်ခိုင်းလို့ တက်တာမျိုးမဟုတ်ဘဲ ကိုယ့်ဘာသာ ကိုယ့်ဆန္ဒနဲ့ ကိုယ်လုပ်နေတဲ့ တိုးတက်မှုလုပ်ငန်းတစ်ခုခု ရှိနေသလားလို့ စဉ်းစားကြစမ်း'

ဒီတစ်ခါမှာလည်း သူတို့အားလုံး ငြိမ်သွားပြန်တယ်။

ဘာပဲပြောပြော သူတို့တစ်တွေဟာ ချစ်စရာတော့ အကောင်းသားပါပဲ။ အတော်ကြာလေးငြိမ်သွားပြီးတော့ မိန်းကလေးတစ်ယောက်ကစပြီး ရှက်ပြုံးကလေးနဲ့ ခေါင်းရမ်းပြတယ်။ ကျန်တဲ့လူတွေလည်း ဒီလိုပဲ၊ ဘာမျှ မယ်မယ်ရရ မလုပ်ကြကြောင်း ဝန်ခံကြတယ်။

ဒီတော့မှ ငါကလည်း ရယ်ရယ်မောမောနဲ့–

'ကဲ – အဖြေကပေါ်နေပြီကွ၊ တိုးတက်ကြီးပွားချင်တယ်၊ ကြီးပွားရာ ကြီးပွားကြောင်းကိုတော့ ဘာမှမလုပ်ဘူး။ ဒီတော့ 'ဈေးကွက်ဂျာနယ်'ထဲမှာ မင်းတို့အကြောင်းကို 'ကလေးကြီးရောဂါ' ငါရေးလိုက်တာ လွန်သလား စဉ်းစားကြည့်ကြပေရော့'

ကလေးတစ်ယောက်က 'အဲဒီဆောင်းပါးလည်း ဖတ်ပြီးရော အဖေကထပြီး ဆဲတော့တာပဲ'တဲ့။ တစ်တန်းလုံး ဝိုင်းရယ်ကြပါတယ်။ နောက်ပြီးတော့မှ သူတို့ဘာလုပ်ရမလဲ ဆိုတာမျိုး မေးကြတယ်။

'မင်းတို့ အခု ဒီကုမ္ပဏီမှာ အလုပ်လုပ်ကြတော့မှာပဲ။ အလုပ်အကိုင်တော့ဖြင့် ရှိကြတော့မှာပေါ့။ အဲဒီလို အလုပ်ရှိလိုက်ရုံနဲ့ မင်းကိုယ်မင်း ကြီးပွားတော့မှာပဲလို့ ထင်နေရင်တော့ တကယ်တကယ်စင်အောင် မှားတော့မယ်။ ပညာတိုးနေအောင် အမြဲလုပ်နေကြရလိမ့်မယ်။ ပညာတိုးအောင် ဘာလုပ်မလဲ။ မင်းတို့လုပ်ငန်းဆိုင်ရာတွေက ဘာတွေလဲဆိုတာ ငါမသိဘူး။ တစ်ခုသိတာကတော့ ဘာလုပ်ငန်းမျိုးမဆို သက်ဆိုင်ရာ ပညာရပ်စာအုပ်တွေရှိတာ အမှန်ပဲ။ အဲဒီလို စာအုပ်မျိုးတွေ ရှာဖွေပြီး ဖတ်ကြရမှာပေါ့။ မင်းတို့မှာ ခက်နေတာက ကျောင်းစာတောင်မလွှဲသာလို့ ဖတ်နေခဲ့တာ ဖြစ်နေကြတယ်။ အပြင်စာကို ဖတ်ပြန်တော့လည်း ရုပ်ပြတို့၊ ရုပ်ရှင် ဗွီဒီယို ဘာဘာညာညာ ဆိုတာမျိုးတွေလောက်ကိုသာ ဖတ်ချင်ကြတာ။ မဂ္ဂဇင်းတို့ ဘာတို့ကို ကောက်ကိုင်လိုက်ပြန်ရင်လည်း ဖေဒင်ဟောစာတန်းလောက်ကိုသာ ဖတ်ကောင်းတယ်ထင်တာမျိုးဆိုတော့ အမှန်ပြောရရင် ဒီအတိုင်းသွားလို့ကတော့ မင်းတို့ ဘယ်လိုမှ မကြီးပွားနိုင်ဘူး'

အဲဒီလိုပြောပြီးတော့ သူတို့ကို ရုံးတွင်းစာဖတ်သင်းကလေးတစ်ခု လုပ်ကြဖို့ပြောရတယ်။ တစ်ယောက် တစ်လမှာ ငါးဆယ်လောက်စီစုပြီး စာအုပ်တွေဝယ်ကြဖို့ပြောတော့ သူတို့လည်း စိတ်အားထက်သန်စွာ လုပ်ကြမယ်လို့ ပြောကြပါတယ်။ နောက်တစ်ပတ်မှာရောက်သွားတော့ စာအုပ်ကလေးတွေ အတော်လေး စုမိဆောင်းမိဖြစ်လာကြတယ်။ အဲဒီလို သူတို့တစ်တွေ စာဖတ်သင်းကလေး လုပ်တယ်ဆိုတာကို သူတို့ဆရာက သိလိုက်ပြန်တော့ စာအုပ်ဖိုးကို သူက ပေးမယ် ဖြစ်လာပြန်တယ်။ ဒီတော့ ငါက…

'မင်းဘာသာ သဒ္ဒါပေါက်လို့ ဝယ်ပေးတာတခြား၊ သူတို့ ငွေငါးဆယ်စီစုတာကိုတော့ စုကြပလေစေ၊ သူတို့ ရောင့်တက်အောင်တော့ မလုပ်နဲ့ကွာ။ ဒါဟာ သူတို့ကိစ္စ၊ သူတို့ဘာသာ သူတို့လုပ်ရမယ့် ကိစ္စဆိုတာကို သူတို့ နားလည်နေကြရမယ်'လို့ ပြောပြီး ဟန့်ခဲ့ရသေးတယ်။

လူလိမ္မာတို့မည်သည် သူတစ်ပါးအမှားက သင်ခန်းစာယူသတဲ့ဗျား။ မင်းကော ဘယ်လိုလဲ။

❒

# လူတော် လူကောင်း

တစ်နေ့က မိန်းကလေးတစ်ယောက်က မေးတယ်။ "ဆရာ– လူတော်လူကောင်းဆိုတာ ဘယ်လိုလူမျိုးကို ဆိုလိုတာလဲ။ 'တော်' တယ်ဆိုတာ ဘာလဲ၊ 'ကောင်း'တယ်ဆိုတာ ဘာကို ဆိုလိုတာလဲ"တဲ့။

ဒါဟာ လူငယ်လေးတွေအဖို့ သိသလိုလိုနဲ့ ဝိုးတဝါးဖြစ်နေတဲ့ (ဆရာဇော်ဂျီပြောသလို 'သိပြီ ချက်ချင်း၊ သိမရှင်း') ဖြစ်နေတဲ့ စကားလေးတွေလို့ ဆိုကြရမှာပါ။ အမှန်ဆိုတော့ ဒီ 'လူတော် လူကောင်း' အကြောင်းကို 'စာစီစာကုံးများနှင့် တွေးနည်းရေးနည်း' ထဲမှာတောင် ထည့်ပြီးရေးလိုက်ခဲ့ဖူးပါသေးတယ်။ အဲဒါနဲ့ ငါလည်း ပြန်ပြီးဖြေခဲ့ရပါသေးတယ်။ ဖြေခဲ့တာက–

"လူတော် လူကောင်း ဆိုတာကို မစဉ်းစားမီ 'တော်တယ်' ဆိုတာ ဘာလဲ၊ 'ကောင်းတယ်' ဆိုတာ ဘာလဲ ဆိုတဲ့ အချက်ကို စဉ်းစားကြည့်ပေါ့။ ငါ နားလည်သလောက် ပြောရမယ်ဆိုရင် တော်တာနဲ့ ကောင်းတာကို တစ်သဘောတည်း

http://www.cherrythitsar.org



ထားပြီး သုံးတာလည်း ရှိတာပဲ။ ဆိုကြပါစို့–သူဟာ သင်္ချာသိပ် ကောင်းတယ်ဆိုရင် သင်္ချာတော်တယ်လို့ပြောတာနဲ့ အတူတူပဲ။ အဲဒီလိုပဲ သူက သိပ်တော်တဲ့လူပါလို့ ပြောလိုက်ရင်လည်း လူကောင်းတစ်ယောက်လို့ ပြောလိုက်တာနဲ့ အတူတူဖြစ်နေပြန် တာပဲ။ ဒီတော့ 'လူတော် လူကောင်း' တစ်ယောက်လို့ဆိုလိုက် ရင် လုပ်ကိုင်ဖန်တီးနိုင်တဲ့ 'ကိုယ်စွမ်းဉာဏ်စ' ရှိတဲ့ပြင် 'ရိုးသား ဖြောင့်မတ်'တဲ့သူ ဖြစ်တယ်လို့ ဆိုရာရောက်တယ်။ အတိုချုပ် လိုက်ရင်တော့ 'ဉာဏ်ပညာလည်းရှိသော၊ ကိုယ်ကျင့်လည်း ကောင်းသော' သူပါပဲ"

"ငါဖြင့် လူတော်နဲ့ လူကောင်း ဘယ်သူ့ကို ပိုပြီး လိုလားအပ်သလဲ ဆရာ"

"ဒီလိုမေးလာရင်တော့ ဒီအရည်အသွေးနှစ်မျိုး တွဲနိုင်တဲ့ အနအေထားကို စဉ်းစားကြည့်ကြရမှာပဲ။ ဖြစ်နိုင်တဲ့ အတွဲ တွေက–

(၁) တော် + ကောင်း

(၂) မတော် + မကောင်း

(၃) မတော် + ကောင်း

(၄) တော် + မကောင်း

လို့ ဖြစ်လာနိုင်တယ်။ အဲဒီအထဲမှာ နံပါတ် (၁) တော်+ကောင်း လူစားမျိုးကို အလိုလားအပ်ဆုံး ဆိုတာကို ပြောနေဖို့ မလိုတော့ ဘူး။ နံပါတ်(၃)မတော်+ကောင်းက အန္တရာယ်သိပ်မရှိဘူး။ သူ့မိုက်မဲမှုကြောင့် တစ်ခါတစ်ရံ မတော်တဆ ပတ်ဝန်းကျင်ကို ဒုက္ခပေးတာမျိုးတော့လည်း ဖြစ်ချင်ဖြစ်သွားမှာပေါ့လေ။ နံပါတ် (၂) မတော်+မကောင်း လူစားကတော့ လောကပတ်ဝန်းကျင်ကို

ဒုက္ခပေးချင်တယ်။ သို့သော်လည်း သူကိုယ်တိုင်က စွမ်းအင်နည်း နေလေတော့ သိပ်ပြီးကြီးမားတဲ့ အန္တရာယ် မဖြစ်နိုင်သေးဘူး။ အဲ – နံပါတ်(၄) တော်+မကောင်း အမျိုးအစားကတော့ဖြင့် ကြောက်စရာအကောင်းဆုံးပဲ။ 'ဖွတ်မိကျောင်း'ဆိုတာမျိုးပေါ့။ ဗမာတို့ရဲ့ ရှေးကအယူအဆအရ မိကျောင်းမှာ လျှာမရှိဘူးလို့ ဆိုကြတယ်။ ဖွတ်များဟာ သိပ်ကြီးလာရင် မြစ်ထဲကိုဆင်းပြီး အစာရှာကြတယ်။ မိကျောင်းကတော လျှာမရှိတဲ့အတွက်ကြောင့် မြေခဲရော၊ ကျောက်ခဲရော တွေ့ရာကို တော်သလိုစားလိုက်ကြ တာပေါ့။ ဖွတ်က မိကျောင်းဖြစ်လာတော့ လျှာရှိနေလို့ ဖွတ်လိုပဲ အရသာခံတယ်၊ မိကျောင်းလိုလဲအားကြီးတော့ မြစ်တစ်ခုလုံးမှာ ပုဇွန်ဆိတ်ကစလို့ အရသာခံပြီး စားတတ်လေတော့ 'ဖွတ် မိကျောင်းဖြစ်၊ မြစ်မချမ်းသာ' ဖြစ်ရတော့တာပေါ့။ သေချာ စဉ်းစားကြည့်လိုက်ရင် ဒေဝဒတ်ဟာ တော်+မကောင်းပေါ့။ သူဟာ လောကီစျာန်အားဖြင့် စတုတ္ထစျာန်ထိအောင်ရတယ်။ တန်ခိုးစွမ်းရည် ကြီးမားတယ်။ အဇာတသတ်ဟာ သူ့ကို ဆရာတင်လိုက်မိလို့ မဂဖိုလ်ရနိုင်တဲ့ ပါရမီရှိနေပါလျက် အဝီစိ ရောက်သွားတာသာ ကြည့်ပေရော့။ (ဆရာအတင်မှားတာလေ)။ အဲဒီလိုပဲ ငါတို့မျက်မှောက်မှာ နာဇီတို့ ဖက်ဆစ်တို့ ခေါင်းဆောင် တွေဟာ မတော်ပေဘူးလား။ ဒါပေမယ့် ကောင်းတယ်လို့ မင်းပြောနိုင်သလား။ ကဲ – ဒါလောက်ဆိုရင် မင်းမေးတဲ့ 'လူတော်လူကောင်း'ဆိုတဲ့ ပြဿနာ ပြီးလောက်ရောပေါ့ကွယ်"

ဒီတော့ အဲဒီမိန်းကလေးက မျက်စိကလေး ပေကလပ် ပေကလပ်နဲ့ ထပ်မေးပြန်တယ်။

"ဆရာရယ်– ဆရာပြောတဲ့ 'လူတော် လူကောင်း'

ဆိုတာမျိုး လောကမှာ ရှိနိုင်ပါ့မလား’တဲ့။

‘ဟဲ– ဘာကြောင့် မရှိနိုင်ရမှာလဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုတော့ ‘လူတော် လူကောင်း’ထဲမှာ ထည့်ပြီးပြောလိုက်ရမှာ အားနာစရာကြီးမို့ ထားလိုက်တော့။ ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သွားထားမလဲဟဲ့။ သူသေတော့ သူ့မှာဘာတွေ ရသွားသလဲ။ မသေခင်ကတော့ သူ့အတွက် ဘာတွေလုပ်ပြီး ဘာတွေယူသွားသလဲ။ နင်ကိုယ်တိုင် စဉ်းစားကြည့်လေ။ အဲဒီလို ကိုယ်ကျင့်ဖြူစင်ရုံပဲလား။ မကြာသေးမီက ‘အာဆီယံအစည်းအဝေးမှာ ဒီအာဆီယံ အဖွဲ့အစည်းစိတ်ကူးကို ဗိုလ်ချုပ်အောင်ဆန်းက စပြီးပြောခဲ့တာပါ ဆိုတာကို အားလုံးဝန်ခံပြီးဂုဏ်ပြုစကား ဆိုခဲ့ကြတယ် မဟုတ်လား။ ကဲ– တော်ကောမတော်ဘူးလား။ ကောင်းကော မကောင်းဘူးလား”

ကဲ– ဒီကောင်မလေးနဲ့ စကားပြောခဲ့တာကို ထားလိုက်ကြပါတော့ကွာ။ မင်းတို့တစ်တွေသာ ’လူတော် လူကောင်း’ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ စဉ်းစားကြပါတော့။

❒

# ဘဝသင်္ခန်း

ဒီတစ်ပတ်တော့ဖြင့် နီးစပ်ရာ ကလေးတွေကို စာသင်ပေးနေရင်း ဖတ်မိတဲ့အကြောင်းအရာလေးတစ်ခုကို ပြောလိုက်ချင်ပါတယ်။

မင်းတို့ **(Braille Writing)** လို့ခေါ်ကြတဲ့ **'**မျက်မမြင်စာ**'**အကြောင်းကို ကြားဖူးကြလေမလား မသိဘူး။ မျက်မမြင်စာကို ဘယ်လိုရေးတယ်၊ ဘယ်လိုဖတ်တယ် ဆိုတာကို မသိရင်တောင်မှ **'**မျက်မမြင်စာ**'** ရှိတယ်ဆိုတာလောက်ကိုတော့ သိကြပါလိမ့်မယ်။

ပြောလိုက်ရဦးမယ်– ဒီအကြောင်းလေးကို အင်္ဂလိပ်စာလွယ်တာကြောင့် နီးစပ်ရာကလေးတွေကို သင်ပေးခဲ့မိတာမကြာခဏပဲ။ ဒီလိုဆောင်းပါးမျိုးရေးဖို့ စိတ်ကူးမပေါက်ခဲ့မိဘူး။ ဒီနေ့မှ **"**မျိုးဆက်သစ်**"** လူငယ်ပရိသတ်အတွက်လည်း သင့်လျော်သားပဲရယ်လို့ စဉ်းစားမိတာကြောင့် ကောက်ပြီး ခြစ်လိုက်ရတာပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်လောက်က (ခရစ်နှစ်

http://www.cherrythitsar.org



၁၀၁၂) လောက်ကဖြစ်ခဲ့တဲ့ ကိစ္စလေးတစ်ခုပါပဲ။ အဲဒီအခါတုန်းက မျက်မမြင်စာကို တီထွင်ခဲ့သူ လူဝီဘရေးလ်**(Louis Braille)** ဆိုတာက ပြင်သစ်ပြည် မြို့ငယ်လေးတစ်ခုကပါ။ သူ့ဖခင်က သားရေထည်ချုပ်တဲ့ လူတစ်ယောက်ဖြစ်တယ်။ သူ့အသက် သုံးနှစ်အရွယ်လောက်မှာ သူ့အဖေရဲ့ အလုပ်ခန်းထဲမှာ သားရေချုပ်တဲ့ 'စူး' လေးတစ်ခုကို ကောက်ကိုင်ပြီး ကစားရင်း မှောက်လျက်လဲလိုက်တာ မျက်လုံးတစ်ဖက်ကို ထိုးမိပြီး မျက်စိပျက်သွားပါလေရော။ နောက်များမကြာမီမှာပဲ ကျန်တဲ့မျက်စိတစ်ဖက်ကလည်း ကွယ်လိုက်လာပြန်လေတော့ ငယ်ငယ်ရွယ်ရွယ်လေးမှာ ဒုက္ခိတဖြစ်သွားခဲ့ရတယ်။

ကြိမ်လေးတစ်ချောင်းကို လက်ကကိုင်ပြီး တဒေါက်ဒေါက်ခေါက်ရင်း စမ်းတဝါးဝါး သွားနေရှာတဲ့ လူဝီကလေးကို မြင်တဲ့လူတိုင်းက 'ဖြစ်ရပလေ' လို့ ကရုဏာဖြစ်ကြရတယ်။

ဒါနဲ့ပဲ အရွယ်လေးနည်းနည်းရောက်လာတော့ ဖခင်ဖြစ်သူက သူ့ကို ပဲရစ်မြို့တော်ကြီးမှာရှိတဲ့ မျက်မမြင်ကျောင်းကို ပို့လိုက်တယ်။ အဲဒီမှာ စာသင်ရတယ်ပေါ့လေ။ ဆိုလိုတာက အေဘီစီ ၂၆ လုံးကို လက်နဲ့စမ်းပြီး မှတ်မိအောင် သင်ရတာပါ။ လက်နဲ့စမ်းရတဲ့ အက္ခရာတွေကလည်း အကြီးကြီးပေါ့။ အေဘီစီ တစ်လုံး တစ်လုံးဆို ဒေါင်လိုက်က လေးငါးလက်မ၊ ဖြက်ကလည်း လေးငါးလက်မလောက် ရှိတယ်။ မဖြစ်စလောက် စာတိုကလေး တစ်ပုဒ်လောက်ကိုတောင် စာအုပ်လေးငါးအုပ်လောက် ထွက်လာတယ်။ စာအုပ်က ဘယ်လောက်ကြီးသလဲ ဆိုရင် တစ်အုပ်ကို ရှစ်ပေါင် ကိုးပေါင်လောက်စီးတယ်လို့ ဆိုတယ်။

http://www.cherrythitsar.org



နောက်တော့ လူဝီဟာ အဲဒီ 'မျက်မမြင်ကျောင်း' မှာပဲ ဆရာ ပြန်ဖြစ်လာတယ်။ သူ့စိတ်ထဲမှာ လက်ရှိစာရေးနည်း စနစ်ကို အားမရဘူး။ ဒါပေမယ့် သူလည်း ဘာမှ မလုပ်တတ်ဘူး။ တစ်နေ့မှာ သူ့ဇာတိမြို့လေးကိုပြန်လာတော့ သူ့အဖေကို သူပြောတဲ့စကားလေးဟာ သိပ်သနားစရာကောင်းတာပဲ။

"အဖေရာ– ကျွန်တော်တို့ မျက်မမြင်ဒုက္ခိတတွေရဲ့ ဘဝဟာ လောကမှာ အထီးကျန်သီးခြားကြီးကို ဖြစ်နေရတဲ့ ဘဝပါ။ ကျွန်တော်လေ ငှက်ကလေးတွေကိုတောင် အသံကြားလိုက်ရုံနဲ့ ဒါဖြင့် ဘယ်အကောင်လည်းဆိုတာ ခွဲခြားသိတယ်။ အိမ်တံခါးတွေ ပြတင်းတွေကိုလည်း လက်နဲ့စမ်းပြီး သိနိုင်တာပါပဲ။ ဒါပေမယ့် အဖေရယ်– လောကကြီးမှာ 'ကြား'လို့ မရတာတွေ၊ 'စမ်းကြည့်လို့' မရတာတွေက အများကြီးမဟုတ်လား။ ဒီဒုက္ခကြီးကလွတ်အောင် လုပ်ပေးနိုင်တာ စာအုပ်ပဲ ရှိတယ်။ အဲ– ကျွန်တော်တို့အတွက် စာအုပ်က မရှိပြန်ဘူး'

အဲဒီလိုနဲ့ တစ်နေ့မှာ လူဝီဟာ မိတ်ဆွေတစ်ယောက်နဲ့ စားသောက်ဆိုင်တစ်ခုမှာ ထိုင်နေကြတုန်း ဟိုမိတ်ဆွေက သူ့ကို သတင်းစာတစ်စောင်မှာပါလာတဲ့ ဆောင်းပါးလေးတစ်ခုကို ဖတ်ပြလိုက်တယ်။ အဲဒါက ကြည်းတပ်အရာရှိ ဗိုက်ကြီးတစ်ယောက် တီထွင်လိုက်တဲ့ 'ည ဖတ်စာ' **(night writing)** အကြောင်းပါပဲ။

လူဝီက အဲဒီအကြောင်းကိုလည်း ကြားလိုက်ရော ဝမ်းသာအားရ ထအော်ပြီးငိုလိုက်တာ တစ်ဆိုင်လုံး အလန့်တကြား ဖြစ်သွားတာပါပဲ။ သူ့မိတ်ဆွေက ရုတ်တရက် နားမလည်နိုင်ဘဲ "ဟ–ကိုယ့်လူ၊ ဘာဖြစ်တာလဲ"ပေါ့။

http://www.cherrythitsar.org



လူဝီက– "ကိုင်း…ရပြီကွ။ ခုမှပဲ အဖြေတွေ့တော့တယ်။ ငါတို့မျက်မမြင်တွေ လွတ်မြောက်ပြီ"

နောက်တစ်နေ့မှာတော့ လူဝီနဲ့ သူ့သူငယ်ချင်းဟာ အဲဒီဗိုလ်ကြီးကိုသွားတွေ့ပြီး သူရဲ့ 'ည ဖတ်စာ' ရေးနည်းစနစ်အကြောင်း မေးကြည့်ကြတယ်။ ရေးပုံက– စက္ကူထူထူ (ကပ်ပြားပါးကလေး) ပေါ်မှာ ဝမ်းဘက်ကဖိရေးပြီး ကျောဘက်မှာပေါ်လာတဲ့ အပိန့်ကလေးကို လက်နဲ့စမ်းပြီး ဖတ်ယူတာပါပဲ။ အဲဒါကို လူဝီက ပိုပြီးကောင်းသည်ထက်ကောင်းအောင် အမျိုးမျိုးဆက်ထွင်တာပဲ။ နောက်ဆုံးမှာတော့ လက်သည်းခွံလောက် အကွက်ကလေးတစ်ကွက်မှာ အပိန့်ကလေးခြောက်နေရာစာ သတ်မှတ်ထားတဲ့ သင်္ကေတကို ထွင်လိုက်တယ်။ မင်းတို့နားလည်အောင် ပြောရမယ်ဆိုရင် 'ဒိုးဆစ်' ဖဲချပ်တွေထဲက သုံးပွင့်နှစ်တန်းပါတဲ့ ခြောက်ပွင့်ဖဲချပ်သဘောမျိုးပေါ့။ လက်ဝဲဘက် အထက်ဆုံးထောင့်က အပွင့်ပဲပါရင်' အေ'။ ထိပ်ဘက်က နှစ်ပွင့်လုံးပါရင် 'ဘီ'ဆိုတဲ့ သဘောမျိုးပေါ့။

ရေးတော့လည်း ခပ်တုံးတုံးစူးကလေးနဲ့ နေရာမှန်အောင် နှိပ်သွားတာပါပဲ။ လူဝီဟာ ဘယ်လောက်လေ့ကျင့်လိုက်သလဲဆိုရင် စကားခပ်လေးလေး ပြောတာမျိုးလောက်ကို မီအောင် လိုက်ပြီး ရေးနိုင်တယ်။ ဒီအကြောင်းကို လူကြားထဲမှာ ပြောပြလိုက်တော့ မဖြစ်နိုင်တာဆိုပြီး ဝိုင်းဟားကြတယ်။ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဌာနကို တင်ပြတော့လည်း မဖြစ်နိုင်တာဆိုပြီး ပယ်ချလိုက်ပြန်တာပဲ။ သူကတော့ မလျှော့ဘူး။ အထပ်ထပ်တင်ပြနေတာပဲ။ နောက်ဆုံးမှာ လူဝီလို့ဆိုလိုက်ရင် နားကို မထောင်တော့ဘူး။ သူလည်း ကျန်းမာရေးက တစ်နေ့တစ်ခြား

http://www.cherrythitsar.org



ယိုင်လာလိုက်တာ အိပ်ရာပေါ်လဲတော့တာပဲ။ လူဝီက ဖတ်စာ သာမကဘူး၊ ဂီတတို့၊ သင်္ချာတို့အတွက်ပါ သင်္ကေတတွေ ထွင်ပေးလိုက်သေးတယ်။

ဖြစ်ချင်တော့ တစ်နေ့မှာ သူ့တပည့် မျက်မမြင် မိန်းက လေးတစ်ယောက်က ဗိုလ်ပုံအလယ်မှာ စန္ဒရားတီးပြလိုက်တာ ကောင်းလွန်းလို့ ပရိသတ်က တအံ့တဩ ဩဘာပေးချီးကျူးကြ တယ်။ ဒီတော့မှ မိန်းကလေးက သူ့ကို ချီးကျူးဖို့ထက် လူဝီကို ချီးကျူးသင့်ကြောင်း၊ အခုဆိုရင် လူစီခမျာ သေလုမြောပါး နာမကျန်းဖြစ်နေကြောင်း ပြောပြလိုက်တော့မှ လူတွေက အသိအမှတ်ပြု၊ သတင်းစာတွေကရေး၊ အစိုးရကပါ စိတ်ဝင်စား ဖြစ်လာကြတော့တယ်။ သူ့မိတ်ဆွေတွေက သူ့ကို ဒီအကြောင်း တွေ သွားပြီးပြောပြတော့ လူဝီဟာ ရှိုက်ကြီးတငင် ငိုရှာတယ်။ သူ့တစ်သက်မှာ ဒီလို သုံးကြိမ် ငိုဖူးတယ်တဲ့။ မျက်စိကန်းခဲ့ရ တုန်ကတစ်ကြိမ်၊ 'ည စာဖတ်' အကြောင်းကို ကြားရတုန်းက တစ်ကြိမ်၊ နောက်ဆုံး ယခုအကြိမ်ပါပဲလို့ သူ့မိတ်ဆွေတွေကို ပြောပြတယ်။

မကြာမီမှာပဲ လူဝီ ကွယ်လွန်သွားရှာတယ်။ သူသေတော့ သူ့အသက် ၄၃ နှစ်ပဲ ရှိပါသေးတယ်။

ပဓာနထားပြီး ပြောချင်တဲ့အကြောင်းကလေးကို ခုမှ ပြောလိုက်ရပါတော့မယ်။ သူ့ရည်မှန်းချက် အောင်မြင်ပေါက် မြောက်သွားပြီဆိုတာကို သိလိုက်ရတဲ့အချိန်မှာ လူဝီပြောလိုက် တဲ့စကားလေးကို ပြောပြချင်လို့ ဒီစာကို ရေးနေခြင်း ဖြစ်ပါတယ်။ သူ့စကားက 'ခုတစ်ကြိမ်မှာ ငါငိုမိတာကတော့ ငါ့ဘဝဟာ အချည်းနှီးမဖြစ်ဘူးဆိုတာကို သိလိုက်ရလို့ပါပဲ' **(Now be-**

**cause I know that my life has not been a failure)**တဲ့။ ငါ့စိတ်ကြိုက် ဘာသာပြန်လိုက်ရမယ်ဆိုရင် 'ဒီတစ်ကြိမ် ငါ့ငိုမိတာကတော့ ငါလူညွှန့်မတုံးဘူးဆိုတာကို သိလိုက်ရလို့ပါပဲ'လို့ ရေးလိုက်ချင်ပါတယ်။

လူဝိဟာ ကလေးဘဝကတည်းက လူဖြစ်ရှုံးခဲ့ရတယ်လို့ ဆိုရမှာပဲ။ ဒါပေမယ့် သူ့ 'ဘဝသတ္တိ'က မကြီးမားပေဘူးလား။ သူ့လို ဘဝတူအချင်းချင်းအပေါ် စာနာထောက်ထား သနားကြင်နာစိတ်၊ လောကအကျိုး သည်ပိုးလိုစိတ်ကော မကြီးမားပေဘူးလား။ **လူဖြစ်ရှုံးသော်လည်း လူညွှန့်မတုံးတဲ့ ယောကျာ်းကောင်း ယောကျာ်းမြတ်**လို့ မခေါ်ထိုက်ပေဘူးလား။

ခုဆို မင်းတို့ ဒီစာကို မြင်နိုင်တယ်နော်၊ ဖတ်နိုင်တယ်နော်။ လူဝိနဲ့စာလိုက်တော့ မင်းတို့ ဘဝပေးကုသိုလ် မကောင်းပေဘူးလား။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပြောရတာ မဝသေးဘူး။ ဆက်ပါရစေဦး။

❒

# ဘဝသတ္တိ (၂)

'မျက်မမြင်စာ'ကို တီထွင်ခဲ့တဲ့ လူဝီနဲ့ ပတ်သက်ပြီး စဉ်းစားမိတာလေးတွေကို ပြောလိုက်ချင်ပါသေးတယ်။ လူဝီဟာ အနော်ရထာထက် အနှစ်သုံးဆယ်လောက်စောပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်လောက်က ဆိုပါတော့။ အဲဒီ အချိန်ကစပြီး မျက်မမြင်တွေဟာ အထီးကျန်ဘဝက လွတ်မြောက်သွားခဲ့ကြတယ်။ ပြင်သစ်လူမျိုး မျက်မမြင်တွေသာ မဟုတ်ဘူး။ ကမ္ဘာတစ်ဝှန်းက မျက်မမြင်အားလုံး စာဖတ်နိုင်လာခဲ့ကြတယ်။

ဒီခေတ်လို ကက်ဆက်တွေ၊ ရေဒီယိုတွေမပေါ်မီက မျက်မမြင်တွေရဲ့ဘဝကို မှန်းဆကြည့်လိုက်နိုင်မယ်ဆိုရင် လူဝီရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားခဲ့တယ်ဆိုတာ မှန်းဆလို့ရနိုင်ပါတယ်။ တစ်ခြားဝေးဝေးကို မပြောတော့ပါဘူး။ ငါကိုယ်တိုင် ကြုံခဲ့ရတာကလေးတွေကို ပြောလိုက်ချင်ပါသေးတယ်။ တက္ကသိုလ် ဆရာဘဝမှာ မျက်မမြင်ကျောင်းသားတွေကို စာသင်ပေးခဲ့ရဖူးပါသေးတယ်။ တခြားကျောင်းသားတွေလိုပဲ သူတို့

လည်း 'လက်ချာ'ကို (သူတို့စာနဲ့) လိုက်ရေးပြီး မှတ်သားနိုင်ကြတာပါပဲ။ အဲ–ပြဋ္ဌာန်းစာတွေကိုတော့ဖြင့် သူတို့က မမြင်ရတာမို့ တခြားလူက ဖတ်ပြရတာပေါ့။ အဲဒါမျိုးကျတော့ မိန်းကလေးတွေက စိတ်ရှည်လက်ရှည် တစ်ယောက်တစ်လဲ ဖတ်ပြကူညီပေးလေ့ရှိကြတယ်။ သူတို့က မျက်မမြင်စာနဲ့ လိုက်ပြီးကူးကြရတာပေါ့။ အလွန်ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းကလေးတွေမို့ ခုထက်ထိ မျက်စိထဲက မထွက်ဘူး။ ဘွဲ့နှင်းသဘင်အခမ်းအနားမှာ သူတို့ အလှည့်ကျဘွဲ့ယူဖို့ လူတွဲတက်လာလိုက်ပြီဆိုရင် ခန်းမကြီးတစ်ခုလုံး ဟိန်းသွားအောင် ကောင်းချီးပေးကြလေ့ ရှိပါတယ်။ အဲဒီမျက်မမြင်တွေကို ဘွဲ့ရအောင် 'ပုဂံခေတ် လူဝီ'က ကူညီတာလို့ မဆိုသင့်ပေဘူးလား။

ဒီနေ့ခေတ်မှာဆိုရင် နိုင်ငံတကာ ဆက်သွယ်ပို့ဆောင်ရေး သဘောတူညီချက်ဥပဒေအရ မျက်မမြင် စာအုပ်စာတမ်းဟူသမျှကို တံဆိပ်ခေါင်းတွေဘာတွေ ကပ်စရာမလိုဘူး၊ အခမဲ့ပို့ပေးကြရတယ်။ လူဝီရဲ့မေတ္တာအမွေလို့ ဆိုကြရမှာပေါ့။

လူဝီနဲ့ ပတ်သက်ပြီး နောက်တစ်ချက် ပြောလိုက်ချင်ပါသေးတယ်။ ငါတို့ သာမန် မြန်မာလူမျိုးတွေရဲ့ အယူအဆမျိုးသာဆိုရင် ဘဝကံမကောင်းလို့၊ ဘဝ,ဝဋ်ကြွေးကြောင့် စသည်အားဖြင့် ဖြေဆည်ပြီး ရင်ဆိုင်ကြမှာပဲ။ အဲဒီလို မလွှဲသာမရှောင်သာတဲ့ဖြစ်ရပ်ကို အသာတကြည် လက်ခံလိုက်နိုင်တာဟာလည်း ကောင်းပါတယ်။ ဒါပေမယ့် **ရတတ်သမျှ ဘဝရဲ့ပေးထားချက်တွေကို အရင်းခံပြီး ကိုယ်စွမ်းသမျှ လောကအကျိုး၊ ကိုယ့်အကျိုးကို သယ်ပိုးနိုင်အောင် ကြိုးပမ်းကြတာဟာ 'ဆုကြီးပန်ယောက်ျားကောင်း'တို့ရဲ့ လက္ခဏာ မဟုတ်ပါလား။**

နောက်တစ်ချက် ထပ်ဖြည့်ပြီး ပြောလိုက်ချင်ပါသေးတယ်။ အဲဒါကတော့ ငါ့ပညာ မဟုတ်ပါဘူး။

'သူ့ပညာ'ပါ။ 'သူ'ဆိုတာက ဆရာကြီးဦးအေးမောင်ကို ပြောတာပါ။

မကြာသေးမီက 'အောင်သန်း၏ အင်တာဗျူးများ' ဆိုတဲ့ စာအုပ်ကို ထုတ်လိုက်ပါတယ်။ အဲဒီအထဲမှာ 'ဆရာကြီးဦးအေးမောင်'၊ 'ဆွေဇင်ထိုက်'၊ 'ကျော်ဇောမင်း ခေါ် ကြည်မင်းခေါ် ကထိက ဦးမောင်မောင်စံ'တို့ သုံးယောက်ကို ငါတွေ့ဆုံမေးမြန်းထားတာတွေ ဖြစ်ပါတယ်။

အဲဒီစာအုပ်ထဲမှာ ဆရာကြီး ဦးအေးမောင်ရဲ့ ဆွေးနွေးဖြေကြားချက်တွေကို ဖတ်ကြည့်ကြစေချင်ပါတယ်။ မင်းတို့လူငယ်တွေအတွက် နည်းနည်းတော့ ခက်လိမ့်မယ်။ **(hard°°going)**ပေါ့ကွာ။ ဒါပေမယ့် ကြိုးစားပြီး ဖတ်ကြည့်ပါ၊ နားလည်အောင် အားထုတ်ကြည့်ပါ။

ဆရာကြီး ဦးအေးမောင် ပြောတဲ့ စကားလေးတစ်ပိုဒ်ကို ထုတ်ပြလိုက်ပါရစေ။

"နေရာတကာမှာ ဘဝကံအကြောင်းကြောင့်၊ အတိတ်ကံကြောင့်ရယ်လို့ ကောက်ချက်ဆွဲနေမှုဟာ ကျွန်တော်တို့ တက္ကဗေဒ အဲ–လောဂျစ်မှာ ပြောင်းပြန်လှန်နည်းနဲ့ ကောက်ချက်ဆွဲရာက ဖြစ်ပေါ်လာတာပဲ။ ဒီလိုကောက်ချက်မျိုးဟာ တစ်ခါတစ်ရံ တကတ်တက်စင်အောင်၊ ကိုယ်ကျိုးနည်းအောင်ကို မှားသွားတတ်ပါတယ်။ ဥပမာ–'မြန်မာလူမျိုးအားလုံးသည် အာရှတိုက်သားများ ဖြစ်ကြသည်'ဆိုတဲ့ အဆိုကို အခြေခံပြီး 'အာရှတိုက်သားအားလုံးသည် မြန်မာလူမျိုးများ ဖြစ်ကြသည်'လို့ ကောက်

ချက်ချလိုက်သလို ဖြစ်သွားမှာပေါ့။ အဲဒီကောက်ချက်ဟာ တက်တက်စေအောင် လွဲမနေပေဘူးလား။

ဒီတော့ 'လူသတ္တဝါတစ်ဦးဟာ မိမိပြုသောအမှု၏ ကောင်းကျိုး ဆိုးပြစ်ကို တမလွန်ဘဝမှာ ခံစားကြရသည်' ဆိုတဲ့ အဆိုကို အခြေခံပြီး 'လူသတ္တဝါတစ်ဦး ပစ္စက္ခဘဝမှာ ကြုံတွေ့ရတဲ့ ဆင်းရဲမှု ချမ်းသာမှုဟူသမျှဟာ အတိတ်ကံကြောင့်သာ ဖြစ်သည်'လို့ ကောက်ချက်ဆွဲလိုက်တာဟာ အထက်က 'အာရှတိုက်သားအားလုံးသည် မြန်မာများဖြစ်ကြသည်'လို့ ကောက်ချက်ဆွဲတာနဲ့ တူမနေပေဘူးလား"

မင်းတို့ အဲဒီ အင်တာဗျူးစာအုပ်ကို ရအောင်ရှာဖွေပြီး ဖတ်ကြည့်ကြစေချင်ပါတယ်။ အထက်က ငါပြောခဲ့သလိုပါပဲ၊ ဝတ္ထုဖတ်သလို ပေါ့ပေါ့ဆဆဖတ်လို့တော့ မရနိုင်ဘူးပေါ့။ ကိုယ်ကလည်း အားထုတ်စဉ်းစားပြီးဖတ်မှ အရသာတွေ့နိုင်မှာပေါ့။

ဆရာကြီးပြောသလို ငါတို့တစ်တွေဟာ မျက်မှောက်ဘဝမှာ ကောင်းမှု ဆိုးမှု ကြုံလာလိုက်ရင် (အထူးသဖြင့် ဆင်းရဲဒုက္ခကို ကြုံတွေ့လိုက်ရင်) 'ဘဝကံပဲပေါ့'လို့ ဘဝကံကိုသာ လွှဲချတတ်တဲ့ အကျင့်တွေ များလွန်းနေသလားဆိုတာကို ငါတို့ (အထူးသဖြင့် မင်းတို့လိုလူငယ်တွေ) အလေးအနက် စဉ်းစားသင့်ကြပြီ ထင်တယ်။

လူဝီဟာ ဘဝကံပဲရယ်လို့ မိမိကိုယ်မိမိ ဖြေသိမ့်ပြီး ဘဝကို အေးအေးချမ်းချမ်း နေသွားမယ်ဆိုရင်လည်း ဖြစ်နိုင်ခဲ့သားပဲ။ ဘာမှ စိတ်ပူပင်သောကရောက်စရာ အကြောင်းမရှိတော့ဘူးပေါ့။ ဒါပေမယ့် သူက ဘဝတူတွေရဲ့အတွက်ကို ပူတယ်။ သူတို့ကို အထီးကျန်းဘဝက လွတ်မြောက်စေချင်တယ်။ အဲဒီ

http://www.cherrythitsar.org



အတွက်ကြောင့် သူ့ဘဝမှာ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု ကြီးမားစွာ ရင်ဆိုင်ခဲ့ရတယ်။ ကုန်ကုန်ပြောရရင် သူ့ဘဝတစ်ခု လုံးကို မျက်မမြင်စာပေအတွက် စတေးသွားတယ်လို့တောင် ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ငါတို့မြန်မာတွေ သုံးလေ့ရှိကြတဲ့ စကားလေး တစ်ခုကို တင်ပြလိုက်ချင်ပါသေးတယ်။ အဲဒါက 'သူများအပူ ကိုယ့်အပူလုပ်လို့' ဆိုတဲ့ စကားပါပဲ။ အဓိပ္ပာယ်က မင်းတို့ သိကြတဲ့အတိုင်း မကောင်းတဲ့သဘောနဲ့ပြောကြတာ၊ အပြစ် တင်တဲ့သဘောနဲ့ ပြောကြတာမဟုတ်လား။

ဒါပေမယ့် ငါ မှတ်သားဆည်းပူးမိသလောက်ကို ပြောရ ရင် 'ဆုကြီးပန် မင်းယောကျ်ား၊ မင်းမိန်းမဆိုသူတွေဟာ သူများ အပူကို ကိုယ့်အပူ လုပ်သွားကြသူတွေ ဖြစ်တယ်'လို့ ငါတော့ ထင်မိတာပဲ။

မင်းတို့ စဉ်းစားကြည့်ကြဖို့ ပြောလိုက်ရတာပါ။

❒

# စာပေတာဝန် ကျေသတဲ့

'ဆရာဟာ စာပေတာဝန် ကျေပါတယ်' လို့ ငါ့ကို ချီးကျူးပြောဆိုတာကို မကြာခဏ ကြားခဲ့ရဖူးပါတယ်။ စာနဲ့ လှမ်းပြီးရေးကြတဲ့ ချီးကျူးစာတွေကိုလည်း မကြာခဏ ရခဲ့ဖူးပါ တယ်။ တချို့စာတွေကိုဆိုရင် သေသေချာချာ သိမ်းထားမိ ပါတယ်။

ဘာကြောင့် ငါ့ကို 'စာပေတာဝန်ကျေတယ်' လို့ ပြော ကြသလဲဆိုတာကိုလည်း မကြာခဏ စဉ်းစားမိပါတယ်။ သူတို့ ပြောကြတဲ့ စကားအသွားအလာကို ထောက်ကြည့်လိုက်တော့ စာဖတ်ပရိသတ် သိသင့်သိထိုက်တဲ့ အကြောင်းအရာ အတွေး အမြင်တွေကို ရေးနေတယ်လို့ သူတို့ယုံကြည်ကြတာကြောင့် ဒီလို ချီးကျူးကြတာပဲရယ်လို့ ကောက်ချက်ချမိပါတယ်။

အဲဒီလို ပရိသတ် အများသူငါ သိသင့်သိထိုက်တာကို ပြောဖို့ဆိုတာဟာ စာရေးဆရာတစ်ယောက်မှာသာ တာဝန်ရှိတာ မဟုတ်ပါဘူး။ ယဉ်ကျေးတဲ့ လူသားမှန်သမျှ ဘယ်သူ့မှာမဆို တာဝန်ရှိတာပါပဲ။ ဆိုကြပါစို့–လမ်းမကြီးတစ်နေရာရာမှာ

ကျွံကျနိုင်တဲ့ အပေါက်ကြီးတစ်ခု ဖြစ်နေပြီဆိုပါတော့– ဒါဟာ ဖြင့် သတိပေးဖို့ဟာ စည်ပင်သာယာရဲ့ တာဝန်ပဲလို့ သဘော မထားဘဲ ဝါးလုံးတိုင်ကလေးမျှကိုဖြစ်စေ ထောင်ပြီးသတိပေးဖို့ ဟာ လူတိုင်းရဲ့တာဝန်ပါပဲ။ လုပ်လည်းလုပ်ကြပါတယ်။

ဒါတွေကို ဘာကြောင့် ရေးနေသလဲဆိုတာကို သိချင် နေကြရော့မယ် ထင်ပါတယ်။

ဒီလိုပါ။ လွန်ခဲ့တဲ့ တစ်လလောက်က စာအုပ်အဟောင်း တန်းက ဆိုင်တစ်ဆိုင်မှာ စာအုပ်ဟောင်းလေးတစ်အုပ်ကို တွေ့ ပါတယ်။ စာအုပ်နာမည်က 'နတ်ကတော် လောက' တဲ့။ အဖုံးတောင် မပါတော့ပါဘူး။ ဟိုလှန်ဒီလှန် ကောက်ပြီးဖတ် ကြည့်လိုက်တော့ စိတ်ဝင်စားစရာ ကောင်းသလိုလိုရှိတာနဲ့ ဝယ်လာခဲ့ပါတယ်။

မနေ့ကမှ သေချာဖတ်ကြည့်လိုက်မိပါတယ်။ ရေးသူက 'ထင်ပေါ်'တဲ့။ 'ဖြူဖြူဝင်း စာပေထုတ်ဝေရေး' တဲ့။ အမှန်ပြော ရရင် 'ထင်ပေါ်'ဆိုတာကိုလည်း မှတ်မှတ်သားသား မကြားဖူး ပါဘူး။ 'ဖြူဖြူဝင်း စာပေထုတ်ဝေရေး' ဆိုတာကိုလည်း ထိုနည်းလည်းကောင်းပါပဲ။

ရေးထားလိုက်တာကတော့ နတ်မျိုးစုံနဲ့ခြောက်လှန့်ပြီး နတ်ကတော်တွေ လိမ်ညာဖြီးဖြန်း စားသောက်နေကြပုံတွေပါပဲ။ စာရေးသူ 'ထင်ပေါ်'ကိုယ်တိုင်က သူဟာ စာရေးဆရာ မဟုတ် ကြောင်း၊ စာကို စီကာပတ်ကုံး ပြေပြစ်အောင်မရေးတတ်ကြောင်း ဝန်ခံထားပါတယ်။ အမှန်ပါပဲ။ သူဟာ စာရေးတတ်ရှာပါဘူး။ သို့သော်လည်း သူပြောချင်တာကိုတော့ တစ်ဖက်သားနားလည် သွားအောင် ပြောနိုင်တာမို့ 'ရေးတတ်တယ်' လို့လည်း တစ်နည်း

http://www.cherrythitsar.org



အားဖြင့် ဆိုနိုင်ပြန်ပါတယ်။

အထူးသဖြင့် သူကိုယ်တိုင် တကယ်ကြုံတွေ့ရတာကို စိတ်ပေါက်ပေါက်နဲ့ ရေးပစ်လိုက်တာမို့ ရယ်လည်းရယ်ရ၊ စိတ်လည်းပျက်ရ ဆိုတာမျိုးပါပဲ။ ကောလိပ်ကျောင်းသားတစ်ယောက်ရဲ့မိခင်ကြီးဟာ နတ်ကတော်ကြီး။ သားက ခေတ်ပညာတတ်ဆိုတော့ မယုံလှဘူး။ တစ်နေ့မှာတော့ မိန်းမကြီးတစ်ယောက် ပျာယီးပျာယာနဲ့ သူ့အမေဆီကို နတ်မေးဖို့ရောက်လာတယ်။ နွားပျောက်လို့ နတ်လာမေးတာပါ။ သူ့အမေ နတ်ကတော်ကြီးက လျင်ပြီးသားကိုး။ နတ်စင်ရှေ့မှာ တွက်တွတ်ရွတ်ပြီး နတ်ဝင်လိုက်တာပေါ့။ သားဖြစ်သူက အမေ့ကိုကြည့်နေတယ်။ ဖတ်ကြည့်ပါဦး-

'ကျွန်တော့်အမေသည် နတ်ဝင်နေရာမှ ကျွန်တော့်ကို တစ်ချက် မှက်စိလှန်ကြည့်ပြီး မနဲ့လေး ညှက်ညှက် ညှက်ညှက် အသံစာစာလေးနှင့် 'ရွှေမကြီးတို့က ရိုးရာကို မလေးစားဘဲ ပေါ့ပေါ့လျော့လျော့ နေတာကိုး။ ဘိုးဘိုးတို့က ကျောင်းမှန်းကန်မှန်းသိအောင် လုပ်ထားတာ' ဘာညာနှင့် ဖြီးပါတော့သည်။ နွားပြန်တွေ့လျှင် ရိုးရာကို တင်မြှောက်ပါ၊ ဟောဒီ နတ်နန်းကိုလည်း ဗောင်းတော်နှင့် ဝတ်လဲတော် ဆက်ရမည်ဆိုပြီး ဟားဆို ထွက်သွားပါလေရော။ နတ်လာမေးသည့် မိန်းမကြီးလည်း နွားဘယ်နေရာမှာရှိသည်ကို ဟောမသွားဘဲ ရိုးရာကို မလေးစားလို့ ဗောင်းတော်နှင့် ဝတ်လဲတော်ဆက်ရမည် ဘာညာနှင့်သာ ထွက်သွားသည် နွားပြန်ရမှုကိုတော့ မဟောသွားခြင်းကြောင့် စိတ်ထဲက အောင့်သက်သက်နှင့် ကြောက်သောစိတ်ကြောင့်လားမသိ ဘာမျှပြောဝံ့ပါ။ ညည်းလိုချင်တာကို မေးရရဲ့

လား ဟု ကျွန်တော့်အမေက နတ်မေးလာသော မိန်းမကြီးကို မေးပါသည်။ နတ်လာမေးသောမိန်းမကြီးက ပြန်ပြောမည့်ဆဲဆဲ ဒီအခန်းထဲဒီကြောင် ဘယ်အချိန်ကရောက်လာတာလဲနှင့်တစ်အိမ်လုံးကို ဆူပါတယ်။ ကြောင်ရဲ့အဓိပ္ပာယ်ဟာ မနဲ့လေး နတ်မဖြစ်ခင်က ကျားကိုက်သတ်လို့ သေဆိုလားဘာလား...ကျားနှင့်တူသည့် ကြောင်မြင်တာနှင့် မနဲ့လေးဝင်နေလျှင် ချက်ချင်းထွက်သွားသည်ဟု အယူရှိကြပါသည်။ စင်စစ်တော့ ဒီကြောင်ကို ကျွန်တော်၏ အမေ့ညီမတစ်ယောက်က တမင်လွှတ်လိုက်သည်ကို ကျွန်တော်မျက်စိနှင့် တပ်အပ်မြင်လိုက်ရပါသည်။ ဘာကြောင့် ကြောင်ကို လွှတ်လိုက်သည်ဆိုတာကိုတော့ စာရှုသူမိတ်ဆွေ တွေးသာယူပေတော့"

နွားကိုတော့ မိန်းမကြီးရဲ့ ခင်ပွန်းနဲ့သားက လိုက်ရှာလို့ပြန်တွေ့တယ်။ ဒါပေမယ့် မိန်းမကြီးက မနဲ့လေးကြောင့် နွားပြန်ရတယ်လို့ယူဆပြီး ဝတ်လဲတော်အဖြစ် ပုဆိုးတစ်အုပ် လာဆက်တယ်။ ဖတ်ကြည့်လိုက်ပါဦး–

"ကျွန်တော် ကျောင်းပိတ်ရက်စေ့၍ ကျောင်းပြန်သောအခါ ကျွန်တော့်အမေသည် ဤပုဆိုးအုပ်ကိုဖြတ်၍ ကျွန်တော်ကျောင်းတက်ရင်းဝတ်ရန် ပေးလိုက်ပါသည်။ လုံချည်ကလည်း ရခိုင်လုံချင် မန်ကျည်းစေ့ကွက်တုံးလေးမို့ ဝတ်လို့ အဆင်ရောအသားပါကောင်းပါသည်"

စဉ်းစားကြည့်လိုက်တော့ 'ထင်ပေါ်'လည်း စာပေတာဝန် ကျေပေသားပဲလို့ အောက်မေ့လိုက်မိပါသေးတယ်၊ ဒါပေမယ့် ဆရာကြီး ဦးအေးမောင်ပြောသလိုပါပဲ၊ လူတွေက ကျိုးကြောင်း ဆင်ခြင်ရမှာကို သိပ်ကြောက်ကြလေတော့ သူတို့

http://www.cherrythitsar.org



ယုံချင်တာကို မစဉ်းစားဘဲ ယုံနေကြတာပါပဲ။

ဒီစာရေးနေတုန်းမှာပဲ ဟိုဘက်လမ်းထဲက နတ်ကန္နားဆိုင်းသံ တခြိမ့်ခြိမ့်ကို ကြားနေရသေးတော့ 'ဖိုးထင်ပေါ်' တစ်ယောက် ဘယ်ဆီရောက်နေပါလိမ့်လို့ မမြင်ဖူး။ မသိဖူးဘဲ လွမ်းနေလိုက်မိသေး။

❒

# ထလေးကြီးရော့ဂါ

မကြာသေးမီက တပည့်ဟောင်းတစ်ယောက် ငါ့ဆီ ပေါက်လာပါတယ်။ ငါ့အပေါ်မှာလည်း မကြာခဏ ကျေးဇူးပြုဖူးတဲ့ တပည့်လည်း ဖြစ်ပါတယ်။ သူက လုပ်ငန်းကုမ္ပဏီကြီးတစ်ခု ထူထောင်ထားပါတယ်။ အတော်လေးကြီးတဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ လာတဲ့အကြောင်းက–

သူ့ကုမ္ပဏီမှာ လူငယ်လူသစ်ကလေးအတော်များများကို ခန့်ထားပြီး လုပ်ငန်းသဘောကိုနားလည်အောင် သင်တန်းလေး တစ်ခုကို လုပ်ထားပေးပါတယ်။ သက်ဆိုင်ရာ ပညာရေးကျွမ်းကျင်သူတွေကိုပင့်ဖိတ်ပြီး ပို့ချခိုင်းတာ ဖြစ်ပါတယ်။ ကလေးတွေအတွက်လည်း ပညာတိုးတာပေါ့၊ သူ့အဖို့မှာလည်း အားကိုးအားထားပြုလောက်တဲ့ အလုပ်သမားကောင်းတွေ ရလာနိုင်တာပေါ့။ နှစ်ဦးနှစ်ဖက်လုံးအတွက် အကျိုးအမြတ်ထွက်စေတဲ့ အစီအစဉ်ပါပဲ။ အဲဒီသင်တန်းမှာ ငါက တစ်ပတ်ကို တစ်ချိန်၊ နှစ်ချိန်စသည်အားဖြင့် ပို့ချပေးဖို့ အကူအညီလာပြီး တောင်းတာပါပဲ။

ဟာ–ကောင်ရ မင်းကို အကူအညီပေးဖို့ ငါက ဘယ်

တော့မှ ဝန်မလေးပါဘူး၊ ဒါပေမယ့် ငါမလုပ်တတ်တာကိုတော့ လာမခိုင်းနဲ့လေကွာ။ မင်းတို့လုပ်ငန်းတွေကို ငါ ဘာမှနားမလည်ဘူး'

'လုပ်ငန်းဆိုင်ရာတွေကို ပို့ချမယ့်သူတွေက သီးခြားရှိပါတယ် ဆရာ။ ဒီလိုဆရာ– ကလေးတွေကို လုပ်ငန်းဆိုင်ရာမှာ အတန်အသင့် စမ်းပြီးသုံးကြည့်လိုက်တော့ သူတို့ဟာ စဉ်းစားပုံ စဉ်းစားနည်းကို မတတ်ကြဘဲဖြစ်နေတာ လာတွေ့နေရတယ်။ ဘွဲ့ရပြီးသားတွေကိုလည်း ကျွန်တော် အားမရဘူး။ အဲဒါ ဆရာက စဉ်းစားပုံ စဉ်းစားနည်း၊ အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် စဉ်းစားနည်းကို သင်ပေးစမ်းပါ ဆရာ'တဲ့။

အမှန်ပြောရရင် ငါလည်း အတော်လေးကို ခေါင်းခြောက်သွားတယ်။ မင်းတို့ပဲ စဉ်းစားကြည့်ပေါ့၊ စဉ်းစားနည်းသင်တန်းရယ်လို့ ပို့ချဖို့ လွယ်တာမှမဟုတ်ဘဲ။ တက္ကသိုလ်မှာတော့ဖြင့် ယုတ္တိဗေဒ **(Logic)** လိုဟာမျိုးရှိတာ အမှန်ပါ။ ဒါပေမယ့် အဲဒီ ယုတ္တိဗေဒလို့ ဘာသာရပ်မျိုးကို ပို့ချလို့လည်း ဖြစ်တာမဟုတ်ဘူး။

ဒါပေမယ့် ကိုယ့်ကို အားကိုးတကြီး လာပြီးအကူအညီတောင်းနေတာမို့တစ်ကြောင်း၊ ဒါမျိုးကို ငါ စမ်းပြီးလုပ်ကြည့်ချင်တာလဲ တစ်ကြောင်းမို့–

'ကဲ...ဒါမျိုးကို ငါတစ်ခါမှမလုပ်ဖူးသေးဘူး၊ စမ်းကြည့်တာပေါ့ကွာ'လို့ ပြောပြီး လက်ခံလိုက်ပါတယ်။

သင်တန်းသားက ယောကျ်ားလေး မိန်းကလေး နှစ်ဆယ်ကျော်ကျော်လောက် ရှိပါလိမ့်မယ်။ အသက်အရွယ်က ဆယ့်ရှစ်နဲ့ နှစ်ဆယ့်ရှစ်နှစ်လောက်ကြား 'ဆိုက်စုံ' ဆိုပါတော့

http://www.cherrythitsar.org



ကွာ။ အားလုံးဟာ ရည်ရည်မွန်မွန် ရှိကြတယ်။ သူတို့ အဝတ်အစားတွေကို ကြည့်လိုက်တာနဲ့ မတောင့်မတ မကြောင့်မကြနေနိုင်တဲ့ ကလေးတွေဆိုတာကို သိနိုင်ပါတယ်။ သင်တန်းနှစ်ချိန် သုံးကြိမ်လောက် ပို့ချဆွေးနွေးပြီးချိန်မှာ သိလာရတာက ကိုးဆယ်ရာခိုင်နှုန်းဟာ စာဖတ်လေ့ဖတ်ထ မရှိဘူးဆိုတဲ့ အချက်ပါပဲ။ အဲဒီမှာ ငါတွေးလိုက်မိတာက စာမဖတ်ရင် ဗဟုသုတနည်းရုံသာမက စဉ်းစားပုံစဉ်းစားနည်းပါ အားနည်းသွားစေနိုင်ပါကလား ဆိုတဲ့ အချက်ပါပဲ။

အဲဒီအပြင် နောက်ထပ်ပြီးသိလာရပြန်တာက ဒီကုမ္ပဏီက 'မိသားစု' ကုမ္ပဏီ ဖြစ်နေပြန်လေတော့ သင်တန်းသားအားလုံးလောက်နီးနီးဟာ နီးစပ်ရာဆွေမျိုးသားချင်းတွေချည်းဖြစ်နေပြန်တယ်။ ဒီကလေးတွေ အားလုံးနီးနီးလောက်ဟာ သူတို့မိသားစု အသီးသီးမှာ ကလေးတွေပေါ့။ သားငယ်သမီးငယ်များအဖြစ် အရိပ်တကြည့်ကြည့်နေကြတယ်။ ဒါပေမယ့် သေချာစဉ်းစားကြည့်လိုက်ရင် သူတို့ဟာ အရွယ်ရောက်နေကြပြီ။ ဒီထက်ရှင်းအောင် ရေးလိုက်ရမယ်ဆိုရင် သူတို့ဟာ ဟိုစိတ်ဒီစိတ် ရှိတတ်နေကြပြီဆိုတာ မပြောဘဲ သိနိုင်ကြပါတယ်။ ဒီထက် နောက်တစ်ဆင့် တက်ပြီးပြောလိုက်ရမယ်ဆိုရင် (ရုပ်ပိုင်းဆိုင်ရာအရ) အိမ်ထောင် ပြုနိုင်တဲ့အရွယ်ကို ရောက်နေကြပြီ။

ရုပ်ပိုင်းဆိုင်ရာ အရွယ်ရောက်လာရင် စိတ်ပိုင်းဆိုင်ရာမှာလည်း အရွယ်မရောက်သင့်ပေဘူးလား။ ရောက်သင့်သလောက်မရောက်လာဘူး။ ဘာကြောင့်လဲဆိုတော့ လူကြီးမိဘတွေရဲ့အလိုလိုက်ထားမှုအရ သူတို့ဟာ ကလေးလုပ်နေရတာကို သိပ်ပြီးသာယာနေကြတယ်။ တာဝန်မဲ့ ကြောင့်ကြမဲ့ နေနေရတဲ့

http://www.cherrythitsar.org



ဘဝကို သာသာယာယာကြီး နှစ်သက်နေကြတယ်။ ရုပ်ပိုင်းဆိုင်ရာမှာ အရွယ်ရောက်လာပါလျက် 'ကလေးကြီးရောဂါ' စွဲကပ်နေတာကြောင့် 'စိတ်ပိုင်းဆိုင်ရာ'မှာ ယာယီအားဖြင့် လိုးကျန်နေခဲ့ခြင်းဖြစ်တယ်လို့ ငါတော့ သုံးသပ်မိတာပဲ။

ဒီအကြောင်းတွေကို သူတို့ကိုလည်း ငါက ပြောင်ပဲ ဖွင့်ပြောလိုက်တယ်။ ခုတော့ဖြင့် သူတို့ရဲ့ရောဂါကို ငါတတ်နိုင်သမျှ ကြိုးစားပြီးကုရတော့မှာပဲ၊ ငါ ကံကောင်းတာ တစ်ချက်တော့ရှိတယ်။ ဘာလဲဆိုတော့ လူနာတွေကိုယ်တိုင်က လိုလိုလားလား အကုသခံချင်တဲ့သဘောကို ပြလာလို့ပါပဲ။

ကဲ…သူများသားသမီးကိုမြင်ရင် ကိုယ့်သားသမီး တတ်ရသတဲ့။ မောင်ရင်တို့ကော ကိုယ့်မှာ အဲဒီရောဂါရှိမရှိ ပြန်ပြီး စစ်ဆေးကြည့်ကြဦး။ ဘောင်းဘီလေးတကွကွ၊ ဆံပင်ကလေး တသသနဲ့ မိန်းမပိုးချင်တာကတော့ တစ်ကိုယ်လုံးရွနေပြီ။ ခုထက်ထိ 'ကလေးကြီး'လုပ်နေတုန်းပဲလား။ ဗဟုသုတပေးတဲ့ စာလေးပေလေးတွေကို ကြိုးစားဖတ်ပြီး 'ကလေးကြီးရောဂါ' မစွဲအောင်၊ စွဲပြီးသားဖြစ်နေရင်လည်း ပျောက်အောင် ဂရုစိုက်ကြဖို့ သတိပေးလိုက်ရပါသဗျား။

❒

http://www.cherrythitsar.org

